
www.burmeseclassic.com

# ဒိတြွဒါဂ္ဂ

မရဏာစေတမန်



BURMESE CLASSIC .com

ပန်းဦးသိန်းရွှေကြည်

www.burmeseclassic.com

www.burmeseclassic.com

# မရဏစားနှက်

## စိတြအဂ္ဂ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

## ရှင်သေမင်း၏ရာဇသီ

တစ်ခုသောလမိုက်ညတစ်ညု၌ တောင်တန်းတောင်စွယ်များထူထပ်သည့် မောရှမ်းတို့ဒေသ နောင်ချိုမြို့လေး၏ အနောက်ဘက်မိုင် ၅၀ ခန့်အကွာရှိ ချောင်းမကြီးချောင်းကမ်းပါးကို မှီတင်ထားသည့် ပန်းလုံမြို့လေးသည် အေးမြလှသော ဆောင်းညဥ့်ယံဝယ် ဆိတ်ဆိတ်ငြိမ်သက်လျက်ရှိလေသည်။

မြို့သူမြို့သားများသည် အအေးပိုင်းဒေသတို့၏ ထုံးစံအတိုင်း ညမှောင်ပြီဆိုသည်နှင့် လမ်းပေါ်မထွက်ကြတော့ဘဲ မိမိတို့၏အိမ်ဂေဟာများအတွင်းမှာပင် ဆိတ်ဆိတ်ငြိမ်ငြိမ် နေထိုင်ကြကာ ညဥ့်အတန်နက်လာသည့်အခါမှာမူ တစ်မြို့လုံးလိုလို အိပ်မောကျကုန်ကြတော့၏။

ခု နစ် စဉ် ကြယ် စာ ပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပန်လုံတစ်မြို့လုံးလိုလို မှောင်မည်းတိတ်ဆိတ် ငြိမ်သက်နေသော်လည်း မြို့၏မြောက်ဘက်စွန်း တောင်ကုန်း တစ်ခု၏ခြေရင်းရှိ ခြံဝင်းကြီးထဲမှ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးမှာမူ လျှပ်စစ်မီးတို့ ထိန်ထိန်လင်းလျက် ခြံဝင်းထဲတွင် လူသူအချို့က လှုပ်လှုပ်ရှားရှား သွားလာယောက်ယက်ခတ်လျက်ရှိပေသည်။

ယင်းစံအိမ်ကြီးမှာ သပ္ပါယစံအိမ်ကြီးဟူ၍ လူသိများပြီး စံအိပ်ပိုင်ရှင် စပ်ခွန်လှမှာ ရှမ်းတို့ဒေသ မြောက်ပိုင်းတစ်ခွင်၌ နာမည်ဆိုးဖြင့် ကျော်ကြားသူဖြစ်၏။

သူသည် မူလကပင် အတ္တကြီးကာ ကိုယ်ကျင့်တရား မကောင်းသဖြင့် ရှမ်းလူထုက သူ့ကို နှစ်သက်ခြင်းမရှိချေ။

သူသည် သူ၏ဖခင် စော်ဘွားအာဏာရှိစဉ်က ဖခင်၏ အရှိန်အဝါကိုသုံးကာ လွန်စွာခက်ထန် ကြမ်းကြုတ်ပြီး လက် အောက်ခံ နယ်သူနယ်သားတို့အပေါ် ဖိနှိပ်လွန်းသူဖြစ်ရာ သူ့ ဖခင် စော်ဘွားအရာမှ ကျသွားသည်ကို ရှမ်းလူထုအများစုက ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ကြလေသည်။

စပ်ခွန်လှသည် ဖခင်သေဆုံးကွယ်လွန်ပြီးနောက် ပန်လုံ မှ နှစ်အတန်ကြာ ပျောက်ကွယ်သွားပြီး ပြန်လည်ရောက်ရှိလာ သည့်အခါမှာမူ စော်ဘွားဖြစ်စေရန် နယ်ချဲ့ဗြိတိသျှ အစိုးရ အရာရှိတို့နှင့်ပေါင်းလျက် ကြိုးစားနေသူဖြစ်၏။





သူသည် ပန်လုံသို့ ပြန်လည်ရောက်ရှိလာသည့်အခါတွင် ဥစ္စာဓန ကုံလုံကြွယ်ဝလာသဖြင့် တပည့်တပန်း လူမိုက်များစွာ မွေးထားပြီး နယ်သူနယ်သားတို့အပေါ် အမျိုးမျိုး အနိုင်ကျင့်ဗိုလ် ကျလျက်ရှိရာ ရှမ်းမြောက်ပိုင်းလူထုက သူ့ကို မုန်းတီးမြဲမုန်းတီး လျက် ရှိလေ၏။

ထို့ကြောင့် ပန်လုံမြို့ကိုအုပ်စိုးရသည့် ကျောက်မဲဝန် ထောက် မစ္စတာရှားဘတ်စ်က စပ်ခွန်လှကို သဘောကျသော် လည်း ရှမ်းမြောက်ပိုင်းကို အစိုးရသည့် ဝန်ရှင်တော်မင်းကြီး မစ္စတာဘရော့ဒ်က မြောက်ပိုင်းရှမ်းလူ မငြိမ်မသက်ဆူပူမည် စိုးသဖြင့် စပ်ခွန်လှအား စော်ဘွားအရာ မခန့်စေလိုပေ။

“မောင်မင်း ... စော်ဘွားအရာရချင်ရင် ဝန်ရှင်တော် မင်းကြီး သဘောအကျကြီးကျအောင် ကျွန်ုပ်တို့အစိုးရကို တော် လှန်ဖို့ ကြိုးစားစီစဉ်နေကြတဲ့ ရှမ်းသူပုန်တွေရဲ့ လှုပ်ရှားမှုသတင်း တွေကို ပေးပါ၊ သူပုန်အဖွဲ့ဝင်တွေကို ဖမ်းနိုင်အောင် သတင်းပေး ပါ”

ယင်းသို့ ကျောက်မဲဝန်ထောက် မစ္စတာရှားဘတ်စ်၏ အကြံပြုချက်အရ စပ်ခွန်လှသည် နယ်ချဲ့အစိုးရကို တွန်းလှန်ရန် ကြံစည်ကြိုးစားနေသည့် ရှမ်းလူငယ်မျိုးချစ်တို့၏သတင်းကို တပည့်တပန်းများအကူအညီဖြင့် ငွေကြေးအင်အားသုံးကာ



www.burmeseclassic.com

www.burmeseclassic.com



ထောက်လှမ်းစုံစမ်းခဲ့လေသည်။

သို့ဖြင့် သူ၏ လက်တို့သတင်းပေးမှုကြောင့် ရှမ်းမျိုးချစ်လူငယ်အတော်များများမှာ နယ်ချဲ့စစ်ပုလိပ်တို့၏ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်းခံနေရပြီး ထိုကိစ္စများသည် သူ၏လက်ချက်မှန်းရိပ်မိကြသဖြင့် မြောက်ပိုင်းရှမ်းလူထုသည် သူ့ကို ပိုမိုမုန်းတီးလာသလို ပို၍လည်း ကြောက်ရွံ့လာလေ၏။

ယခုအချိန်မှာမူ စပ်ခွန်လှသည် စော်ဘွားမဟုတ်သေးသည့်တိုင် နောင်ချို၊ ကျောက်မဲ၊ ပန်စံ၊ မိုင်းလုံ၊ ပန်လုံနယ်တစ်ခွင်၌ တန်ခိုးဩဇာကြီးမားလျက်ရှိပြီး သူ၏မျက်စောင်းအထိုးခံရသူမှန်သမျှ ဘဝပျက်သွားရသူချည်းဖြစ်သဖြင့် နယ်သူနယ်သားတို့မှာ သူ့ကို မော်၍မျှ မကြည့်ဝံ့ကြချေ။

စပ်ခွန်လှအနေဖြင့်လည်း ရှမ်းပြည်နယ်မြောက်ပိုင်းတစ်ခွင်မှ စော်ဘွားများအပါအဝင် မည်သူ့ကိုမျှ မှုစရာမလိုခဲ့ချေ။ သူ အလေးဂရုပြုသည်က ရှမ်းပြည်နယ်ဆိုင်ရာ ဝန်ရှင်တော်မင်းကြီး မစ္စတာဘရော့ဒ်၊ မြောက်ပိုင်းပြည်နယ်ဝန်မင်း မစ္စတာဆင်းဂ်နှင့် ကျောက်မဲဝန်ထောက် မစ္စတာရှားဘတ်စ်တို့သာဖြစ်၏။

ယခုမူ ဗြိတိသျှနယ်ချဲ့အရာရှိကြီးများမှ လွဲ၍ မည်သူ့ကိုမျှ မှုစရာမလိုဟု ယူဆယုံကြည်ထားသည့် စပ်ခွန်လှမှာ တစ်စုံ





တစ်ဦးကိုတော့ လွန်စွာမှ ကြောက်ရွံ့ထိတ်လန့်လျက်ရှိတော့သည်။

ကြောက်ရွံ့ရပေတော့မပေါ့ ... ထိုတစ်စုံတစ်ဦးကသူ၏အသက်ကို ယနေ့ မြန်မာသက္ကရာဇ် ၁၂၉၄ ခုနှစ်၊ ပြာသိုလကွယ်နေ့ညမှာ လာရောက်နုတ်ယူမည်ဟု ရာဇသံပေး ခြိမ်းခြောက်ထားသည်ကိုး။

ထိုသို့ သူ့ကို ခြိမ်းခြောက်ထားသူမှာလည်း သူ လွန်စွာမှ အငြိုးထားမုန်းတီးသည့် ရှမ်းမျိုးချစ်လူငယ်များဘက်မှ ရပ်တည်သည့်သူတစ်ဦး ဖြစ်နေရာ သူ့မှာ မီးကျီခဲကို ဖင်ကြားညှပ်ထားရသလို မခံမရပ်နိုင်အောင် ခိုးလိုးခုလု ပူစပ်ပူလောင်ဖြစ်လျက်ရှိတော့၏။

သို့ကြောင့်လည်း သူ့အား လာရောက်လုပ်ကြံရန် ခြိမ်းခြောက်ထားသည့် ယနေ့ ပြာသိုလကွယ်ညတွင် သူ၏တပည့်လူမိုက်များအား ဓားလှံတို့ အသင့်ဆောင်လျက် ခြံဝင်းထဲ၌နေရာမလပ် အချိန်ပြည့် ကင်းလှည့်စောင့်ကြပ်နေကြရန် အမိန့်ထုတ်ထားပြီး မီးစက်ကိုလည်း ညဦးကတည်းကစ၍ ခြိမ်းခြောက်သူ လာရောက်မည်ဆိုသော ညဥ့်သန်းခေါင်ယံအထိ မောင်းစေကာ တစ်ခြံဝင်းလုံးရော တစ်အိမ်လုံး အပေါ်ထပ် အောက်ထပ်အနှံ့ လင်းကျင်းနေစေရန် စီမံဆောင်ရွက်ထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့မှသာ တစ်ဦးတည်း လာရောက်မည်ဟု ခြိမ်းခြောက်ထားသူ မှောင်ရိပ်ခိုကာ ခိုးကြောင်ခိုးဝှက် ဝင်မလာနိုင်မည် မဟုတ်ပါလား။

အထက်ပါအခြေအနေတို့ကြောင့်လည်း ပန်လုံမြို့လေး တစ်မြို့လုံး အမှောင်ကျကာ တိတ်ဆိတ်ငြိမ်သက် အိပ်မောကျနေသည့်တိုင် စပ်ခွန်လှ၏ သပ္ပါယစံအိမ်ဝင်းကြီးမှာ မီးရောင်တို့ ထိန်ထိန်လင်းလျက် လှုပ်လှုပ်ရှားရှား ဖြစ်နေရခြင်း ဖြစ်ပါ၏။

"နေပါဦးဒေဝရဲ့ ... ငါတို့သခင်ကြီးကို ဒီညလာပြီး လုပ်ကြံမယ်ဆိုတဲ့ကောင်က တစ်ယောက်တည်းလာမှာဆို ... ဟုတ်လား"

ညမှောင်ရီပျိုးကတည်းက သပ္ပါယစံအိမ်ကြီးကို ဆောင်ဓားများကိုယ်စီလွယ်လျက် အလှည့်ကျ တစ်ပတ်ပြီးတစ်ပတ် ပတ်ကာ လှည့်ကင်းတာဝန်ထမ်းရွက်နေကြသည့် စပ်ခွန်လှ၏ တပည့်နှစ်ဦးအနက် အသားမည်းမည်း၊ ဗလကောင်းကောင်း၊ ဂင်တိုတိုနှင့်လူက ခပ်တိုးတိုးမေးလိုက်ရာ သူ၏တွဲဖက် အရပ်မြင့်မြင့်၊ အသားဖြူဖြူ မျက်နှာဝယ် ကျောက်ပေါက်မာသဲ့သဲ့ရှိသူ ဒေဝက ကွမ်းသွေးကို နံဘေးသို့ ပျစ်ခနဲထွေးလိုက်ပြီးမှ တုံ့ပြန်စကားဆိုလေသည်။

"အလကားပါကွာ ... ငါတို့လို အစောင့်အကြပ်တွေ





ဒီလောက် ထူပြောအောင်ချထားတဲ့ ဒီခြံကြီးထဲ ဘယ်လိုကောင်က တစ်ယောက်တည်း လာရဲမှာလဲ၊ ဟင်း ... လာလို့ကတော့ စက္ကူရွက်လို တစ်စစီဆုတ်ဖြဲခံရမယ်သာမှတ်၊ အလကား လေနဲ့ ခြိမ်းခြောက်နေတာပါ၊ ဒါကို ငါတို့ရဲ့အရှင်သခင်ကြီးက သွေးပျက်နေတာပါကွာ မဲလုံးရာ"

ဒေဝနှင့်မဲလုံးတို့က ခပ်တိုးတိုး ပြောဆိုဝေဖန်မှုပြုကြရင်း ခြံနောက်ပိုင်း သရက်ပင်ကြီး၏ခြေရင်းရှိ ကွပ်ပျစ်တွင် ထိုင်လျက် ကင်းပုန်းစောင့်နေသူတစ်ဦးအနီးအရောက်၌ ခြေလှမ်းခေတ္တရပ်လိုက်ပြီး မဲလုံးက ...

"ဟေ့ကောင်ရာဘ ... ဆေးလိပ်တစ်ဖွာနှစ်ဖွာလောက် ပေးသောက်စမ်းကွာ၊ ခံတွင်းချဉ်လို့"

ဟုပြောလေလျှင် ရာဘဆိုသူကလည်း ဝါးပြောင်းထဲ ဆေးလိပ်ထည့်ကာ ခိုးသောက်နေရာမှ မဲလုံးကို ဝါးပြောင်းရော ဆေးပေါ့လိပ်ပါ လှမ်းပေးလိုက်ရင်း ...

"အေးကွာ ... ငါလည်း ခံတွင်းချဉ်လွန်းလို့ ခိုးသောက်နေရတာကွ၊ သခင်ကြီးက ကင်းစောင့်ရင်း ဆေးလိပ်မသောက်ရဘူးလို့ အမိန့်ထုတ်ထားလို့ အတော်ခွကျနေတာကွ၊ သခင်ကြီးကလည်း မရဏမန္တဓားနက်ရှင်ကို အတော်ကြောက်နေတယ်ကွ၊ ငါတော့ သခင်ကြီး လူတစ်ယောက်ကိုကြောက်တာ ဒီတစ်ခါပဲ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဖူးတယ်ကွ''

ဟုပြောလိုက်ရာ ဒေဝက မျက်မှောင်ကြီးကုတ်လိုက်ရင်း ကွမ်းသွေးကို ပျစ်ခနဲထွေးကာ ခပ်တိုးတိုး ခပ်ဆတ်ဆတ် ပြန်ပြောလိုက်လေသည်။

''ထို့ ... နေပါဦး ... အဲဒီဓားနက်ရှင်ဆိုတဲ့ကောင်က ဘယ်လိုကောင်မျိုးမို့ ငါတို့ရဲ့သခင်ကြီးက ကြောက်နေရတာလဲ ရာဘရဲ့''

''ဟ ဒေဝရဲ့ ... အဲဒီဓားနက်ရှင်ဟာ ကိုယ်ပျောက်ဓားသမားလိုကောင်မျိုးတဲ့ကွ၊ မန္တလေးမြို့က လက်ဝဲသခင်ဟာ သူ့လက်ချက်ကြောင့် သေရတာပေါ့ကွ''

''ဟေ ... ဟုတ်လား၊ လက်ဝဲသခင်ဆိုတာ တကယ့်ဂရိတ်ကြီးပဲကွ၊ ဓားရေး ၃၇ ချင်း, အဲမောင်းလှံရေး ၃၇ ချင်းမှာ သူ့လောက်ကျွမ်းကျင်တာ တို့မြန်မာပြည်အထက်ပိုင်းမှာ မရှိဘူးလို့ ကျော်ကြားသူပဲကွ''

''အေး ... ဟုတ်တယ်၊ အဲဒီဆရာကြီး လက်ဝဲသခင်ကို မရဏမန္တဓားနက်ရှင်က ငါတို့သခင်ကြီးကို ခြိမ်းခြောက်ရာဇသံပေးသလိုပဲ သစ်သားဓားနက်တစ်စင်းနဲ့ စာတစ်စောင် ပို့လွှတ်သတိပေးပြီးမှ သူ သတိပေးခြိမ်းခြောက်ထားတဲ့ နတ်တော်လကွယ်ညမှာပဲ လာသတ်သွားတာကွ ...။





ငါ သိပေါဘက် သခင်ကြီးနိုင်းလို့သွားရင်း သတင်းအတိအကျကြားခဲ့ရတာကွ''

''ဘာလဲ ... အဲဒီကောင်က ဘယ်လိုလူတွေခေါ်လာပြီး သတ်တာလဲ''

''ဘယ်သူမှခေါ်မလာဘူး၊ သူတစ်ယောက်တည်း လာသတ်သွားတာ''

''အာ ... ဖြစ်နိုင်ပါ့မလား ရာဘရာ၊ လက်ဝဲသခင်လိုဓားရေးလှံရေးမှာ အမိပတိဆရာတစ်ဆူကို အဲဒီဓားနက်ရှင်က ဘယ်လိုကောင်မျိုးမို့ လာသတ်သွားနိုင်တာလဲကွ''

''အေး ... ဘယ်လိုပုဂ္ဂိုလ်မျိုးလဲတော့ မသိဘူး၊ အဲဒီလကွယ်နေ့ညက လက်ဝဲသခင်ကလည်း သူ့ကိုယ်သူ အပြည့်အဝ ယုံကြည်မှုရှိပြီးသားဆိုတော့ သူ့တပည့်နှစ်ယောက်ကိုပဲ သူ့ရဲ့ခြေတံရှည်အိမ်အောက်မှာ အစောင့်ချထားပြီး ခြံတံခါးကို လုံအောင်သော့ခတ်ထားခဲ့တယ်တဲ့ ...။

သူ့ရဲ့မိန်းမနှစ်ယောက်ကို တပည့်တစ်ယောက်ရဲ့အိမ် ပို့ထားပြီး ဓားနက်ရှင်လာမယ်ဆိုတဲ့ ညဥ့်သန်းခေါင်ယံအချိန်အထိ မအိပ်ဘဲ အိမ်ပေါ်ထပ်မှာ သူတစ်ယောက်တည်း ခေါက်တုံ့ခေါက်ပြန် စကြံလျှောက်ရင်း ဓားနက်ရှင်ကို စောင့်နေခဲ့တာတဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



သူ့တပည့်ကလည်း ခြံဝင်းထဲကို မျက်ခြည်မပြတ်ကြည့်ပြီး စောင့်နေတာပေါ့ကွာ၊ အိမ်ပေါ်မှာတော့ မီးထွန်းထားပေမယ့် တံခါးတွေပိတ်ထားတယ်တဲ့ ...။

အဲဒီလိုနဲ့ ညဉ့်သန်းခေါင်ယံလည်းရောက်ရော ခြံတံခါးကို လာခေါက်တော့တာပဲတဲ့''

''အဲ အဲဒီတော့''

''လက်ဝဲသခင်ရဲ့တပည့်တွေက ခြံတံခါးဝဆီသွားပြီး တံခါးရွက်တွေပေါ်က ကြည့်လိုက်တော့ အဘိုးအိုတစ်ယောက်ကို တွေ့ရတယ်တဲ့ကွ''

''ဟင် ... ဟုတ်လား''

''အေး ... တောင်ဝှေးတစ်ချောင်းကို အားပြုထောက်ပြီး သူ့ကိုယ်သူ အနိုင်နိုင်ရပ်နေရတဲ့ပုံပေါက်နေတဲ့ ခါးကုန်းကုန်း အဘိုးအိုက သူ့ကို မရဏမန္တဓားနက်ရှင်ကနေ ဒီည လာဖြစ်ဖို့ မလွယ်တာနဲ့ စာပို့ခိုင်းလိုက်လို့ပါလို့ တုန်တုန်ချည့်ချည့်နဲ့ပြောပြီး စာတစ်စောင်ကို တံခါးရွက်ပေါ်ကကျော်ပြီး ကမ်းပေးတယ်တဲ့ကွ''

''ဟဲ ဟဲ ... လေကျယ်ခဲ့တဲ့ ဓားနက်ရှင် မလာရဲတော့လို့ ထပ်ချိန်းတဲ့စာ ပို့ခိုင်းလိုက်တာဖြစ်မှာပေါ့ ... ဟုတ်လား၊ ဒါလည်း အရှက်ပြေဖြစ်မှာပါကွာ''





''ပြောတဲ့စကားလည်း ဆုံးအောင်နားထောင်ပါဦးကွာ ... ချီးမှပဲ''

''အေးပါ ... ပြောပါ''

''အဲဒီအဘိုးကြီးကမ်းပေးတဲ့စာရွက်ကို လှမ်းယူပြီး လက်ဝဲသခင်ရဲ့တပည့်တစ်ယောက်က လက်ထဲပါလာတဲ့ လက်နှိပ်မီးနဲ့ထိုးပြီး စာရွက်ကိုဖတ်ကြည့်ဖို့ အခေါက်ဖြည်လိုက်တယ် ဆိုရင်ပဲ ပြေသွားတဲ့စာရွက်ခေါက်ထဲက မွှေးရနံ့တစ်မျိုး ထွက်လာသတဲ့ကွ၊ အဲဒီအနံ့ကိုလည်း ရှူရှိုက်မိရော ခြံစောင့်နှစ်ကောင်စလုံး ခေါင်းတွေ ချက်ချင်းမူးဝေလာပြီး မြေပေါ်လဲကျ သတိလစ်သွားကြသတဲ့''

''ဟာ''

''အဲဒီလို လဲကျသတိလစ်သွားကြရာက သတိလည်း ပြန်ရကြရော မနက်မိုးတောင်လင်းတော့မယ်တဲ့၊ ရောင်နီသမ်းနေပြီတဲ့''

''အဲ အဲဒီတော့''

''ဘာပြောကောင်းမလဲ ... သူတို့လည်း ဘာတွေဖြစ်ကုန်ပြီလဲလို့ စိုးရိမ်သွားပြီး အိမ်ပေါ်ပြေးတက်ကြည့်ကြသတဲ့၊ အဲဒီမှာ အိမ်ရှေ့တံခါးမကြီးဟာ ပွင့်နေပြီး မီးလင်းလျက်သား တွေ့ရသတဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



နောက် ညှော်ခန်းကြမ်းပြင်ပေါ်မှာ ဆောင်မားကို လက်ထဲမှာ ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း လည်ပင်းမှာ ထိုးသွင်းဒဏ်ရာကြီးနဲ့ သွေးအိုင်ထဲ ပိုးစိုးပက်စက်သေနေတဲ့ သူတို့ရဲ့ဆရာ လက်ဝဲသခင်ရဲ့အလောင်းကို ပက်လက်ကြီး တွေ့ရတော့သတဲ့"

"ဟာ"

"ဟင်"

ရာဘ၏စကားအဆုံးတွင် ဒေဝရော မဲလုံးပါ အာမေဋိတ်သံများ အံ့ဩတုန်လှုပ်စွာ ရေရွတ်လိုက်မိကြတော့သည်။

"လက်ဝဲသခင်တို့ရဲ့ အသိုင်းအဝိုင်းကတော့ မရဏ မားနက်ရှင်ဟာ ညဥ့်သန်းခေါင်ယံအချိန်မှာ အဘိုးကြီးအယောင်ဆောင် ရောက်ရှိလာပြီး လက်ဝဲသခင်ကို တိုက်ခိုက်သတ်ဖြတ်သွားတယ်လို့ ယူဆကြတယ်ကွ ...၊

မားနက်ရှင်ဟာ လက်ဝဲသခင်ကို အဲဒီလိုတိုက်ခိုက်သတ်ဖြတ်သွားပြီး သူပို့ထားတဲ့ သစ်သားမားနက်ကလေးကို ပြန်ယူသွားပုံရတယ်၊ မားနက်လေးကို ရှာလို့မတွေ့တော့ဘူးတဲ့ကွ"

"ဒါထက် အဲဒီမားနက်ရှင်က ငါတို့ရဲ့သခင်ကြီး အပါအဝင် တကယ့်ဒိတ်ဆိုတဲ့သူတွေကိုမှ ဘာဖြစ်လို့ ရာဇသံပေးပြီး လိုက်သတ်ဖို့ ကြံစည်ရတာပဲကွ ရာဘရဲ့"

"အဲဒါတော့ ငါလည်းမသိဘူး၊ အဲ ...တစ်ခုတော့ရှိ





တယ်ကွ ...ဖြစ်နိုင်တာက"

"ဖြစ်နိုင်တာက ဘာလဲကွ ရာဘ"

"မင်း မင်းတို့ သခင်ကြီးကိုတော့ ပြန်မပြောနဲ့နော်၊ ငါထင်တာပြောရရင် လက်ဝဲသခင်က အင်မတန်မြာပွေတာကွ၊ တရားဝင်ယူထားတဲ့ မယားတင် ခြောက်ယောက်လောက်ရှိတယ်၊ သူက လိမ္မော်ခြံတွေ, စပျစ်ခြံတွေပိုင်တဲ့ ခြံပိုင်ရှင်သူဌေးဆိုတော့ ငွေနဲ့ပေါက်ပြီး မြာတွေ တစ်ယောက်ပြီးတစ်ယောက် ယူထားတယ်ကွ"

"အေး ...ဟုတ်တယ်၊ ငါလည်းကြားဖူးတယ် ရာဘ၊ လက်ဝဲသခင်ဟာ သူ့ခြံအလုပ်သမားတစ်ယောက်ရဲ့မယားကို တောင် မရ ရအောင်ယူဖူးတယ်တဲ့ကွ၊ ကောင်မလေးက လှတော့ သူ့ခြံအလုပ်သမားကို ငွေတွေ တနင့်တပိုးပေးပြီး ကွာခိုင်းတယ်၊ သူ့စကားနားမထောင်ရင် သတ်ပစ်မယ်လို့လည်း ခြိမ်းခြောက်တယ်တဲ့၊ နောက်ဆုံး ခြံအလုပ်သမားဟာ ငွေယူပြီး တောင်ပိုင်းရှမ်းဘက် ထွက်သွားရတယ်တဲ့၊ အဲဒီလောက်ကို မိန်းမနဲ့ပတ်သက်ရင် ဆိုးတယ်လို့ ကြားဖူးတယ်ကွ"

"အဲဒါပြောတာပေါ့ ...အဲဒီလို မြာနဲ့ပတ်သက်ပြီး အပျိုမရှောင် အအိုမရှောင် သူ အမွှေသိမ်းပိုက်တာတွေကို မကျေနပ်လို့ မားနက်ရှင်က လုပ်တာ မဖြစ်နိုင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်တယ်ပဲထားပါဦး၊ အခု ငါတို့သခင်ကြီးကျတော့ ရော သင်းက ဘာဖြစ်လို့ရန်ရှာချင်ရတာလဲ ရာဘရဲ့"

ဤတွင် ရာဘက သက်ပြင်းချလေသည်။

"အင်း ... ငါတို့ရဲ့သခင်ကြီးက မြာတော့ မပွေဘူး ပေါ့ကွာ၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်သလဲကွ"

"ငါတို့ သခင်ကြီးက ဗြိတိသျှအရာရှိတွေနဲ့ပေါင်းပြီး ရှမ်းသူပုန်တွေရဲ့သတင်းကို ပေးနေတာ မင်းတို့အသိပဲ"

"အေးလေ ... တချို့သူပုန်တွေဆို ငါတို့ကိုယ်တိုင် တိုက်ခိုက်ဖမ်းဆီးပေးခဲ့ရတာပဲဟာ"

"အေး ... ငါတော့ အဲဒီကိစ္စကြောင့်လို့ ထင်တာပဲကွ၊ ငါတို့က သခင်ကြီးကိုလည်း မမေးရဲ၊ ဓားနက်ရှင်က သခင်ကြီး ဆီပို့တဲ့ ရာဇသံကိုလည်း မဖတ်ရတော့ အကြောင်းရင်းတော့ မသိဘူးပေါ့ကွာ"

"အေး ... ဘာပဲဖြစ်ဖြစ် မရဏဓားနက်ရှင်ဟာ ကြောက်စရာကောင်းတာတော့ အမှန်ပဲကွ၊ ဒီညသန်းခေါင်မှာ လည်း သင်း လာမှာသေချာတယ်၊ သခင်ကြီးတောင် မစိုးရိမ်စဖူး စိုးရိမ်ပြီး သူ့ရဲ့သွေးသောက်မိတ်ဆွေကြီးတွေကို ညဦးကတည်းက ခေါ်ထားတယ်မဟုတ်လားကွ၊ ဒါကြောင့် ငါတို့လည်း သတိ





ဝိရိယကြီးကြီးထားပြီး စောင့်ကြပ်ရမယ် ဒေဝရေ၊ ကဲ ... ကင်း ဆက်လှည့်ရအောင်၊ ရာဘလည်း သတိထားပေါ့"

"အေး အေးပါကွာ"

သို့ဖြင့် ဒေဝနှင့်မဲလုံးတို့သည် အိမ်ကြီးကို ဝဲဘက်မှ ပတ်ကာ မြောက်ဘက် ဆက်လက်ထွက်ခဲ့ပါတော့သတည်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



## မရဏာဓားနက်ရှင်

သပ္ပါယစံအိမ် ခြံဝင်းကြီးထဲ၌ စောင့်ကြပ်နေကြသည့် စပ်ခွန်လှ၏တပည့်များက တီးတိုးဝေဖန်ရင်း သန်းခေါင်ယံအချိန်ကို သတိကြီးစွာ စောင့်စားလျက်ရှိသလို စံအိမ်ကြီး၏အပေါ်ထပ်ရှိ အထူးဧည့်ခန်းကြီးထဲတွင် ရှမ်းပြည်နယ်မြောက်ပိုင်းတစ်ခွင်၌ ကျော်စောထင်ရှားလျက်ရှိသည့် လူကုံထံတစ်စုသည်လည်း စားပွဲဝိုင်းကြီးတစ်ခုကို ဝိုင်းပတ်ထိုင်ရင်း အတွေးကိုယ်စီဖြင့် စိတ်လှုပ်ရှားလျက် ရှိကြလေသည်။

စားသောက်ဖွယ်ရာများနှင့် အဖျော်ယမကာတို့ အလျှံပယ်တင်ထားသည့် ကျွန်းသားစားပွဲဝိုင်းကြီးတွင် ဝိုင်းပတ်ထိုင်နေကြသော အသက် ၄၀ အထက်ရှိ ပုဂ္ဂိုလ်ကြီးလေးဦးအနက်





သားမွေးကော်လာတပ် ကုတ်အင်္ကျီပွပွကြီးကို ဝတ်ထားကာ အနီးရှိ စားပွဲဝိုင်းပုလေးပေါ်တွင် လက်ကိုင်ရိုး၌ ကျောက်မျက်ရတနာတို့စီခြယ်ထားသည့် ဂေါ်ရခါးဓားကောက်ကြီး တင်ထားသော လူဝဝခုံခုံမှာ သပ္ပါယစံအိမ်ကြီး၏ပိုင်ရှင် စပ်ခွန်လှပင် ဖြစ်ပါ၏။

သူ၏ဝဲဘက်မှ ကနုတ်ပန်းများ ထုဆစ်ထားသည့် ကျွန်းကုလားထိုင်ကြီး၌ ခါးမတ်မတ်ထားလျက် ထိုင်နေသော အသားညိုညို မျက်နှာပေါက်ဆိုးဆိုးလူကြီးမှာ ကျောက်ဘီလူးဘခက်ဟု ရွှေလီနယ်တစ်ပိုက်တွင် ထင်ရှားသူ ဖြစ်လေသည်။

သူက ကုတ်အင်္ကျီအနက်ရောင်ကို ဝတ်ဆင်ထားပြီး မာဖလာတစ်ထည်ကို လည်မှာပတ်ထားကာ ယမကာခွက်ကို ကြွေကြီးစွာ တဖြည်းဖြည်း မော့သောက်လျက်ရှိလေ၏။

စပ်ခွန်လှ၏ဝဲဘက်မှ ဒန်းဟောလ်ဆေးတံကြီးကို တမှုန်းမှုန်းဖွာနေပြီး စားသောက်ဖွယ်ရာတို့ကို တစ်တို့မှပင် မတို့သူမှာ ဖေယျုမိုးဟုခေါ်သော ပုဂ္ဂိုလ်ကြီးပင် ဖြစ်ပါ၏။

ဖေယျုမိုးကို စပ်ခွန်လှတို့လူစုက ဆရာဟုခေါ်ကြပြီး သူသည် အင်္ဂဝိဇ္ဇာပညာရှင်ကြီးဖြစ်သလို ဆေးဆရာကြီးတစ်ဦးလည်း ဖြစ်၏။

တချို့ကမူ သူ့ကို သိုက်ဆရာကြီးတစ်ဦးအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သိထားလေသည်။

အနှီ ဆရာကြီးဖေယျမိုးမှာ နေရာအတည်တကျနေထိုင်ခြင်းမရှိဘဲ တပည့်အချို့နှင့် မြန်မာနိုင်ငံတစ်ခွင် တောတောင်အနှံ့သို့ လျှောက်သွားကာ သူလိုချင်သည့် ဆေးမြစ်ဆေးဥများကို ရှာဖွေနေသူကြီးဖြစ်၏။

သူသည် လှည့်လည်သွားလာရင်း ရှမ်းပြည်မြောက်ပိုင်းပန်လုံ၌နေထိုင်သူ သူ၏မိတ်ဆွေဟောင်းကြီး စပ်ခွန်လှထံ အလည်အပတ်ရောက်ရှိလာရာမှ စပ်ခွန်လှတွင် အသက်အန္တရာယ်ထိခိုက်နိုင်သည့် ပြဿနာကြီးဖြင့် ကြုံနေသောကြောင့် ကူညီစောင့်ရှောက်ရန် ဤသပ္ပါယစံအိမ်တွင် တည်းခိုနေထိုင်နေသူဖြစ်၏။

ဆရာဖေယျမိုးသည် ပင်နီတိုက်ပုံကြီးကို တောင်ရှည်ပုဆိုးကွက်ကျဲကြီးနှင့် တွဲဖက်ဝတ်ထားပြီး တုတ်ကောက်ကြီးတစ်ချောင်းကို စားပွဲခုံစောင်း၌ မှီထောင်ထားကာ ဆေးတံကိုဖွာရင်း တစ်စုံတစ်ရာကို စိတ်တွက်တွက်လျက်ရှိပေ၏။

စပ်ခွန်လှနှင့် မျက်နှာချင်းဆိုင်ထိုင်နေသော ခေါင်းတုံးဆံတောက်နှင့်လူကြီးမှာ ခန္ဓာကိုယ်ထွားထွားကျိုင်းကျိုင်းနှင့် အသားလွန်စွာမည်းနက်သလောက် ရွှေဆွဲကြိုး၊ ရွှေလက်စွပ်တို့ကို သီးနေအောင် ဝတ်ထားပြီး ဂရိတ်ကုတ်အင်္ကျီအညိုရောင်ကို





သက္ကလတ်ဘောင်းဘီအနက်ရောင်နှင့် တွဲဖက်ဝတ်ထားလေသည်။

သူ၏အမည်မှာ စိန်ပုလဲဖြစ်သော်လည်း စပ်ခွန်လှတို့ မိတ်ဆွေဟောင်းတစ်စုက သူ့ကိုကွယ်ရာတွင် ဝံမည်းကြီးဟု ခေါ်ကြလေ၏။

ဝံမည်းကြီးသည် သူတို့လူစုထဲတွင် အသက်အငယ်ဆုံး၊ အထွားကျိုင်းဆုံး၊ အခက်ထန် အကြမ်းတမ်းဆုံး ဖြစ်၏။

ဝံမည်းကြီးသည် နမ္မတူဘက်၌ ဘော်တွင်းတစ်ခုကို ပိုင်ဆိုင်ပြီး စပ်ခွန်လှ၏ ဆက်သွယ်ပေးမှုကြောင့် မျက်နှာဖြူအရာရှိများနှင့် ပူးပေါင်းကာ ဘော်တွင်းတူးဖော်ခြင်းလုပ်ငန်းကို အဆင်ပြေပြေ လုပ်ဆောင်နေသူဖြစ်လေသည်။

ထို့ကြောင့် ဝံမည်းကြီးအနေဖြင့် သူ့အပေါ် စပ်ခွန်လှ၏ ကျေးဇူးရှိသလို မိတ်ဟောင်းဆွေဟောင်းများလည်း ဖြစ်သဖြင့် စပ်ခွန်လှက အရေးပေါ်နေသည့်အတွက် လာရောက်ကူညီရန် ခေါ်ခဲ့လေသည်တွင် ငြင်းပယ်ခြင်းမရှိဘဲ ယနေ့နေ့လယ်ကပင် နမ္မတူမှ ရောက်ရှိလာရခြင်း ဖြစ်ပါ၏။

သူတို့သည် စားရင်းသောက်ရင်း အတန်ကြာ ဆွေးနွေးပြောဆိုပြီး ဖြစ်သဖြင့် ကိုယ့်အတွေးနှင့်ကိုယ် ခေတ္တငြိမ်နေကြခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူတို့လေးဦး၏ မျက်လုံးအကြည့်များကတော့ နံရံတွင်ချိတ်ဆွဲထားသည့် တိုင်ကပ်နာရီကြီးနှင့် ယင်းနာရီကြီးအောက်တည့်တည့်ရှိ ဗီရိုလေးပေါ်တင်ထားသော မားနက်လေးဆီသို့ မကြာခဏ တစ်လှည့်စီရောက်ရှိနေလေသည်။

လက်ကိုင်ရိုးတွင် အရိုးခေါင်းပုံ ထွင်းထုထားသည့် သစ်သားမားနက်လေးမှာ အရိုးရောင်အသွားပါ အနက်ရောင်ဖြစ်၏။

မားသွားထိပ်က ပေါက်မားပုံစံ ထုဆစ်ထားသော ယင်းသစ်သားမားနက်လေးကို ကြည့်လိုက်မိတိုင်း ကြည့်လိုက်မိတိုင်း သူတို့လေးဦး၏ရင်ဝယ် လေးလံမှုကိုခံစားရသည်မှာ အမှန်ပင်ဖြစ်ကာ တစ်ဦးနှင့်တစ်ဦး မရိပ်မိစေရန် သက်ပြင်းခိုးခိုးချနေရသည်မှာလည်း အခါခါပင် …။

သူတို့၏မျက်နှာထားတို့က ဘာကိုမျှမမှုသလိုလို မျက်နှာကြောကြီးများတင်းလျက် ဣန္ဒြေဆည်နေကြသည့်တိုင် ထိုသစ်သားမားနက်လေးဆီ မျက်လုံးအကြည့်ရောက်သွားတိုင်း ရင်ဝယ် မသိမသာ တုန်လှုပ်သွားရသည်မှာ အမှန်ပင်။

တကယ်တော့ ယင်းဗီရိုလေးအပေါ်မှ သစ်သားမားနက်လေးမှာ အတုသာဖြစ်၏။

ထိုမားနက်လေးနှင့် ပုံစံတစ်ထေရာတည်းနီးပါးတူပြီး အရွယ်အစားကြီးမားသည့် မားနက်တစ်စင်းနှင့် သူတို့ မိတ်





ဟောင်းဆွေဟောင်း ၅ ဦး လွန်ခဲ့သောနှစ် ၂၀ ခန့်က ကြုံဆုံခဲ့ဖူးလေသည်။

ယင်းအတိတ်မှ ဖြစ်ရပ်များကို သူတို့မေ့ထားလိုက်လိုသော်လည်း ယခုတော့ ထိုမားနက်လေးက သူတို့ကို လာရောက်ပတ်သက်လာချေပြီတည်း။

ဆရာကြီးဖေယျမိုးသည် တွေးရင်း မွန်းကျပ်လာသဖြင့် ဆက်မတွေးတော့ဘဲ အတွေးကိုရပ်လိုက်ကာ ဦးခေါင်းကို စိတ်ပျက်စွာ ခပ်ဖြည်းဖြည်း ခါယမ်းမိလိုက်ချေသည်။

ဆရာကြီးဖေယျမိုးကိုကြည့်ရင်း ကျောက်ဘီလူးဘခက်က ပြုံးလိုက်လေသည်။

"ဘယ်လိုလဲဆရာမိုးရဲ့ … ခင်ဗျားရဲ့အင်ဂျင်နီယာပေဒင်ပညာနဲ့ ဒီညအဖို့ ဘာတွေမြင်လို့ ဘာတွေထင်ပြီး ခေါင်းကြီးရမ်းနေရတာလဲဗျ"

"ဘာမှ မြင်လို့ ထင်လို့ မဟုတ်ရပါဘူးဗျာ၊ ဟောဟို မားနက်ဟာ နှစ်တွေအကြာကြီး တိမ်မြုပ်ပျောက်ကွယ်နေပြီး ဒီနှစ်ကာလတွေမှာမှ ကျုပ်တို့ကိုလာပြီး ဒုက္ခပေးတာကို စဉ်းစားမရဖြစ်နေတာပါ"

"အင်း … အဲဒီတုန်းက ကျုပ်တို့ဟာ ကြုပင်ခုတ်ကြုငုတ်မကျန် ရှင်းခဲ့တာပဲဗျ၊ ဟိုမားနက်ကိုတောင် ရှာဖို့ခက်



www.burmeseclassic.com

www.burmeseclassic.com



လို့ ထားခဲ့ရတာ''

''အဲဒါပေါ့ဗျ ... ကျုပ်တို့ထားခဲ့မိတဲ့ အဲဒီဓားနက်က ခုတော့ အသက်ဝင်လာပြီး ဒုက္ခပေးပြီလေဗျာ''

ဆရာကြီးဖေယျမိုးနှင့် ကျောက်ဘီလူးဘခက်တို့ အချေအတင်ပြောနေကြသည်ကို ငြိမ်လျက်နားထောင်နေသည့် စပ်ခွန်လှက ဝင်မေးလိုက်သည်။

''နေပါဦး ဆရာဖေယျမိုးရဲ့ ... ဒီညအဖို့ ကျုပ်ရဲ့ဇာတာကိုရော ဆန်းစစ်ပြီးပြီလား၊ ကျုပ်က ကြုံလာမယ့်ဘေးကို ပူလှလို့ မဟုတ်ပေမယ့် ကျုပ်တို့ကို ဒုက္ခပေးနေတဲ့ ဓားနက်ပိုင်ရှင် ရောက်လာရင် ကျုပ်တို့ကပဲ နိုင်မလား၊ သင်းကပဲ နိုင်သွားမလားဆိုတာကိုတော့ သိချင်လှသဗျာ''

ဤတွင် ဆရာကြီးဖေယျမိုးက တိုင်ကပ်နာရီကြီးကို တစ်ချက် လှမ်းကြည့်လိုက်ပြီးလျှင် လေးသံခပ်မှန်မှန်ဖြင့် ရှင်းပြလေသည်။

''ဒီလိုဗျ စပ်ခွန်လှရဲ့ ... ဒီနေ့ဟာ ဗုဒ္ဓဟူးနေ့ မဟုတ်လားဗျ၊ အချိန်ကလည်း ၁၂ နာရီထိုးဖို့ မိနစ်ပိုင်းပဲလိုတော့တာဆိုတော့ ကြာသပတေးအချိန်ဗျ၊ ဒီတော့ အင်္ဂဝိဇ္ဇာပညာနဲ့ကြည့်ရင် ဒီနေ့ရဲ့ နေ့တိုင်မှာရော အချိန်အခါတိုင်မှာပါ စနေသားဖြစ်တဲ့ ခင်ဗျားရဲ့နံက တန်းအောက်မှာချည်း ရောက်နေတယ်ဗျ''





''ဒါ ဒါဆို ကျုပ်ရဲ့ အခြေအနေမကောင်းဘူးပေါ့ ... ဟုတ်လား''

''သိပ်လည်း မစိုးရိမ်ပါနဲ့ဗျာ၊ ဓားနက်ရှင်ဟာ ဒီ သန်းခေါင်ယံမကျော်ခင် လာရင်သာ ခင်ဗျားရဲ့အခြေအနေ မကောင်းမှာပါ၊ ၁၂ နာရီကျော်ပြီးမှ လာရင်တော့ ကြာသပတေးအချိန်အခါကနေ အင်္ဂါအချိန်အခါကို ပြောင်းသွားမှာဗျာ၊ အင်္ဂါအခါမှာဆို ခင်ဗျားရဲ့မွေးနံ့စနေက တိုင်ထိပ်ရောက်သွားရော၊ ဒါဆို ခင်ဗျားက ရန်ကိုအောင်နိုင်မှာဗျ''

ဤတွင် ကျောက်ဘီလူးဘခက်က အားပါးတရပြုံးလိုက်လေသည်။

''ဟာ ... ဒါဆို ဘာမှုစရာလိုလဲဗျ စပ်ခွန်လှရဲ့၊ ဟိုကောင်က သန်းခေါင်ယံကျော်မှ လာမှာပါ၊ အဲဒီတော့ ခင်ဗျားအောင်ပွဲခံရမှာပါ''

''အေးဗျာ ... ကျုပ်တို့သာ အောင်ပွဲခံနိုင်ရင်တော့ ဓားနက်ရှင်ဆိုတဲ့ အဲဒီကောင်ကို ကျုပ်တို့ရဲ့ မိတ်ဟောင်းဆွေဟောင်း လက်ဝဲသခင်အတွက် တစ်စစီဆွဲဖြဲပြီးကို လက်စားချေမယ်ဗျာ''

''စာထဲမှာ သူက ဘယ်လိုခြိမ်းခြောက်ထားသလဲဗျ''

''သူက စာထဲမှာ ဒီညသန်းခေါင်ယံမှာ သူလာပြီး



www.burmeseclassic.com

www.burmeseclassic.com



သွေးကြွေးယူမယ်တဲ့၊ သိင်္ဂပါဓားနက်နဲ့ပတ်သက်ပြီး အတိတ်က ကျုပ်တို့ကျူးလွန်ထားခဲ့သမျှရော, ရှမ်းမျိုးချစ်သူပုန်တွေကို မျက်နှာဖြူပုလိပ်တပ်က ဖမ်းဆီးမိအောင် ကူညီတဲ့အတွက်ရော နောင်တရပြီး မရဏာလမ်းကို လက်ဝဲသခင်လို မြန်းရမယ်မှတ်လို့ ရေးထားတယ်ဗျ''

''တောက် ... ကျုပ်တို့ရဲ့မိတ်ဆွေ လက်ဝဲသခင် မန္တလေး အောင်မြေသာစံအရပ်က သူ့ရဲ့အိမ်ပေါ်မှာ အသတ်ခံရတုန်းက ကျုပ်တို့ကို လက်ဝဲသခင်က ကြိုပြီးအကြောင်းမကြားလို့ သွားရောက်ပြီး ကာကွယ်မှုမပေးနိုင်ခဲ့ဘူးဗျာ ...၊

သူ့တုန်းကလည်း ရာဇဝံစာထဲမှာ သိင်္ဂပါဓားနက်ဟာ အမှားကျူးလွန်ခဲ့သူတွေကို နောင်တရစေမယ်လို့ပဲ ရေးထားတယ်တဲ့ဗျ၊ လက်ဝဲသခင်ကလည်း ဓားနက်ရှင်ရဲ့ခြိမ်းခြောက်မှုကို ဂရုမထားဘဲ နေလိုက်တယ်၊ သူက ခေါင်းမာသူဆိုတော့ သူ့စိတ်ထဲမှာ မှုစရာမလိုဘူးထင်ပြီး ဂရုမထားဘဲနေလိုက်တာတဲ့ဗျ ...၊

သူသေမှ သူ့ရဲ့ Diary (နေ့စဉ်မှတ်တမ်း) ကို သူ့မိန်းမပြတာနဲ့ ကျုပ် ဖတ်ကြည့်ခွင့်ရခဲ့တယ်ဗျ''

''အင်း ... လက်ဝဲသခင်က ခပ်ပေါ့ပေါ့သဘောထားမိလို့ ရန်သူက ကြက်ကလေး,ငှက်ကလေးကို သတ်သလို အလွယ်တကူ သတ်သွားနိုင်တယ်ထား၊ လက်ဝဲသခင်လို သိုင်းပညာရှင်





ကြီးကို တိုက်ခိုက်အနိုင်ယူသွားတာကိုတော့ အံ့ဩလို့မဆုံးဘူးနော်''

''ဘာပဲဖြစ်ဖြစ် ကျုပ်တို့ရဲ့ရောင်းရင်းကြီး စပ်ခွန်လှကိုတော့ ဓားနက်ရှင်ဟာ လက်ဖျားနဲ့တောင် ထိလို့မရစေရဘူးဗျာ၊ ဟောဒီ ကျုပ်ရဲ့ကုတ်အင်္ကျီအတွင်းက ချိုင်းစလွယ်မှာ ပစ္စတိုတစ်လက်ပါတယ်ဗျ၊ သင်းရဲ့ ခြေတွေ,လက်တွေကို ပစ်ချိုးပြမယ်''

''ကျောက်ဘီလူးရဲ့ ... ကျုပ်ကလည်း ဟောဒီတုတ်ကောက်ကြီးနဲ့ပဲ သင်းရဲ့ရန်ကို ဟန့်တားခုခံပေးမယ်ဗျ''

ဆရာကြီးဖေယျမိုးက လေအေးအေးဖြင့်ပြောပြီး သူထောက်ကိုင်ထားသည့် တုတ်ကောက်၏လက်ကိုင်ကို လှည့်ချွတ်လိုက်သည်တွင် တုတ်ကောက်၏လက်ကိုင်ရိုးမှာ လည်သွားပြီး အပေါ်သို့မြောက်ပါလာရာ လက်ကိုင်ရိုးနှင့် တစ်ဆက်တည်းရှိသော ဓားသွားမှာ ဝင်းခနဲ လက်ခနဲ ဖြစ်သွားတော့၏။

သူသည် ဓားအိမ်ထဲမှ ဓားဆွဲနုတ်ယူသည့်နှယ် တပြောင်ပြောင် တဝင်းဝင်းနှင့် ဓားသွားကို တုတ်ကောက်အိမ်ထဲမှ ညင်သာစွာ ဆွဲနုတ်လိုက်လေသည်။

ပြီးလျှင် ဓားကို မြှောက်ကိုင်ပြီးဝင့်လိုက်ရာ ဘတ်သီးအလင်းရောင်အောက်တွင် ဓားသွားမှာ ဖျပ်ဖျပ်လက်သွားပါတော့



www.burmeseclassic.com

www.burmeseclassic.com



၏။

ဤတွင် ဝံမည်းကြီး ခေါ် စိန်ပုလဲက သူ၏ခြေမခန့်ရှိသော ရှေ့သွားကြီးများပေါ်အောင် သွားဖြဲပြလိုက်ပြီးလျှင် သူ၏ ရောမလက်သီးဆုပ်ကြီးနှစ်ခုကို ကျစ်ကျစ်ပါအောင် ဆုပ်လျက် ထောင်မြှောက်ပြလိုက်လေသည်။

''သင်း လာပါစေဦးဗျာ၊ သင်းကို ဘာလက်နက်မှ အသုံးမပြုဘဲ ကျုပ်ရဲ့ ဟောဒီလက်နှစ်ဖက်နဲ့ စိစိညက်ညက်ကြေအောင် တိုက်ခိုက်ပြမယ်ဗျ''

သူတို့ တစ်ယောက်တစ်ပေါက် ပြောနေစဉ်မှာပင် သန်းခေါင်ယံ ၁၂ နာရီထိုးပြီဖြစ်သဖြင့် တိုင်ကပ်နာရီကြီးက တဒင်ဒင် ထမြည်တော့၏။ တိတ်ဆိတ်နေသောညမို့ နာရီမြည်သံက ဆူဆူဝေသွားတော့သည်။

ရုတ်တရက်မို့ စပ်ခွန်လှတို့ လေးယောက်စလုံး ဖျတ်ခနဲ လန့်သွားကြတော့၏။

''ဟော ... သန်းခေါင်ယံရောက်ပြီဗျို့''

အားလုံး တိတ်ဆိတ်သွားကြပြီးလျှင် မိမိတို့ အသင့်ဆောင်ထားသည့် လက်နက်များဆီ အလိုလို လက်လှမ်းလိုက်မိကြလေ၏။

ထိုစဉ်မှာပင် အိမ်အောက်ထပ်မှ နောက်ဘက်အဆောင်





၌ထားသော မီးစက်မှာ ရုတ်တရက် ထိုးရပ်သွားတော့၏။

''ဟာ ... မီးတွေငြိမ်းသွားပါလား''

''ဟုတ်ပါရဲ့ဗျာ ... မှောင်အတိကျသွားတော့တာပါလား''

ယင်းအခိုက်မှာပင် ဖွင့်ထားသော ပြတင်းပေါက်၏ ပေါင်ပေါ်သို့ မည်းမည်းသဏ္ဍာန်တစ်ခု ရုတ်တရက် ခုန်တက်လာသည်ကို အိမ်အပြင်ဘက်ရှိ ကြယ်ရောင်ပိုးတဝါးဖြင့် မယုံနိုင်ဖွယ် တွေ့လိုက်ရလေ၏။

သူတို့အားလုံး ထိုသဏ္ဍာန်ကို တွေ့လိုက်ရပြီး အံ့အားသင့် ငေးကြောင်သွားမိစဉ်မှာပင် ထိုသဏ္ဍာန်သည် စပ်ခွန်လှဆီသို့ လွှားခနဲ ခုန်ဝင်လာသည်ကို ရိပ်ခနဲ တွေ့လိုက်ရလေ၏။

ယင်းအခိုက်မှာပင် ဓားချင်းထိခတ်သံ တချွင်ချွင်မြည်သွားပြီး မီးပွင့်လေးများ ပွင့်သွားပြီးနောက် ငယ်သံပါအောင် အော်လိုက်သော အသံကြီးတစ်ခုက မှောင်ထဲမှာပင် အံသည်းအူ တုန်လောက်အောင် ထွက်ပေါ်လာလေသည်။

''အား''

ထိုအော်သံကြီး ထွက်ပေါ်လာသည်နှင့်တစ်ပြိုင်တည်း လိုလိုမှာပင် သဏ္ဍာန်မည်းမည်းသည် စားပွဲဝိုင်းကြီးကို လွှားခနဲ ခုန်ကျော်ကာ ပြတင်းဝမှ လျှပ်ပြက်သလို ခုန်ထွက်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဘာတွေဖြစ်ကုန်ပြီလဲ မသိဘူးဟေ့"

"မီးထွန်းပါဟ မီးထွန်းပါ၊ ဘာတွေဖြစ်ကုန်ပြီလဲ မသိဘူး"

"ဟုတ်တယ်၊ နေ နေ . . . ဒီမှာ ကျုပ် မီးခြစ်ရှိတယ်"

'ရှဲ'

ယမ်းမီးခြစ်ခြစ်သံထွက်ပေါ်လာပြီး မီးရောင် ရုတ်တရက် ထွက်ပေါ်လာစဉ် စိန်ပုလဲက နံရံကပ်ဗီရိုတစ်လုံးပေါ်တွင် တွေ့ထားခဲ့သည့် ဖယောင်းတိုင်အား ပြေးယူလိုက်ကာ မီးထွန်းညှိလိုက်လေသည်။

ဖယောင်းတိုင်မီးရောင် ပြည့်ဝစွာလင်းသွားသည်နှင့် ကျောက်ဘီလူးတို့မှာ ထိုင်ခုံကြီးပေါ်၌ ခေါင်းငိုက်စိုက်ကျနေပြီး လည်ပင်းမှ သွေးတို့ အရွဲသားစီးကျလျက် အသက်ပျောက်နေသော စပ်ခွန်လုကို ချောက်ချားတုန်လှုပ်ဖွယ် တွေ့မြင်ကြရတော့သည်။

"အောင်မယ်လေး . . . အကျိုးတော့နည်းပါပြီဗျာ"

ထိုစဉ် အိမ်အောက်ထပ်ဆီမှ မီးစက်နှိုးသံကြားလိုက်ရပြီး ချက်ချင်းဆိုသလို မီးရောင်များ လင်းထိန်လာတော့၏။

"ဟာ . . . ရန်သူလက်ဦးသွားပြီဗျို့"

"အေးဗျာ . . . ဖြစ်ရလေ၊ ကျုပ်တို့ အနီးကပ်ရှိနေလျက်





သားနဲ့ စပ်ခွန်လု ဒီလိုဖြစ်ရတယ်လို့ဗျာ . . . တောက်"

"ဘာပဲဖြစ်ဖြစ် ဓားနက်ရှင်ဟာ အတော်အံ့ဩစရာကောင်းတဲ့ ကောင်ပဲဗျို့၊ အဲဒီကောင်ကို လျှော့တွက်လိုက်မိတာ ကျုပ်တို့ရဲ့ အမှားပဲဗျ၊ လေလို ရုတ်တရက်ရောက်လာပြီး ဘီလူးသရဲလို တိုက်ခိုက်တယ်၊ ပြီးတော့ လေလို လှစ်ခနဲ ပြန်ထွက်သွားတယ်၊ ဒီလောက်မြင့်တဲ့ ပြတင်းပေါက်ကနေ ငှက်တစ်ကောင်လို ခုန်ထွက်သွားနိုင်တဲ့ကောင်ပဲဗျာ၊ နောက် နောက်တစ်ခါဆိုရင်တော့ ကျုပ်တို့ထဲက တစ်ယောက်ယောက်ရဲ့အလှည့်ပဲနဲ့ တူရဲ့ဗျို့"

www.burmeseclassic.com

www.burmeseclassic.com



ဇမ္ဗူတာလှ

သစ်သားဓားနက်လေးတစ်စင်းနှင့် ရာဇသံပေးစာ တစ်စောင် ရောက်လာပြီးနောက် မန္တလေးရွှေမြို့တော်ကြီးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့မျက်နှာဖုံးပုဂ္ဂိုလ်ကြီးများ အသတ်ခံရသည့်သတင်းမှာ ထိုစဉ်က တစ်နိုင်ငံလုံးအနှံ့ ဟိုးဟိုးကျော်သွားတော့၏။

နာမည်ကြီးသတင်းစာများဖြစ်ကြသည့် သံတော်ဆင့်၊ သူရိယ၊ သူကြီးဂေဇက်၊ မြန်မာ့အလင်း စသည့် သတင်းစာကြီးများတွင် တစ်ခုတ်တရပါလာရာ ပုလိပ်အဖွဲ့ကြီးသည်လည်း လှုပ်လှုပ်ရှားရှားဖြစ်သွားရတော့၏။

ယင်းလူသတ်မှုများသည် ရန်ကုန်မြို့၊ အင်းစိန် စီအိုင်ဒီ





ရုံးကြီးအထိပင် ဂယက်ထသွားစေတော့သည်။

"တောက် . . . ခက်တာပဲ၊ မန္တလေး အောင်မြေသာဇံ အရပ်က လူသတ်မှုတောင် မဖော်ထုတ်နိုင်သေးဘူး၊ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသမှာ ပုံစံတူလူသတ်မှု ဆက်ဖြစ်ပြီ၊ ခုအထိ တရားခံကို ရိပ်ဖမ်းသံဖမ်းလေးတောင် စုံစမ်းလို့မရသေးဘူးဆိုတော့ သတင်းစာတွေက ဝိုင်းရေးကြပြီပေါ့၊ ဘယ်လိုလုပ်ကြမတုံး မောင်မင်းတို့"

စုံထောက်မင်းကြီး မစ္စတာရုက်တဲလ်မှာ သူ့ရှေ့မှ စားပွဲကြီးကို တဒုံးဒုံးထုလိုက်၊ ထိပ်ပြောင်နေသည့် သူ့ခေါင်းကို လက်နှစ်ဖက်ဖြင့် ပွတ်လိုက်လုပ်ရင်း ညည်းညူနေရာမှ သူ့တပည့် စုံထောက်ကျော်ကြီးများကို မေးခွန်းထုတ်လိုက်လေသည်။

စုံထောက်အရာရှိတစ်စုမှာမူ ရုံးခန်းနံရံကို ကျောကပ်မှီလျက် ကုပ်ကုပ်ကလေး ရပ်နေကြရာမှ စုံထောက်မင်းကြီးကို ရဲရဲမကြည့်ဝံ့ကြဘဲ ခေါင်းငုံ့နေကြလေ၏။

"ပြောစမ်းပါဦး . . . ကျုပ်ရဲ့ အသုံးမကျတဲ့ မြည်းလေးတွေရဲ့၊ မောင်မင်းတို့တွေကို နှစ်ယောက်တစ်တွဲ တွဲပြီး မန္တလေးလွှတ် စုံစမ်းထောက်လှမ်းခိုင်းလိုက်တာလည်း အချိန်ရော ငွေပါကုန်တာသာ အဖတ်တင်ပြီး ဘာမှရေရေရာရာ မရှိခဲ့ဘူး၊ ဘာသဲလွန်စမှ မရခဲ့ဘူး၊ အဲဒီနောက် နှစ်လအကြာမှာ ရှမ်းပြည်



www.burmeseclassic.com

www.burmeseclassic.com



နယ်မြောက်ပိုင်း ပန်လုံမြို့က ရှမ်းပြည်နယ်တိုင်းမင်းကြီးရဲ့ မိတ်ဆွေ အသတ်ခံရပြန်ပြီ၊ အိုး ဂေါ့ဒ် ... အခုဟာက ဝန်ရှင်တော်မင်းကြီးတစ်ဦးနဲ့ ပတ်သက်နေသူဆိုတော့ ပိုဆိုးပြီပေါ့ လူကလေးတို့ရေ''

စုံထောက်မင်းကြီးသည် ခြူသံပါအောင် ညည်းညူရင်း စိတ်လှုပ်ရှား ဂနာမငြိမ်စွာ ရုံးခန်းထဲတွင် တောင်မြောက်လူးလာ ခေါက်တုံ့ခေါက်ပြန် လျှောက်လှမ်းနေရာမှ ရုတ်တရက် ရပ်လိုက်ပြီး ကုပ်ချောင်းချောင်းပုံစံဖြင့် ခေါင်းငုံ့ရပ်နေကြသည့် သူ၏ တပည့်စုံထောက်ကျော်များအား စူးစူးရဲရဲ ကြည့်လိုက်ကာ ...

''ကဲ ကဲ ... ငေးငေးငူငူနဲ့ မြည်းအိုကြီးတွေလို လုပ်မနေကြနဲ့ လူကလေးတို့၊ ပြောစမ်းပါဦး ... အဲဒီဓားနက်ရှင်ဆိုတဲ့ လူဆိုးကို ဖော်ထုတ်ဖမ်းဆီးနိုင်စွမ်း မရှိကြတော့ဘူးလား၊ အင်စပက်တာကြည်မောင်ထွန်းနဲ့ အောင်ဖြိုးတို့ လွှတ်လိုက်တာလည်း ငွေကုန် အချိန်ကုန်တာပဲ အဖတ်တင်တယ်၊ တရားခံကို စုံစမ်းထောက်လှမ်းလို့ မရခဲ့ဘူးမဟုတ်လား''

ဟု စိတ်တိုစွာမေးလိုက်လျှင် အသားလွန်စွာဖြူသော အင်စပက်တာကြည်မောင်ထွန်းနှင့် အသားလွန်စွာမည်းသော အင်စပက်တာ အောင်ဖြိုးတို့မှာ တုန်တုန်လှုပ်လှုပ်ဖြင့် ဝန်ခံကြရရှာလေ၏။





''ဟုတ် ဟုတ်ပါတယ် မင်းကြီး ... ခက် ခက်တာက အသတ်ခံရသူတွေဘက်က သတင်းအချက်အလက်တွေ သေသေချာချာ မပေးကြတာပါပဲ ခင်ဗျ''

''ဟုတ်ပါတယ်မင်းကြီး၊ သူတို့က တစ်ခုခုကို ဖုံးဖိထားသလိုပါပဲ''

'ဒုန်း'

''တော် တိတ် ... ရှုပ်ယှက်ခတ်မောက်စ်''

စုံထောက်မင်းကြီးက ကျွန်းစားပွဲခုံ၏ မျက်နှာပြင်ကို လက်သီးဆုပ်ဖြင့် ပြင်းစွာထုပြီး ဒေါသကြီး ဟောက်လိုက်ရာ အင်စပက်တာကြည်မောင်ထွန်းနှင့် အင်စပက်တာအောင်ဖြိုးတို့မှာ တစ်ကိုယ်လုံး ဆတ်ခနဲတုန်ကာ ပါးစပ်ပိတ်သွားကြတော့၏။

''စိုးဘက်ဒ် ... လူကလေးတို့ ဆင်ခြေပေးဖို့ပဲ တတ်တယ်၊ စုံထောက်ဆိုတာ ဖုံးထားတာကို ဖော်နိုင်ရမယ်၊ အုပ်ထားတာကို ဖွင့်နိုင်ရမယ်၊ ဝှက်ထားတာကို တွေ့အောင်ရှာဖွေနိုင်ရမယ်၊ ကိုယ် အသုံးမကျလို့ ထောက်လှမ်းစုံစမ်းမရတာကို ဆင်ခြေမပေးကြနဲ့ ...၊

မောင်မင်းတို့ ဆင်ခြေပေးရင်း နဝေတိမ်တောင်လုပ်နေချိန်မှာ နောက်ထပ်လူသတ်မှုတွေထပ်ဖြစ်ရင် ကျုပ်တို့စီအိုင်ဒီ ပိုပြီး နာမည်ပျက်ဖို့ပဲရှိတယ်၊ ခုဆို ပုလိပ်မင်းကြီးတင်မက ဘုရင်



www.burmeseclassic.com

www.burmeseclassic.com



ခံကပါ တရားခံတစ်ယောက်တည်းက လူသတ်မှု တစ်ခုပြီးတစ်ခု ဆက်တိုက်ကျူးလွန်နေတာကို မဖော်ထုတ်နိုင်ရကောင်းလားလို့ ကျွန်ုပ်ကို ခေါ်ဆူပြီးကြပြီ၊ ကျွန်ုပ် ခေါင်းကျိန်းလှတယ်၊ ခေါင်းကျိန်းလှတယ် ... သိကြရဲ့လား''

စုံထောက်မင်းကြီးသည် ခြုံသံပါအောင် ညည်းညူလိုက်ပြီးနောက် စားပွဲခုံတွင် မေးကို လက်ထောက်ထိုင်လျက် မှိုင်တွေနေလေသည်။

ထိုစဉ် အင်းစိန်စီအိုင်ဒီဝင်းထဲသို့ မီးခိုးရောင် မော်စကိုဗစ်ကားလေး ဝင်ရောက်လာပြီးလျှင် စုံထောက်မင်းကြီး၏ ရုံးခန်းရှေ့တွင် ရပ်လာလေ၏။

''ဟော ... ဓားခုတ်ရာလက်ဝင်လျှိုခံရမယ့် ကောင်လေးတော့ လာပြီဟေ့''

အသားဖြူ အင်စပက်တာကြည်မောင်ထွန်းက ရုံးခန်းအပေါက်ဝဆီ မေးငေါ့ကာ မဲ့ရွဲ့ပြီး ခပ်တိုးတိုးပြောလိုက်ရာ အသားမည်း အင်စပက်တာအောင်ဖြိုးကလည်း နှာခေါင်းရှုံ့လိုက်ပြီး ...

''မင်းကြီးက ခွင့်ယူပြီး မောင်းမကန်ကမ်းခြေဆီ ခရီးထွက်နေတဲ့သင်းကို ရန်ကုန်ပြန်ရောက်တယ်လို့ သတင်းကြားကြားချင်း အားကိုးတကြီးနဲ့ ဖုန်းဆက်ခေါ်လိုက်တာဗျ၊ လာပါစေ





... သင်းလေး ဒီတစ်ခါတော့ နောက်ကောက်ကျပြီး နှပ်ပစ်ခံရမှာ ကျိန်းသေတယ်''

ဟု ထိုအင်စပက်တာနှစ်ဦး တိုးတိုးကျိတ်ကျိတ်ပြောနေစဉ်မှာပင် ရုံးခန်းထဲသို့ ပုလိပ်အရာရှိနှစ်ဦး ဝင်ရောက်လာကြပြီး စုံထောက်မင်းကြီးအား စလုတ်(တ်)ရိုက် အလေးပြုလိုက်ကြလေ၏။

ယင်းစုံထောက်အရာရှိနှစ်ဦးအနက် ပိုမိုရာထူးကြီးသည့် အင်စပက်တာမှာ အသားဖြူဖြူ ခပ်ဝဝဖြစ်ကာ မျက်နှာပြည့်ပြည့် ဝိုင်းဝိုင်းကြီးက သဘောမနောကောင်းပုံရလေသည်။

သူက နှုတ်ခမ်းမွေးကားကားလှလှ လူကြီးမင်းကို ညွှန်ပြလိုက်ရင်း ...

''မင်းကြီးခေါ်ခိုင်းလို့သာ အိုင်အိုချစ်သွေးကို အတင်းခေါ်လာရတယ်၊ သူက ခွင့်မစေ့သေးလို့ မလိုက်နိုင်ဘူးဆိုပြီး ငြင်းနေသေးတယ် မင်းကြီးရဲ့၊ ကျွန်တော်က မလိုက်ဘဲမနေပါနဲ့၊ အိုးရီယင့်မှာ တစ်ဝိုင်းကျွေးပါ့မယ်ဆိုပြီး ကတိခံခေါ်လာရတယ်ခင်ဗျ''

ဟု ခပ်ပြုံးပြုံးအမူအရာဖြင့် တင်ပြလိုက်ရာ စုံထောက်မင်းကြီး မစ္စတာရှက်တဲ(လ်)က ခေါင်းညိတ်လိုက်ပြီး ...

''ဟုတ်တာပေါ့၊ သူက ခွင့်မှမစေ့သေးဘဲ၊ သူ့မှာ ငြင်းပိုင်ခွင့်ရှိတာပေါ့ အိုင်ပီရဲ့''

ဟု ပြောလိုက်ပြီးမှ အိုင်အိုချစ်သွေးအား သူ့စားပွဲရှေ့ရှိ



www.burmeseclassic.com

www.burmeseclassic.com



ကုလားထိုင်ကို ညွှန်ပြလိုက်ကာ ...

"ထိုင် ... လူကလေး၊ ခွင့်မစေ့သေးပေမယ့် အရေးကြီးတဲ့ကိစ္စဖြစ်နေလို့ ကျွန်ုပ်က ခေါ်ခိုင်းရတာပါ၊ သိင်္ဂပါဓားနက်ရှင်ဆိုတဲ့ လူသတ်သမားကြောင့် ကျွန်ုပ် ခေါင်းမီးတောက်နေရလို့ လူကလေး ချစ်သွေးရဲ့ ...၊

လူကလေးထက် ဝါရင့်တဲ့ စီနီယာစုံထောက်တွေ လက်လျှော့ရမလိုဖြစ်နေတဲ့ ဓားနက်ရှင်ရဲ့ကေ့စ်(Case)ကို လူကလေး တာဝန်ယူဖို့ တာဝန်ပေးအပ်ချင်လို့ကွဲ့၊ ဓားနက်ရှင်သာ ဒီတစ်ခါ လူတွေထပ်သတ်ရင် ကျွန်ုပ် ရာထူးပြုတ်ပြီး ဘီလပ်ပြန်အပို့ခံရမှာ ကျိန်းသေတယ်၊ ဟို ... ဘောင်ဒရီလမ်းလူသတ်မှုကို ဖော်ထုတ်ခဲ့သလို ဖော်ထုတ်ပေးပါဦး လူကလေး ...၊

ဓားနက်ရှင်ဆိုတဲ့ လူသတ်သမားဟာ မြေလျှိုးမိုးပျံနေသူလား မသိပါဘူး၊ သူ့ရဲ့ခြေရာကို ဘယ်လိုမှ ကောက်လို့မရသလို သူ ထပ်ပြီးကျူးလွန်မယ့် လူသတ်မှုတွေကို မတားဆီးနိုင်ရင် ကျွန်ုပ်တို့စီအိုင်ဒီတစ်ဖွဲ့လုံး အင်ပရက်ရှင်ဒေါင်း (သိက္ခာကျ) မှာ သေချာတယ်ကွဲ့"

ဟု အကူအညီတောင်းသံဖြင့် ပြောလိုက်ရာ အိုင်အိုချစ်သွေးက ကုလားထိုင်တွင် ခပ်ပြုံးပြုံးအမူအရာဖြင့် ဝင်ထိုင်လိုက်ရင်း အင်စပက်တာကြီးကို ညွှန်ပြလျက် ...





"မပူပါနဲ့ မင်းကြီး ... ဟောဒီအိုင်ပီဦးလှဘော်ကိုသာ ကျွန်တော်နဲ့ တွဲပေးပါ၊ ဓားနက်ရှင်ကို မကြာခင်ရက်အတွင်း လက်ရဖမ်းမိစေရမယ်"

ဟု ပေါ့ပေါ့ပါးပါး လေသံဖြင့် အလွယ်တကူ အာမခံလိုက်ရာ ဝါရင့်စုံထောက်ကြီးများဖြစ်ကြသည့် အင်စပက်တာကြည်မောင်ထွန်း၊ အင်စပက်တာအောင်ဖြိုးနှင့် အင်စပက်တာဇော်မိုး၊ အင်စပက်တာသိန်းအောင်တို့က စုံထောက်မင်းကြီးမမြင်အောင် နှုတ်ခမ်းကို မဲ့ရွဲ့လိုက်ကြပါတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

## ဂန္ထဝင်ဓားနက်၏ ပဟေဠိ

အိုင်အိုချစ်သွေးသည် အင်းစိန်စီအိုင်ဒီရုံးမှ အပြန်တွင် သူ၏ မော်စကိုဗစ်ကားလေးကို ကိုယ်တိုင်မောင်းကာ ရန်ကုန်မြို့ ထဲပိုင်းဘက် ဦးတည်လာစဉ် နံဘေး၌ ဆေးပြင်းလိပ်ကြီးခဲရင်း ထိုင်လိုက်လာသည့် အင်စပက်တာဦးလှဘော်က ပြုံးလိုက်သည်။

''အိုင်ဆေး ကိုချစ်သွေးရေ ... ဒီတစ်ခါ မင်းကြီးကို မောင်ရင်အာမခံလိုက်ပုံက မရဲတင်းလွန်းဘူးလား၊ မောင်ရင် ခွင့်သွားနေတုန်း အင်စပက်တာဇော်မိုးတို့၊ သိန်းအောင်တို့၊ ကြည် မောင်ထွန်းတို့၊ အောင်ဖြိုးတို့ ဓားနက်ရှင်ကို အသည်းအသန် သွားထောက်လှမ်းပြီးပြီ၊ ဘာမှ စုံစမ်းထောက်လှမ်းလို့မရခဲ့ကြဘူး၊ သူတို့လို မောင်ရင့်ထက် စီနီယာအများကြီးကျတဲ့ ဝါရင့်စုံထောက်





ကြီးတွေတောင် ထောက်လှမ်းမရခဲ့တာကို ရက်ပိုင်းအတွင်း ထောက်လှမ်း ဖော်ထုတ်ပေးမယ်လို့ အာမခံတာ ရဲတင်းလွန်းရာ မကျဘူးလား''

ဟုမေးလိုက်ရာ အိုင်အိုချစ်သွေးက ပြုံးလိုက်ပြီး ...

''စီအိုင်ဒီရုံးမသွားခင် အိုင်ပီပြောပြထားလို့ မရဏဓား နက်ရှင်နဲ့ပတ်သက်ပြီး မင်းကြီး စိတ်အကြီးအကျယ်ပျက်နေမှန်း သိရတာနဲ့ သူ့ စိတ်ဖိအားတွေ လျော့ပါစေဆိုပြီး ခပ်လွယ်လွယ် ကတိပေးလိုက်တာ အိုင်ပီရဲ့''

ဟု ရယ်ဟဟဖြင့်ပြောလိုက်ရာ အိုင်ပီဦးလှဘော်မှာ မျက်လုံးပြူးသွားတော့၏။

''ဟေ ... ဒါ ဒါဖြင့် မရဏဓားနက်ရှင်ရဲ့အမှုကို ဖော် ထုတ်ဖို့ တကယ်တမ်း မလွယ်ဘူးပေါ့ ... ဟုတ်လား''

''ဟုတ်တယ် ... လွယ်ဖို့လမ်းမမြင်ဘူး''

''ဟ ... ဒါဆို မောင်ရင်က ဘာဖြစ်လို့ ကတိလွယ် လွယ် ပေးလိုက်ရတာတုံး၊ အဲဒီအမှုကို မဖော်ထုတ်နိုင်ရင်တော့ မောင်ရင် အတော်ခွကျလိမ့်မယ်နော်၊ ဟို မြည်းအုပ်စုက မောင် ရင့်ကို ချောက်ချဖို့ စောင့်နေကြတာ ဒုက္ခပါပဲ၊ ဒါနဲ့များ ကတိကို လွယ်လွယ်ပေးလိုက်ရတယ်လို့''

''ဒီလိုရှိတယ်အိုင်ပီရဲ့ ... ဓားနက်ရှင်ဟာ အင်မတန်



www.burmeseclassic.com

www.burmeseclassic.com



ပါးနပ်ပြီး အစွမ်းထက်လွန်းသူဆိုတာ သေချာတယ်၊ ဒါကြောင့် သူလိုလူကို ဖော်ထုတ်ဖမ်းဆီးဖို့ဆိုတာ သမားရိုးကျပုံစံနဲ့ ထောက်လှမ်းလို့မရနိုင်ဘူး၊ နည်းပရိယာယ်ကောင်းကောင်းနဲ့ ထောက်လှမ်းစုံစမ်းမှုရမယ်၊ အဲဒီလို ထောက်လှမ်းစုံစမ်းဖော်ထုတ်ရင် သင်းကို ဘာဖြစ်လို့ ဖမ်းမမိနိုင်ရမှာလဲ''

''ဩော် ... ဒါဆို မောင်ရင်ကနည်းဗျူဟာကို စဉ်းစား ထားပြီးပြီပေါ့''

''အကြမ်းဖျဉ်းတော့ စဉ်းစားထားပါတယ် အိုင်ပီရဲ့၊ အိုင်ပီသာ ကျွန်တော်နဲ့ အတွဲညီညီလုပ်ဆောင်ဖို့ လိုပါတယ်''

''အာ ... ဒါတော့ စိတ်ချ၊ မောင်ရင့်ရဲ့အစွမ်းကို ကျုပ် ယုံပြီးသား၊ မောင်ရင်ချမှတ်တဲ့ဗျူဟာအတိုင်း ဘာပဲဖြစ်ဖြစ် ကျုပ်လုပ်မယ် အိုင်ဆေးရေ''

''ဒါဆို အောင်မြင်ပြီလို့သာ မှတ်လိုက်တော့အိုင်ပီရေ''

အိုင်အိုချစ်သွေးက ပိုင်နိုင်သောလေသံဖြင့် ပြောလိုက်ရာ ထိုအခါကျမှ အိုင်ပီဦးလှဘော်မှာ သက်ပြင်းကြီးချနိုင်ပါတော့ သတည်း။

✡





စကားတပြောပြောဖြင့် မောင်းနှင်လာရာမှ ဘုန်းကြီး လမ်းနှင့် ကျုံးကြီးလမ်းထောင့်ရှိ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီး၏ နံဘေး တိုက်ပုလေးရှေ့အရောက်ဝယ် အိုင်အိုချစ်သွေးက သူ၏ ဆလွန်းကားလေးကို ရပ်ကာ စက်သတ်လိုက်လေ၏။

''ကဲ ... နေအတော်မြင့်သွားပြီ၊ ကျုပ်ရဲ့အိမ်မှာပဲ နေ့ လယ်စာ စားသွားတော့၊ မောင်ရင်ရဲ့အစ်မက မှိုချဉ်နဲ့ဝက်သား ချက်ထားတယ်''

''ဟာ ... အတော်ပဲ၊ ဝက်သားကို မှိုချဉ်နဲ့စားချင်နေ တာ ကြာပြီ''

အိုင်ပီဦးလှဘော်ကို အိမ်တိုင်ရာရောက် လိုက်ပို့သည့် အိုင်အိုချစ်သွေးမှာ သူနှင့်ညီအစ်ကိုတမျှ ရင်းနှီးသည့် ဦးလှဘော် ၏ ထမင်းစားခေါ်ခြင်းကို ငြင်းပယ်ခြင်းမပြုဘဲ ဝမ်းသာအားရ လက်ခံကာ သူ့ပါကားပေါ်မှ ဆင်းသက်လိုက်တော့သည်။

အိုင်ပီဦးလှဘော်၏ဇနီးသည် ဒေါ်မြတ်မေမှာ ဟင်းချက် လက်ရာကောင်းလှသူဖြစ်သဖြင့် ဆိုင်ထမင်း၊ ဆိုင်ဟင်းသာ စားနေရသည့် လူပျိုလူလွတ် အိုင်အိုချစ်သွေးမှာ ကြုံလျှင်ကြုံ သလို ဦးလှဘော်၏အိမ်၌ စားသောက်လေ့ရှိ၏။

ဒေါ်မြတ်မေမှာလည်း အိုင်အိုချစ်သွေးကို မောင်လေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးလို ချစ်ခင်သဖြင့် ဦးလုဘော်၏အိမ်မှာ အိုင်အိုချစ်သွေး
အတွက် စားအိမ်သောက်အိမ် ဖြစ်နေတော့သည်။

တိုက်ပုလေးထဲသို့ ဝင်လိုက်မိသည်နှင့် ဝက်သားဟင်း
ရနံ့က မွှေးပျံ့စွာ ဆီးကြိုလျက်ရှိတော့သည်။

“မမမြတ် ... ဧည့်သည်ပါတယ်နော်၊ ဟင်းနံ့က မွှေး
ပါဘိဗျာ”

“ဟော ... ငါ့မောင်ပါ ပါသကိုး၊ ဒါကြောင့် ကားသံ
ကြားလိုက်ပါတယ်လို့၊ ဟင်းက ခုမှ ပွက်စရှိသေးတယ်၊ ခဏ
လေးစောင့်၊ မင်းရဲ့အကြိုက် မျှစ်ချဉ်နဲ့နတ်မကြိုက်သား ချက်
တယ်ဟေ့”

“ဟဲ ဟဲ ... နတ်မကြိုက်ပေမယ့် ချစ်သွေးကြိုက်တယ်
မမမြတ်ရဲ့”

“အေးပါကွယ် အေးပါ ... ခဏလေးစောင့်”

ဦးလုဘော်ကလည်း ရေချိုးခန်းဝင်သွားသဖြင့် အိမ်ရှေ့
ဧည့်ခန်းထဲ ဆက်တီခုံတစ်လုံးတွင် ထိုင်ကာ သူရိယသတင်းစာ
ကိုဖတ်ရင်း ထိုင်စောင့်နေရသည့် ချစ်သွေးမှာ ခဏအကြာဝယ်
ခြေညောင်းလက်ဆန့်အဖြစ် ခြံထဲဆင်း လမ်းလျှောက်နေလိုက်
တော့၏။

ဤတွင် ခြံချင်းကပ်လျက်ရှိ ပျဉ်ထောင်နှစ်ထပ်အိမ်ကြီး





၏ ဘေးအဖီအတွင်း ရုပ်ရှင်ပိုစတာကြီးတစ်ချပ်ကို ရေးဆွဲလျက်
ရှိသော ပန်းချီဆရာကြီး ဆရာချုံကို လှမ်းတွေ့လိုက်ရလေသည်။

သို့ဖြင့် ဆရာချုံနှင့် ရင်းနှီးပြီးဖြစ်သော ချစ်သွေးသည်
ခြံစည်းရိုးပုဏ္ဏရိပ်ပင်တန်းကို ကျော်ဖြတ်ကာ ဆရာချုံတို့ခြံဘက်
ကူးလာလိုက်ပြီး ...

“ဆရာကြီး ... ဒီတစ်ခါတော့ တရုတ်ဇာတ်ကား
အတွက် ရေးနေတာလား”

ဟု တရင်းတနှီး မေးလိုက်လေသည်။

ကုန်းဘောင်ခေတ်နှောင်းပိုင်း နန်းတွင်းပန်းချီကျော်
အဖြစ် ထင်ရှားခဲ့သည့် ဆရာချုံက စုတ်တံအပြားဖြင့် ခတ်ကာ
ခတ်ကာ ရေးဆွဲနေရာမှ စောင်းငဲ့ကြည့်လျက် ပြုံးလိုက်ပြီး ...

“ဟုတ်တယ် ဗိုလ်လေးရေ ... လာမယ့်အပတ် နန်း
တော်ရုံမှာ တင်မယ့်ကားလေ”

ဟု ပြောလိုက်လေသည်။

ချစ်သွေးက ခွေးခြေပုလေးတွင် ဝင်ထိုင်လိုက်ပြီး ကရေ
ဗင်အေ စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်ရင်း ဆရာချုံရေးဆွဲ
နေသည်ကို စိတ်ဝင်စားစွာ လေ့လာကြည့်ရှုနေလိုက်၏။

ဆရာချုံသည်ကား မြန်မာဘုရင် သီပေါမင်းလက်ထက်
နောက်ဆုံး တော်ဝင်နန်းသုံးပန်းချီဆရာကြီး ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



(၁၈၈၅) ခုနှစ်၊ နိုဝင်ဘာလ (၂၉) ရက် တနင်္ဂနွေနေ့တွင် သီပေါမင်းနှင့် စုဖုရားလတ် အရှင်နှစ်ပါးအား နယ်ချဲ့မျက်နှာဖြူတို့က ဖမ်းဆီးခေါ်ဆောင်သွားကာ မြန်မာတို့ ထီးကျိုးစည်ပေါက်ခဲ့သည်၌ ဆရာချုံလည်း မိသားစုနှင့်အတူ မန္တလေးနေပြည်တော်မှ ထွက်ခွာခဲ့ရလေသည်။

ဆရာချုံသည် မိသားစုနှင့်အတူ အင်းဝ၊ ပခုက္ကူ၊ ရေစကြို၊ ပေါက်တော စသည့် မြို့ရွာအသီးသီးသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရာမှ မြစ်ဝကျွန်းပေါ်ဒေသ မအူပင်ခရိုင်၊ မလက်တိုရွာတွင် အခြေချနေထိုင်ခဲ့ရလေ၏။

ထိုမှ (၁၉၁၁) ခုနှစ်တွင် ရန်ကုန်သို့ ပြောင်းရွှေ့ခဲ့ကြပြီး ယခု နှစ်ထပ်ပျဉ်ထောင်အိမ်ကြီး ယခင်အဆွေတော်ဆံသဆိုင်နေရာတွင် တစ်ခန်းငှားကာ နေထိုင်နေကြခြင်း ဖြစ်လေသည်။

စားဝတ်နေရေးအတွက်မူ နေအိမ်နှင့် မလှမ်းမကမ်းရှိ ဓားလွယ်ခုတ်နေရာ ယခင် ပညာ့ဗိမာန် အဆောက်အအုံနေရာ၌ ရှိသော နန်းတော်ရုပ်ရှင်ရုံတွင် ပိုစတာပန်းချီဆရာအဖြစ် အလုပ်လုပ်ကာ တင်သမျှ အင်္ဂလိပ်ဇာတ်ကား၊ တရုတ်ဇာတ်ကားတို့၏ ရုပ်ရှင်ပိုစတာကြီးများကို တပည့်တစ်ဦးနှင့်အတူ လက်ခံရေးဆွဲနေရလေ၏။

ဆရာချုံ ထိုကဲ့သို့ ရောင်စုံပိုစတာကြီးများ မရေးဆွဲမီက





မြန်မာနိုင်ငံတွင် ရုပ်ရှင်ရုံများ၌ ပိုစတာကြီးများ ရေးဆွဲချိတ်ခြင်း ပြုလုပ်လေ့မရှိခဲ့ချေ။

ထိုစဉ်က နိုင်ငံခြားဇာတ်ထုပ်များရုံတင်လျှင် နိုင်ငံခြားမှ ယူဆောင်လာသည့် ဓာတ်ပုံတို့ကို ပုံကြီးချဲ့ ပုံနှိပ်ထားသော အဖြူအမည်း ပိုစတာများကိုသာ ချိတ်ဆွဲလေ့ရှိပေသည်။

မြန်မာ့ နောက်ဆုံးနန်းတွင်းပန်းချီကျော် ဆရာချုံ ရန်ကုန်ရောက်လာပြီး ရုပ်ရှင်ရုံပိုင်ရှင်တို့နှင့်ချိတ်မိမှ ဆရာချုံအား ပိုစတာဆွဲရန် စမ်းသပ်အပ်ကြည့်ခဲ့ကြခြင်းဖြစ်၏။

ဆရာချုံရေးဆွဲသော ပန်းချီပိုစတာကြီးများကို တခမ်းတနား ချိတ်ဆွဲပြသလိုက်သည်တွင် ရုပ်ရှင်ကြည့်ပရိသတ်မှာ လွန်စွာသဘောကျပြီး ရုပ်ရှင်ဇာတ်ကားကိုလည်း ပိုမို စိတ်ဝင်တစား အားပေးလာကြသည်ကို တွေ့ရရာ ရုံပိုင်ရှင်တို့က ဇာတ်ကားတိုင်းအတွက် ပိုစတာရေးရန် အပ်နှံလာကြလေသည်။

ထို့ကြောင့် မြန်မာ့ရုပ်ရှင်ပိုစတာအစ ဆရာချုံကဟု မှတ်တမ်းတွင်ရစ်တော့၏။

အသက်မွေးဝမ်းကျောင်းအရရော ဝါသနာအရပါ အင်္ဂလိပ်အစိုးရ၏အမှုတော်ထမ်းအဖြစ် ပုလိပ်အဖွဲ့ထဲဝင်ကာ စုံထောက်လုပ်နေသော်လည်း မျိုးချစ်စိတ်အပြည့်ရှိသည့် အိုင်အိုချစ်သွေးမှာ မြန်မာ့နန်းတွင်းပန်းချီကျော်ကြီး ဆရာချုံကို လွန်စွာ



www.burmeseclassic.com

www.burmeseclassic.com



လေးစားသဖြင့် အိုင်ပီဦးလှဘော်၏အိမ်သို့ လာလည်တိုင်း ဆရာ ချုတို့ခြံဘက်ကူးကာ ပန်းချီရေးဆွဲသည်ကိုကြည့်ရင်း ရင်းရင်းနှီးနှီး အာလာပသလ္လာပ စကားပြောလေ့ရှိမြဲ ဖြစ်လေသည်။

ဦးခေါင်း၌ ရှေးမြန်မာကြီးပီသစွာ တဘက်ကြီးပေါင်း ထားလေ့ရှိသည့် ဆရာချုသည်လည်း မျိုးချစ်စိတ်ပြင်းထန်သူ ဖြစ်ပြီး နယ်ချဲ့အစိုးရ၏ အမှုထမ်းအရာထမ်းများကို အဖက်လုပ် ဆက်ဆံလိုသူမဟုတ်သော်လည်း အိမ်နီးချင်း အိုင်ပီဦးလှဘော်နှင့် အိုင်အိုချစ်သွေးတို့သည် အသက်မွေးမှုအရ ပုလိပ်စုံထောက် လုပ်နေကြသော်လည်း မျိုးချစ်စိတ်ရှိသူများ၊ စိတ်ထားကောင်း မြတ်သူများဖြစ်ကြောင်း သိလာသဖြင့် တရင်းတနှီး လက်ခံ ဆက်ဆံခြင်းဖြစ်ပေ၏။

ဆရာချုသည် တရုတ်မင်းသမီးပုံကို လက်စသတ်လိုက် ပြီးနောက် ခွေးခြေပုလေးတစ်လုံးတွင် ထိုင်ကာ သူ အလွန်နှ သက်သည့် ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်ပြီးနောက် အိုင်အိုချစ်သွေးဘက်လှည့်ကြည့်လျက် ခပ်ပြုံးပြုံးဖြင့် မေးလေ သည်။

''ဗိုလ်လေး ... ခွင့်ယူထားတယ်ဆို၊ နားနားနေနေ ဖြစ်နေတယ်ပေါ့ ... ဟုတ်လား''

''ခွင့်ယူထားလည်း မနားရပါဘူး ဆရာကြီးရယ်၊ န





တစ်လော မြန်မာပြည်အထက်ပိုင်းမှာ ဆက်တိုက်ဖြစ်နေတဲ့ လူ သတ်မှုတွေကို ထောက်လှမ်းဖော်ထုတ်ဖို့ ခရီးထွက်ရဦးမှာပါ''

''ဩော် ... ဟုတ်လား၊ ကျုပ်လည်း အလုပ်က ဖယ် ဆက်သလို များနေတော့ သတင်းစာမဖတ်ဖြစ်တာ ကြာပြီ၊ အထက်ပိုင်းမှာ လူသတ်မှုတွေ ဆက်တိုက်ဖြစ်နေသတဲ့လား''

''ဟုတ်တယ် ဆရာကြီး ... လောလောဆယ် မန္တလေး မြို့ပေါ်က တစ်ယောက်, ရှမ်းပြည်နယ်မြောက်ပိုင်းက တစ် ယောက်အသတ်ခံရတယ် ဆရာကြီးရဲ့၊ သတ်တဲ့သူက တစ် ယောက်တည်း၊ သူက သတ်မယ့်သူကို ရက်ချိန်းပေးပြီးမှ လာ သတ်တာ၊ သူ့ရဲ့ရန်ကို ဘယ်လိုပဲ ကြိုတင်ကာကွယ်ပေမယ့် သူသတ်ဖို့ရည်ရွယ်ထားသူကို ရအောင်ကို သတ်သွားနိုင်စွမ်း ရှိတယ် ဆရာကြီးရဲ့''

''တယ်ဟုတ်ပါလား၊ အတော်စွမ်းတဲ့လူသတ်သမားနဲ့ တူရဲ့''

''ဟုတ်ပ့ါ ဆရာကြီးရယ် ... အဲဒီလို ရက်ချိန်းပေးပြီး မရ,ရအောင် လာသတ်သွားနိုင်တဲ့ တစ်ကိုယ်တော် လူသတ် သမားမျိုး ကျွန်တော်တော့ မြင်လည်းမမြင်ဖူး, ကြားလည်းမကြား ဖူးပါဘူး၊ သူ့ကို ကြိုစောင့်ပြီးဖမ်းဖို့ ကြံသူတွေဟာ ဖမ်းမိဖို့ နေနေသာသာ ... သူ့ရုပ်ကိုတောင် မမြင်လိုက်ရဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ရော . . . မြေလျှိုးမိုးပျံ ကိုယ်ဖျောက်နိုင်သူ ထင်ပါရဲ့ ကွယ်"

"အဲဒီလိုလူမျိုးလားတော့ မသိနိုင်ပါဘူး ဆရာကြီးရယ်၊ သူက သတ်ခါနီးတစ်ပတ်အလိုမှာ လက်ကိုင်ရိုးမှာ အရိုးခေါင်းပုံပါတဲ့ သစ်သားဓားအနက်ရောင်လေးကို သူသတ်မယ့်လူဆီ ပို့လိုက်တာ ဆရာကြီးရဲ့၊ ဒါကြောင့် သူ့ကို မရဏဓားနက်ရှင်လို့ ခေါ်နေကြတာခင်ဗျ"

ဤတွင် ဆရာချုပ်မှာ လွန်စွာ စိတ်ဝင်စားဟန်ဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားတော့၏။

"ဘယ်လို ဘယ်လို . . . လက်ကိုင်ရိုးမှာ လူအရိုးခေါင်းပုံပါတဲ့ ဓားအနက်ရောင် . . . ဟုတ်လား"

"ဟုတ်တယ် ဆရာကြီး"

"ဓားသွားကရော အနက်ရောင်ပဲလား"

"ဟုတ်တယ်ခင်ဗျ၊ ဒါပေမဲ့ သစ်သားနဲ့ဓားသွားရော ဓားရိုးပါလုပ်ထားတာ"

"နေဦး နေဦး"

ဆရာချုပ်က အရေးတကြီးပုံစံဖြင့် လက်ကာပြရင်း ထိုင်ရာမှထလျက် မီးသွေးခဲတစ်ခဲကို ကောက်ယူလိုက်ပြီး အနီးရှိ ပျဉ်ပြားချပ်တစ်ချပ်ပေါ်တွင် ဓားတစ်လက်၏ပုံကို လျှပ်မြက်





သလို ရေးဆွဲလိုက်လေသည်။

"အဲဒီဓားမျိုးလား"

အိုင်အိုချစ်သွေးမှာ (Murder Case File) လူသတ်မှုဖိုင်ထဲတွင် သက်သေတို့၏ပြောပြချက်အရ မှုခင်းဌာနမှ ပန်းချီဆရာ ရေးဆွဲထားသော ဓားနက်၏ပုံကို သေချာကြည့်ထားဖူးသဖြင့် ထိုဓားနှင့် ချွတ်စွပ်တူနေသည့် ဆရာချုပ်ရေးဆွဲပြသော ဓားပုံကို အံ့အားတသင့်ကြည့်နေမိ၏။

"ဟာ . . . ဟုတ်တယ် ဆရာကြီး၊ ဒီပုံအတိုင်းပါပဲ၊ ဓားဦးမောက်ပုံ, မျှော့ကြောင်းမှာ ပန်းကနုတ်ရေးထွင်းထားပုံက အစ တစ်ထေရာတည်းပဲဗျ၊ ဒါထက် ဆရာကြီးက ဒီဓားပုံကို ဘယ်မှာတွေ့ဖူးလို့လဲ ခင်ဗျ"

"ရှေးဟောင်းနန်းတွင်းပုရပိုက်တစ်ဆူမှာ တွေ့ဖူးခဲ့တာပဲ၊ အဲဒီဓားကို တောင်ငူမင်း သိင်္ဂပါက ပိုင်ဆိုင်ခဲ့တာပဲ၊ ဓားရိုးကို သစ်ကနက်သားနဲ့ အရိုးခေါင်းပုံ ပြုလုပ်ထားပြီး ဓားသွားဟာလည်း မိုးကြိုးသွားနဲ့ပြုလုပ်ထားလို့ အနက်ရောင်တဲ့"

"ဩော် . . . ဟုတ်လား၊ စိတ်ဝင်စားစရာပဲ၊ အဲဒီဓားအကြောင်း ဆရာကြီးသိသ၍ ပြောပြပါလားခင်ဗျာ၊ အဲဒီဓားက လူသတ်မှုတွေအတွက် အင်မတန် အရေးကြီးလို့ပါ"

အိုင်အိုချစ်သွေး၏ စိတ်အားထက်သန်စွာ တောင်းဆိုမှု



www.burmeseclassic.com

www.burmeseclassic.com



ကို လက်ခံကြောင်း ခေါင်းညိတ်ပြလိုက်ပြီးနောက် ခံတွင်းချဉ်ဟန်ဖြင့် ဆေးပေါ့လိပ်ကို မီးညှိဖွာရှိုက်နေလိုက်လေသည်။

ဆေးလိပ်ကို အတန်ကြာဖွာပြီးမှ ဆရာချုံက သိင်္ဂပါဓားနက်၏ပုံအား သူတွေ့ခဲ့ရပုံနှင့် ယင်းဓားအကြောင်း သူသိသမျှ စိတ်ရှည်လက်ရှည် ပြောပြလေတော့၏။

✡

သိင်္ဂပါဓားနက်မှာ သက္ကရာဇ် (၇၀၈) ခုနှစ်တွင် နန်းတက်သော တောင်ငူဘုရင် သိမ်းပကား (ခေါ်) သိင်္ဂပါအတွက် ပုဏ္ဏားဆရာ ဟူးရားညိုကြီးက ဂမ္ဘီရအစီအရင်များ သေချာစီရင်ပြုလုပ်ဆက်သခဲ့သည့် ထူးခြားလှသောဓား ဖြစ်၏။

ယင်းဓားနက်အား ဂမ္ဘီရပညာဖြင့် စီရင်ခဲ့ပြီးဖြစ်သဖြင့် အစောင့်အရှောက်လည်း ရှိပေ၏။ ထိုဓားနက်အတွက် ဓားအိမ်မရှိချေ။ သူ့ကို ကတ္တီပါစအနီဖြင့် ပတ်ထုပ်ကာ လျှို့ဝှက်စွာ သိမ်းဆည်းထားရလေသည်။

ထိုဓားကို လျှို့ဝှက်သိမ်းဆည်းရသည့်အကြောင်းရင်းမှာ ကတ္တီပါစမှ ဖြည်လိုက်သည်နှင့် လူ့သွေးကိုသောက်ရမှ ကျေ





နပ်တတ်သော ဓားဖြစ်သဖြင့် လုံခြုံစွာ ထုပ်ပိုးသိမ်းထားရခြင်း ဖြစ်၏။

ယင်းသိင်္ဂပါဓားနက်ကို ဟူးရားညိုကြီး စီရင်ရခြင်းမှာ သိင်္ဂပါမင်းကြီး၏သားတော် ပျံနီကြီးက ဖခင်ဖြစ်သူကို ပုန်ကန်ခြားနားကာ ဟံသာဝတီ၌ တပ်စွဲထားပြီး သူလျှိုလွှတ်ကာ ချောင်းမြောင်းလုပ်ကြံခိုင်းထားသဖြင့် သိင်္ဂပါမင်းသည် သူ့အသက်အန္တရာယ်ကို ကာကွယ်ရန် ကိုယ်နှင့်မကွာဆောင်ထားရမည့် လက်နက် လိုအပ်ခဲ့လေသည်။

ထိုသည်ကိုသိသည့် ဂမ္ဘီရပညာကျွမ်းကျင်သော ဟူးရားညိုကြီးက သိင်္ဂပါဓားနက်ကို မင်းကြီးအား စီရင်ကာ ဆက်သလိုက်ခြင်းဖြစ်၏။

"ဒီဓားနက်ကို မလွှဲမရှောင်သာ အသုံးပြုဖို့လိုအပ်လာမှ ကတ္တီပါစကနေ ဖြည်ထုတ်ပါ မင်းကြီး၊ ဒီဓားကို ဓားရိုးကနေ ဆုပ်ကိုင်လိုက်တာနဲ့ ဓားကိုင်ထားတဲ့သူရဲ့ခန္ဓာကိုယ်ဟာ ကြက်မွေးလေးလို ပေါ့ပါးပြီး သာမန်လူထက် ခွန်အားဆယ်ဆလောက် ရုတ်ခြည်း ကြီးမားသွားတတ်ပါတယ် မင်းကြီး၊ ဒါကြောင့် ရန်သူကို ရင်ဆိုင်တိုက်ခိုက် အသက်လုတဲ့နေရာမှာ သိင်္ဂပါဓားနက်ပိုင်ရှင်ဟာ အသာစီး ကျိန်းသေရမှာ သေချာပါတယ် မင်းကြီး"



www.burmeseclassic.com

www.burmeseclassic.com



ဟူးရားညိုကြီးသည် ယင်းသို့ မှာကြားကာ သိဂ်ပါမင်းအား ဆက်သပြီး ရက်သတ္တနှစ်ပတ်ခန့်အကြာမှာပင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားလေတော့၏။

သိဂ်ပါမင်းလည်း ယင်းမရဏာဓားနက်လေးကို ကိုယ်နှင့်မကွာ ဆောင်ထားရာ တစ်ခုသောညဉ့်ယံအခါတွင် သူလျှို လူသတ်သမားသုံးဦးသည် နန်းတော်ထဲသို့ လျှို့ဝှက်စွာ ဝင်ရောက်လာပြီး ဘုရင်၏စက်ရာခန်းကို ဝင်စီးတော့၏။

ထိုအခါ သတိအမြဲရှိနေသည့် ဘုရင်သိဂ်ပါမှာ လျှို့ဝှက်လုပ်ကြံလာသူတို့အား မရဏာဓားနက်နှင့် ရင်ဆိုင်ဖြိုခွင်းရာ ထူးခြားထက်မြက်လှသည့် စွမ်းပကားကြောင့် သူလျှိုတို့ကို အောင်နိုင်ခဲ့လေသည်။

သိဂ်ပါမင်းကြီး၏သားတော် ပျံနီကြီးသည် သူရဲကောင်းသူလျှိုအမျိုးမျိုးကိုလွှတ်ပြီး ဖခင်ဖြစ်သူအား လုပ်ကြံခိုင်းသော်လည်း သိဂ်ပါဓားနက်၏အစွမ်းကြောင့် သူလျှိုတို့သာ မရှုမလှကျဆုံးရလေသည်။

ယင်းသို့ဖြင့် လုပ်ကြံမှုများ မအောင်မြင်သည့်အပြင် သိဂ်ပါမင်း၏တပ်တော်မှ တိုက်ခိုက်မှုကြောင့် ပျံနီကြီးမှာ ဟံသာဝတီမှ ဆုတ်ခွာရှောင်တိမ်းပြေးရလေတော့သည်။

သို့ဖြင့် နှစ်အတော်ကြာခဲ့ပြီးနောက် သိဂ်ပါမင်းကြီးလည်း





အသက်အရွယ်ထောက်လာသည့်အပြင် ရောဂါဝေဒနာပါ စွဲကပ်လာသည်တွင် သားတော်အပေါ် အမျက်ပြေပြီး သားတော်ပျံနီကြီးကို ထီးနန်းလွှဲအပ်ရန် အထောက်တော်စေလွှတ်ခဲ့လေ၏။

သို့သော် သားတော်အပေါ်တွင် စိတ်နာရင်းစွဲရှိသည်ကတစ်ကြောင်း၊ ပျံနီကြီးကဲ့သို့ အမျက်ဒေါသကြီးသူ အတ္တကြီးသူ၏လက်ထဲသို့ အစွမ်းထက်လှသည့် သိဂ်ပါဓားနက်ကို မပေးအပ်လို၍လည်းကောင်း သူ၏လူယုံတော်အမတ် ပညာဝံသအား အထူးတာဝန်တစ်ရပ် လျှို့ဝှက်စွာပေးအပ်တော့သည်။

"အမတ်ကြီး . . . သင့်ကို လျှို့ဝှက်တာဝန်ပေးလိုတယ်"

"အမိန့်ရှိပါမင်းကြီး . . . တာဝန်ကိုကျေပွန်အောင် ထမ်းရွက်ပါ့မယ်"

"ဟောဒီ ငါ့ရဲ့လက်စွဲတော်ဓားနက်ကို လျှို့ဝှက်အပ်တဲ့တစ်နေရာမှာ မြှုပ်နှံဖျောက်ဖျက်ပစ်ပါ၊ အဆုံးတိုင်လည်း မပျက်စီးပါစေနဲ့၊ နောင်းလူတို့ထဲက ထိုက်တန်သူရရှိစေဖို့ လျှို့ဝှက်သင်္ကေတနဲ့ ထားရစ်ပါ"

"အမိန့်တော်မြတ်အတိုင်းပါ မင်းကြီး"

မင်းကြီးလည်း ပညာဝံသအမတ်ကြီး၏လက်ထဲသို့ သိဂ်ပါဓားနက်ကို စိတ်ချလက်ချစွာ အပ်နှံပြီး နှစ်ရက်အကြာမှာပင်



www.burmeseclassic.com

www.burmeseclassic.com



နတ်ရှာစံ ကံတော်ကုန်လေသည်။

အမတ်ကြီး ပညာဝံသလည်း ဘုရင်မင်းကြီး မှာတော်မူခဲ့သည့်အတိုင်း သိင်္ဂပါဓားနက်ကို လျှို့ဝှက်စွာ မြှုပ်နှံဖျောက်ဖျက်လိုက်တော့၏။

သို့သော် သူ လျှို့ဝှက်မြှုပ်နှံသည့်နေရာကို တော်ဝင်နန်းစဉ်သုံး ပုရပိုက်ဖြူတစ်ခုတွင် လျှို့ဝှက်ပဟေဠိလင်္ကာတစ်ပိုဒ်ဖြင့် ဖော်ပြရေးထိုးထားခဲ့လေသည်။ ဓားနက်၏ရုပ်ပုံကိုလည်း ရေးဆွဲဖော်ပြထားလေသည်။

ယင်းတောင်ငူမင်းဆက် ရွှေနန်းစဉ်လက်သုံးပုရပိုက်ဖြူမှာ မင်းညီမင်းသား မင်းသွေး၊ ရာဇာသွေးတို့သာ ဖတ်ရှုအသုံးပြုရန် မှတ်တမ်းတင်ခဲ့သော ပုရပိုက်ဖြစ်ပြီး အမတ်ကြီးပညာဝံသရေးသားထားခဲ့သည့် ယင်းစာပိုဒ်ကို မည်သူမျှ အဓိပ္ပာယ်မဖော်နိုင်သဖြင့် နောင်းမင်းဆက်တို့ လက်လွှဲကာ ပုရပိုက်ဖြူထဲမှာ နှစ်ပေါင်းများစွာ သည်အတိုင်း ရှိခဲ့လေသည်။

ထိုပုရပိုက်ဖြူထဲတွင် သိင်္ဂပါဓားနက်၏ပုံကို အမတ်ကြီးပညာဝံသက သေချာရေးဆွဲထားရစ်ခဲ့ပြီး ပဟေဠိ လင်္ကာစာပိုဒ်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါ၏။





သိင်္ဂီပါဓားနက်

မိုးယံကြိုးသွားနဲ့ သံစကနက်
ဂန္ဓီရစွက်၊ နက်လှတဲ့ဒီဓား
သွေးကိုစား။
ဖောက်ပြားသူကို အရှင်မထား
မရဏလမ်းမြန်းစေသား။
သူကား အိပ်စက် ပုန်းရိုလျက်။
နေထွက်တဲ့နေရာ
ဦးစွာရှာ၊ ရလိမ့်မြန်မကြာ ...။

ယင်းသို့လျှင် တောင်ငူရာဇဝင်တွင် ထင်ရှားလှသည့် သိင်္ဂပါဓားနက်မှာ မည်သူမျှ ဖော်ထုတ်ရှာဖွေခြင်းမပြုနိုင်ဘဲ သက္ကရာဇ် (၉၅၄) ခု၊ ဝါခေါင်လတွင် သန်လျင်စား ပေါ်တူဂီ နယ်ချဲ့ဓားပြ ဇေင်ကာ၏တပ်များ တောင်ငူကိုဝင်စီးကာ မြို့တော်ကို မီးတိုက်ဖျက်ဆီးပြီးနောက်တွင် တိမ်မြုပ်သွားပါတော့၏။

ကံအားလျော်စွာပင် မြို့တော်ကြီး မီးလောင်တိုက်အသွင်းခံရစဉ်က နန်းတွင်းသူနန်းတွင်းသားတို့က နန်းစဉ်သုံး ရတနာအချို့နှင့်အတူ ရွှေနန်းတော်သုံး ပုရပိုက်မှတ်တမ်းအချို့ကို ရယူရှောင်တိမ်းနိုင်ခဲ့ရာ အဆိုပါပုရပိုက်ဖြူလည်း ဘေးကင်းရာသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိခဲ့လေသည်။

ဤတွင် နန်းတွင်းသူတစ်ဦးဖြစ်သူ မိမိကြီးသည် အခြားနန်းစဉ်ရတနာများနှင့်အတူ ပေပုရပိုက်ထုပ်အား လျှို့ဝှက်စွာယူဆောင်လျက် ပုပ္ပားအရပ်တွင် ယောဂီဝတ်ပြီး ရှောင်တိမ်းနေခဲ့လေ၏။

ယင်းနောက်တွင် ဟံသာဝတီမင်း၊ အနောက်ဘက်လွန်မင်းတရားကြီးက သန်လျင်မြို့ကို တိုက်ခိုက်သိမ်းပိုက်ကာ နယ်ချဲ့ဖေင်ကာနှင့်အတူ တောင်ငူမင်းဆက် နောက်ဆုံးဘုရင် နတ်သျှင်နောင်ကိုပါ သုတ်သင်နိုင်ခဲ့လေသည်။

နန်းတွင်းသူ မိမိကြီးမှာ အင်းဝခေတ်ကာလတွင် အသက်အရွယ်ကြီးရင့်လာပြီး ဖြစ်သဖြင့် မြန်မာ့ရွှေနန်းတော်သုံး ရှေးဟောင်းပေပုရပိုက်တို့ကို ဆက်လက်မထိန်းသိမ်းလိုတော့ရာ ဝန်မင်းတစ်ဦးမှတစ်ဆင့် ရွှေနန်းတော်သို့ ဆက်သခဲ့လေသည်။

အင်းဝခေတ်ကုန်ဆုံးပြီးနောက် ကုန်းဘောင်ခေတ်သို့ရောက်လာသည့်အခါမှာမူ ရှေးနန်းစဉ်ရတနာတို့နှင့်အတူ ရှေးဟောင်းပေပုရပိုက်တို့မှာ ကုန်းဘောင်မင်းဆက်၏လက်ထဲသို့ ရောက်ရှိခဲ့ရလေ၏။

နောက်ဆုံး ပုရပိုက်ဖြူမှာ မန္တလေးမြနန်းစံကျော် ရွှေနန်းတော်ကြီးထဲမှ ပေစာတိုက်ထဲ ရောက်ရှိခဲ့ပါတော့သည်။

ခု နစ် စဉ် ကြယ် တာ ပေ



ကုန်းဘောင်မင်းဆက်၏ နောက်ဆုံးမင်းဖြစ်သော သီပေါဘုရင်လက်ထက်တွင်မူ နန်းတွင်းပန်းချီတော်ဖြစ်သူ ဆရာချုံက ရှေးရွှေနန်းလက်သုံး ပေပုရပိုက်တို့ကို အသစ်ကူးယူရန် တာဝန်ပေးအပ်ခြင်းခံရတော့၏။

သို့ဖြင့် ဆရာချုံသည် ပေပုရပိုက်အသစ်ကူးခြင်းလုပ်ငန်းကို တပည့်ရင်းဖြစ်သည့် ဖိုးဖွဲ့မောင်နှင့်အတူ နေ့စဉ် ရွှေနန်းတော်သို့သွားကာ ကြိုးစားလုပ်ဆောင်ခဲ့ရလေသည်။

ဆရာချုံသည် တပည့်ဖြစ်သူ ဖိုးဖွဲ့မောင်နှင့်အတူ ရှေးဟောင်း ပေ ပုရပိုက်တို့ကို ကုန်းဘောင်မင်းဆက် ရွှေနန်းလက်သုံး ပုရပိုက်ဖြူတွင် ကူးရေးလျက်ရှိရာမှ သိဂ်ါပါဓားနက်၏ ကဏ္ဍအရောက်တွင် ဆရာတပည့်နှစ်ဦးစလုံး ယင်းဓားနက်ကို စိတ်အဝင်စားကြီး ဝင်စားခဲ့ကြလေသည်။

"ဆရာ . . . ဒီသိဂ်ါပါဓားနက်အကြောင်း ကျွန်တော်ရဲ့ အဘိုး ပြောတာ ကြားဖူးတယ်ဗျ။ အတော်ကို အစွမ်းထက်တဲ့ဓားဆိုပဲ"

"ဟုတ်တယ် . . . ငါလည်း ကြားဖူးတယ်ကွ"

"ဒီဓားရဲ့အသွားကို မိုးကြိုးသွားနဲ့လုပ်ထားလို့ မည်းနက်နေပြီး ရှေးဟောင်းဂမ္ဘီရအတတ်နဲ့ စီရင်ပြုလုပ်ထားတာမို့ အစွမ်းအတော်ကြီးထက်တယ်လို့ ကြားဖူးတယ်ကွ"

ခု နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ . . . အဲဒီဓားကိုရရင် ကောင်းမှာပဲ၊ ကျွန်တော် လိုချင်လိုက်တာ"

"လိုချင်ရင် အဲဒီဓားလျှို့ဝှက်မြှုပ်နှံထားခဲ့တဲ့နေရာကို ရအောင် ဖော်လေကွာ"

"အေးဗျာ . . . ဒီလျှို့ဝှက်ပဟေဠိဆန်ဆန် ရေးထားတဲ့ လက်ာမှာ နေထွက်တဲ့နေရာ ဦးစွာရှာလို့ ရေးထားတော့ နေထွက် တဲ့နေရာဆိုတာ အရှေ့အရပ်လား၊ အရှေ့အရပ်ဆို ဘယ်နေရာရဲ့ အရှေ့အရပ်လဲ၊ စဉ်းစားရင်း အတော်ခေါင်းခြောက်တာပါလား ဆရာရဲ့"

"ဒါပေါ့ကွာ . . . ခေါင်းခြောက်လို့လည်း ဟံသာဝတီ မင်းတွေရော၊ အင်းဝခေတ်တစ်ခေတ်လုံးက မင်းတွေရော၊ ကုန်း ဘောင်ခေတ်က မင်းအဆက်ဆက်ပါ ဒီဓားနက်ရဲ့ပဟေဠိကို မဖော်ထုတ်နိုင်ခဲ့တာပေါ့"

"အေးဗျာ . . . အဲဒီပဟေဠိကို ဖော်ထုတ်နိုင်ရင် အံ့ မခန်း အစွမ်းထက်တဲ့ ဂန္ထဝင်ဓားနက်ကိုရပြီဗျ"

"ကြိုးစားငါ့တပည့် . . . ကြိုးစား ကြိုးစား"

"အင်း . . . ကျွန်တော်ကတော့ အဲဒီပဟေဠိကို ဖော်နိုင် အောင် မရအရ ကြိုးစားမှာပဲ ဆရာရေ"

ဗျူဟမောင်သည် ယင်း သိင်္ဂပါဓားနက်ကို အမှန်ပင်





စိတ်ပါဝင်စားလှသဖြင့် ဓား၏ပုံတူကိုရော ပဟေဠိလင်္ကာကိုပါ ပေရွက်တစ်ခုတွင် ကူးယူရေးဆွဲထားလိုက်လေတော့၏။

သို့ဖြင့် (၁၈၈၅) ခုနှစ်၊ နိုဝင်ဘာလ (၂၉) ရက်တွင် မန္တလေး ရွှေနန်းတော်ကြီးမှာ နယ်ချဲ့အင်္ဂလိပ်တို့၏လက်အောက် သို့ ကျရောက်ခဲ့ရာ ဆရာချုပ်တို့ ဆရာတပည့်လည်း ရွှေနန်းတော် သို့ သွားခွင့်မရတော့ဘဲ ရွှေနန်းတော်ကြီးနှင့် အဆက်ပြတ်ခဲ့ရ လေ၏။

ရွှေနန်းတော်ကြီး၏ ဘဏ္ဍာတော်တိုက်ထဲမှ နန်းစဉ် ရတနာများသည် အင်္ဂလိပ်နယ်ချဲ့တို့၏ သိမ်းဆည်းခြင်းခံရသလို ရွှေပေစာတိုက်ထဲမှ ရှေးဟောင်း ပေ ပုရပိုက်အတော်များများမှာ လည်း ဖျက်ဆီးခြင်း၊ ပျောက်ဆုံးခြင်း ဖြစ်သွားရသည်ဟု ဆရာ ချုပ် ကြားသိခဲ့ရပါတော့၏။

✲

"သိင်္ဂပါဓားနက်ပုံကို ကျုပ်တွေ့ခဲ့ရတာနဲ့ အဲဒီဓားရဲ့ အကြောင်းကတော့ အဲဒီအတိုင်းပဲ ဗိုလ်လေးရဲ့"

"ဒါဆို အဲဒီဓားနက်ကို အခု လူသတ်မှုတွေ ကျူးလွန်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့သူက ပဟေဠိဖော်ထုတ်နိုင်ပြီး ရရှိသွားတာပေါ့ . . . ဟုတ်လား ဆရာကြီး''

''အဲဒီလို ယူဆရမလိုဖြစ်နေတာပဲ ဗိုလ်လေးရဲ့''

''ဒါဆို အဲဒီလူဟာ ဆရာကြီးရဲ့တပည့်ဟောင်း ဗျူဟမောင်ဆိုတဲ့လူရော မဖြစ်နိုင်ဘူးလား''

ဆရာချုပ်က အိုင်အိုချစ်သွေး၏မေးခွန်းကို ရုတ်ခြည်းမဖြေဘဲ ဆေးပေါ့လိပ်ဖွာရင်း အတန်ကြာစဉ်းစားသလို လုပ်နေ၏။ အတန်ကြာမှ လက်ညှိုးဖြင့်တောက်ကာ ပြာကိုခွေချလိုက်ပြီးနောက် သူ့ထင်မြင်ချက်ကို ပြောပြလေသည်။

''ဗိုလ်လေးပြောမှပဲ အဲဒါကို စဉ်းစားမိတော့တယ်၊ ဗျူဟမောင်ဟာ ဉာဏ်ရည်ထက်မြက်သူပဲ၊ ဒါပေမဲ့ သူ အဲဒီပဟေဠိကို ဖော်ထုတ်နိုင်ခဲ့မယ်၊ အဲဒီသိင်္ဂါပါတာကို သူ ရသွားလိမ့်မယ်လို့တော့ ကျုပ်မထင်ဘူး။ ရှေးမင်းအဆက်ဆက်က ပညာရှိအဆက်ဆက် မဖော်ထုတ်နိုင်ခဲ့တဲ့ ပဟေဠိကို ဗျူဟမောင် ဖော်ထုတ်နိုင်ဖို့ မလွယ်ဘူး ဗိုလ်လေးရဲ့''

''ဒါကတော့ လူမတတ်ပေမယ့် လက်ဖက်ထုပ်တတ်တယ် ဆိုသလိုပေါ့ ဆရာကြီးရယ်၊ ဗျူဟမောင်ဟာ သူ့ဦးနှောက်နဲ့မဖော်ထုတ်နိုင်တောင် ဖော်ထုတ်နိုင်စွမ်းရှိတဲ့ ပညာရှိ ပညာရှင်တစ်ဦးဦးရဲ့အကူအညီ ရသွားနိုင်တာပဲလေ၊ ပြီးတော့ ရှေးပညာရှိ





ကြီးတွေက အဲဒီပဟေဠိကို မဖော်ထုတ်နိုင်ခဲ့တာဟာ ပညာရှိသတိဖြစ်ခဲဆိုသလို လျှမ်းသွားတာလည်း ဖြစ်နိုင်တာပဲ ဆရာကြီးရဲ့''

''အင်း . . . ကျုပ်တော့ မစဉ်းစားတတ်အောင်ပါပဲ''

''ဒါထက် ဆရာကြီးဗျူဟမောင်ဟာ အခု ဘယ်မှာနေသလဲဗျ၊ သူ အသက်ရှင်လျက်ရှိသေးတယ် မဟုတ်လား''

''အင်း . . . ထီးကျိုးစည်ပေါက်ပြီး ကျုပ်တို့မိသားစု မန္တလေးရွှေမြို့တော်ကြီးကနေ အင်းဝမြို့ဆီ ထွက်ခွာလာကတည်းက ဗျူဟမောင်နဲ့မတွေ့တော့တာ ဒီနေ့အထိပဲ ဗိုလ်ကလေးရဲ့၊ သူ့ရဲ့သတင်းလည်း အစအနတောင်မကြားရဘူး''

''သူဟာ ဘယ်လိုလူမျိုးလဲ ဆရာကြီး၊ သူ့ရဲ့ နောက်ဆုံးအကြောင်းသိသမျှ ပြောပြပါဦး''

''ဗျူဟမောင်ဟာ ဖျတ်လတ်သွက်လက်ပြီး ဉာဏ်ရည်ထက်တဲ့ လူငယ်တစ်ဦးပဲကွဲ့၊ သူ့ရသတ္တိလည်းရှိတယ်၊ လူကတော့ လူကောင်းပါ၊ အေးပေါ့လေ . . . ဘဝရဲ့ရိုက်ခတ်မှုဒဏ်တွေကြောင့် စိတ်ဓာတ်အရောင်ပြောင်းသွားရင်တော့ မသိနိုင်ဘူးပေါ့ ဗိုလ်လေးရယ်''

''ဒါဆို ဆရာကြီး . . . ကျွန်တော့်ကိုတစ်ခုကူညီပါ၊ သိင်္ဂါပါဓားနက်နဲ့ ဆက်စပ်နေတဲ့ ဗျူဟမောင်ကို မတွေ့တွေ့အောင်



www.burmeseclassic.com

www.burmeseclassic.com



ရှာချင်လို့ သူ့ရဲ့ပုံတူ ရေးဆွဲပေးပါလားခင်ဗျာ''

ဤတွင် ဆရာချုသည် အတန်ကြာ ဆိတ်ငြိမ်နေပြီးမှ

. . .

''ကောင်းပြီလေ၊ ရာဇဝတ်မှုနဲ့ ဆက်စပ်နေတော့လည်း အမှုမှန်တွေပေါ်ပေါက်စေဖို့ ပြည်သူတစ်ယောက်အနေနဲ့ ကူညီရတာပေါ့၊ ကျုပ် သူ့ရုပ်ကို မှတ်မိသမျှ ရေးဆွဲထားလိုက်ပါမယ်၊ မနက်ဖြန်မနက် လာယူပေါ့''

ဟု ကတိပြု ပြောကြားလိုက်ပါတော့သတည်း။

✲ ✲ ✲

အခန်း (၂)

တစ်ပွဲတစ်လမ်း

သမုဒယအဦးအစ

ထူးဆန်းသည့်ခေါင်းမြီး

သေမင်းလာသောည

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

## တစ်ပွဲတစ်လမ်း

အခန်း (၁) ပါ အဖြစ်အပျက်များ ဖြစ်ပျက်ပြီး ရက်သတ္တပတ်ခန့်အကြာ ရှမ်းပြည်နယ်မြောက်ပိုင်း နယ်စပ်အနီးရှိ မိုင်းသာမောတောင်ပေါ်မြို့လေး၏ ဈေးနေ့ဝယ် ...

ဈေးရောင်းဈေးဝယ် ဈေးသွားဈေးပြန်တို့နှင့် လူသူစည်ကားနေချိန်၌ လှပစွာ ဆေးရောင်စုံများခြယ်ထားပြီး ပန်းပွားအလှတို့ပါ တပ်ဆင်ထားသည့် မြင်းရထားတစ်စင်းသည် ဈေးလမ်းမကြီးအတိုင်း မောင်းနှင်လာရာ ...

ယင်းမြင်းရထားကြီးကို အဝေးမှမြင်သည်နှင့် အခြားမြင်းရထား၊ မြင်းလှည်းများသည်လည်းကောင်း၊ အထမ်းသမားလားသမားတို့သည်လည်းကောင်း၊ ဈေးသွားဈေးပြန်တို့သည်



www.burmeseclassic.com

လည်းကောင်း လမ်းနံဘေးသို့ ကသုတ်ကရက် ရှောင်ရှားပေးကြ လေ၏။

သို့ဖြင့် ဖောင်းဝတ်ရောင်မြင်းကြီးကသည့် ရထားကြီး ဈေးအနီးသို့ရောက်ရှိလာချိန်တွင် အဘိုးအိုတစ်ဦးသည် ပလိုင်း တစ်လုံးကိုလွယ်လျက် ဈေးလမ်းကို ခါးကုန်းကုန်း ကုန်းကုန်းဖြင့် ဖြတ်ကူးလေတော့၏။

အဘိုးအိုသည် သစ်ပင်သစ်မြစ်သစ်ဥများ ထည့်ထား သည့် အတော်လေးလံလှသော ပလိုင်းကို ကျောတွင်လွယ်ပိုးထား ရပြီး ခါးကလည်း ကိုင်းနေသည့်အပြင် နားပါလေးနေဟန်ရှိကာ ဈေးလမ်းမကြီးအတိုင်း လာနေသည့် မြင်းရထားမှ ခြုံသံတို့ကို လည်းကောင်း၊ ရထားမောင်းသမား၏ ဘေးကို ဘေးကိုဟူ၍ အော်ဟစ်သံကိုလည်းကောင်း ကြားဟန်မတူချေ။

ထို့ကြောင့် ထိုအဘိုးအိုသည် တုန်တုန်ချည့်ချည့် ခြေ လှမ်းတို့ဖြင့် ဈေးလမ်းမကြီးကို ဖြတ်ကူးတော့ရာ မြင်းရထားသည် အနီးသို့ လျင်မြန်စွာရောက်လာပြီးလျှင် အဘိုးအိုအား တိုက်မိ လုနီးနီး ဖြစ်သွားတော့၏။

"ဟာ ... အဘိုးကြီးကို တိုက်မိတော့မယ်"

"အို ... သေပါပြီ"

"ဟင်"





လမ်းသွားလမ်းလာတို့က အဘိုးအိုအတွက် လွန်စွာ စိုးရိမ်ပူပန်သွားကြသည့်တိုင် မည်သူမျှမကူနိုင်ကြဘဲ အာမေဋိတ် သံတို့ကိုပြုကာသာ အလန့်တကြား ငေးကြောင်ကြည့်နေမိကြ တော့၏။

"အာ ... ပေကတ်ကတ်နဲ့ ကိုးလိုးကန့်လန့်လုပ်တဲ့ အဘိုးကြီး ... သေစမ်းဟာ"

ရထားမောင်းသမားက မြင်းဇက်ကြိုးကိုဆွဲကာ ရပ်တန့် ရန်ကြိုးစားခြင်း၊ လွှဲဖယ်ရန်ကြိုးစားခြင်းမျိုး မပြုဘဲ အဘိုးအို ကို ဝင်တိုက်ရန် မြင်းကိုဇက်ကုန်ဖွင့်လိုက်လေ၏။

ထိုစဉ် လမ်းဘေးတွင်ရပ်ကြည့်နေသည့် ကျောပိုးအိတ် လွယ်ထားသော လူငယ်တစ်ဦးက လမ်းပေါ် ရုတ်ခြည်းပြေးတက် ကာ အဘိုးအိုကို ရထားလာရာလမ်းကြောင်းမှ လွတ်စေရန် လျင်မြန်စွာ ဆွဲယူလိုက်လေသည်။

'ဝေါ'

'ခွပ် ခွပ် ခွပ်'

ရထားဆွဲ မြင်းညိုကြီး၏ တိုက်ခိုက်အနင်းခံရသည့်ဘေး မှ အဘိုးအိုမှာ သီသီလေးလွတ်သွားပြီး မြင်းရထား၏ဘီးဖြင့် ကြိတ်မိမည့်ဘေးမှလည်း လက်မတင်ကလေး လွဲသွားပါတော့၏။

သို့သော် ရထားမောင်းသမား၏ ကျာပွတ်ကမူ တရွှီးရွှီး

www.burmeseclassic.com



ဖြင့် ကျရောက်လာတော့ရာ လူငယ်က သူ၏ကိုယ်ဖြင့် ကာကွယ်ပေးလိုက်ရာ ကျာပွတ်မှာ လူငယ်၏ကိုယ်ပေါ်သို့ အချက်ပေါင်းများစွာ ကျရောက်လာတော့သည်။

'ရွှမ်း ရွှမ်း ရွှမ်း'

"ဟာ"

"ဟင်"

"အို"

လမ်းသွားလမ်းလာပရိသတ်မှာ ယင်းဖြစ်ရပ်အား အံ့ဩတုန်လှုပ်စွာကြည့်နေကြလေ၏။

ထိုစဉ် လူငယ်က သူ့ကိုယ်ပေါ်သို့ ကျရောက်လာသည့် ကျာပွတ်ကို လက်တစ်ဖက်ဖြင့် ဖမ်းဆုပ်လိုက်ရာ ကျာပွတ်ကို ဖမ်းဆုပ်မိသွားပြီး ကျာပွတ်၏အဖျားက လူငယ်၏လက်ကို ရစ်ပတ်သွားတော့၏။

ဤတွင် လူငယ်က ကျာပွတ်ကိုဆောင့်ဆွဲလိုက်ရာ ကျာပွတ်မှာ ရထားမောင်းသမား၏လက်မှ လွတ်ကာ လူငယ်ထံသို့ ပါလာတော့သည်။

ထို့နောက် လူငယ်သည် ကျာပွတ်၏လက်ကိုင်ကို ချက်ချင်း ပြောင်းကိုင်လိုက်ပြီးနောက် ရထားခေါင်မိုးပေါ်မှ ရထားမောင်းသမားအား ကျာပွတ်ဖြင့် လှမ်းရိုက်လိုက်တော့၏။





'ရွှမ်း'

ကျာပွတ်၏အဖျားပိုင်းမှာ ရထားမောင်းသမား၏ လည်ပင်းကို ရစ်ပတ်သွားပါတော့သည်။

ထိုသို့ ရစ်ပတ်သွားသည်နှင့် လူငယ်က ကျာပွတ်ကို လျင်မြန်စွာ ဆောင့်ဆွဲလိုက်တော့ရာ ရထားမောင်းသမားသည် အလစ်အငိုက်မိသွားပြီး ရထားပေါ်မှ ဖောက်ထိုးမိုးမျှော် ပြုတ်ကျလာတော့၏။

"အား"

'ဗိုင်း'

"ဟာ"

"ဟင်"

"တောက်"

လမ်းသွားလမ်းလာ လူအပေါင်း၏ အာမေဋိတ်သံများ လျှံထွက်သွားသလို ရထားလုံးအတွင်းမှ ဒေါသတကြီး တောက်ခတ်သံထွက်ပေါ်လာပြီးလျှင် ရထားတံခါးရွက်ပွင့်သွားကာ ချယ်ရီသား တုတ်ကောက်ကြီး ကိုင်ဆွဲထားသည့် လူခံ့ခံ့ကြီးတစ်ဦး ဆင်းလာတော့၏။

ထိုစဉ်မှာပင် နောက်ထပ်မြင်းရထားတစ်စင်းသည် ချက်ချင်းဆိုသလို ဆိုက်ရောက်လာပြီး ယင်းမြင်းရထားထဲမှ ကုတ်



www.burmeseclassic.com

www.burmeseclassic.com



အကျီရှည်များဝတ်ဆင်ထားသည့် လူရွယ်လေးဦး ဆင်းသက်လာတော့၏။

"ဟယ် . . . အဲဒီကောင်လေးတော့ ဒုက္ခပဲ၊ တကယ့်ရာဇဝတ်အိုးကိုမှ တုတ်နဲ့ထိုးမိပြီ"

"ဟုတ်ပါရဲ့ဗျာ၊ ဦးဘခက်ကိုမှ နားရွက်တံတွေးဆွတ်မိပြီဗျို့၊ ကောင်လေးတော့ အရေဆုတ်ခံရတော့မယ်"

"အေးဗျာ . . . ကျောက်ဘီလူးဘခက်က ရက်စက်ကရက်စက်နဲ့"

ကျောက်ဘီလူးဘခက်ဟူသော လူဝဝခံ့ခံ့ ထောင်ထောင်မောင်းမောင်းကြီးက ချယ်ရီသားတုတ်ကောက်ကြီးကို ဟန်ပါပါ ထောက်ကိုင်ကာ လူငယ်ကို စူးစူးရဲရဲကြည့်လိုက်ပြီးလျှင် ဒေါသတကြီး မေးလိုက်လေသည်။

"ဟေ့ကောင် ခွေးမသားလေး မင်း ဘာလုပ်ပါးဝတာလဲ"

လူငယ်က အဘိုးအိုကို လမ်းဘေးသို့ တွဲပို့လိုက်ပြီးမှ သူ၏ကျောပိုးအိတ်ကို အေးအေးဆေးဆေး ပြင်လွယ်လိုက်ကာ ကျောက်ဘီလူးဘခက်အား မမှုသလို ခပ်တည်တည် ပြန်ကြည့်လိုက်လေသည်။

"ကျုပ်က လူပါးဝတာ မဟုတ်ဘူး၊ ခင်ဗျားရဲ့ ရထားမောင်းသမားက ခွေးပါးဝတာ၊ သူ့အဘိုးလောက်ရှိတဲ့ အဘိုးအို





ကို ရထားနဲ့တိုက်သတ်ဖို့လုပ်တယ်၊ အဲဒါကို ခင်ဗျား မမြင်ဘူးလား"

"တောက် . . . လူပါးဝလှချေလား"

"ဟေ့ကောင် . . . မင်းက ငါတို့ရဲ့ဆရာကြီးကို မလေးမစားနဲ့ ဘာခံပြောနေတာလဲ"

ကုတ်အကျီဝတ်လူလေးဦးက ဒေါသတကြီးပြောရင်း လူငယ်အား ဝိုင်းလိုက်တော့၏။

ကျောက်ဘီလူးဘခက်လည်း နောက်သို့ အသာဆုတ်ပေးလိုက်ပြီး သူ့လူများကို အမိန့်ပေးလိုက်တော့သည်။

"ဟေ့ကောင်တွေ . . . မြွေမကြောက် ကင်းမကြောက်လာပြီးလေကျယ်တဲ့ ဒီနွားလေးကို အရေဆုတ်ပစ်လိုက်ကြစမ်း"

ခပ်လှမ်းလှမ်းမှ ဝိုင်းကြည့်နေကြသူတို့မှာ ဝင်လည်းမတားရဲ၊ ဝင်လည်း မဖျန်ဖြေရဲဘဲ မရဲတရဲ လှမ်းကြည့်နေကြရင်း လူငယ်လေးအတွက် ဘုရားတနေကြတော့၏။

ကုတ်အကျီရှည်ကြီးများဝတ်ထားကြသည့် လူရွယ်လေးဦးမှာ သခင်၏ရှူးတိုက်ခြင်းခံလိုက်ရသော သမင်လိုက်ခွေးများနှယ် လူငယ်ကို တစ်ဟုန်ထိုး ဝိုင်းဝန်းတိုက်ခိုက်ကြတော့၏။

"ကဲကွာ . . . သေစမ်း"

'ဗိုး'



www.burmeseclassic.com

www.burmeseclassic.com



'ဗိုး'

လူရွယ်လေးဦး၏ ဒေါသတကြီး တိုက်ခိုက်ချက်များကို လူငယ်က လျင်မြန်လှပစွာရှောင်လိုက်ပြီး ...

'ဖြောင်း'

'ဖောင်း'

'ခွပ်'

ခြေစောင်းကန်ချက်၊ ဒိုက်ကန်ချက်၊ ပင့်လက်သီး၊ ထောက်လက်သီးတို့ဖြင့် အချက်ကျကျ ပြင်းထန်စွာ တန်ပြန်တိုက်ခိုက်လိုက်ရာ လူရွယ်နှစ်ဦးမှာ ချက်ကောင်းထိသွားပြီး နံဘေးသို့ ယိုင်ဆင်းသွားကြတော့၏။

ထိုစဉ် ကျန်လူရွယ်နှစ်ဦးက ခါးကြားမှ ဓားမြှောင်ကိုယ်စီ ထုတ်ကာ လူငယ်အား နှစ်ဖက်ညှပ်ထိုးတော့သည်။

"သေစမ်းကွာ"

"ကဲကွာ"

သို့သော် လူငယ်က ဓားချက်နှစ်ချက်စလုံးကို ခါးနွဲ့ကာရှောင်လိုက်ပြီး လူရွယ်တစ်ဦး၏ ဓားမြှောင်ကိုင်လက်ကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်သလို နောက် လူရွယ်၏ဓားမြှောင်ကိုင်လက်ကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်လျက် ဆွဲလိမ်လိုက်လေ၏။

"အား"





ထိုလူရွယ်မှာ လက်ကျိုးမတတ် နာကျင်ခံစားလိုက်ရပြီး လက်ထဲမှဓားမြှောင် လွတ်ကျသွားတော့၏။

ထိုစဉ်မှာပင် လူငယ်က ခြေကန်ချက် လက်သီးချက်များဖြင့် လျင်မြန်ပြင်းထန်စွာ တုံ့ပြန်တိုက်ခိုက်တော့ရာ ...

'ခွပ်'

'ဖောင်း'

'ဖြောင်း'

"အီး"

ထိုလူရွယ်နှစ်ဦးမှာလည်း နံစောင်းများကို လက်ဖြင့်နှိပ်လျက် မြေပြင်ပေါ် ခွေကျသွားကြတော့၏။

ယင်းအခိုက် ပထမလဲကျခဲ့ကြသည့် လူရွယ်နှစ်ဦးက လူးလဲထလိုက်ကြပြီး ခါးကြားမှဓားမြှောင်တို့ကို ထုတ်လိုက်ပြန်လေသည်။

"ဟိုး ဟိုး ... တော်ပြီ တော်ပြီ၊ ခမ်းလွှင်တို့ ငဆိုးတို့"

ကျောက်ဘီလူးဘခက်က လက်ဝါးကာလျက် သူ့လူများကို တားမြစ်လိုက်ပြီးလျှင် လူငယ်ကို စိတ်ဝင်စားစွာကြည့်လိုက်ပြီး ...

"ဟော့ ဒီမှာသူငယ် ... မင်းနာမည် ဘယ်သူလဲကွ၊ ဒီမြို့ကတော့ ဟုတ်ဟန်မတူဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်လေသည်။

လူငယ်က ကျောပိုးအိတ်ကို ပြင်လွယ်လိုက်ပြီး ကျောက်ဘီလူးဘခက်အား ရှုတည်တည်ကြည့်လိုက်ကာ လေသံမှန်မှန်ဖြင့် ပြန်ဖြေလိုက်လေသည်။

''ဇာနည် . . . ကျုပ်ရဲ့နာမည်က ဇာနည်ပါ၊ မတ္တရာဘက်က လာတာပါ''

''ဒီမြို့ကို ဘာကိစ္စလာတာလဲကွဲ့''

''အလုပ်ရှာဖို့ပါ''

''သြော် . . . အလုပ်ရှာဖို့လာသူကိုး၊ အေးကွာ . . . ကျုပ်ရဲ့နာမည်က ဦးဘခက်ပါ၊ ဒီမြို့မှာ စပျစ်ခြံ၊ လိမ္မော်ခြံတွေ အများကြီးပိုင်သူပါ၊ မင်းအလုပ်လိုချင်ရင် ကျုပ်ရဲ့ခြံတွေမှာ လခကောင်းကောင်းနဲ့ ခန့်ထားနိုင်ပါတယ်ကွဲ့၊ အခုဖြစ်တဲ့ကိစ္စက ကျုပ်ရဲ့လူတွေဘက်က လွန်တာပါ . . . ကျုပ်သိပါတယ်၊ ကဲကဲ . . . ပြီးတာလည်း ပြီးပါစေကွယ်၊ မောင်ရင် အလုပ်လိုချင်ရင် ကျုပ်ရဲ့အိမ်ကို လာခဲ့ . . . ဟုတ်လား၊ မောင်ရင့်အတွက် ကျုပ်တံခါးအသင့်ဖွင့်ထားတယ်၊ ဒီမြို့တောင်ဘက်စွန်းက ကျောက်ဘီလူးစံအိမ်ဆီ ဒီညနေ လာခဲ့ပေါ့ . . . ဟုတ်လား၊ အခုတော့ ကျုပ် သွားစရာရှိသေးတယ်''

ကျောက်ဘီလူးဘခက်က ခပ်ပြုံးပြုံးအမူအရာဖြင့် ပြော





ပြီး သူ့လူများကို ရထားလုံးများပေါ် ပြန်တက်ရန် အမိန့်ပေးလိုက်လေ၏။

ထို့နောက် ကျောက်ဘီလူးဘခက်သည် ဇာနည်အား သူ့အိမ်သို့ ယနေ့ညနေ ဆက်ဆက်လာရန် ထပ်မံဖိတ်ခေါ်လိုက်ပြီး ရထားလုံးများမောင်းထွက်သွားပါတော့၏။

''ငါ့ညီရေ . . . မင်းကတော့ အာဂပဲဟေ့၊ ကျောက်ဘီလူးဘခက်တို့ကို ဒီမြို့မှာ လှန်ရဲတဲ့သူ မရှိဘူးကွ၊ ဒီမှာတော့ သူက လက်ညှိုးညွှန်ရာ ရေဖြစ်နေတဲ့သူပေပဲ''

''ဟုတ်တယ်ကွ . . . မင်း သူ့လူတွေကို ဆော်ပလော်တီးလိုက်တာများ အားရလှသကွာ၊ ကျုပ်ဖြင့် မိုးပေါ်ကသိကြားမင်း ခုန်ချလာပြီး ဆော်သလား အောက်မေ့တာပဲဟေ့''

''ငါ့မောင်ရယ် . . . မင်းတော့ ကိုးတောင်ကျားကြီးကို ထိပ်သွားပုတ်လို့ ဒုက္ခရောက်ပြီမှတ်တာ၊ တော်ပါသေးရဲ့ . . . သင်းတို့ကို အမြီးလှန်ချိုးလိုက်နိုင်လို့''

လမ်းသွားလမ်းလာတို့က ဇာနည့်ကို ဝိုင်းဝန်းချီးကျူးကြရာ ဇာနည်လည်း ကျောက်ဘီလူးဘခက်နှင့် သူ့လူတို့၏ အကြောင်းကို သိလိုသမျှ မေးမြန်းပြီးလျှင် အားလုံးကို ကျေးဇူးတင်ကြောင်းပြောကာ လူအုပ်ထဲမှ နှုတ်ဆက်ထွက်ခွာခဲ့တော့၏။

ထိုစဥ် ကြိမ်ခြင်းဝိုင်းဝိုင်းကြီးထဲ ပေါင်းထားသည့် ဝက်



www.burmeseclassic.com

www.burmeseclassic.com



သားများ၊ ဝက်အူများကို ခုတ်ပိုင်းထည့်ကာ အချည်ရည်ဖြင့် ရောင်းချသည့် ဝက်သားတုတ်ထိုးသည် တရုတ်ဝဝကြီးတစ်ဦးက သူ့ထင်မြင်ချက်ကို ဝင်ပြောလိုက်တော့ရာ ဝိုင်းအုံနေသူတို့က ဝိုင်းရယ်လိုက်ကြတော့၏။

"ဝဖြင့် အံကိုသြရော၊ ကျောက်ဘီလူးဘခက်ရဲ့ ကောင်တွေကို ဒီကောင်လေး ဆော်လိုက်တာများ ဝ ဝက်သားတွေကို ဓားနဲ့ခုတ်သလိုပဲ၊ တောက်တောက် တောက်တောက်နဲ့ အားရလှတယ် ...စီကယ်ပဲ စီကယ်ပဲ"

"ဟုတ်တယ်ဗျို့ ဟုတ်တယ် ... ပေါက်ဖော်ကြီးပြောတာ မှန်သဗျို့ ...ဟား ဟား ဟား ဟား"

✿ ✿ ✿

## သမုဒယအဦးအစ

ထိုနေ့ညနေစောင်းတွင် ဖာနည်သည် ကျောပိုးအိတ်လေးလွယ်ပြီး တောင်ပေါ်မြို့လေး မိုင်းသာမော၏ တောင်ဘက်စွန်းရှိ ခြံဝင်းကျယ်ကြီး၏ရှေ့သို့ ရောက်ရှိလာတော့၏။

ယင်းခြံဝင်းကြီးကို အုတ်တံတိုင်းဖြင့် ပတ်လျက်ကာရံထားပြီး ဂိတ်တံခါးဝ၏ ဘေးတစ်ဖက်တစ်ချက်တွင် အုတ်တိုင်ကြီးများရှိကာ ဝဲဘက်အုတ်တိုင်၌ အင်္ဂတေကိုထွင်းလျက် စာလုံးများ ဖော်ထားလေသည်။

ဖာနည်သည် ကျောက်ဘီလူးစံအိမ်ဟု ရေးထွင်းထားသော ထိုစာလုံးများကို ဖတ်လိုက်ပြီးနောက် ခြံဝင်းသံပန်းတံခါး၌ ချိတ်ဆွဲထားသည့် ကြေးခေါင်းလောင်းကို ခပ်ကြမ်းကြမ်း

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုင်လှုပ်လိုက်တော့၏။

'ကလောင် ကလောင် ကလောင်'

ချက်ချင်းဆိုသလိုပင် ခြံဝင်းထဲရှိ ပန်းချုံတို့ကြားမှ လူရွယ်နှစ်ဦးထွက်လာရာ ထိုလူရွယ်တို့မှာ နံနက်ပိုင်းက သူနှင့် တစ်ပွဲတစ်လမ်း အကဲစမ်းခဲ့သူများပင် ဖြစ်ချေ၏။

ခမ်းလွင်နှင့်ငဆိုးတို့က ဇာနည့်ကိုမြင်သည်နှင့် ဘာမျှ မေးစမ်းခြင်း ပြုမနေတော့ဘဲ မင်းတုပ်ကိုဖြုတ်ကာ ခြံတံခါးဖွင့် ပေးလိုက်တော့သည်။

"လာ ... မင်းကို ဆရာကြီး စောင့်နေတယ်"

ခမ်းလွင်က ဇာနည့်ကို ရှုတည်တည်ဖြင့်ပြောပြီး ခြံဝင်းကြီး၏အလယ်ရှိ အုတ်ပတ်ကားတက် နှစ်ထပ်အိမ်မည်းမည်းကြီးသို့ ဦးတည်သွားရာ ဇာနည်လည်း နောက်မှလိုက်ပါသွားရင်း ပန်းချုံများ၊ ပန်းရုံများ စနစ်တကျစိုက်ပျိုးလျက် အလှဆင်ထားသည့် ခြံဝင်းကြီးကို ဝေ့ကြည့်အကဲခတ်ခဲ့တော့၏။

မကြာမီမှာပင် ကျောက်ဘီလူးစံအိမ်ကြီးထဲ ဝင်ရောက်ခဲ့ကြပြီး ဧည့်ခန်းကျယ်ကြီးထဲရှိ ကျွန်းဆက်တီခုံတစ်လုံးတွင် ဇာနည့်ကို ထိုင်စောင့်ရန်ပြောကာ ခမ်းလွင်က အိမ်ပေါ်ထပ်သို့ ကျွန်းလှေကားကြီးမှ တက်သွားတော့၏။

ခဏအကြာတွင် ဘန်ကောက်လုံချည် တရှမ်းရှမ်းဖြင့်





ချယ်ရီသားတုတ်ကောက်ကြီးကို တဒေါက်ဒေါက်ထောက်လျက် ကျောက်ဘီလူးဘခက်သည် ကျွန်းလှေကားကြီးအတိုင်း ဆင်းလာကာ ...

"ဟေး ဇာနည် ... ရောက်လာပြီလားကွဲ့၊ အေး အေး ... မောင်ရင့်ကို ကျုပ်တွေ့ချင်နေတာ၊ လာမှလာပါ့မလားလို့"

ဟု ခပ်ရွှင်ရွှင် ပြောလိုက်လေ၏။

ဇာနည်နှင့်မျက်နှာချင်းဆိုင်ရှိ ကျွန်းဆက်တီခုံကြီးတွင် ဦးဘခက်ထိုင်လိုက်သည်နှင့် ခမ်းလွင်က သူ့ဆရာကြီး၏နောက်နား ဝဲဘက်၌ လက်နှစ်ဖက်နောက်ပစ်ကာ စောင့်ရှောက်သည့် အနေဖြင့် ခပ်မတ်မတ်ရပ်လျက် ရှိတော့၏။

"ကျွန်တော်က အလုပ်လိုချင်သူပဲ ဦးရယ် ... လာရမှာပေါ့"

ဦးဘခက်က ဖော့စကားဆေးတံကြီးကို မီးညှိဖွာရှိုက်ကာ အတန်ငယ် တိတ်ဆိတ်နေပြီးမှ ...

"ဒါထက် မောင်ဇာနည် ... အရင်ကရော ဘယ်လို အလုပ်တွေ လုပ်ဖူးသလဲကွဲ့"

ဟု မေးလိုက်လေသည်။

"ကျွန်တော် အရင်က အလုပ်အစုံလုပ်ဖူးပါတယ်၊ ကုမ္ပဏီကား မောင်းဖူးပါတယ်၊ ဝပ်ရှော့မှာရော တွင်ခုံမှာပါ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ဖူးပါတယ်၊ မြင်းလှည်းလည်း မောင်းဖူးပါတယ်၊ ပန်းထိမ်မှာလည်း ခဏဝင်သင်ယူရင်း တစ်နှစ်လောက် လုပ်ခဲ့ဖူးပါတယ်''

''ဩော် ဩော် ... ဒါထက်မောင်ရင်က အသတ်အပုတ် အတော်ကျွမ်းကျင်တယ်နော်၊ ဘယ်ဆရာဆီက တိုက်ခိုက်ရေးပညာတွေ သင်ယူခဲ့သလဲကွဲ့''

''တိုက်ခိုက်ရေးပညာတွေကိုတော့ ကျွန်တော် လူပျိုပေါက်လောက်ကတည်းက ဝါသနာအရ သင်ယူခဲ့ပါတယ် ဦး၊ ဆရာလည်း စုံခဲ့ပါတယ်၊ ဆရာကြီး ရှမ်းတရုတ်ဦးဘရင်တို့၊ ဆရာကြီးဦးမေဓာတို့ဆီမှာ နှစ်အတော်ကြာ သင်ယူခဲ့ပါတယ်၊ နောက်ပိုင်းမှာတော့ ပွဲကျောင်းအဆက်အနွယ် အိုးနင်းခွက်နင်း ဖိုးသူတော်ကြီးဆီမှာ အဓိက သင်ယူခဲ့ပါတယ်ခင်ဗျ''

''အင်း ... တကယ့်နာမည်ကျော်ဆရာကြီးတွေဆီမှာ သင်ခဲ့တာပဲကိုး၊ ဒါကြောင့် မောင်ရင်ရဲ့ တိုက်ရည်ခိုက်ရည်က ထက်မြက်တာကိုး၊

မနက်က မောင်ရင်ရဲ့တိုက်ခိုက်ပုံတွေ, ရဲရင့်ဖျတ်လတ်ပုံတွေကိုကြည့်ရင်း ကျုပ်က သဘောကျတာနဲ့ အလုပ်ခန့်ဖို့ ခုလို ခေါ်လိုက်ရတာပဲကွဲ့''

ဦးဘခက်က ခေတ္တတိတ်ဆိတ်သွားပြီး သက်ပြင်းရှည်ကြီး ချလိုက်၏။ ပြီးမှ ဖာနည်အား စိုက်ကြည့်ကာ လွန်စွာ





အလေးအနက်ထားသောလေသံဖြင့် စကားတစ်လုံးချင်း ပြောလေသည်။

''ဒီလိုကွဲ့ ... ခုအချိန်မှာ ကျုပ်အတွက် ကိုယ်ရံတော်ကောင်းကောင်းလိုအပ်နေတယ်၊ ပြောရရင်တော့ ကျုပ်မှာ အတိတ်ကအကြောင်းတစ်ခုအတွက်ကြောင့် လျှို့ဝှက်ရန်သူ ရှိနေတယ်ကွဲ့၊ အဲဒီရန်သူတော်ဟာ တိုက်ခိုက်မှုစွမ်းရည် မြင့်မားသလောက် သူ့မှာ အင်မတန်အစွမ်းထက်ပြီး ကြောက်စရာကောင်းလှတဲ့ ဓားတစ်လက်ရှိတယ်၊ သူဟာ ကျုပ်ရဲ့မိတ်ဆွေရောင်းရင်းနှစ်ဦးကို လုပ်ကြံသတ်ဖြတ်ပြီးပြီ ...၊

နောက်တစ်ကြိမ် သူသတ်မှတ်တဲ့ပစ်မှတ်ဟာ ကျုပ်ဖြစ်ရင်လည်း ဖြစ်လာနိုင်တယ်၊ ဒါကြောင့် သူ့ရဲ့ရန်ကို ကာကွယ်ပေးဖို့ ကျုပ်ဟာ အားကိုးလောက်တဲ့ ကိုယ်ရံတော်တွေ လိုအပ်နေတယ်ကွဲ့ ...၊

အဲဒီကိုယ်ရံတော်အလုပ်မျိုး မောင်ရင် လုပ်နိုင်မလား၊ လုပ်နိုင်မယ်ဆိုရင် ဒီနေ့ကစပြီး အလုပ်ခန့်ချင်တယ်၊ လစာကလည်း မြို့ပိုင်တစ်ယောက်ထက်မနည်းတဲ့လစာမျိုး ဖြစ်စေရမယ်၊ ဘယ့်နှယ်လဲ ... ကျုပ်ပြောတဲ့အလုပ်ကို စိတ်ဝင်စားရဲ့လား''

''စိတ်ဝင်စားပြီးလားခင်ဗျာ ... ကျွန်တော်က စွန့်စားရတဲ့, စိတ်လှုပ်ရှားရတဲ့အလုပ်မျိုးကို အင်မတန် ဝါသနာပါတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



ဦးရဲ့၊ ပြီးတော့ ကျွန်တော့်လို အင်္ဂလိပ်ကျောင်းကောင်းကောင်း မတက်နိုင်သလို ဘွဲ့တွေ၊ဒီဂရီတွေ မယူနိုင်သူက ဘီအေဘွဲ့ကြီး ရမှ ဖြစ်နိုင်တဲ့ မြို့ပိုင်တွေနဲ့ တန်းတူလစာရကြရမယ်ဆိုတာ နည်းတဲ့အခွင့်အရေးမှ မဟုတ်တာဘဲခင်ဗျာ''

တက်ကြွစိတ်လှုပ်ရှားစွာပြောလိုက်သည့် ဇာနည့်ကို စေ့စေ့ကြည့်ရင်း ဦးဘခက်က ကျေနပ်စွာပြုံးလိုက်၏။ ဦးဘခက်၏နောက်နားတွင် ကျောက်ရုပ်တစ်ရုပ်လို ခြေနှစ်ဖက်ကားကာ လက်နှစ်ဖက်နောက်ပစ်ရပ်နေသည့် ခမ်းလွင်ကမူ ဇာနည့်ကို မနာလိုသလို မျက်လုံးစွေကြည့်ရင်း နှုတ်ခမ်းထောင့်စွန်းတစ်ဖက်ကို မဲ့လိုက်လေသည်။

''ကောင်းပြီ ... ဒါဆို မောင်ရင် ဘယ်မှာတည်းခိုသလဲ၊ အဲဒီကနေ ဒီညနေပဲ ဟောဒီခြံထဲ ပြောင်းလာနိုင်မလား''

''ပြောင်းလာနိုင်ပါတယ်ခင်ဗျာ၊ ကျွန်တော့်မှာလည်း ခရီးဆောင်အိတ်တစ်အိတ်ပဲ ပါတယ် ဦးရဲ့၊ တည်းခိုတဲ့ စားသောက်ဆိုင်ကနေ သွားယူလိုက်ပါ့မယ်''

''ကောင်းပြီ ... မောင်ရင့်အတွက် ဒီအိမ်အောက်ထပ်က အိပ်ခန်းဆောင်တစ်ခုကို ကျုပ်ရဲ့လူတွေက အသင့်ပြင်ပေးထားပါလိမ့်မယ်''

''ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ကျွန်တော့်





ကို ခွင့်ပြုပါဦး''

ဇာနည်က ခွင့်ပြုချက်တောင်းကာ ထိုင်ရာမှထသည်။

ဦးဘခက်က လက်ကာပြ တားလိုက်ပြီးနောက် သူ၏ အညိုရောင်ကုတ်အင်္ကျီကြီး၏ အတွင်းအိတ်ထဲမှ ငွေစက္ကူ တစ်ထပ်ကို ထုတ်ယူလိုက်ပြီး ဇာနည့်ကို လှမ်းပေးလေသည်။

''ရော့ ... ဒါ မောင်ရင်ရမယ့်လစာထဲက တစ်ဝက်ကို ပေးထားတာ၊ ကြိုငွေသဘောပေါ့''

''ဟုတ်ကဲ့ ... ကျေးဇူးပါပဲခင်ဗျာ''

ဇာနည်က ငွေစက္ကူထပ်ကို ဝမ်းသာအယ်လဲ လက်ခံယူလိုက်ပြီး ဦးဘခက်၏ရှေ့မှ လှည့်ထွက်ခဲ့တော့၏။

ဇာနည် ခြံထဲမှထွက်သွားသည်နှင့် ခမ်းလွင်က သူ့ဆရာ ကျောက်တီလူးဘခက်ကို အပြစ်တင်သလိုပြောလေသည်။

''ဆရာကြီးကလည်းဗျာ ... အဲဒီ ဇာနည်ဆိုတဲ့ကောင်ကို ဒီနေ့ပဲတွေ့ ဒီနေ့ပဲယုံပြီး အတွင်းစည်းထဲမှာ ထားရတယ်လို့ဗျာ''

''ဒီမှာ ခမ်းလွင် ... ငါက မင်းထက်တွက်ဆတတ်လို့ မင်းရဲ့ဆရာဖြစ်နေတာကွ ... သိရဲ့လား၊ အဲဒီ ဇာနည်ဆိုတဲ့ ကောင်က တိုက်ရည်ခိုက်ရည်မှာ အံ့မခန်းလောက်အောင် ထူးချွန်သူကွ၊ သူလိုလူမျိုးကို အခုအချိန်မှာ ငါ သိပ်ကိုလိုအပ်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ လက္ခယ်နေ့ကလည်း တရွေ့ရွေ့ နီးလာပြီကွ၊ ဒါကြောင့် ငါ သူ့ကို မရအရ ဆွဲခေါ်ရတာပဲ ...၊

ကဲ ... သူ့ကို မင်းတို့ရဲ့ အခန်းဘေးအစွန်ခန်းမှာ နေရာချပေးလိုက်ကွာ''

''ဟုတ်ကဲ့ ဆရာကြီး''

✡

မိုင်းသာမောမြို့လယ်တစ်နေရာရှိ ဂါတ်ဝင်းထဲမှ ဂါတ်စာရေးကြီး၏ လိုင်းခန်းအိမ်ရှေ့ ဝရန်တာတွင် ပက်လက်ကုလားထိုင်တစ်လုံးဖြင့် ထိုင်လျက် ဖော့စတားဆေးတံကြီးကို စိမ်ပြေနပြေဖွာနေသည့် အိုင်ပီဦးလှဘော်မှာ တောင်ပေါ်မြို့လေး၏ ဆောင်းညချမ်း အေးမြဆိတ်ငြိမ်မှုရသကို စိတ်အေးလက်အေး ခံစားလျက် ရှိလေသည်။

ယခုဆို ရန်ကုန်မြို့ရှိ အင်းစိန်စီအိုင်ဒီရုံး၊ ပုလိပ်မင်းကြီးရုံးနှင့် ဘုရင်ခံအထိ နာမည်ဆိုးဖြင့် ကျော်ကြားလျက်ရှိသော မရဏာဓားနက်ရှင်ကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ထက်မြက်လှသည့် အိုင်အိုချစ်သွေးက လှုပ်ရှားသတင်းယူလျက်ရှိရာ





အိုင်ပီဦးလှဘော်အနေဖြင့် မိုင်းသာမောဂါတ်ဝင်းထဲမှာပင် အခြေချရင်း သူ့ကိုပါ လှုပ်ရှားဖို့ ဘယ်တော့လာခေါ်မလဲဟု စောင့်မျှော်နေရရုံသာ ရှိ၏။

သူက ဂါတ်စာရေးကြီး၏ လိုင်းခန်းအိမ်တွင် စတည်းချနေရခြင်းဖြစ်သည်။

သားထောက်သမီးခံမရှိသည့် မုဆိုးဖိုဂါတ်စာရေးကြီးမှာ ညပိုင်းတာဝန်ကျသဖြင့် ခြံဝင်းကြီး၏ရှေ့ပိုင်းရှိ ဂါတ်တဲသို့ သွားပြီဖြစ်၏။

ဆိတ်ငြိမ်လှသည့်ညဝန်းကျင်တွင် လေပြည်နုနုလေး လှုပ်ခတ်စပြုလာသည်နှင့် ညမွှေးပန်းရနံ့က သင်းပျံ့လာတော့သည်။

သူက ညဉ့်ရှင်ခွင်ထဲ အာရုံနှစ်ကာ ကုလားထိုင်ကျောမှီကို လျော့တိလျော့ရဲမှီလျက် ဆေးတံကို မှုးဖွာနေတော့၏။

ထိုစဉ် ဝရန်တာသို့တက်သည့် လှေကားဘေးရှိစံပယ်ရုံ လှုပ်သွားရာ ဦးလှဘော်က သတိပြုမိသွားပြီး အိမ်ပေါက်ဝဆီ စိုက်ကြည့်နေလိုက်၏။

'ပိကျိ ပိကျိ ပိကျိ ပိကျိ'

ယင်းစံပယ်ရုံဆီမှ မြေဝပ်ငှက်ငယ်လေးတစ်ကောင်၏ အော်မြည်သံလို မြည်သံလေး ပြတ်တောက်ပြတ်တောက် ထွက်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာရာ အိုင်ပီဦးလှဘော်လည်း ဝမ်းသာသွားပြီး သူ၏ပါးစပ်မှ လည်း စောစောက ငှက်ငယ်၏အော်မြည်သံမျိုး သုံးလေးချက် ထွက်လာတော့၏။

‘ပိကျိ ပိကျိ ပိကျိ ပိကျိ’

ထို့နောက် ချက်ချင်းဆိုသလိုပင် လူရိပ်တစ်ရိပ်သည် စံပယ်ရုံနံဘေးမှ ထွက်လာပြီး လှေကားအတိုင်း ခပ်ဖြည်းဖြည်း မှန်မှန် တက်လာလေသည်။

“ဟဲလို အိုင်အိုချစ်သွေး ... လာ ... ထိုင်”

အိုင်ပီလှဘော်က အိုင်အိုချစ်သွေးကို ဝမ်းပန်းတသာ ကြိုဆိုလိုက်ပြီး ဧည့်ခန်းထဲရှိဆိုဖာဆက်တီတစ်လုံး၌ ဝင်ထိုင်စေ လိုက်လေသည်။

သူကိုယ်တိုင်ကလည်း ထိုင်ရာမှထကာ ဧည့်ခန်းထဲ ဝင်လာခဲ့လေသည်။

“ဘာထူးသေးသလဲ ကိုချစ်သွေး”

“သိပ်အထူးကြီးတော့ မဟုတ်ပါဘူး၊ မရဏဓားနက်ရှင် ရဲ့ အသတ်ခံရတဲ့ နေဘုန်းရှိန်နဲ့ လက်ဝဲသခင်တို့ဟာ သူဌေး ဦးဘခက်နဲ့ ပတ်သက်မှုရှိတယ်လို့ သတင်းအစအနရထားတယ် အိုင်ပီရဲ့”

“ဟုတ်လား အိုင်ခေး”





“ဟုတ်တယ် ... သူတို့အချင်းချင်းဟာ တစ်ဦးနဲ့တစ်ဦး ပေါ်ပေါ်တင်တင် ဆက်သွယ်မှုလုပ်လေ့မရှိဘူးတဲ့၊ တွေ့ဖို့လိုအပ်မှ ကြေးနန်းရိုက်အကြောင်းကြားလေ့ရှိတယ်လို့ သိရတယ်အိုင်ပီရဲ့၊ လက်ဝဲသခင် အသတ်ခံရတုန်းကတောင် သူ့ရဲ့အိမ်ထဲမှာ ဦးဘခက် ရှိနေခဲ့တယ်တဲ့၊ နောက်မှ အမှုတွဲထဲပါနေပြီး သူ့ရဲ့နာမည်ပါ ဟိုးလေးတကြော်ဖြစ်မှာစိုးလို့ လူသတ်မှုဖြစ်တဲ့နေရာ ပုလိပ်တွေ မလာခင် လစ်ပြေးသွားခဲ့တယ်လို့ သတင်းရတယ်၊ ပြီးတော့”

“ပြီးတော့ ဘာဖြစ်သလဲ ကိုချစ်သွေး”

“ဦးဘခက်ဟာ သူ့ကိုပါ မရဏဓားနက်ရှင်က လာ သတ်လိမ့်မယ်လို့ ယူဆပြီး အတော်ထိတ်လန့်နေတာ သေချာ တယ်ဗျ၊ ဒါပေမဲ့ သူ့ရဲ့လုံခြုံရေးအတွက် ပုလိပ်ဘက်ကို အကူ အညီတောင်းဖို့ စိတ်ကူးပုံမရဘူး၊

ဒါဟာ ဘာဖြစ်လို့လဲဆိုတော့ ပုလိပ်ဘက်က မသိစေ ချင်တဲ့ အတိတ်သမိုင်းကြောင်းတစ်ခုခု သူတို့နဲ့ မရဏဓားနက် ရှင်ရဲ့ကြားမှာ ရှိနေပုံရလို့ပဲဗျ၊ ညောင်မြစ်တူးရင်း ပုတ်သင်ဥပေါ် မှာစိုးလို့ ပုလိပ်ဘက်ကိုအကြောင်းကြား အကူအညီတောင်းတာ မျိုး မရှိတာဘဲဖြစ်မယ်”

“သူကလည်း တပည့်တပန်း လူမိုက်တွေမွေးပြီးနေတာ မဟုတ်လား ကိုချစ်သွေးရဲ့၊ ဂါတ်ပိုင်ကြီးလည်း သူ့ရဲ့နယ်ထိန်း



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းဆီကနေ သတင်းတစ်ခုရထားတယ် အိုင်ဆေးရဲ့ တိုက်ရည်ခိုက်ရည်အတော်ကြီးတော်တဲ့ လူငယ်တစ်ဦးကို ကြေးစားအထူးသက်တော်စောင့်တစ်ဦးအဖြစ် အခုရက်ပိုင်းကပ ကျောက်ဘီလူးဘခက်က ကြေးကြီးကြီးပေးပြီး ခန့်ထားလိုက်တယ်တဲ့ဗျ''

''ဟုတ်လား . . . အဲဒီကြေးစား အထူးသက်တော်စောင့်က ဘယ်သူတဲ့လဲ အိုင်ပီ''

''နာမည်က ဇာနည်လို့ပြောတာပဲ အိုင်ဆေးရဲ့''

''ဩော် . . . ဇာနည်တဲ့လား''

အိုင်အိုချစ်သွေးမှာ ခေါင်းတညိတ်ညိတ်လုပ်ရင်း တစ်ရံ တစ်ရာကို အလေးအနက် စဉ်းစားလျက်ရှိတော့၏။

✲

စွန့်စားရခြင်း စိတ်လှုပ်ရှားရခြင်းတို့ကို နှစ်သက်သည့် ဇာနည်မှာ ကျောက်ဘီလူးစံအိမ်ကြီးသို့ ရောက်ရှိပြီး သုံးရက်အကြာ တစ်ခုသောနံနက် နေထွက်စမှာပင် စိတ်လှုပ်ရှားရင်ခုန်စရာနှင့် ကြုံရတော့သည်။

ခု နှစ် စဉ် ကြယ် တာ ပေ



ယမန်နေ့ညက စောစီးစွာ အိပ်ရာဝင်ခဲ့သော်လည်း ညဥ့်သန်းခေါင်ခန့်တွင် တစ်ရေးနိုးလာပြီးနောက် အိပ်ရာထဲမှာပင် အတွေးနယ်ချဲ့နေမိသဖြင့် မိုးလင်းခါနီးမှ ပြန်လည်အိပ်ပျော်သွားရာ နံနက်ရောက်တော့ နေထွက်ပြူလာမှပဲ အိပ်ရာမှနိုးတော့သည်။

နိုးနိုးချင်း ကိုယ်လက်သန့်စင်ပြီးနောက် နေပူဆာလှုံရန် ခြံထဲဆင်းလာမိစဉ်မှာပင် ခြံအနောက်ပိုင်း မြင်းဇောင်းရှိရာဘက်ဆီမှ အော်ဟစ်ငေါက်ငမ်းသံအချို့ ကြားရသဖြင့် ဟိုမှာဘက်ဆီ လျှောက်လှမ်းသွားမိတော့သည်။

''အို . . . လုပ်ပါဦး၊ သေသေချာချာ ကိုင်ထားလေ ကိုဗဒင်ရဲ့''

''တောက် . . . ဒီကောင် တော်တော်ဆိုးတဲ့ကောင်ပဲ၊ ငါ ကျာပွတ်နဲ့ဆော်လိုက်ရ''

''အို . . . ရှင်တို့ အကြမ်းကိုင်ရင် ပိုဆိုးမှာပေါ့''

'ဟစ် ဟစ် ဟစ်'

မြင်းဟီသံ၊ ခွာရှပ်သံ၊ မိန်းကလေးတစ်ယောက်၏ ဈူးရူး ဝါးဝါး အော်ဟစ်ပြောဆိုသံ၊ ငေါက်ငမ်းသံတို့ကြောင့် ပိုမို စိတ်ဝင်စားလာပြီး ဇာနည်က ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လှမ်းလာခဲ့တော့၏။

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



စံအိမ်ကြီးကို ကွေ့ပတ်လာပြီးသည်နှင့် မြင်းဖောင်းရှေ့မှ ကိုးရိုးကားယားမြင်ကွင်းကို တွေ့ရတော့သည်။

ထွားကျိုင်းကာ အချိုးအစားကျလှသည့် ဖောင်းဝတ်ရောင်မြင်းကြီးတစ်ကောင်ကို ဦးဘခက်၏တပည့်နှစ်ဦးဖြစ်သော ဗဒင်နှင့်မောင်ကျေးတို့က ထိန်းချုပ်ရန်ကြိုးစားနေပြီး ဘောင်းဘီရှည်အပြာရောင်နှင့် စပို့ရှပ် အဝါနုရောင်လေးဝတ်ကာ မြင်းစီးဂျော်ကီဦးထုပ်လေးဆောင်းထားသည့် မိန်းမပျိုလေးတစ်ဦးက မြင်းပေါ်တက်ရန် ကြိုးစားလျက်ရှိသည်ကို တွေ့ရ၏။

မြင်းကြီးမှာ ပါးချပ်ကို ချုပ်ကိုင်ခံထားရသည့်တိုင် ငြိမ်သက်မနေဘဲ ဒေါသတကြီး ရုန်းကန်လျက်ရှိကာ ဗဒင်တို့ကို ကိုက်ရန် ကြိုးစားလျက်ရှိသည့်အပြင် မိန်းကလေးကိုလည်း ကန်ရန်အားထုတ်လျက်ရှိသည်ကို သည်းထိတ်ရင်ဖိုဖွယ် တွေ့ရတော့သည်။

"အတော်အန္တရာယ်များပါလား ... ခက်တာပဲ"

ဤခြံထဲမှာ တစ်ကြိမ်တစ်ခါမျှမတွေ့ဖူးသည့် ဖြူဝင်းလှပသော မိန်းကလေးကိုကြည့်ရင်း ဇာနည် စိုးရိမ်လာမိသည်။

"ဟော့ ဒီမှာ ... မင်း မြင်းအကြောင်းနားမလည်ဘဲ ဘယ့်နှယ် မြင်းပေါ်တက်ဖို့ အတင်းကြိုးစားနေတာလဲ၊ ကန်လိုက်လို့ ပေါင်ကျိုးသွားမယ်"





ဇာနည်၏ ခပ်ဆတ်ဆတ် ခပ်ရူးရူးအသံကြောင့် မြင်းကုန်းနှီးကိုကိုင်ကာ ဆွဲတက်ဖို့ကြိုးစားနေသည့် မိန်းမချောလေးက ဆတ်ခနဲလှည့်ကြည့်လိုက်ပြီးနောက် မြင်းကုန်းနှီးကို လက်လွှတ်ကာ ခါးထောက်လျက် ဇာနည့်ကို ရူးရူးဝါးဝါး ကြည့်လိုက်သည်။ ပြီးတော့ ကက်ကက်လန်အောင် ရန်တွေ့တော့၏။

"ဒီမှာ ... ရှင်က ဘယ်သူလဲ၊ ဘာမဆိုင် ညာမဆိုင် ဟောက်လိုက်ဟိန်းလိုက်နဲ့ ရှင်ကဘာလဲ"

မျက်နှာလေး ရဲရဲတွတ်ကာ ရန်စွယ်ငေါ်ငေါ်ဖြစ်နေသည့် ကောင်မချောလေးကို ဇာနည်က အမှုမထားဘဲ မြင်းထိန်း နှစ်ယောက်၏လက်ထဲမှာ ကဆုန်ပေါက်ရုန်းနေသည့် မြင်းကြီး၏ အခြေအနေကိုသာ ဂရုထား စူးစိုက်ကြည့်နေလိုက်၏။

ထိုစဉ် ရုန်းကန်နေသောမြင်းကြီးက ကိုယ်ကိုလှည့်ရင်း မိန်းကလေးနှင့် ကျောခိုင်းအနေအထားသို့ ရောက်သွားတော့သည်။

ယင်းအနေအထားမှာ ကောင်မလေးအတွက် လွန်စွာ စိုးရိမ်ဖွယ် အနေအထားဖြစ်၏။ မြင်းက နောက်ခြေဖြင့် စုံကန်လိုက်ပါက မိန်းကလေးအတွက် တွေးဝံ့စရာပင်မရှိ။

"ဟော့"

မြင်းက ရှေ့ခြေနှစ်ဖက်ကို အားပြုထောက်လိုက်သည်



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့လိုက်ရသည်နှင့် နောက်ခြေတို့ဖြင့် စုံကန်တော့မည်ကို သိလိုက်သည့်ဇာနည်က ကောင်မလေးကို အော်ဟစ်သတိပေးလိုက်ရင်း ရှေ့သို့ ခြေတစ်လှမ်း ဖျတ်ခနဲတိုးကာ သူမ၏ လက်မောင်းတစ်ဖက်ကို အလျင်အမြန် ဆောင့်ဆွဲလိုက်တော့သည်။

ကောင်မလေးမှာ ရုတ်ခနဲပါလာရာ စုံကန်လိုက်သည့် မြင်း၏ခြေအစုံဘေးမှ သီသီလေး လွတ်သွားတော့၏။

သို့သော် မိန်းကလေးမှာ မစားသာရှာဘဲ ဇာနည်၏ ရင်ခွင်ကျယ်ကြီးထဲသို့ ထွေးခနဲကျလာသည့်အပြင် ဖြစ်ချင်တော့ သူမ၏နှာခေါင်းချွန်ချွန်လေးက ဇာနည်၏ပါးနှင့် ဂဟေဆက်မိသွားတော့သည်။

"ဟင် ... ရှင်"

ကောင်မလေးမှာ သေလျှင်သေ မသေလျှင် ခါးကျိုးမည့်ဘေးမှ သီသီလေးလွတ်သွားသည့်အဖြစ်ကို မသိသဖြင့် ဇာနည့်အပေါ်မှာသာ ယမ်းပုံမီးကျ ဒေါသအိုးရော အရှက်အိုးပါ ပေါက်ကွဲသွားရာ ...

"ကဲဟာ ကဲဟာ ... စော်ကားဦး၊ ယုတ်မာဦး"

ဇာနည်၏ရင်ဘတ်ကို လက်သီးဆုပ်ဖြင့် တဒုံးဒုံးထုရင်း ပါးကိုလွှဲရိုက်ဖို့ပါ ကြိုးစားလိုက်ရာ ဇာနည်က သူမ၏လက်ကို လေထဲမှာပင် ဖမ်းဆုပ်လိုက်ပြီး မြင်းနှင့်စက်ကွင်းလွတ်ရာသို့





ဆွဲခေါ်လိုက်၏။

ဤအခါထိ မိမိ၏အခြေအနေမှန်ကို မရိပ်စားမိသည့် ကောင်မလေးမှာ ဇာနည်၏လက်ထဲမှ ဆောင့်ရုန်းထွက်ကာ ...

"ဖယ် ... လွှတ် လွှတ်"

ပါးကို နောက်တစ်ချက် လွှဲရိုက်ဖို့ ပြင်လိုက်စဉ် ...

"ဟေ့ ... ဘာဖြစ်နေတာလဲ"

ဦးဘခက်၏အသံသြသြကြီး စူးရှကျယ်လောင်စွာ ထွက်ပေါ်လာရာ မိန်းကလေးမှာ မြှောက်ထားသည့်လက်ကို လေထဲမှာပင် တိုးလိုးတန်းလန်းရပ်ရင်း ဦးဘခက်ကို အံ့အားတသင့် လှည့်ကြည့်လိုက်တော့၏။

ဂရိတ်ကုတ် အင်္ကျီရှည်ကြီးဝတ်ထားပြီး ပါးစောင်ဝယ် ဒန်းဟေးလ်ဆေးတံကြီးခဲထားသည့် ဦးဘခက်က အိမ်နောက်ဘက်တံခါးမှထွက်ကာ မြင်းဇောင်းရှိရာဆီသို့ ခြေလှမ်းကျဲကြီးဖြင့် လျှောက်လှမ်းလာတော့၏။

"ဖေဖေ ... ဒီလူ သမီးကို စော်ကားမော်ကားလုပ်နေတယ်"

သည်တော့မှ ထိုကောင်မလေးမှာ ဦးဘခက်၏သမီးမှန်း ဇာနည်သိလိုက်ရတော့၏။ သို့သော် သူက ကောင်မလေး၏ စွပ်စွဲချက်ကို ဖြေရှင်းခြင်းမပြုချေ။



www.burmeseclassic.com

www.burmeseclassic.com



ဗဒင်ကသာ မြင်း၏ပါးချပ်ကို အနိုင်နိုင်ချုပ်ကိုင်ရင်း . . .

"မဟုတ်ဘူး ဆရာကြီး၊ ဒီကောင်ကြီးက ဟေမာန့်ကို နောက်ခြေထောက်နဲ့ ခြေစုံကန်လိုက်ချိန်မှာ ဇာနည် အချိန်မီ ဆွဲလိုက်လို့ သီသီလေးလွတ်သွားတာပါ"

ဟု ဖြစ်ရပ်မှန်ကို ဖြေရှင်းတင်ပြလိုက်ရာ မြင်းရိုင်းတို့၏ အန္တရာယ် မည်မျှကြီးမားသည်ကို ကောင်းကောင်းကြီးသိသော ဦးဘခက်မှာ ဒေါသတကြီးဖြစ်သွားတော့၏။

"ဒီကောင်ကြီးကို မင်းတို့ ဘာဖြစ်လို့ မြင်းဇောင်းထဲက ထုတ်တာလဲကွ . . . ဟေ ဗဒင်"

"မ မဟုတ်ဘူးဆရာကြီး၊ ကျွန်တော်တို့သဘောနဲ့ ထုတ်တာမဟုတ်ပါဘူး၊ ဟေမာန်က အတင်းထုတ်ခိုင်းလို့ပါ"

"ဟ . . . သူထုတ်ခိုင်းတိုင်း မင်းတို့က ထုတ်ပေးရမှာ လားကွ၊ ဒီမြင်းက ဝယ်လာကတည်းက ဘယ်သူမှကိုင်လို့မရတဲ့ ဟာ၊ ငါ့သမီးတစ်ခုခုဖြစ်သွားလို့ကတော့ မင်းတို့အသေပဲ"

ဤတွင် ဟေမာန်ဆိုသောကောင်မလေးမှာ မနေသာ တော့ဘဲ သူမ၏ဖခင်ကြီးကို ဝင်ပြောရတော့၏။

"ဖေဖေ . . . ကိုဗဒင်တို့အပြစ်မဟုတ်ပါဘူး၊ သမီးက ဒီမြင်းကြီးကို စီးချင်လို့ သူတို့ကို အတင်းထုတ်ခိုင်းခဲ့တာပါ"





ဇာနည်က ပြုံးလိုက်ပြီး ကောင်မလေးကို ကလိချင် သဖြင့် . . .

"မြင်းဆိုတာ မြည်းတို့ လားတို့မဟုတ်ဘူး၊ အန္တရာယ် အင်မတန်ကြီးတယ်၊ အထူးသဖြင့် ဒီလိုအားကောင်းမောင်းသန် မြင်းမျိုး, ရိုင်းသေးတဲ့မြင်းမျိုးကို မြင်းစီးမကျွမ်းကျင်ဘဲ, ဖက် မနိုင်သေးဘဲ မစီးချင်ရဘူး၊ မရဲဘဲ ကျွဲပြစီးဆိုသလို ဖြစ်တတ် တယ်"

ဇာနည်၏စကားကို စေတနာဖြင့်ပြောသော သတိပေး စကားဟု မမြင်ဘဲ သူမကို နှိမ်သည်ဟုထင်ကာ ဟေမာန်မှာ ဆတ်ဆတ်ခါသွားပြီး ဘုတောတော့၏။

"ဒီမှာ . . . ရှင်ကရော မြင်းစီးဘယ်လောက်ကျွမ်းလို့လဲ၊ ရှင်ရော ဒီမြင်းကို ကိုင်နိုင်လို့လား"

ဇာနည်က ကောင်မလေး ပိုလို့ မခံချိမခံသာဖြစ်အောင် ပခုံးတွန့်ပြလိုက်ပြီး . . .

"တို့လိုကျွမ်းကျင်တဲ့လူကတော့ ဒီမြင်းလောက်ကို ခြေ သုတ်ပုဆိုး မြွေစွယ်ကျိုးဖြစ်သွားအောင် ကိုင်နိုင်တာပေါ့ကွယ်၊ မကျွမ်းကျင်တဲ့သူနဲ့တော့ ဘယ်တူမှာလဲ"

ဟု ပြုံးထေ့ထေ့ကြည့်ရင်း ပြောလိုက်ရာ ဟေမာန်မှာ အတော် မခံချိမခံသာဖြစ်သွားပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဟာ တော်တော်လေကျယ်ပါလား၊ စီးပြ . . . ဒါဆို ဒီမြင်းကို အခုစီးပြ"

ဟု အမိန့်သံဆန်ဆန်ဖြင့် အတင်းစီးခိုင်းတော့၏။

"ဦးခွင့်ပြုရင်တော့ စီးပြဖို့အသင့်ပါပဲ"

ဇာနည်က လေအေးအေးဖြင့်ပြောရင်း ဦးဘခက်ကို ကြည့်လိုက်ရာ ဦးဘခက်မှာ အခြေအနေအရပ်ရပ်ကို နားလည်သွားပြီး ဇာနည်၏အစွမ်းအစကိုလည်း သိလိုသဖြင့် စီးခွင့်ပြုလိုက်တော့၏။

"ဒီမြင်းကို ပြီးခဲ့တဲ့အပတ်ကပဲ ဝယ်လိုက်တာ မောင်ဇာနည်ရဲ့၊ မိုင်းလုံက မြင်းကုန်သည်တွေ လာရောင်းသွားတာ၊ ဂိုက်ဆိုက်ကောင်းလို့ အသွေးအမွေးကိုပါသဘောကျလို့ ကျုပ်ဝယ်လိုက်တာ၊ ဝယ်သာဝယ်လိုက်တယ် မြင်းတွေကို ကိုင်နေကျဗဒင်တို့တောင် မကိုင်နိုင်လို့ လက်မြှောက်ထားရတာ၊ မင်းကိုင်နိုင်မယ်လို့ထင်ရင် ကိုင်ကြည့်လေ"

ဦးဘခက်၏ခွင့်ပြုချက်ရလျှင် ဇာနည်က ဟေမာန့်ကိုပြုံးထေ့ထေ့ကြည့်ရင်း မျက်ခုံးပင့်လျက် မြင်းကြီးဆီသို့ မေးဆတ်ပြလိုက်လေသည်။

သူက ကြည့်ထားဟု အသံတိတ်ပြောလိုက်ခြင်းမှန်းသိရာ ဟေမာန်ကလည်း မျက်စောင်းကြီးခဲလိုက်တော့၏။





ဖောင်းဝတ်ရောင်မြင်းကြီးကား ဗဒင်နှင့် မောင်ကျေးတို့လက်ထဲတွင် တရှူးရှူးဖြင့် နှာမှုတ်ရင်း ခွာကိုရှပ်လျက် ဒေါသတကြီးဖြစ်နေတော့သည်။

ဇာနည်ကမူ ခပ်အေးအေးအမူအရာဖြင့် မြင်းကြီး၏အနီးအနားသို့ ချဉ်းကပ်သွားကာ ဗဒင်၏လက်ထဲမှ ပါးချပ်ကြိုးကိုလက်လွှဲယူလိုက်လေသည်။

ပြီးသည်နှင့် ပါးချပ်ကြိုးကို တင်းတင်းဆုပ်ကိုင်လျက်မြင်းကြီး၏မျက်နှာကို နေဘက်သို့ ဆွဲလှည့်လိုက်တော့၏။

အမှန်တော့ မြင်းကြီးမှာ နံနက်ဦးနေခြည်ကြောင့် မြေပြင်ပေါ်ထင်နေသည့် သူ့အရိပ်ကိုသူပြန်လန့်ကာ ကြောက်စိတ်၊ ဒေါသစိတ်တို့ တဖွားဖွားဖြစ်ပေါ်လျက် ဂနာမငြိမ်ဖြစ်နေခြင်းသာဖြစ်လေသည်။

ယင်းအချက်ကို ကောင်းစွာသိသည့် ဇာနည်က မြင်းကြီး၏မျက်နှာကို နေထွက်ရာဘက်သို့ လှည့်ပေးလိုက်ရာ မြင်းကြီးမှာ လှုပ်ရှားခုန်ပေါက်ခြင်းမပြုတော့ဘဲ ငြိမ်သွားတော့၏။

ဇာနည်တစ်ချက်ကိုင်လိုက်သည်နှင့် ရုတ်ခြည်းငြိမ်သွားသည့်မြင်းကြီးကို ဟေမာန်က အံ့သြစွာကြည့်လိုက်မိ၏။

ဇာနည်က သူမကို မသိမသာလှည့်ကြည့်ရင်း ဦးဘခက်မမြင်အောင် မြင်းခေါင်းနှင့်ကွယ်လျက် မျက်လုံးတစ်ဖက် မှိတ်ပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးနောက် မြင်းဇက်ကြိုးကို တင်းတင်းဆွဲလျက် ခြေနင်းကွင်းကို ခြေတစ်ဖက်ဖြင့်နင်းကာ မြင်းကုန်းနှီးပေါ် လွှားခနဲတက်လိုက်တော့သည်။

"ဟိုင်း"

မြင်း၏ကျောပေါ်၌ အကျအနထိုင်ပြီးသည်နှင့် ဇာနည်က မြင်းဇက်ကြိုးကို ဖွင့်လွှတ်လိုက်ရာ ဖောင်းဝတ်ရောင်မြင်းကြီးမှာ တစ်ဟုန်ထိုး ခုန်ပေါက်ကာ ပြေးထွက်သွားတော့၏။

မြင်းကြီးမှာ ကဆုန်ချပြေးရင်း စံအိမ်ကြီး၏နံဘေး ခြံအတွင်းမှ သစ်တိုပင်ကြီး၏ ပင်စည်နားကပ်၍ ဆွဲလေတော့ရာ မြင်းကြီး သည်သို့လုပ်မည်ကို ကြိုတင်တွက်ထားသည့် ဇာနည်က ထိုဘက်အခြမ်းမှ ခြေထောက်ကို ရုပ်လိုက်လေသည်။

မြင်းကြီးက တစ်ဖန် ဝဲဘက်အခြမ်းမှ သစ်ပင်တစ်ပင်၏ ပင်စည်နှင့် ပွတ်တိုက်ချလိုက်ပြန်၏။ သို့သော် ထိုဘက်အခြမ်းမှ ခြေထောက်ကို ဇာနည်က ရုပ်ပြီးဖြစ်သည်။

မြင်းကြီးသည် သူမျှော်လင့်ထားသလို ဖြစ်မလာသောအခါ ခြံဝဆီသို့ ကဆုန်ချပြေးပြီး ခြံဝအနီးသို့အရောက်တွင် ရှေ့ခြေနှစ်ချောင်းကို ဆန့်တန်းလျက် တန့်ခနဲရပ်လိုက်ကာ ဇက်ကို ဆင်းငုံ့ချလိုက်လေရာ ဖင်မြီးပိုင်းက ထောင်သွားတော့၏။

ကဆုန်ပြင်းစွာ ပြေးလာပြီးမှ ရုတ်တရက် ဘရိတ်အုပ်





ကာ ဦးစိုက်ချလိုက်ခြင်းဖြစ်သဖြင့် သတိကြီးစွာမထားပါက မြင်းပေါ်မှလူမှာ ရှေ့သို့ ဦးစိုက်ကျွမ်းပြန်ကျသွားမည်သာ ဖြစ်၏။

သို့သော် ဇာနည်က မြင်းဇက်ကြိုးကို လျှော့ထားလျက် ခြေနင်းကွင်းကို ဆန့်ထောက်ကာ ခါးကို နောက်သို့လှန်လိုက်ရာ ရှေ့သို့ကျွမ်းထိုးမကျတော့ချေ။

"အို"

"ဟင်"

"ဟာ"

မြင်းရိုင်းကြီးနှင့် ဇာနည်တို့၏ အားပြိုင်မှုကို ရင်သပ်ရှုမော လှမ်းကြည့်နေကြသည့် ပေါမာန်၊ ဗဒင်နှင့် မောင်ကျေးတို့မှာ အသည်းတယားယားဖြင့် အာမေဍိတ်သံများပင် ပြုမိကြ၏။

မြင်းကြီးမှာ ထင်တိုင်းမပေါက်သောအခါ ပိုမို ဒေါကန်သွားပြီး ပတာပ်ရပ်လျက် ခါချလိုက်ပြန်သည်။ သို့သော် ဇာနည်က မြင်းဇက်ကြိုးကို တင်းတင်းဆွဲလျက် မြင်းဇက်နှင့် သူ့ကိုယ်ကို ကပ်နိုင်သမျှ ကပ်ထားလိုက်လေ၏။

ထို့နောက်မှာမူ မြင်းကြီးသည် ကျောက်ဘီလူးစံအိမ်ဝင်းကြီးထဲမှ ကဆုန်ချ ပြေးထွက်သွားပြီး ဦးစိုက်ချခြင်း၊ ပတတ်ရပ်လျက်ခါချခြင်း၊ သစ်ပင်ချုံပင် ဆူးပင်တို့နှင့် ခန္ဓာကိုယ်၏ဘေးတို့ကို ပွတ်ချခြင်းတို့ အလီလီအခါခါပြုလုပ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဇာနည့်အား ပြုတ်လွင့်ကျစေရန် မည်သို့မျှ ပြုလုပ်မရသဖြင့် အတန်ကြာသည့်၌ မောပန်းလျက် ခြေကုန်လက်ပန်းကျသွားတော့၏။

မြင်းရိုင်းကြီးမာန်လျော့ကာ ဦးကျိုးကျသွားမှ ဇာနည်က ဇက်ကြိုးကို ကောင်းစွာကစားရင်း ကုန်းမြင့်တစ်ခုထက်ဆီ ဇက်ကုန်ဖွင့်လျက် ပြေးတက်သွားစေလိုက်လေသည်။

ကုန်းမြင့်ထက်ရောက်မှ မြင်းဇက်ကြိုးကို တင်းခနဲဆွဲလိုက်ရာ မြင်းကြီးသည် ပါးစောင်ပြဲသွားပြီး ရှေ့ခြေနှစ်ဖက်ကို မြှောက်လျက် ပတပ်ရပ်လိုက်ကာ အားပါးတရ ဟီလိုက်တော့၏။

'ဟစ် ဟစ် ဟစ်'

ထို့နောက်တွင်မှ ဇာနည်သည် မြင်းကြီးကို နောက်ကြောင်းပြန်လှည့်စေပြီး ကုန်းမြင့်ထက်မှ အသားကျပြန်ဆင်းလာခဲ့ကာ ကျောက်ဘီလူးခြံဝင်းထဲသို့ ဣန္ဒြေမပျက် ပြန်ဝင်လာတော့၏။

ဟေမာန်နှင့် ဗဒင်၊ မောင်ကျေးတို့မှာ ဇာနည်၏ မြင်းစီးကျွမ်းကျင်ပုံကို အားကျကာ ရင်သပ်ရှုမောမဆုံး ဖြစ်နေခဲ့ကြပြီး ဦးဘခက်ကမူ ဒန်းပေါးလ်ဆေးတံကြီးခဲလျက် မိန့်မိန့်ကြီးပြုံးကာ ဇာနည့်ကို သဘောတကျ ကြည့်နေပါတော့သတည်း။

✡



"တောက် ... နောက်ပွင့်တဲ့ရွှေကြာက အရင်တင့်ရတယ်လို့ကွာ"

ခမ်းလွင် တောက်တခတ်ခတ်လုပ်ကာ မကျေမနပ်ဖြစ်လျက် ဗျစ်တောက်ဗျစ်တောက်ပြောရင်း လီမွှော်ခြံထဲ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်ကို ဆိုးက အရက်တစွပ်စွပ် သောက်ရင်း သရော်ပြုံးဖြင့် ပြုံးကြည့်နေလေသည်။

သူ့သရော်ပြုံးကို သတိပြုမိသွားတော့ ခမ်းလွင် ပိုလို့ဒေါသအိုးပေါက်ကွဲသွားတော့၏။

"ဟေ့ကောင် ... မင်းက ဘာသရော်ပြုံး ပြုံးတာလဲကွ"

"ဟား ဟား ဟား ... ဆင်ခေါင်း ခွေးမချီနိုင်ဆိုတာမျိုး မင်းဖြစ်နေတာကို ကြည့်ပြီး ရယ်ချင်ပက်ကျိ ဖြစ်သွားတာပါကွာ ...ဟဲ ဟဲ ဟဲ"

"ဘာ ဘာပြောတယ်ကွ ... ဘယ်လို ဆင်ခေါင်း ခွေးမချီနိုင်တာလဲ"

"ဒီမှာ ခမ်းလွင် ... ငါတို့ရဲ့ဆရာကြီး ရင်ဆိုင်ရမယ့် မရဏာမားနက်ရှင်ဆိုတာ ပေါ့သေးသေးမဟုတ်ဘူးဆိုတာ မင်းတို့

ရ နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ငါတို့ အသိပဲလေကွာ၊ အဲဒီကောင် တကယ်လာပြီး ငါတို့ရဲ့ဆရာကြီးကို လုပ်ကြံသတ်ဖြတ်ရင် ငါတို့ဘက်က ပိုင်ပိုင်နိုင်နိုင် ခုခံကာကွယ်နိုင်ဖို့ မလွယ်ဘူး…ဒါကြောင့် ဇာနည့်လို အစွမ်းအစရှိတဲ့ တိုက်ခိုက်ရေးသမားကောင်းတစ်ယောက်ကို ဆရာကြီးက ခေါ်ထားရမှာပဲကွ''

''အေး … ဘာပဲဖြစ်ဖြစ် နောက်မှခေါ်တဲ့ကောင်ကို ငါတို့ရတဲ့လစာထက် သုံးလေးဆပိုပေးထားတာ၊ သိပ်ပြီး ပစားပေးထားတာတော့ မခံချင်တာအမှန်ပဲကွာ၊ ခုဆို ဆရာကြီးတင်မကဘူး … ဟေမာန်ကပါ အတော်မျက်နှာသာပေးနေပြီကွ''

''ဒါကတော့ကွာ … မင်းတို့ငါတို့ အနားကပ်မရတဲ့ မြူဆီဗလတ်ကို သူက တွေ့တွေ့ချင်းမှာပဲ ဖက်ကြိုးပိုင်ပိုင်ကိုင်ပြီး စီးပြလိုက်နိုင်တာကိုးကွ၊ ဘာပဲဖြစ်ဖြစ် ဇာနည်ဟာ အတော်ကို ထူးခြားထက်မြက်တာတော့ အမှန်ပဲကွ''

''တော်စမ်းပါကွာ … မင်းကပါ အရှူးဘုံမြှောက်လုပ်နေပြန်ပါပြီ … ထွီ''

ဆိုးကတော့ ကြိုးပြတ်နွားသိုးကြီးနှယ် ဒေါသတကြီးဖြင့် ရှူးရှူးရှဲရှဲဖြစ်နေသည့် ခမ်းလွင်ကိုကြည့်ပြီး သဘောကျမဆုံး ဖြစ်နေတော့၏။

''ဟား ဟား ဟား … ခမ်းလွင် ခမ်းလွင် … မင်းက





ဟိုကောင့်ကို ဆရာကြီး ပစားပေးတာထက် ဟေမာန် အရောတဝင်နေတာကို ပိုပြီးကြည့်မရဖြစ်နေတာ မဟုတ်လားကွ … ဟဲ ဟဲ ဟဲ''

''အေး … ဟုတ်တယ်၊ ဟေမာန်ဆိုတာ သူ အပျိုဖော်မဝင်ခင်ကတည်းက ငါက အရိပ်တကြည့်ကြည့်နဲ့ ဂရုတစိုက်ကြည့်နေခဲ့တဲ့ ပန်းလေးတစ်ပွင့်ကွ''

''စိတ်လျှော့ ခမ်းလွင် … စိတ်လျှော့၊ ပြီးတော့ သိပ်လည်း စိတ်ပူမနေစမ်းပါနဲ့ကွာ၊ အဲဒီ ဇာနည်ဆိုတဲ့ကောင်ဟာ မကြာခင်တစ်နေ့မှာ သူ့စရိတ်နဲ့သူ ငယောယုဝကို သွားရတော့မယ့်ကောင်ပါကွ''

''ဘာ … ဘာပြောတယ် ဆိုး … မင်းက ဘာဖြစ်လို့ အဲဒီလို ပြောနိုင်တာလဲကွ''

''မင်းစဉ်းစားကြည့်လေ … ဝံမည်းကြီးလို့ခေါ်တဲ့ ဆရာစိန်ပုလဲတို့၊ ဘက်စုံဆရာကြီးဖေချမ်းတို့ စောင့်ကြည့်နေတဲ့ ကြားက လုံခြုံရေးကင်းတွေကိုပါ ကျော်ဖြတ်ဝင်လာပြီး စပ်ခွန်လှကို လျှပ်တစ်ပြက် လုပ်ကြံသွားနိုင်တယ်ဆိုတာ နည်းနည်းနောနောစွမ်းရည်လား …၊

အဲဒီလောက် စွမ်းရည်ထက်မြက်တဲ့ မရဏာဓားနက်ရှင်ကို ဇာနည်ဆိုတဲ့ကောင် မယှဉ်နိုင်ပါဘူးကွာ၊ အဲဒီ မရဏာဓား



www.burmeseclassic.com

www.burmeseclassic.com



နက်ရှင်ဟာလည်း မကြာခင်တစ်နေ့မှာ ကျောက်ဘီလူးစံအိမ်ကြီးဆီ ရောက်လာမှာပါကွ။ အဲဒီအခါ ဒီမှာ သူ့ရဲကောင်းလူစွာလုပ်နေတဲ့ မင်းရဲ့ဇာနည် ခံနိုင်မလားဆိုတာ ကြည့်ထားလိုက်ကွာ''

ငဆိုး၏စကားအဆုံးတွင် ညိုပုပ်မည်းနေသော ခမ်းလွင်၏မျက်နှာက ဝင်းခနဲလက်သွားသည်။ ပြီးတော့ သူက အားရကျေနပ်စွာဖြင့် လက်ဖျစ်တစ်ချက်တီးလိုက်ကာ . . .

'ဖျောက်'

''ဟုတ်တယ် ငဆိုး . . . မင်းပြောတာ မှန်တယ်ကွ၊ ဇာနည်ဆိုတဲ့ကောင်က မရဏာဓားနက်ရှင်နဲ့ တွေ့ရင်တော့ ခေါင်းပြတ်ပြီး ဇာတ်သိမ်းသွားမှာ သေချာတယ်ကွ''

''ဟဲ ဟဲ ဟဲ . . . မင်း သဘောပေါက်သွားပြီ၊ ဒါကြောင့် မပူပါနဲ့လို့ ငါပြောတာပေါ့၊ မရဏာဓားနက်ရှင်လာရင် အဲဒီကောင် သူ့စရိတ်နဲ့သူ သွားမှာ သေချာသမှ သိပ်သေချာတာပေါ့ကွာ . . . ဟဲ ဟဲ ဟဲ''

✲ ✲ ✲



## ထူးဆန်းသောခေါင်းပြူး

တရုတ်–မြန်မာနယ်စပ်မြို့လေးဖြစ်သော ရွှေဂေါင်မြို့ကလေးမှာ ဗြိတိသျှနယ်ချဲ့အစိုးရ စစ်ပုလိပ်များ၏ အာဏာလက်တံ မရောက်နိုင်သည့် နယ်စွန်နယ်ဖျားဒေသဖြစ်နေသောကြောင့် လားမသိ။ ဒုစရိုက် အလုပ်မျိုးစုံဖြင့် အသက်မွေးကြသော ဒုစရိုက်သမားများ ခြေချင်းလိမ်ကာ ဘိန်းရောင်းဝယ်ခြင်း၊ အပျော်မယ်တို့နှင့် စိတ်ကြိုက်ပျော်ပါးခြင်း၊ လောင်းကစားဝိုင်းများ ဟည်းနေအောင် ထူထောင်ခြင်းတို့ကို စိတ်ထင်တိုင်းပြုလုပ်လျက်ရှိလေသည်။

ဒုစရိုက်သမားများဆုံရာအရပ်မို့ အချင်းချင်း ဖျံကျခြင်း၊ ဓားပြတိုက်ခြင်းတို့ကိုလည်း လျှင်လျှင်လျှင်သလို ပြုလုပ်လေ့



www.burmeseclassic.com

www.burmeseclassic.com



ရှိရာ ဒုစရိုက်သမားတစ်ဦးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ပြဿနာများရှင်းကြရာမှ မကြာခဏ လူသတ်မှု၊ ဓားထိုးမှုတို့ ဖြစ်ပေါ်လေ့ရှိလေ၏။

သို့သော် ဥပဒေနှင့် အလှမ်းဝေးကွာလွန်းသောအရပ် ဖြစ်သဖြင့် ယင်းဓားထိုးမှု၊ လူသတ်မှုတို့ကို ထိထိရောက်ရောက် အရေးယူမည့် အာဏာပိုင်အဖွဲ့အစည်း မရှိချေ။

စင်စစ် ဒုစရိုက်လောက၏ ဗိုလ်တကာ့ဗိုလ်တို့ ကျင် လည်စိုးမိုးရာအရပ်ဖြစ်သဖြင့် လျှင်သူစားစတမ်းဆိုသလို ဦးသူက လက်ရဲဇက်ရဲ သတ်ဖြတ်နေကြရာ မင်းမဲ့စရိုက်ဆန်သည့်အရပ် ဟု ဆိုနိုင်ပေ၏။

ယင်းအရပ်ဒေသမှ ဗိုလ်တကာ့ဗိုလ်ထိပ်သီးဟု ဆိုရမည့် သူမှာ မြို့လယ်တွင် ကြီးမားသည့်လောင်းကစားဝိုင်းကြီးကို ထူ ထောင်ထားသော ဝံမည်းကြီး ခေါ် စိန်ပုလဲပင်ဖြစ်ပါ၏။

စိန်ပုလဲသည် နမ့်တူဒေသ၌ ဘော်တွင်းတစ်တွင်း ပိုင် ဆိုင်သူဖြစ်သော်လည်း ယင်းဘော်တွင်းမှာ သူ၏ အယောင်ပြ လုပ်ငန်းသာ ဖြစ်ပေ၏။

သူ၏ တကယ့်စီးပွားရေးလုပ်ငန်းမှာ တရုတ်–တိဗက် ဒေသတို့မှ ကုန်ရောင်းကုန်ဝယ်လာသူများကို သူ၏ လောင်း ကစားဝိုင်းတွင် အချဉ်ဖမ်းလျက် အပြုတ်နှာခြင်းပင် ဖြစ်ပါ၏။





စိန်ပုလဲသည် ဤဒေသဝန်းကျင်၌ နာမည်တစ်လုံးနှင့် နေသော လူမိုက်ဆိုသူတို့ကို ငွေဖြင့်စည်းရုံးထားလျက် သူ၏ လောင်းစကားဝိုင်းတွင် ဝိုင်းစောင့်လုံခြုံရေးအဖြစ် တာဝန်ထမ်း ဆောင်စေခဲ့လေ၏။

ယနေ့ကျင်းပမည့် လေးကောင်ဂျင်ဝိုင်းကို ဦးဆောင်သူ မှာ စိန်ပုလဲ၏ စတုတ္ထမြောက်မယား စန်းစီမေသဲဖြစ်၏။

သူမ၏ မူရင်းအမည်က ခင်မေသဲဖြစ်သော်လည်း တရုတ်ထောင်ကဲကြီးများနှင့် ကျင်ဖဲကစားသည့်အခါ တရုတ်လို စန်းစီခုနစ်ပွင့်မှ ထိုင်စောင့်ကစားလေ့ရှိသဖြင့် ထောင်ကဲကြီးတို့က စန်းစီမေသဲဟု နောက်ပြောင်ခေါ် ဝိုကြိုဟ်ပြုရင်း စန်းစီမေသဲ အမည်တွင် နေခြင်းဖြစ်သည်။

စန်းစီမေသဲသည် တရုတ်–မြန်မာကပြားမလေးဖြစ်ကာ သွက်လက်ချက်ချာလှသော လုံးကြီးပေါက်လှ မိန်းမချောလေး ဖြစ်၏။

လောင်းကစားဝိုင်းကို ပုလဲနဂါးစားသောက်ဆိုင်ကြီး၏ အပေါ်ထပ်တွင် ပွဲကြီးဆင်ရင် ကျင်းပလျက်ရှိခြင်းဖြစ်သည်။

ပုလဲနဂါးစားသောက်ဆိုင်ကြီး၏ပိုင်ရှင် စိန်ပုလဲခေါ် ဝံမည်းကြီးမှာ . . . ဂျင်ဝိုင်းကို အပေါ်မှစီးမိုးမြင်နိုင်သည့် အထက် ဆင့်တစ်ခု၌ ကြိမ်ကုလားထိုင်အဝိုင်းကြီးဖြင့် ထိုင်ရင်း တရုတ်



www.burmeseclassic.com

www.burmeseclassic.com



ဝီစကီကိုမော့လိုက်၊ အနီးရှိစားပွဲခုံပုလေးပေါ်မှ ဘဲကင်တစ်ဖတ် မြည်းလိုက်၊ ကြက်ခွေးတောက်ဟင်းချိုကို ခပ်သောက်လိုက်၊ ကိုက်လံကြော်ကို ဝါးလိုက်ဖြင့် ဇိမ်ကျနေရင်း သူ့စတုတ္ထမယား လေး စီးပွားရှာနေသည်ကို သဘောတကျ ကြည့်လျက်ရှိလေ၏။

စိန်ပုလဲအနေဖြင့် ယခုလို စည်းစိမ်ချမ်းသာကြွယ်ဝ သည့်ဘဝမျိုးကို ရောက်ရှိခဲ့လိမ့်မည်ဟု ဘယ်သောအခါကမျှ စိတ်ကူးမယဉ်ခဲ့ဖူးချေ။

ယခုတော့ သူ အိပ်မက်မမက်ဝံ့သောဘဝသို့ ရောက်ကာ စည်းစိမ်ရှင်လူချမ်းသာကြီး ဖြစ်နေရသည်ကို သူ့ကိုယ်သူ မယုံ နိုင်အောင်ဖြစ်ပြီး သဘောအကျကြီးကျလျက် ရှိပေသည်။

တရုတ်ပြည်နယ်စပ်ဘက်မှ ဝင်ရောက်လာသည့် ကုန် သည်လော်ပန်များ ဝိုင်းအုံဝင်ထိုးနေသည့် လေးကောင်ဂျင်ဝိုင်း မှာ ညဦးနက်လာသည်နှင့်အမျှ အရှိန်ကောင်းသည်ထက် ကောင်း လာပြီဖြစ်၏။

ဝိုင်းသက်ကြာလေ ဒိုင်စားများလေဖြစ်ကာ စန်းစီမေသဲ ၏ဘေးမှ ဒိုင်အကူမှာ ငွေစက္ကူအထပ်လိုက်ကို သိမ်းမနိုင် ဖြစ် နေတော့၏။

ဒိုင်ကိုင်သည့် စန်းစီမေသဲအဖို့ ယနေ့ညကံဇာတာ ဆန်း လာဘ် အတော်တက်နေကာ ဒိုင်လျော်ထက် ဒိုင်စားကများနေရာ





စိန်ပုလဲမှာ လှမ်းကြည့်အကဲခတ်ရင်း သဘောအကျကြီးကျနေ တော့၏။

ယင်းသို့ ပွဲကောင်းနေသည့်အချိန်မှာပင် ဆံပင်ဖြူဖြူ ရှည်ဖားဖား ညှဉ်းသိုးသိုးနှင့် ခါးကိုင်းကိုင်းလူကြီးတစ်ဦးသည် အဝတ်အိတ်ကြီးတစ်အိတ်ကို စလွယ်သိုင်းလွယ်ရင်း ဆိုင်အပေါ် ထပ်သို့ တက်လာကာ ကစားဝိုင်းဆီ မျက်မှောင်ကြီးကုတ်ကြည့် လိုက်လေသည်။

ကစားဝိုင်းကျင်းပရာကြမ်းပြင်ထက် တစ်ဆင့်မြင့်သော အထက်ဆင့်ကြမ်းပြင်တွင် ကြိမ်ကုလားထိုင်ကြီးကို ခပ်လျော့ လျော့ ကျောမှီထိုင်နေသည့် စိန်ပုလဲက ဝီစကီဖန်ခွက်ကို ကိုင် ထားရင်းမှ ဆံပင်ဖြူဖြူနှင့်လူကြီးကို အကဲခတ်ကြည့်နေလိုက်၏။

မျက်နှာရှည်ရှည်နှင့် ထိုလူကြီးသည် ဟောင်းနွမ်းသော အပြာနုရောင် တရုတ်ဘောင်းဘီရှည်ပွပွနှင့် အင်္ကျီလက်ရှည်ပွပွ တို့ကို ဝတ်ဆင်ထားပြီး အသက်အတော်ကြီးပုံရလေရာ ကစား ဝိုင်းတွင် ဝင်ရောက်ကစားနေကြသည့် တရုတ်ထောင်ကဲများ၊ လော်ပန်များနှင့် အသွင်အပြင်သားနားမှုချင်း ဗီလာဆန့်ကျင်နေ သောကြောင့် ဝိုင်းဘေးနား၌ရပ်နေသည့် စိန်ပုလဲ၏တပည့် လုံခြုံ ရေးတို့က မောင်းထုတ်ရန် သူ့ဆီလျှောက်လှမ်းသွားကြလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စလဲ"

လုံခြုံရေးတစ်ဦးက ခပ်မာမာလေသံဖြင့်မေးလိုက်ရာ ထိုလူကြီးက သူ၏အဝတ်အိတ်ထဲမှ ငွေစက္ကူတစ်ထပ်ကို ထုတ်ယူလိုက်ပြီး . . .

"ဂျင်ဝိုင်းကိုလာတာ ဘာကိစ္စအတွက် လာရမှာလဲ၊ ဂျင်ကစားမလို့ပေါ့ကွ"

ဟုပြောကာ ရှေ့မှပိတ်ဆီးရပ်နေသည့် လုံခြုံရေးနှစ်ဦးကို ပခုံးဖြင့်ဝင်တိုက်ပြီး ကစားဝိုင်းဆီ ခပ်တည်တည်လျှောက်လှမ်းသွားတော့၏။

ထိုစဉ် ဂျင်ဝိုင်းမှ ငွေကုန်သံပြာဖြစ်သွားသည့် ကုန်သည်တစ်ဦးမှာ မျက်နှာရှုံ့မဲ့လျက် ထထွက်လာရာ ထိုသူ၏နေရာတွင် ဆံပင်ဖြူဖြူနှင့်လူကြီးက အကျအန ဝင်ထိုင်လိုက်တော့၏။

စန်းစီမေသဲက နောက်တစ်ပွဲစရန် ဂျင်ကို လက်ဖြင့်လှည့်လိုက်ပြန်ရာ မွှတ်နေအောင်လည်နေသည့်ဂျင်ကို ထိုးသားအားလုံးက အာရုံစူးစိုက်ကြည့်လျက် ရှိကြတော့သည်။

ဂျင်လေးမှာ အရှိန်အဟုန်ဖြင့် လည်နေရာမှ တဖြည်းဖြည်း အရှိန်ပျော့လာပြီး လဲလုလုဖြစ်လာစဉ်မှာပင် စန်းစီမေသဲက ငွေခွက်လေးဖြင့် အုပ်ထည့်လိုက်တော့၏။

ထိုအခါမှ ထိုးသားအားလုံးလိုလိုမှာ စားပွဲကြမ်းပြင်နား





သို့ နားတစ်ဖက်ကပ်ကာ ဂျင်လည်သံကို နားစွင့်လိုက်ကြတော့သည်။

ဂျင်လည်သံရပ်သွားသည်နှင့် စန်းစီမေသဲ၏ အသံစူးစူးလေး ထွက်ပေါ်လာတော့၏။

"ကဲ . . . ထိုးနော် ထိုး၊ ကြိုက်ထိုး ကြိုက်ခံပဲ"

ထိုးသားများလည်း မိမိနှစ်သက်ရာ အကွက်များပေါ်သို့ ငွေစက္ကူများချကာ စိတ်ကြိုက်ထိုးကြတော့သည်။ များသောအားဖြင့် ကျားအကွက်မှာ ထိုးကြလေသည်။

ဆံပင်ဖြူဖြူနှင့်လူကြီးကမူ ဗက်အကွက်၌ အင်္ဂလိပ်ငွေစက္ကူတစ်ထပ်ကို ချထိုးလိုက်ရာ ငွေမှာ အတော်များသဖြင့် အားလုံး မျက်ခုံးပင့်ကြည့်လိုက်မိကြတော့၏။

"ကဲ . . . လက်ရှောင် လက်ရှောင် . . . ဖွင့်မယ် ဖွင့်မယ်"

စန်းစီမေသဲက အသံစူးစူးလေးဖြင့် အော်လိုက်ရင်း ငွေဖလားလေးကို ဖွင့်လိုက်ရာ . . .

"ဟာ . . . ဝက်ကုံးဟ"

"ဟိုက် . . . သွားပါပြီကွာ"

အစားခံရသည့်ထိုးသားတို့ ညည်းညူကြသလို ဒိုင်လုပ်သူ စန်းစီမေသဲမှာလည်း ထိုးကြေးအများဆုံးဖြစ်သည့် ဆံပင်ဖြူဖြူ



www.burmeseclassic.com

www.burmeseclassic.com



နှင့်လူကြီးကို နင့်နေအောင်လျော်ရသဖြင့် မျက်နှာချောချောလေးမှာ တင်းခနဲဖြစ်သွားရတော့၏။

တကယ်တော့ စန်စီမေသဲမှာ လောင်းကစားသမားမိဘတို့မှ မွေးဖွားကြီးပြင်းလာသူမို့ ဂျင်ဝိုင်းထဲမှဂျင်လို ဂျင်ခြေလည်သူလေးဖြစ်ပါ၏။

သူမလှည့်လိုက်သည့်ဂျင်လေး နောက်ဆုံး အရှိန်သေကာ လဲကျလုလုတွင် ပေါ်နေသည့်အကောင်ကို မြင်လိုက်ရသောထိုးသားက ထိုအကောင်ပေါ်မည်မှာ သေချာသည်ဟုတွက်ကာ ပုံအောထိုးလို့ကတော့ အစားခံရပြီသာမှတ်။

မည်မျှကျွမ်းကျင်သူဖြစ်ဖြစ် ပေါက်ကောင်ဖွင့်ပါက ဘယ်အကောင်ကျမည်ဟု လုံးဝမပြောနိုင်အောင် အုပ်ဖွင့်ကျွမ်းကျင်သူမှာ စန်စီမေသဲပင်ဖြစ်၏။

အချို့ဂျင်သမားကြီးများက စန်စီမေသဲသည် သူမကြိုက်သည့်အကောင်ပေါ်အောင် အုပ်ဖွင့်နိုင်သူဟု ပြောစမှတ်ပြုရသည်အထိ သူမသည် ပါရဂူမြောက်ကျွမ်းကျင်သူလေးဖြစ်၏။

သို့သော် ယခုညမှာမူ မည်သို့ဖြစ်မှန်းမသိ သူမက ငွေခွက်လေးကို လက်ကစားပြီး သူမ,ပေါ်လိုသည့်အကောင်ဖြစ်ရန် ကြိုးစားဖွင့်သော်လည်း တကယ်တမ်း အုပ်ဖွင့်လိုက်သောအခါ ဆံပင်ဖြူဖြူနှင့်လူကြီး ပုံအောထိုးသည့်အကောင်သာ





ပေါက်ကောင်ဖြစ်နေတော့၏။

ထိုအခါ ဒိုင်ဖြစ်သည့် စန်စီမေသဲမှာ အခြားထိုးသားတို့ထံမှ နည်းနည်းသာစားရပြီး ဆံပင်ဖြူဖြူနှင့်လူကြီးကို တနင့်တပိုး အလျော်ကြီးလျော်နေရရာ သူမသည် ချွေးပင်ပြန်လာပြီး မျက်နှာလည်း အကြီးအကျယ်ပျက်လာတော့သည်။

နောက်ပိုင်းအချီများတွင် ထိုးသားများက ဆံပင်ဖြူဖြူလူကြီးထိုးသည့် အကွက်မှာ ဝိုင်းပြုံထိုးကြရာ ဒိုင်မှာအထိနာတော့၏။

"ဟိုက် … ရှော … ရှော … ငါးရှဉ့်ပေါ်လာပါလားဟ"

နောက်ဆုံးတွင် စန်စီမေသဲမှာ ဒဏ်မခံနိုင်တော့ဘဲ (Warning) ခေါ်ကာ ဝိုင်းသိမ်းလိုက်ရတော့၏။

ပထမပိုင်းရှုံးနေသည့် ထိုးသားအချို့မှာ ရှုံးထားသည့်ငွေအတော်များများ ပြန်ရသဖြင့် ပြုံးပျော်သွားကြသလို ဆံပင်ဖြူဖြူနှင့်လူကြီး၏ အဝတ်အိတ်ကြီးမှာလည်း ငွေစက္ကူများဖြင့် ဖောင်းကားနေတော့သည်။

ထို့နောက်မှာတော့ ဆံပင်ဖြူဖြူနှင့်လူကြီးသည် သူ၏အဝတ်အိတ်ကြီးကို ပြင်လွယ်လိုက်ပြီး ဆိုင်အပေါ်ထပ်မှဆင်းကာ ပုလဲနဂါးစားသောက်ဆိုင်ကြီးထဲမှ ထွက်သွားပါတော့၏။

ဤတွင် အခြေအနေအရပ်ရပ်ကို စောင့်ကြည့်အကဲခတ်



www.burmeseclassic.com

www.burmeseclassic.com



နေသည့် စိန်ပုလဲက လုံခြုံရေးတာဝန်ယူထားကြသည့် သူ၏ တပည့်လူမိုက်တို့ကို မျက်ရိပ်ပြလိုက်တော့သည်။

ထိုအခါ လုံခြုံရေးလေးဦးသည် အတွင်းခန်းထဲသို့ အလျို အလျို ဝင်ရောက်သွားကြပြီး လုံခြုံရေးဝတ်စုံတို့ကို အခြား အဝတ်အစားများနှင့် လဲလှယ်ဝတ်လိုက်ကြကာ သားမွေးဆွယ် တာ ခေါင်းစွပ်များဆောင်းလျက် ဆိုင်နောက်ဘက်ရှိ အရေး ပေါ်လှေကားမှ ဆင်းသွားကြတော့၏။

မကြာမီမှာပင် ဆံပင်ဖြူဖြူနှင့်လူကြီး အေးအေးဆေး ဆေးလျှောက်လှမ်းလာရာ မြို့လယ်လမ်းကွေ့တစ်ခုတွင် သိုးမွေး ဆွယ်တာခေါင်းစွပ်အနက်များကို မျက်နှာဖုံးစွပ်ထားသည့် လူ လေးဦး ဘွားခနဲ ပေါ်လာကြပါတော့သည်။

ခေါင်းစွပ်နက်တစ်ဦးက စတီးဓားမြှောင်တစ်ချောင်းကို ထုတ်လိုက်ပြီး ခပ်အုပ်အုပ်အသံဖြင့် ခြိမ်းခြောက်လိုက်တော့၏။

"ဟေ့ လူကြီး ... ခင်ဗျားရဲ့ အဲဒီအိတ်ကြီး ပေးစမ်း"

ဆံပင်ဖြူဖြူနှင့်လူကြီးက လမ်းဘေးဝဲယာမှအိမ်အား လုံး မှောင်မည်းတိတ်ဆိတ်နေသည့် လူသူရှင်းလင်းသော ညဥ့်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့် အကဲခတ်လိုက်ပြီးနောက် ခါးထောက်လျက် အားရပါးရ ရယ်လိုက်လေသည်။

"ဟား ဟား ဟား ... ဟေ့ကောင်တွေ ... ခေါင်း





စွပ်နက်တွေ ဘာတွေစွပ်ပြီး ရုပ်ဖျက်မနေကြပါနဲ့ကွ၊ မင်းတို့ဟာ ဝံမည်းကြီးရဲ့တပည့်တွေမှန်း ငါသိပါတယ်၊ ဝံမည်းကြီးနဲ့ သူ့ အပျော်မယားက လူတွေကိုလိမ်ပြီး ဂျင်ကစားတယ်၊ အဲဒီလို လိမ်ကစားလို့မှ မနိုင်ရင် တပည့်လူမိုက်တွေကို ခွေးလိုလိုက်ကိုက် နိုင်းပြီး နိုင်သွားတဲ့သူတွေဆီက လုယက်ခိုင်းတယ် ... ဟုတ် တယ်မဟုတ်လား၊ အေး ... ဒီပြင်လူကို အဲဒီလိုလုပ်လို့ရရင် ရမယ်၊ ငါ့ကိုတော့ အဲဒီလိုလုပ်လို့မရဘူးလို့ မင်းတို့ရဲ့ဆရာ မိစ္ဆာကောင်ဝံမည်းကြီးကို ပြောလိုက် ... ကြားလား"

"တောက် ... လူပါးဝလို့ကွာ၊ ဟေ့ကောင်တွေ ချ"

ဓားသမားက သူ့လူများကို ဆော်ဩလိုက်ပြီး သူကိုယ် တိုင် ဓားမြှောင်ဖြင့် လျှပ်တစ်ပြက် ဝင်ထိုးတော့၏။

'ဝုစ်'

သို့သော် ဆံပင်ဖြူဖြူနှင့် လူကြီးက ကိုယ်ကို နံဘေးသို့ တိမ်းကာ လှပစွာရှောင်လိုက်ပြီး ဓားကိုင်လက်ကိုဖမ်းဆုပ်လျက် ဆွဲမြှောက်လိမ်ချိုးလိုက်၏။ ပြီးလျှင် ပခုံးနှင့်ထမ်းကာ ကိုင်ပေါက် လိုက်တော့သည်။

'ဖုန်း'

"အား"

ထို့နောက်မှာမူ နောက်လူသုံးဦးကို မိုးကြိုးလျှပ်ပြက်သလို



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းတမ်းမြန်ဆန်စွာ တိုက်ခိုက်တော့ရာ လွန်စွာဗလကောင်းသည့်အပြင် တိုက်ခိုက်ရေးအတတ်ပညာမျိုးစုံ တတ်မြောက်ကျွမ်းကျင်ထားသည့် ခေါင်းစွပ်နက်သုံးဦးမှာ ထိထိရောက်ရောက် တုံ့ပြန်တိုက်ခိုက်နိုင်ခြင်းမရှိဘဲ ခဏအတွင်းမှာပင် အရုပ်ကြိုးပြတ် လဲကျလျက် မြေပြင်ပေါ်တွင် ဒဏ်ရာဒဏ်ချက်ကိုယ်စီဖြင့် အော်ဟစ်ညည်းတွား လူးလွန့်နေကြတော့၏။

ထိုအခါမှ ခေါင်းဖြူဖြူနှင့်လူကြီးသည် မြေပြင်ပေါ် လူးလိမ့်ညည်းညူနေသော လက်ကျိုးသွားရှာသည့် ဓားသမား၏ အနီးတွင် ဒူးတစ်ဖက်ထောက်ထိုင်လိုက်ပြီး သူ၏အဝတ်အိတ်ကြီးထဲမှ ကတ္တီပါစအနီဖြင့် ပတ်ထုပ်ထားသည့် အရာဝတ္ထုတစ်ခုကို ထုတ်ယူလိုက်ကာ ...

"ဟော့ကောင် ... ဒီမှာ မင်းရဲ့ဆရာကြီး ဝံမည်းကောင်ကို ငါက လက်ဆောင်ပေးခဲ့တယ်လို့ပြောပြီး ဒီအထုပ်ကို ပေးလိုက် ... ဟုတ်ပြီလား"

ဟု ခက်ထန်စွာပြောလိုက်ရာ လက်ကျိုးနေသူမှာ စောဒကမတက်ဝံ့ဘဲ ...

"ဟုတ် ဟုတ်ကဲ့"

ဟု အသံတုန်တုန်ဖြင့်ပြောကာ ရှည်မျောမျော ထိုကတ္တီပါ အဝတ်ထုပ်ကို လက်ခံယူလိုက်ရတော့၏။





ခဏအကြာမှာမူ ခေါင်းဖြူဖြူနှင့်လူကြီးမှာ အမှောင်ထုထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားပါတော့သတည်း။

✹

"ဘာ ... လေးယောက်တစ်ယောက်ကို မင်းတို့ခံလာရတယ် ... ဟုတ်လား၊ လက်ကျိုးတဲ့ကောင်ကကျိုးနဲ့ အလဲအကွဲခံရတယ်၊ သေလိုက် ... တောင်ဇံခြေသချိုင်းမှာသာ သွားသေလိုက်ကြ၊ တောက် ... ရာဇဝင်ရိုင်းလိုက်လေကွာ၊ ခါးကုန်းနေတဲ့ အဘိုးကြီးအိုကို ဓားမြှောင်တွေပါသွားလျက်နဲ့ နိုင်အောင်မတိုက်နိုင်ဘူးရယ်လို့ ... လဲသာသေလိုက်ကြ"

ပုလဲနဂါးဆိုင်အပေါ်ထပ်တွင် လောင်းကစားဝိုင်းသိမ်းပြီးပြီမို့ လူသူရှင်းကာ စိန်ပုလဲနှင့် သူ့တပည့်များသာ ရှိနေ၏။ ဒဏ်ရာဒဏ်ချက်ကိုယ်စီဖြင့် သူ့ရှေ့မှာ တန်းစီရပ်နေကြသူများကို ဒေါသတကြီး စေ့စေ့ကြည့်လိုက်၊ လူးလားခေါက်တုံ့ လျှောက်လှမ်းလိုက်ဖြင့် ဒေါသအိုးပေါက်ကွဲနေသည့် စိန်ပုလဲကို တပည့်ကျော်တို့က စောဒကတက်ရန် ကြိုးစားလိုက်ကြ၏။

"မ မဟုတ်ဘူး ဆရာကြီး ... အဲ အဲဒီလူက တိုက်ရည်



www.burmeseclassic.com

www.burmeseclassic.com



နိုက်ရှည် မတရားကောင်းလို့ ကျွန်တော်တို့ ခံလိုက်ရတာပါ''

''ဟုတ် ဟုတ်တယ် ဆရာကြီး ... သူ့လောက်မြန်တဲ့ တိုက်ခိုက်ရေးသမားမျိုး ကျွန်တော် မကြုံဖူးဘူး''

''တော်စမ်းပါကွာ ... ကိုယ့်ညံ့လို့ခံခဲ့ရင် ခံခဲ့ရတယ်ပေါ့၊ ဆင်ခြေဆင်လက်တွေ ပေးမနေနဲ့ ... ထွီ''

ပြောသာပြောရသည် စိန်ပုလဲကိုယ်တိုင်က သူ၏ လက်ရွေးစင်တပည့်လေးဦး ခံလာရသည်ဆိုခြင်းအတွက် စိတ်ထဲမှာ အတော်အံ့အားသင့်နေမိ၏။

သူ ကြေးကောင်းကောင်းပေးပြီး လုံခြုံရေးသက်တော်စောင့်များအဖြစ် ခန့်အပ်ထားသည့် သံမဏိမျိုးဝင်း၊ မားဝင်းဖေ၊ စိန်လက်သီးကြည်စိုး၊ ကွန်ဖူးဖြိုးလူတို့မှာ ဤနယ်စပ်ဝန်းကျင်တွင် အတိုက်အခိုက် အသတ်အပုတ် ထူးချွန်သူများအဖြစ် ကျော်ကြားသူများဖြစ်ကြ၏။

သူတို့ကို ပုလဲနဂါးမှာ လုံခြုံရေးတာဝန်ပေးထားသည့်နေ့မှစ၍ နယ်ခံလူမိုက်အုပ်စုများ၊ နယ်ကျော်လူမိုက်အုပ်စုများမှာ ပုလဲနဂါး၌ လာပြီး ပြဿနာမရှာရဲကြတော့။

သွေးတိုးစမ်းသည့် သုံးလေးပွဲမှာတင် သူတို့လေးဦး၏ အစွမ်းကို မြည်းစမ်းဖူးလိုက်ကြသဖြင့် နောက်ထပ် သွေးတိုးမစမ်းရဲကြတော့ချေ။

ရု နစ် စဦ ကြယ် တ ပေ



စိန်ပုလဲမှာ သူကိုယ်တိုင်လည်း တိုက်ခိုက်ရေးသမားကောင်းဖြစ်သဖြင့် သူ့တပည့်လေးဦး၏အစွမ်းကို နားလည်၏။ ယုံ၏။

ထိုသို့ သူလွန်စွာအားထားသည့် သူ့တပည့်လေးဦးကို လက်နက်မဲ့ အနိုင်ယူတိုက်ခိုက်လိုက်သည့် ဆံပင်ဖြူဖြူနှင့် လူသည် မည်သို့သောလူမျိုးများပါလိမ့်ဟု စဉ်းစားမရဖြစ်နေတော့သည်။

''အဲ ... အဲဒီလူကြီးက ဆရာကြီးကို ပေးဖြစ်အောင် ပေးလိုက်ပါဆိုပြီး လက်ထဲထည့်ခဲ့တဲ့ လက်ဆောင်ပစ္စည်းပါ ဆရာကြီး''

''ဘာ ... သူကများ ငါ့ကို လက်ဆောင်ပေးခဲ့တယ် ... ဟုတ်လား၊ ဖြည်စမ်း ... အဲဒီအထုပ်ကို သင်းကများ ရာရာစစ ငါ့ကို လက်ဆောင်ပေးခဲ့ရတယ်လို့''

စိန်ပုလဲ၏အမိန့်ရသည်နှင့် ကွန်ဖူးဖြိုးလူက အနက်ရောင်ဖဲကြိုးဖြင့် ရစ်ပတ်ထားသည့် ကတ္တီပါအနီစအထုပ်ကို ဖြည်လိုက်တော့သည်။

ကတ္တီပါအနီရောင်စထဲမှ ထွက်ပေါ်လာသည်က အနက်ရောင် သစ်သားဓားမြှောင်တစ်စင်းပဲ ဖြစ်ပါ၏။

''ဟင် ...မ မရဏာဓားနက်ပါလား''

ရု နစ် စဦ ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



စိန်ပုလဲ၏ မျက်နှာမည်းမည်းကြီးမှာ ပို၍မည်းနက်သွားတော့၏။ သူ၏နဂိုပြူးနေသော မျက်လုံးတို့ ပိုလို့ပြူးသွားကြသည်။

သူ၏အမူအရာက လွန်စွာအံ့အားသင့်လျက် မယုံနိုင်အောင် ခံစားရပြီး ဆောက်တည်ရာမရအောင် တုန်လှုပ်ချောက်ချားသွားပုံမျိုး ဖြစ်သည်။

ယခုတစ်လော ဟိုးလေးတကျော် နာမည်ကြီးနေသည့် မရဏာခါးနက်ကို မမြင်ဖူးကြသော ခါးဝင်းဖေတို့လူစုမှာ စိန်ပုလဲ၏လက်ထဲမှ သစ်သားခါးနက်လေးကို ငြိုဟ်ကမ္ဘာတစ်ခုမှ လာသည့် ထူးဆန်းအံ့ဖွယ်ပစ္စည်းနှယ် ဝိုင်းအုံကြည့်လိုက်ကြ၏။

အသွားရောအရိုးပါ ရှစ်လက်မခန့်ရှိသော အနက်ရောင်သစ်သားခါးလေးမှာ ထုဆစ်ထားပုံ လွန်စွာလက်ရာမြောက်လှပြီး ခါးရိုးတွင် အရိုးခေါင်းပုံထွင်းထုထားသည်ကို တွေ့ရလေသည်။

ယင်းခါးနက်လေးနှင့်အတူ စာရွက်တစ်ရွက်ကိုပါ တွေ့ရကာ ယင်းစာရွက်ပေါ်၌ ရေးဆန်ဆန်လက်ရေးဖြင့် ရေးထားသည့် အောက်ဖော်ပြပါ စာပိုဒ်ကို တွေ့ရပေ၏။

*လာမည့်တပို့တွဲလကွယ်နေ့ ညသန်းခေါင်ယံမှာ သင့်ထံ သွေးကြွေးတောင်းဖို့လာမည်။*

*မရဏာခါးနက်ရှင်*

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com



"တောက် ... လက်စသတ်တော့ စောစောက ခေါင်းဖြူဖြူနဲ့လူကြီးဟာ ငါ့မိတ်ဆွေတွေကိုသတ်သွားတဲ့ မရဏာခါးနက်ရှင်ပါလားကွ ... ဟေ၊ အတော်အတင့်ရဲပါလား"

"ဟုတ်တယ် ဆရာကြီး ... ဒီလိုမှန်းသိ ကစားဝိုင်းမှာကတည်းက အပြတ်ရှင်းလိုက်ပါရဲ့ဗျာ"

"တော်စမ်းပါကွာ ... ခုတောင် မင်းတို့ခံလာရပြီမဟုတ်လား၊ ဘာပဲဖြစ်ဖြစ် အဲဒီမိစ္ဆာကောင်ကို လွှော့တွက်လို့မရတော့ဘူးကွ၊ ငါ့ကိုပါ ခြိမ်းခြောက်လာပြီ၊ မဖြစ်ဘူး ... လာမယ့်လကွယ်နေ့မှာ တစ်နေ့လုံးဆိုင်ပိတ်ထားပြီး လွယ်ဂျယ်ဘက်က ငါ့ရဲ့တပည့်ဟောင်းတွေပါ ခေါ်ပြီး အားဖြည့်ထားရမယ်"

"ဆရာကြီး အဲဒီမရဏာခါးနက်ရှင်နဲ့ ဆရာကြီး ဘယ်လိုပတ်သက်ခဲ့လို့ သွေးကြွေးတောင်းဖို့လာမယ်လို့ ခြိမ်းခြောက်ရတာလဲ"

စိန်ပုလဲ၏တပည့်ရင်း လူမိုက်စိန်လက်သီးကြည့်စိုးက မေးလိုက်ရာ စိန်ပုလဲက အံကြိတ်လျက် ခေါင်းကိုပဲ ယမ်းခါပြလိုက်လေသည်။

"သူနဲ့ ငါတို့မိတ်ဆွေတစ်စုရဲ့ အတိတ်အကြောင်းကို ဘယ်သူ့မှမပြောနိုင်ဘူး၊ အေး ... မင်းတို့သိထားဖို့က ဒီကောင်

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ဟာ ငါ့ရဲ့အရေးအကြီးဆုံးရန်သူပဲ၊ သူ့ရဲ့စွမ်းရည်ဟာ ဘယ်လောက်ကြောက်စရာကောင်းသလဲဆိုတာ မင်းတို့လက်တွေ့ပဲ၊ ဒီတော့ ဒီနေ့ကစပြီး ငါ့ရဲ့လုံခြုံရေးအတွက် မင်းတို့ သတိဝီရိယ အပြည့်နဲ့ အာရုံစိုက်ထားကြရမယ် ...၊

ဝင်းဖေနဲ့မျိုးဝင်းတို့ကတော့ ဒဏ်ရာကုရင်း အနားယူကြ ကြည့်စိုး ... မင်းနဲ့ဖြူးလူက ဦးဆောင်ပြီး လုံခြုံရေးအတွက် မလစ်ဟာရအောင် စီစဉ် ... ကြား လား''

''ဟုတ်ကဲ့ ဆရာကြီး ... စိတ်ချပါခင်ဗျ''

✲

သူ၏မိတ်ဆွေဟောင်းကြီး' စိန်ပုလဲ (ခေါ်) ဝံမည်းကြီးထံမှ ပေးပို့လိုက်သည့်ကြေးနန်းစာကို ဖတ်မိသည့်အချိန်မှစ၍ ကျောက်ဘီလူးဘခက် (ခေါ်) ဦးဘခက်မှာ စိတ်လှုပ်ရှား ဂနာမငြိမ်ဖြစ်လျက် ရှိတော့သည်။

ကြေးနန်းစာမှာ တိုတိုလေးသာဖြစ်၏။ ယင်းကြေးနန်းစာအပြည့်အစုံမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။





ဘခက်...

လာမယ့်တပို့တွဲလကွယ်ညမှာ ဓားနက် ငါ့ဆီလာတော့မယ်၊ မင်း လာဖို့မလို။

ဝံမည်း

အထက်ပါကြေးနန်းအရ သူ၏မိတ်ဆွေဟောင်းကြီး စိန်ပုလဲထံသို့ မရဏာဓားနက်ရှင်က ရာဇသံနှင့်အတူ သစ်သားဓားနက်လေးကို သေမင်း၏စိန်ခေါ်သံအဖြစ် ပို့ပြီးဖြစ်ပုံရ၏။

စိန်ပုလဲ (ခေါ်) ဝံမည်းကြီးက ဝေးလံသောခရီးမို့ သူ့ကို လာဖို့မလိုကြောင်း မရဏာဓားနက်ရှင်နှင့် လာမည့်တပို့တွဲလကွယ်ညတွင် မလွဲမသွေ ရင်ဆိုင်ရတော့မည်ဖြစ်ကြောင်း အသိပေးသည့်သဘော ကြေးနန်းရိုက်လိုက်ခြင်းဖြစ်ကြောင်း ဦးဘခက် သိပါ၏။

သူက ကြေးနန်းလေးကို ပြန်ဖတ်ရင်း သက်ပြင်းကြီးချလိုက်မိလေသည်။

''အင်း ... မရဏာဓားနက်ရှင် မရဏာဓားနက်ရှင် ... သင်းဟာ အတော်အငြိုးကြီးတဲ့ကောင်ပါလား၊ ငါတို့ငါးယောက်ထဲက နှစ်ယောက်ကို အဲဒီကောင် သတ်နိုင်ခဲ့ပြီ၊ ဒါတောင် အဲဒီကောင်ဟာ မကျေနပ်သေးဘဲ ငါတို့ဆီကပါ သွေးကြွေးယူလို့



www.burmeseclassic.com

www.burmeseclassic.com



သေးတယ် . . . ရ ရစေမယ် ဓားနက်ရှင် အစုတ်ပလုတ်ကောင်"

လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ရင်း မေးကြောကြီးများထလာအောင် အံကိုကြိတ်လျက် စိတ်ထဲမှ ကြိမ်းဝါးလိုက်မိတော့သည်။

"ဟင်း ဟင်း . . . ဝံမည်းကြီးဆိုတာကလည်း နယ်စပ်ဘက်မှာ အတော်ဩဇာကြီးနေတာပဲ၊ သူ့ရဲ့တပည့်တပန်းတွေကလည်း အများကြီးပဲ၊ လူအုပ်တောင့်တောင့် အစောင့်အရှောက်ကောင်းကောင်းနဲ့ ဝံမည်းကြီး သတိဝီရိယထားပြီးနေရင် အဲဒီ မရဏဓားနက်ရှင်ဟာ ဝံမည်းကြီးကို လက်ဖျားနဲ့တောင် ထိခွင့်ရမှာ မဟုတ်ဘူး . . .၊

အဲဒီအပြင် ဝံမည်းကြီးရဲ့ လက်ရွေးစင်တပည့်တွေ ဝိုင်းဆော်တာနဲ့တင် ဓားနက်ရှင်ရဲ့အရိုးတွေ အရေတွေကို တစ်စစီ လိုက်ကောက်ယူရမယ် . . . ဟဲ ဟဲ ဟဲ၊ ဒါဆို ငါနဲ့ အာစရိဖေယျုမိုးတို့အလှည့်တောင် ရောက်မှာမဟုတ်တော့ဘူး၊ ဝမ်းနည်းစရာတွေတော့ ဖြစ်ကုန်တော့မယ် . . . ဟား ဟား ဟား"

✿ ✿ ✿

BURMESE CLASSIC .com



ဧသမင်းလာသောည

တပို့တွဲ လကွယ်နေ့ည . . .။

လကွယ်ညမို့ လရောင် လုံးဝကင်းမဲ့နေသည့်အပြင် ကြယ်ရောင်ပါ ပျောက်နေသဖြင့် ဆောင်းနှောင်းညက ပိန်းပိန်းပိတ်မှောင်လျက်ရှိသည်။ တောရိပ်တောင်ရိပ်ကောင်းသော အရပ်ဒေသမို့လည်း လမိုက်ညက ပိုလို့ မှောင်မိုင်းနေ၏။

မြို့ငွေ့ဖြူဖြူတို့ကလည်း လွှမ်းခြုံထားသမို့ မီးအလင်းရောင်ရှိသောနေရာမှာသာ အရာရာကို သဲကွဲစွာမြင်ရပြီး မီးအလင်းရောင်မဲ့သည့်နေရာတို့မှာမူ ဘာဆိုဘာကိုမျှ မမြင်နိုင်ချေ။

ယင်းသို့သော အေးစက်စက်ဆောင်းနှောင်းညဦးယံဝယ် တစ်မြို့လုံး တိတ်ဆိတ်မှောင်မိုက်လျက်ရှိသော်လည်း ပုလဲနဂါး

ရ နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဆိုင်ကြီးမှာ အပေါ်ထပ်ရော အောက်ထပ်မှာပါ အောက်လင်းဓာတ်မီးများ၊ မီးတုတ်မီးများ၏ အလင်းရောင်ဖြင့် ထိန်ထိန်ညီးလျက်ရှိတော့၏။

ထိုသို့ ဆိုင်ကြီးတစ်ခုလုံး လင်းထိန်နေအောင် မီးထွန်းထားသော်လည်း အသံဗလံက တိတ်ဆိတ်လို့နေသည်။

အမှတ်တမဲ့ဆိုလျှင် မီးတွေလင်းနေသလောက် လူသူလုံးဝမရှိဟု ထင်စရာပင်။

တကယ်တော့ ပုလဲနဂါးကြီးတစ်ခုလုံးမှာ လူသူမဲ့မနေပါချေ။ စိန်ပုလဲ၏တပည့်လူမိုက်များသည် ဓား လုံ တူမီးသေနတ်ကိုယ်စီဖြင့် ခြံဝင်းထဲမှာရော အောက်ထပ် ရှေ့နောက်၊ ဝဲယာမှာ တင်မက အိမ်ပေါ်ထပ်တက်သည့် တစ်ခုတည်းသော ကျွန်းလှေကားအရင်းမှာပါ သတိကြီးစွာဖြင့် ဆိတ်ဆိတ်ငြိမ်ငြိမ် စောင့်ကြပ်လျက်ရှိလေသည်။

ဒဏ်ရာမှ သက်သာစပြုသည့် ဓားဝင်းဖေနှင့် သံမဏိမျိုးဝင်းတို့ပင် မနေသာဘဲ လှေကားရင်းမှ စောင့်ကြပ်သည့် အုပ်စုထဲ ပါဝင်နေရလေ၏။

ပုလဲနဂါးဆိုင်ကြီး၏အပေါ်ထပ် လောင်းကစားခန်းမကြီးထဲတွင် စိန်ပုလဲ (ခေါ်) ဝံမည်းကြီးသည် တူမီးသေနတ်တစ်လက်နှင့် ငွေရိုးတပ်ဓားလွတ်တို့ကို သူ့ရှေ့ရှိ စားပွဲပုလေးပေါ်တင်ထား





လျက် သူက ကြိမ်ကုလားထိုင်ကြီးဖြင့်ထိုင်ကာ ဝီစကီကို တစ်ကျိုက်မော့သောက်လိုက် ဘဲကင်တစ်ဖတ် ကောက်ဝါးလိုက် လုပ်နေလေသည်။

သူ၏ဟန်ပန်က မကြာမီမိနစ်ပိုင်းအတွင်း ရောက်ရှိလာမည့် သေမင်းတမန်ကို ဂရုမထားဟန်မျိုး ဖြစ်နေသော်လည်း တကယ်တမ်းမှာမူ သူ့ရင်ထဲ၌ လွန်စွာစိုးထိတ်လျက်ရှိတော့၏။

အဘယ်ကြောင့်ဆိုသော် သူ့လိုပင်ထက်မြက်ပြီး တပည့်တပန်းပေါသည့် သူ၏မိတ်ဆွေ လက်ဝဲသခင်နှင့် စပ်ခွန်လှတို့ကို မရဏာဓားနက်ရှင်သည် ပြောသည့်အတိုင်း လကွယ်ည သန်းခေါင်ယံမှာ လာရောက်ကာ တကယ်ပင် ပိုင်ပိုင်နိုင်နိုင် သတ်ဖြတ်သွားခဲ့သည် မဟုတ်ပါလား။

ယင်းအပြင် အဆိုပါမရဏာဓားနက်ရှင်သည် သူ့ကိုယ်သူ မည်မျှယုံကြည်မှု ခိုင်မာသနည်းဟူမူ ဤပုလဲနဂါးဆိုင်ကြီး၏ အပေါ်ထပ်သို့တက်ပြီး ဂျင်ကစားလျက် အနိုင်ရယူပြသွားခဲ့သေးသည် မဟုတ်ပါလော။

ပြီးလျှင် ဓားဝင်းဖေတို့လူစုကို သာသာလေးတိုက်ခိုက်အနိုင်ယူပြခဲ့သေးသည်။

သည်သို့သည်နှယ် စွမ်းရည်ကြီးမားသူကို လုံးဝလျှော့တွက်၍မရမှန်း စိန်ပုလဲ ကောင်းကောင်းကြီးသိ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့်လည်း မရဏာမားနက်ရှင် ချိန်းဆိုထားသည့် ယနေ့ လကွယ်ညတွင် သူ၏တပည့်တပန်းအားလုံးလိုလိုကို ကြိုတင်အကြောင်းကြား လှူလွှတ်ခေါ်ထားရခြင်း ဖြစ်သည်။

ယခုဆို ပုလဲနဂါးဆိုင်ကြီး၏ အပေါ်ထပ်ရော အောက်ထပ်မှာပါ သူ၏တပည့်အားလုံးက လုံခြုံရေးသတိဖြင့် ထူထပ်စွာ စောင့်ကြပ်လျက်ရှိချေပြီ။

"အင်း . . . ငါတို့ရဲ့လုံခြုံရေးအင်အား ဒီလောက်တောင် ကောင်းနေမှတော့ မားနက်ရှင် ခွေးသူခိုး မလာဝံ့တော့ဘူး ထင်ပါရဲ့"

သူက စိတ်အေးလက်အေးတွေးရင်း ဖန်ခွက်ထဲမှ ဝီစကီ လက်ကျန်ကို မော့သောက်လိုက်ပြီးနောက် ဘဲကင်တစ်ဖတ်ကို ဝါးရင်း နံရံမှတိုင်ကပ်နာရီကြီးဆီ မမိုတ်မသုန်လှမ်းကြည့်လျက် ရှိလေသည်။

BURMESE CLASSIC .com

'ချက် ချက် ချက်'

နာရီလက်တံကြီးနှစ်ခုစလုံးက တိုင်ကပ်နာရီကြီး၏ ဒိုင်ခွက်တွင် ၁၂ ဂဏန်း၌ တစ်ထပ်တည်းကျလျက်ရှိပြီး စက္ကန့်တံကပါ နာရီ မိနစ်လက်တံတို့နှင့် တစ်ထပ်တည်းကျစေရန် နာရီဒိုင်ခွက်ထဲ လှည့်ပတ်ပြေးလျက်ရှိတော့သည်။

ခဏအကြာမှာမူ စက္ကန့်တံလေးပါ ရောမ ၁၂ ဂဏန်း





ရှေ့သို့ ရောက်ရှိသွားခဲ့ချေပြီတည်း။

'ဒင် ဒင် ဒင် ဒင်'

"ဟော . . . သန်းခေါင်ယံတိုင်ပြီ"

စိန်ပုလဲက အတွင်းမှချက်ထိုးပိတ်ထားသည့် မှန်ပြတင်းပေါက်တို့ဆီ မျက်လုံးဝေ့ကြည့်ရင်း လက်ထဲမှ ဝီစကီဖန်ခွက်ကို စားပွဲပုလေးပေါ် အသာချလိုက်ပြီးနောက် ငွေလက်ကိုင်ရိုးတပ် ဓားလွှတ်ကို အသာဆွဲကိုင်လိုက်၏။

ထိုစဉ် အပြင်ဘက်တွင် လေပြင်းပြင်းတိုက်ခတ်လိုက်သဖြင့် မှန်ပြတင်းသို့ ထင်းရှူးကိုင်းအချို့က လာရောက်ရိုက်ခတ်လျက်ရှိတော့သည်။

စိန်ပုလဲ၏အာရုံက ယင်းပြတင်းပေါက်တို့ဆီ ရောက်ရှိသွားစဉ်မှာပင် ပုလဲနဂါးစားသောက်ဆိုင်ကြီး၏ဘေးရှိ ထင်းရှူးပင်ပေါ်တွင် မည်သည့်အချိန်ကတည်းက ရောက်ရှိနေမှန်းမသိသည့် သဏ္ဍာန်မည်းမည်းသည် ဆိုင်အမိုးပေါ်သို့ လွှားခနဲ ခုန်ကူးလိုက်တော့၏။

တစ်ကိုယ်လုံး အမည်းရောင်ဝတ်ထားသည့် သဏ္ဍာန်သည် ခေါင်မိုးအုတ်ကြွတ်ပြားများပေါ်သို့ ကြောင်တစ်ကောင်နှယ် ပေါ့ပါးစွာ ကျရောက်သွားပြီးနောက် အမိုးစွန်းဆီသို့ အသာလျှော ဆင်းသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် အမိုးစွန်းကို တွဲလွဲခိုကာ ဆင်းလိုက်ပြီး ထိုမှ တစ်ဆင့် ယက်မတန်းကိုခိုလျက် ပြတင်းအထက်မှ လေသာ ပေါက်ဆီ ချဉ်းကပ်သွားလိုက်တော့သည်။

ထို့နောက် ဆုံလည်လေသာပေါက်မှန်တံခါးကို ဖွင့်ကာ ခေါင်းလျှိုဝင်လိုက်လေသည်။

ခဏချင်းမှာပင် သူ၏တစ်ကိုယ်လုံးသည် မြွေတစ်ကောင်နှယ် အဆောက်အအုံ၏အတွင်းသို့ ရောက်ရှိသွားတော့၏။

ယင်းနောက် မျက်နှာကြက်တွင် ကျောကပ်ကာ သူ၏ မြွေမျက်လုံးများနှယ် ဖျပ်ဖျပ်လက်နေသည့် မျက်လုံးများဖြင့် ဆိုင်အပေါ်ထပ် ရှေ့ပိုင်းခန်းမဆောင်ကြီးကို ဆီးမိုးကြည့် အကဲခတ်လိုက်လေသည်။

လွန်ခဲ့သောရက်သတ္တပတ်က သူလာပြီးကစားခဲ့သော ဂျင်ပိုင်းတည်ရှိရာ ခန်းဆောင်ကြီး၏ ခေါင်းရင်းပိုင်းတွင် တစ်ဆင့် မြင့်ကြမ်းပြင်ရှိနေကာ ယင်းနေရာမှ ကြိမ်ကုလားထိုင်ကြီးတွင် တစ်ဦးတည်းထိုင်နေသည့် စိန်ပုလဲ (ခေါ်) ဝံမည်းကြီးကို တွေ့ရ လေ၏။

အစိမ်းရောင်အောက်ခံဝယ် အဝါရောင်ပန်းပွင့်ကြီးများ ပါသည့် ဖဲသားညဝတ်အင်္ကျီကြီးဝတ်ကာ လက်ထဲတွင် ဓားတစ် စင်းကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်လျက် မှန်ပြတင်းပေါက်





များဆီ ကျီးကန်းတောင်းမှောက်ကြည့်နေသည့် စိန်ပုလဲကို မုန်းတီးခြင်းကြီးစွာဖြင့် သဏ္ဍာန်မည်းမည်းက စိုက်ကြည့်နေလိုက်ပြီး နောက် ကြမ်းပြင်ပေါ်သို့ လွှားခနဲ ခုန်ချလိုက်တော့၏။

"ဟင်"

မိုးပေါ်မှကျလာသလို ရုတ်ခနဲ ရောက်လာသည့် မည်းမည်းသဏ္ဍာန်ကို အံ့သြထိတ်လန့်ခြင်းကြီးစွာဖြင့် ကြောင်ကြည့် နေပြီးမှ စိန်ပုလဲက ကုန်းထရန် ဟန်ပြင်လိုက်၏။

သို့သော် မည်းမည်းသဏ္ဍာန်၏လက်ထဲမှ အနက်ရောင် ဓားရှည်က လေကိုခွင်းလျက် သူ့ထံသို့ လျှပ်ပြက်သလို ပြေးဝင် လာခဲ့ချေပြီ။

'ဝှီး'

သူက လက်ထဲမှဓားဖြင့် ခတ်ထုတ်ရန် ဟန်ပြင်လိုက် သော်လည်း စက္ကန့်ဝက်ခန့် နောက်ကျသွားခဲ့သည်။

'ဒုတ်'

"အ"

ရင်ဝဝယ် ဓားနက်စိုက်ဝင်လျက်မှ မျက်လုံးကြီး အပြူး သားဖြင့် ရှေ့သို့ စိန်ပုလဲ ငိုက်ကျသွားပြီး ခဏချင်းမှာပင် ကော်ဇောခင်းကြမ်းပြင်ပေါ် ထွေးခနဲ ကျသွားတော့၏။

ထိုအခါမှ သဏ္ဍာန်မည်းမည်းက စိန်ပုလဲ၏အနီးသို့



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လှမ်းလာပြီး ခေါင်းငိုက်စိုက်ကျနေသည့် စိန်ပုလဲ၏အတ္တဘောကြီးကို ပက်လက်အနေအထားဖြစ်အောင် ဆွဲလှန်လိုက်လေသည်။

ယင်းနောက် စိန်ပုလဲ၏ရင်ဝမှ ဓားနက်ကို ဆွဲနုတ်လိုက်ပြီး စိန်ပုလဲ၏ ညဝတ်အင်္ကျီဖြင့်ပင် ဓားပေါ်မှသွေးတို့ကို စိမ်ပြေနပြေ သုတ်လိုက်လေသည်။ ပြီးလျှင် ဓားကို မောင်းကပ်ကိုင်နည်းဖြင့် ကိုင်လိုက်၏။

ပြီးမှ မှန်ပြတင်းတံခါးတစ်ချပ်ကို ဖွင့်လိုက်ကာ ပေါင်ပေါ်တက်လိုက်လျက် ပြတင်းအနီးရှိ ထင်းရှူးပင်ကြီးဆီသို့ လွှားခနဲခုန်ကူးလိုက်တော့၏။

ထို့နောက် သူသည် မျောက်တစ်ကောင်နှယ် ထင်းရှူးပင်များကို တစ်ပင်မှတစ်ပင်သို့ ခုန်ကူးလျက် မှောင်ရိပ်ထဲတွင် ခဏချင်း ပျောက်ကွယ်သွားပါတော့သတည်း။

✿

''ဟင် . . . ဝံမည်းကြီး လုပ်ကြံသတ်ဖြတ်ခံလိုက်ရပြီဆိုပါလား''





သူရိယသတင်းစာ၏ ကျောဖုံးတွင် ပါရှိသည့် နမ္မတူမှ ဘော်တွင်းပိုင်ရှင်သူဌေးတစ်ဦးဖြစ်သော ဦးစိန်ပုလဲသည် လွန်ခဲ့သည့် ၁၂၉၆ ခုနှစ်၊ တပို့တွဲလကွယ် တနင်္ဂနွေနေ့ညက တရုတ်-မြန်မာနယ်စပ်ရှိ ပန်းကန်သာမြို့လေးမှ သူပိုင် ပုလဲနဂါး စားသောက်ဆိုင်အပေါ်ထပ်တွင် ရင်ဘတ်၌ ထိုးသွင်းဒဏ်ရာဖြင့် လုပ်ကြံခံရကာ သေဆုံးလျက်ရှိကြောင်း၊ သူ့ဆိုင်မှအလုပ်သမားများက မိုးသောက်လုလုတွင် တွေ့ရှိရကြောင်းနှင့် လူသတ်တရားခံကို ဖော်ထုတ်နိုင်ရန် သက်ဆိုင်ရာမှ ကြိုးပမ်းလျက်ရှိကြောင်း၊ ဦးစိန်ပုလဲမှာ နမ္မတူမြို့မှာရော ပန်းကန်သာမြို့မှာပါ မြို့မျက်နှာဖုံး ဂုဏ်သရေရှိပုဂ္ဂိုလ်ဖြစ်သဖြင့် သူ၏အမှုကို ဒေသခံများက စိတ်ဝင်စားလျက်ရှိကြောင်း သတင်းကိုဖတ်ရသည်တွင် ဦးဘခက်မှာ တုန်လှုပ်လျက်ရှိတော့သည်။

''တောက် . . . မရဏဓားနက်ရှင်ဟာ တော်တော်အစွမ်းထက်တဲ့ကောင်ပါလား၊ ဝံမည်းကြီးကတော့ သင်းရဲ့ရန်ကို လျှော့တွက်ပြီး ပေါ့ပေါ့တန်တန်နေမှာမဟုတ်ဘူး၊ သူ့မှာလည်း တပည့်တပန်း အများကြီးပဲဟာ၊ စပ်ခွန်လုတုန်းကလိုပဲ အစောင့်အကြပ်တွေ ထူထူထပ်ထပ်ချထားမှာ သေချာပါတယ်၊

အဲဒီလို အစောင့်အကြပ်ထူထပ်တဲ့အထဲက ဆိုင်အပေါ်ထပ်မှာ လုပ်ကြံသတ်ဖြတ်သွားတယ်ဆိုတော့ အဲဒီ မရဏဓား



www.burmeseclassic.com

www.burmeseclassic.com



နက်ရှင်ရဲ့အစွမ်းဟာ အတော်ကြောက်စရာကောင်းပါလား"

သူက သတင်းစာကို အနီးရှိ စားပွဲပေါ်ပစ်တင်လိုက်ပြီး နောက် ဆိုဖာဆက်တီကို စိတ်ပျက်လက်ပျက်ဖြင့် ကျောမှီလိုက် ကာ သက်ပြင်းမောကြီး မှုတ်ထုတ်လိုက်တော့၏။

"အင်း ... သိဂ်ပါခါးနဲ့ပတ်သက်ခဲ့တဲ့ ငါတို့လူစုထဲက အခုဆို သုံးယောက် ပွဲကြွေသွားပြီ၊ ဆရာမိုးနဲ့ ငါ နှစ်ယောက်ပဲ ကျန်တော့တယ်၊ ဒီတစ်ခါ ဘယ်သူ့အလှည့်ဖြစ်မလဲ မသိဘူး၊ ဆရာမိုးရဲ့အလှည့်ပဲလား၊ ငါ့အလှည့်ပဲလား ...၊

ဘာပဲဖြစ်ဖြစ် တစ်နေ့မှာတော့ မရဏခါးနက်ရှင်ကို ငါ မလွဲမသွေ ရင်ဆိုင်ရမှာပဲ ...၊

သူ့ကိုရင်ဆိုင်နိုင်ဖို့ ဓာနည့်လိုအစွမ်းထက်တဲ့ ကြေး စားတိုက်ခိုက်ရေးသမားတွေ များများမွေးထားရမယ်၊ ငါဟာ သိုင်းပညာမှာ လက်ရေးရော ခါးရေးပါ ဆရာအဆင့်ရှိပေမယ့် ခု အသက်ကကြီးသွားတဲ့အပြင် လေ့ကျင့်မှုပါ နှစ်နဲ့ချီပြီး ပြတ်လပ် ထားတော့ ဓာနည်တို့လောက် မစွမ်းလောက်တော့ဘူး ...၊

တော်ပါသေးရဲ့ ... ဓာနည့်လို ထက်မြက်တဲ့ တိုက် ခိုက်ရေးသမား သက်တော်စောင့်တစ်ယောက် ရထားတာ၊ အဲဒီ ကောင်ကို လစာတိုးပေးပြီး ငါ့ဆီက ခွာမသွားအောင် ဆွဲထားရ မယ်၊ ငါ့အတွက် ဓာနည်ရှိမှ ဖြစ်မယ်၊ ဓာနည်ရှိမှ ဖြစ်မယ်"

✲



"အိုင်ဆေးကိုချစ်သွေးရေ ... နယ်စပ်မြို့လေး ပန်း ကန်သာမှာ သိဂ်ပါခါးသမားက လူသတ်မှု ကျူးလွန်သွားပြန်ပြီ ကောဗျ"

ပန်လုံမြို့ဂါတ်တဲဝင်းအတွင်းရှိ ဌာနအုပ်ကြီး၏ အိမ်ရှေ့ ဝရန်တာတွင် အိုင်ပီဦးလှဘော်သည် ပက်လက်ကုလားထိုင်တစ် လုံးဖြင့်ထိုင်ရင်း ဖော့စတားဓဆေးတံကြီးခဲနေရာမှ အိမ်ရှေ့ လှေ ကားမှတက်လာသည့် အိုင်အိုချစ်သွေးအား ခရီးရောက်မဆိုက် ဆီးပြောလိုက်လေသည်။

အိုင်အိုချစ်သွေးလည်း စိတ်ပျက်လက်ပျက်အမူအရာ ဖြင့် ကျွန်းဆက်တီခုံတစ်လုံးတွင် ဝင်ထိုင်လိုက်ရင်း ...

"အေးဗျာ ... သိဂ်ပါခါးနက်ရှင်ဟာ အတော်တော့ လွန်နေပြီဗျ၊ ဘာကိုမှ ဂရုမစိုက်သလို လူသတ်မှုတွေကို တစ်ခုပြီး တစ်ခု ဆက်တိုက်ကျူးလွန်နေတော့တာပဲ၊ သူ့ရဲ့ လက်ရဲဇက်ရဲ လုပ်ရပ်တွေဟာ အုပ်ချုပ်သူတွေကိုပါ ပမာမခန့်သလိုဖြစ်နေပြီ အိုင်ပီရေ"

"ဟုတ်တာပေါ့ဗျာ ... ဒါကြောင့်မို့ ကျုပ်တို့က သင်းကို မရအရ စုံစမ်းပြီး လက်ရအမိဖမ်းနိုင်ဖို့ တစ်နေ့ထက်တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



ပိုလို့ အရေးကြီးလာပြီဗျ၊ ဒါထက်အိုင်ဆေးရေ ... အဲဒီမရဏာ မားနက်ရှင်ဟာ ဘာဖြစ်လို့ ဒီလို မြို့မျက်နှာဖုံးလူကုံထံတွေကိုမှ ရွေးပြီး သတ်နေရတာလဲဗျ၊ အဲဒီအချက်ကို ခင်ဗျား စုံစမ်း ထောက်လှမ်းလို့ရပြီလား''

''တိတိကျကျမသိရသေးပါဘူး အိုင်ပီ၊ တစ်ခုသေချာ တာကတော့ မြို့မျက်နှာဖုံးတိုင်း, လူကုံထံတိုင်းကို သူကရွေးပြီး သတ်နေတာမဟုတ်ဘူးဗျ၊ သူနဲ့ သူသတ်ခဲ့တဲ့လူတွေကြားမှာ အချိတ်အဆက်တစ်ခုခုတော့ ရှိခဲ့ပုံရတယ်ဗျ''

''ဒါထက် အိုင်ဆေးရေ ... ကျုပ်တို့ မရဏာမားနက် ရှင်ကို တစ်နေ့နေ့မှာ အမိဖမ်းနိုင်မယ်လို့ရော ခင်ဗျားယုံကြည် သေးရဲ့လား''

''ဒါတော့ အခိုင်အမာကို ယုံကြည်ထားပါတယ် အိုင်ပီ၊ အဲဒီအတွက်တော့ မပူပါနဲ့ ... ကျွန်တော်လည်း သူနဲ့ရင်ဆိုင် တွေ့တဲ့အခါ လက်ဦးမှုအသာစီးရဖို့ ကြိုတင်ပြင်ဆင်မှုလုပ်နေပါ တယ်၊ အရေးကြုံရင်သာ အိုင်ပီ့ဘက်က အဆင်သင့်ဖြစ်ပါစေ''

''ဒါတော့ စိတ်ချစမ်းပါ အိုင်ဆေးရာ၊ ကျုပ်က အစွမ်း ထက်လှပါတယ်ဆိုတဲ့ အဲဒီမရဏာမားနက်ရှင်ကို ဟောဒီသေနတ် နဲ့ကိုပစ်ပြီး ဖမ်းချင်တာဗျ ... ဟင်း ဟင်း ဟင်း''

အိုင်ပီဦးလှဘော်က သူ၏ခါးမှာ အမြဲလိုလိုချိတ်ထား





သည့် သားရေအိတ်ထဲမှခြောက်လုံးပြူးကို ဆွဲထုတ်ကာ ဟန်ပါ ပါချိန်ပြလိုက်ရာ အိုင်အိုချစ်သွေးမှာ သဘောကျစွာ အားပါးတရ ပြုံးလိုက်ပါတော့၏။ ပြီးမှ ခပ်တိုးတိုး ဆုတောင်းစကားဆိုလိုက် လေသည်။

''အင်း ... အဲဒီလူနဲ့တွေ့တဲ့အခါမှာသာ အိုင်ပီရဲ့ သေ နတ်ကို ထုတ်နိုင်ဖို့ အချိန်ရပါစေဗျာ''

✡

ဇာနည်သည် ကျောက်ဘီလူးစံအိမ်သို့ ရောက်ရှိခဲ့ သည်မှာ နှစ်လခန့်ရှိပြီဖြစ်ရာ ဦးဘခက်၏သမီး ဟေမာန်နှင့် အတော်လေးရင်းနှီးနေပြီဖြစ်၏။

ဟေမာန်မှာ ဘီအေတန်းဖြေပြီးပြီဖြစ်သဖြင့် မိုင်းသာ မောမှာပင် အေးအေးဆေးဆေးနေသည်ဖြစ်ရာ ဇာနည်နှင့် နေ့စဉ် တွေ့ဆုံဖြစ်ပြီး သူမ,ပူဆာသဖြင့် ဇာနည်က တိုက်ခိုက်ရေးပညာ များကို ညနေစောင်းတိုင်း ခြံနောက်ပိုင်းမြေကွက်လပ်၌ သင်ကြား ပေးနေရလေသည်။

ဟေမာန်မှာ ယခင်ကျောင်းပိတ်ရက်တို့၌ မိုင်းသာမော



www.burmeseclassic.com

www.burmeseclassic.com



သို့ပြန်လာတိုင်း ဖခင်ကြီးထံမှရော ခမ်းလွှင်ထံမှပါ တိုက်ခိုက်ရေးပညာကို သင်ယူလေ့ကျင့်ဖူးလေ၏။

သို့သော် ယခုမူ ဖခင်ကြီးမအားလပ်သည့်အပြင် ခမ်းလွှင်၏ သူမအပေါ် မရိုးမဖြောင့်ဆက်ဆံမှုတို့ကိုပါ မနှစ်သက်သဖြင့် ဇာနည့်ထံမှ သင်ယူနေခြင်း ဖြစ်ပေသည်။

ခမ်းလွှင်မှာ ဟေမာန်အပျိုဖော်ဝင်စကတည်းက တစ်ဖက်သတ် သဘောကျလျှက်ရှိရာ တစ်နေ့ထက်တစ်နေ့ တစ်နှစ်ထက်တစ်နှစ် လှပဖွံ့ထွားလာသည့် ဟေမာန့်အပေါ် တပ်မက်စွဲလမ်းသည်ထက် စွဲလမ်းလာရာ ဇာနည်ရောက်လာမှ ဟေမာန်က သူ့ကို ဖုတ်လေသည့်ငါးပိ ရှိသည်ဟုမထင်သလို ဥပေက္ခာပြု ဆက်ဆံလာသဖြင့် မကျေမချမ်း ဒေါသမီးပွားက ရင်ထဲဝယ် ကြိမ်မီးအုံးသလို တငွေ့ငွေ့ဖြစ်နေရလေ၏။

ဇာနည် ကျောက်ဘီလူးစံအိမ်သို့ မရောက်ရှိလာမီက ဦးဘခက်သည် တပည့်အားလုံးထဲတွင် ခမ်းလွှင်ကို အားအထားဆုံးဖြစ်သလို မျက်နှာသာအပေးဆုံးဖြစ်၏။

ဦးဘခက်ကိုယ်တိုင်က ညာလက်ရုံးအဖြစ် အားထားကာ မျက်နှာပေးထားသဖြင့် ခမ်းလွှင်၏ဩဇာက ကျောက်ဘီလူးစံအိမ်၌ အတော်အတန်ရှိရာ ဟေမာန့်အနေဖြင့်လည်း ဖခင်ကြီး၏ညာလက်ရုံးဖြစ်သော သူ့အပေါ် ကလန်ကဆန်မလုပ်သာချေ။





ယခုတော့မူ ဦးဘခက်မှာ ဇာနည့်ကိုသာ အထင်တကြီးဖြင့် အားအကိုးကြီးကိုးလျက်ရှိရာ ခမ်းလွှင်မှာ ချောင်ထိုးခြင်းခံထားရတော့၏။

ဟေမာန်ကလည်း သူ့ကိုရှိသည်ဟုပင် မထင်တော့။

ဤသို့ဖြစ်ရခြင်းများအတွက် ခမ်းလွှင်သည် ဇာနည့်ကို မနာလိုဝန်တိုမှုနှင့်တူ အာဃာတထားကာ အမုန်းကြီးမုန်းလျက်ရှိသလို ဇာနည့်ကို အရေးပေးလွန်းပြီး လစာလည်း သူ့ထက်ပိုပေးထားသည့် ဦးဘခက်ကိုပါ ခမ်းလွှင်သည် တစ်နေ့တခြားစိတ်နာသည်ထက် နာလာတော့၏။ .

''ဟင်း ဟင်း . . . မိုးကောင်းတုန်းတော့ ရွာထားကြဦးပေါ့၊ တစ်နေ့တော့ ခမ်းလွှင်ရဲ့အကြောင်း သိရသေးတာပေါ့၊ သိရသေးတာပေါ့''

✡

''ဖေဖေ . . . သမီး ဖြူဆီဗလပ်ကို ကျင့်စီးစီးရင်း (View Point) ရှုခင်းသာကို သွားကြည့်မလို့၊ ဒီခြံကြီးထဲမှာနဲ့ လိမ္မော်ခြံတွေထဲမှာပဲ နေနေရတာ ပျင်းလှပြီ''



www.burmeseclassic.com

www.burmeseclassic.com



ညနေခင်းတစ်ခုဝယ် ဟေမာန်သည် တိုက်ခိုက်ရေးပညာများ ဇာနည့်ထံမှသင်ယူပြီးနောက် ရေမိုးချိုးကာ ဘောင်းဘီရှည်အနက်ရောင်လေးနှင့် စပို့ရှပ်အဝါရောင်လေးကို လန်းလန်းလှလှဝတ်ထားပြီး ဖခင်ကြီးအား မြို့စွန်ရှိ View Point သို့ သွားခွင့်တောင်းနေခြင်း ဖြစ်သည်။

"သမီးရယ် . . . View Point ကို ဖေဖေလည်း လိုက်မပို့နိုင်ဘူး"

"ဖေဖေကလည်း ဇာနည့်ကို ပို့ခိုင်းမှာပေါ့၊ သွားခွင့်ပြုမယ်မဟုတ်လား ဖေဖေ"

"ကဲ ကဲ . . . ဒါဆိုလည်း ဇာနည့်ကိုခေါ်သွား"

"ဟုတ်ကဲ့ ဖေဖေ"

ခဏအကြာတွင်မူ ပြူဆီဗလပ်ကို စီးလျက် ဟေမာန်က ခြံကြီးထဲမှ ထွက်သွားရာ ဇာနည်မှာလည်း အုန်းခွံရောင်မြင်းကြီးကိုစီးလျက် အတူလိုက်ပါသွားသည်ကို ခြံဝင်းကြီး၏တစ်နေရာမှ ခါးထောက်ကြည့်ကျန်ရစ်သည့် ခမ်းလွင်မှာ မျက်စပ်ပိုးဝင်ကာ မကျေမချမ်း လွန်စွာဖြစ်လျက်ရှိတော့၏။

"တောက် . . . နေနှင့်ဦးပေါ့ ဇာနည်ရယ်၊ ဆရာကြီးက ပစားပေးထားလို့ သူရဲကောင်းဘွဲ့ခံပြီး မြှောက်ကြွ မြှောက်ကြွ ဖြစ်နေတဲ့ကောင်၊ မင်း နေဝင်မယ့်နေ့တစ်နေ့တော့ ရောက်လာ





ဦးမှာပေါ့ကွာ . . .၊

သိဂ်ံပါဓားနက်ရှင်နဲ့တွေ့ရင်တော့ မင်းရဲ့ခေါင်း ပြုတ်ပြီသာမှတ်၊ မင်း မသာပေါ်ရင်တော့ ဟေမာန်လေးဟာ ငါ့အတွက် ဖြစ်လာရမှာပေါ့ကွာ . . . ဟင်း ဟင်း ဟင်း"

ဇာနည်ကမူ ခမ်းလွင်ကိုဂရုမပြုမိဘဲ ဦးဘခက်၏ ယုံကြည်စိတ်ချမှုမပျက်ယွင်းရအောင် ဟေမာန့်ကို ဂရုပြု စောင့်ရှောက်ရင်း သူ့တာဝန်သူကျေရန်သာ အာရုံပြုထားလေ၏။

နောက်ပိုင်း ညနေစောင်းတိုင်းမှာပင် ဟေမာန်သည် ဇာနည်နှင့်အတူ View Point သို့ မြင်းစီးရင်း ခြေညောင်းလက်ဆန့် ထွက်လေ့ရှိလာတော့သည်။

View Point မှာ ပန်စံနှင့်ပန်လုံအကြားတွင်ရှိသော တောင်ကွေ့လမ်းတစ်နေရာ ဖြစ်၏။ View Point မှ နောင်ချိုဘက်သို့လှမ်းကြည့်ပါက ရှုခင်းသာလှသဖြင့် ရှုခင်းသာနေရာအဖြစ် အပန်းဖြေလာရောက်သူများ ရှိလေသည်။

မိုင်းသာမောနှင့် နှစ်ဖာလုံခန့်သာဝေးပြီး သာယာလှပကာ အေးချမ်းသည့်ထိုနေရာလေးသို့ လာရောက်ကြသူများအတွက် စားသောက်ဆိုင်တန်းလေးရှိရာ ဟေမာန်မှာ View Point သို့ ရောက်တိုင်း ဦးဝတုတ်ကြီးဟု လူအများခေါ်ကြသည့် ဘရုတ်ဝဝကြီးရောင်းသော ဝက်ခြေထောက်စွပ်ပြုတ်ဆိုင်တွင်



www.burmeseclassic.com

www.burmeseclassic.com



အေးအေးလူလူထိုင်ကာ သူမ အလွန်ကြိုက်သည့် ဝက်ခေါင်းသုပ်ကို စားလေ့ရှိလေ၏။ ဝက်ခြေထောက်စွပ်ပြုတ်ကိုပါ သောက်လေ့ရှိ၏။

ကြာတော့ ယင်းတရုတ်ကြီးနှင့် ဟေမာန်မှာ ရင်းနှီးလျက်ပင်ရှိပြီ ဖြစ်ပါသည်။

"အဲဒီ ဦးဝတုတ်ကြီးက သိပ်သဘောကောင်းတာ ကိုဇာနည်ရဲ့၊ ဒီ View Point မှာ ဆိုင်လာဖွင့်တာ နှစ်လလောက်ပဲ ရှိသေးတယ်၊ သူ့ဝက်ခေါင်းသုပ်က သိပ်ကောင်းတာ၊ တစ်ခါလောက် စားကြည့်ပါလား"

ဟေမာန်က ဝက်ခေါင်းသုပ်မြည်းစမ်းကြည့်ရန် ခေါ်သော်လည်း ဇာနည်က ငြင်းပယ်လေ့ရှိသည်။

"ကိုယ်က ဝက်သားကို ဟင်းချက်တာပဲစားတာ ဟေမာန်ရဲ့၊ ဒီလို ဝက်ခေါင်းသုပ်တို့ ဘာတို့က ဝက်သားကို မကျက်တကျက်ပြုတ်ထားတာမျိုး၊ ဝက်စော်နံတယ် ... မကြိုက်ဘူး"

"ဟင် ... ဟေမာန်ကတော့ အဲဒီလို ဝက်သားနံ့လေးသင်းနေတာကိုပဲ သဘောကျတာရှင့်"

"လူတစ်ကိုယ် အကြိုက်တစ်မျိုးပေါ့ ဟေမာန်ရယ်၊ ကိုယ်ကတော့ ဝက်လို အဆီတွေများပြီး ဝနေတဲ့ အဲဒီ တရုတ်လူဝကြီးရဲ့ပုံကိုတွေ့ရတာနဲ့တင် သူ့ဝက်ခေါက်တွေ, ဝက်ခြေထောက်





စွပ်ပြုတ်တွေကို စားချင်စိတ်ကုန်တယ်"

"ခစ် ခစ် ခစ် ... ကိုဇာနည်က ပြောလည်းပြောတတ်တယ်၊ တိုးတိုးလည်းပြောဦး ... တော်ကြာ ဦးဝတုတ်ကြီး ကြားသွားလို့ ဝက်ခေါက်လှီးတဲ့ဓားနဲ့ လိုက်နေဦးမယ် ... ဟင်း ဟင်း ဟင်း"

ဇာနည်က ဆိုင်ထဲသို့ပင် ဝင်မလိုက်ဘဲ ဆိုင်နှင့်မလှမ်းမကမ်းရှိ ကျောက်တုံးတစ်တုံးပေါ်တွင် သွားထိုင်စောင့်နေလေ့ရှိသည်။

ဦးဝတုတ်ကြီးကလည်း သူ့ဖောက်သည်မလေးဟေမာန်နှင့်အတူ ပါလာလေ့ရှိသော်လည်း သူ့ဆိုင်ထဲ ဝင်အားပေးဖော်မရသော ဇာနည်ကို သတိပြုမိပုံရလေသည်။

"ဟော့ ကီလေးမ ... အီဒီကောင်ရှောရှောလေးနဲ့ ဘီလိုတော်သလဲ"

"ဘာမှမတော်ပါဘူး ဦးဝတုတ်ကြီးရဲ့၊ သူက ဟေမာန်ရဲ့ သက်တော်စောင့်ပါ"

"မြတ်စွာဖီရား ... အီဒီလောက်ရှောတဲ့ကောင်ဖလေးကို သိတော်စောင့် ထားရသလား၊ တော်ကြာ လူအလစ်မှာ ရှစ်စကားပြောရင် ဘီလိုလုပ်မီလဲ၊ ဝ ရင်လေးတယ်"

လူရှင်းတုန်း ဦးဝတုတ်ကြီးက ဟေမာန်ကို ကျိတ်စပ်



www.burmeseclassic.com

www.burmeseclassic.com



သည့်အနေဖြင့် ပြုံးဖြဲဖြဲပြောလိုက်ရာ ဟေမာန်က ဦးဝတုတ်ကြီးကို မျက်စောင်းလေးခဲလိုက်ရင်း ...

"ဦးဝတုတ်ကြီးပဲ ရင်လေး၊ ဟေမာန်တော့ ရင်မလေးပေါင်၊ သူက ရှစ်စကားပြောတော့ ဘာဖြစ်လဲ၊ ဟေမာန်ကလည်း ရှစ်စကား ပြန်ပြောလိုက်မှာပေါ့"

ဟု ရွဲ့ပြီးပြောလိုက်ရာ တရုတ်လူဝကြီးမှာ မျက်လုံးပြူးသွားပြီးမှ သဘောလွန်စွာကျကာ ဘုရားတရင်း တခွီးခွီးရယ်တော့၏။

"မြတ်စွာဘီရား ... အီတော်လာတဲ့ ကီလေးမပါလား၊ ဝလော့ အံ့ရော အံ့ရော ... ခွီး ခွီး ခွီး"

မည်သို့ဖြစ်စေ ဤသို့ ညနေတိုင်းလိုလို မြင်းကိုယ်စီစီးရင်း မြို့ပြင်ဘက် View Point သို့လည်းကောင်း၊ ကောက်ကြီးရေတံခွန်သို့လည်းကောင်း၊ တောင်ယာခင်းများဘက်သို့လည်းကောင်း အတူလေညင်းခံသွားလာရင်း ဇာနည်နှင့်ဟေမာန်မှာ ရင်းနှီးသည်ထက် ရင်းနှီးလာတော့၏။

သူတို့နှစ်ဦးကိုကြည့်ရင်း ဦးဝတုတ်ကြီးက သဘောကျနေသလောက် လုံးဝကြည့်မရဖြစ်နေသူကတော့ ခမ်းလွင်ပဲ ဖြစ်ပါသတည်း။

✲ ✲ ✲



# အခန်း (၃)

မရဏမာယာ

အာယာတနိဂုံး

လျှို့ဝှက်ရတနာများ

ကျော့စွပ်ပွဲ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

### မရဏမာယာ

တစ်ခုသောညနေခင်း . . . ။

ဟောမာန်နှင့် View Point ဘက်မှအပြန် ကျောက်ဘီလူးခြံဝင်းကြီးထဲ ဝင်လိုက်သည်နှင့် မောင်ကျေးက ဆီးပြောသည်။

"ဇာနည် . . . မင်း ရောက်ရောက်ချင်း စာကြည့်ခန်းထဲ လာခဲ့ဖို့ ဆရာကြီးမှာထားတယ်ကွ"

"ဟုတ်လား"

မြင်းဇောင်းထဲ မြင်းများထားပြီးသည်နှင့် ဇာနည်က စံအိမ်ကြီးထဲသို့ဝင်ကာ အိမ်ပေါ်ထပ်သို့ တက်သွားလေသည်။ ဟောမာန်လည်း သူနှင့်အတူ လိုက်ပါလာ၏။

စာကြည့်ခန်းကျယ်ကြီးထဲ လှမ်းဝင်ခဲ့ကြသည်တွင် ကြေး



www.burmeseclassic.com

www.burmeseclassic.com



နန်းစာတစ်စောင်ကို လက်ဝယ်ကိုင်ရင်း ခေါက်တုံ့ခေါက်ပြန် စကြံလျှောက်နေသည့် ကျောက်ဘီလူးဦးဘခက်ကို တွေ့ရလေသည်။

"မောင်ဇာနည် … မနက်ဖြန်မနက်စောစော မန္တလေး ဆင်းရမယ်၊ အဲဒီကမှ စစ်ကိုင်းဘက်ကူးပြီး မူးမြစ်ကမ်းပါးက မြောင်ဗီလာမြို့လေးဆီ သွားရမယ်ကွဲ့၊ မောင်ရင်ပါ လိုက်ရမယ်"

"ကိစ္စအထူးပေါ်လို့လား ဦး"

"ဟုတ်တယ် မောင်ဇာနည် … မြောင်ဗီလာမှာ အခြေချနေတဲ့ ကျုပ်ရဲ့မိတ်ဆွေကြီး ဆရာဖေယျမိုးဆီက သူ့ဆီ မဖြစ်မနေလာခဲ့ဖို့ ရိုက်လိုက်တဲ့ကြေးနန်း ဒီညနေပဲ ရောက်တယ်ကွဲ့"

ဤတွင် ဟေမာန်က ဝင်မေးလေသည်။

"အဲဒီဆရာဖေယျမိုးဆိုတဲ့ လူကြီးက ဖေဖေ့ကို ဘာဖြစ်လို့ မဖြစ်မနေလာဖို့ ခေါ်ရတာလဲ ဖေဖေ၊ သူနဲ့ ဘာကိစ္စရှိလို့လဲ"

"ဒီလိုသမီးရဲ့ … ပြီးခဲ့တဲ့ လေးရက်လောက်ကပဲ သေမင်းတမန်ဓားနက်လေးဟာ ဆရာမိုးရဲ့လက်ထဲ ရောက်လာခဲ့တယ်၊ ထုံးစံအတိုင်း ရာဇသံစာရွက်လေးပါ ရေးထားတယ်တဲ့၊ လာမယ့်လကွယ်နေ့ညမှာ သိင်္ဂပါဓားနက်ရှင် လာမယ်တဲ့ကွယ်၊ ဒါကြောင့် မိတ်ဆွေချင်း သူ့ကို ကာကွယ်ပေးဖို့ခေါ်လိုက်တာပဲ၊ ဒီတော့ ဖေဖေ မသွားလို့မဖြစ်ဘူး။ မောင်ဇာနည်ကိုပါ



ခေါ်သွားရမယ်"

"အို … ဟုတ်လား"

"ဟုတ်တယ် သမီး၊ ကဲ မောင်ဇာနည် … မနက်ဖြန်မနက်စောစော ခရီးထွက်ဖို့ အဆင်သင့်လုပ်ထားပေတော့ … ဟုတ်လား"

"ဟုတ်ကဲ့ ဦး၊ ဒီအတိုင်းဆို ကျွန်တော်တော့ ကျွန်တော်သိပ်တွေ့ချင်နေတဲ့ သိင်္ဂပါဓားနက်ရှင်ကို ရင်ဆိုင်တွေ့ရတော့မယ်ထင်တယ် ခင်ဗျ"

"တွေ့ရမှာတော့ သေချာတယ်ကွဲ့၊ အဲဒီ မိစ္ဆာကောင်ဟာ လာမယ်ဆို တကယ်လာတဲ့ကောင်၊ သင်းလာရင်သာ မောင်ဇာနည်အနေနဲ့ အနိုင်တိုက်ပြီး အရှင်ဖမ်းနိုင်အောင် ကြိုးစားစမ်းပါကွယ်၊ သင်းကို လက်ရဖမ်းမိလို့ကတော့ မောင်ရင့်ကို ငွေငါးထောင်တိတိ ကျုပ် ဆုချပါ့မယ်"

"ဒါထက် ဦး … ကျွန်တော် သိချင်တာတစ်ခုမေးပါရစေ၊ သိင်္ဂပါဓားသမားဆိုတာ လူသတ်သမားပါ၊ ရာဇဝတ်ကောင်ပါ၊ သူ့ကိုဖမ်းမိဖို့ ပုလိပ်အဖွဲ့ကြီးကလည်း ကြိုးပမ်းနေတယ်လို့ ကြားမိပါတယ်၊ အဲဒီလိုရာဇဝတ်ကောင်မျိုးကို ဖမ်းမိစေဖို့ သူခြိမ်းခြောက်လာတဲ့အခါ သက်ဆိုင်ရာပုလိပ်အဖွဲ့ကို ဘာဖြစ်လို့ တိုင်ကြားတာမျိုး၊ အကူအညီရယူတာမျိုး မလုပ်တာလဲခင်ဗျ"

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ဦးဘခက်က သက်ပြင်းကြီးချလိုက်ပြီး ...

"အင်း ... ဒီလိုကွဲ့ မောင်ဇာနည်ရဲ့ ... ကျုပ်တို့မှာ အတိတ်အဖြစ်အပျက်တစ်ခု ရှိတယ်၊ အဲဒီအဖြစ်အပျက်ဟာ ကြာတော့ကြာခဲ့ပါပြီ၊ ဒါပေမဲ့ ဘယ်လောက်ပဲကြာကြာ သက်ဆိုင်ရာနဲ့ လူအများကို မသိစေချင်ဘူး၊ အဲဒါကြောင့် ပုလိပ်ဘက်ကို တိုင်တာတွေ, အကူအညီတောင်းတာတွေမလုပ်ဘဲ ကိုယ့်ဘာသာဖြေရှင်းဖို့ ကြိုးစားခဲ့ကြတာပဲကွဲ့"

ဟု လေးလေးပင်ပင်ကြီး ဖြေကြားလိုက်ပါတော့သတည်း။

☼

ဆရာဇေယျမိုးဆိုသူကား အသားဖြူဖြူ အရပ်ထောင်ထောင်မောင်းမောင်းနှင့်ဖြစ်ပြီး နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးဖြူဖြူတို့ရှိကာ ပင်နီတိုက်ပုံနှင့် တောင်ရှည်ပုဆိုးကွက်ကြဲကြီးဝတ်ကာ ဆံပင်ဖြူဖြူတို့ကို ချီးစောင်းတစ်ဖက်တွင် သျှောင်ထုံးထုံးထားလေသည်။

ရှပ်ရှည်သွင်ပြင် သန့်ပြန့်ခံ့ညားသည့် ထိုပုဂ္ဂိုလ်ကြီးက





မြောင်ဖီလာမြို့မှ သူ၏ နှစ်ထပ်ပျဉ်ထောင်အိမ်မြင့်ကြီးသို့ ဦးဘခက်တို့အရောက်တွင် မျက်နှာမသာမယာဖြင့် ကြိုဆိုလေသည်။

"အင်း ... ကိုရင်လာမှလာပါ့မလားလို့ မနေ့ကတည်းက မျှော်နေတာ"

"လာရမှာပေါ့ ဆရာမိုးရယ်၊ ကြေးနန်းရရချင်း နောက်နေ့မနက်မှာပဲ ထွက်ခဲ့တာဗျ၊ ကျုပ်နဲ့အတူ ကျုပ်ရဲ့ညာလက်ရုံးအဖြစ် အင်မတန်အားကိုးရတဲ့ ဟောဒီတပည့်ကျော် မောင်ဇာနည်ကိုပါ ခေါ်လာခဲ့တယ်ဗျာ"

"သြော် ... ဒီလူငယ်က မောင်ဇာနည်တဲ့လား၊ အင်း ... ကျုပ်က ကိုရင် တပည့်တပန်းအစုံအညီနဲ့ကို လာမယ်ထင်နေတာ"

"ဆရာမိုးရဲ့ ... ဟောဒီမောင်ဇာနည်ဟာ ကျုပ်ရဲ့တခြားတပည့်ငါးယောက်ပေါင်းလောက်ရဲ့စွမ်းရည်နဲ့ တူညီတယ်ဗျ"

"အို ... ဒီလိုလား၊ ဒါဆိုလည်း ကျုပ်အဖို့ အားရှိစရာပေါ့ဗျာ"

"သိပ်လည်း အစိုးရိမ်မကြီးနေပါနဲ့ ဆရာမိုးရယ်၊ ဒီတစ်ခါတော့ အဲဒီမိစ္ဆာကောင် သိင်္ဂပါဓားသမားဟာ ကျုပ်တို့ရဲ့လက်က ပြေးမလွတ်ပါဘူး၊ ဒါထက် ဆရာမိုးရဲ့ ... ခင်ဗျားရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကံဇာတာကို ဗေဒင်ပညာနဲ့ တွက်စစ်မကြည့်ဘူးလားဗျ''

''အင်း . . . ကျုပ်ရဲ့ကံကြမ္မာကို တွက်စစ်ကြည့်ပြီးပြီဗျ၊ အခြေအနေ လုံးဝမကောင်းဘူး၊ ဒါကြောင့် အစိုးရိမ်ပိုနေရတာပဲ ကိုဘခက်ရေ၊ ကဲ ကဲ . . . ကိုရင်တို့လည်း ခရီးပန်းလာတယ်၊ နားလိုက်ကြဦး၊ ကျုပ်ရဲ့တပည့်တွေက အခန်းလွတ်တွေမှာ ပြင်ပေးထားပြီးပါပြီ၊ ညစာစားပြီး ညကျမှပဲ အကြောင်းစုံပြောကြတာပေါ့ဗျာ''

''ကောင်းပါပြီ ဆရာမိုးရယ်''

ဦးဘခက်နှင့်ဇာနည်တို့သည် ရေနံချေးများဝကာ မည်းမှောင်နေသည့် နှစ်ထပ်ပျဉ်ထောင်အိမ်ကြီး၏ အပေါ်ထပ်မှ အိပ်ခန်းကျယ်ကြီးများမှာပင် ကျကျနန တည်းခိုခွင့်ရလေသည်။

✲

ညစာစားပြီးလျှင်မူ အိမ်ပေါ်ထပ်ရှေ့ပိုင်း အထူးဧည့်ခန်းဆောင်တွင် ဆရာဇေယျမိုး၊ ဦးဘခက်နှင့် ဇာနည်တို့သုံးဦး စကားအေးအေးဆေးဆေး ပြောဖြစ်ကြလေသည်။

''ကိုဘခက်ရဲ့ . . . ကျုပ်ရဲ့ကံဇာတာက ခုအချိန်မှာ





အတော်နိမ့်နေတာကလားဗျ၊ ဗေဒင်ပညာရဲ့သဘောနဲ့ ပြောရမယ်ဆိုရင် သုံးတန်ပေါ်နိစ့်ပညာအရ ကျုပ်ဟာ စနေသက်ရောက်ဗျ၊ ဒီတော့ ကျုပ်ရဲ့မွေးနံ အင်္ဂါဟာ တိက္ခနိစ်ဆိုတဲ့ အဆိုးဝါးဆုံးနေရာမှာ ရောက်နေတယ်ဗျ''

ဆရာဇေယျမိုးက ထိုသို့ပြောရင်း ကျောက်သင်ပုန်းတစ်ချပ်ပေါ်တွင် ကျောက်တံဖြင့် အောက်ဖော်ပြပါအတိုင်း ကိန်းဂဏန်းများကို ရေးချပြလိုက်လေသည်။

၁ တိုင်ထိပ်

၀ ပြ

၆ တန်းပေါ်

၅ တန်းကပ်

၄ မန္ဒနိစ်

✲ ၃ တိက္ခနိစ်

၂ တိုင်ခြေ

**စနေသက်ရောက်တိုင်**

''တစ်ခါ သိင်္ဂပါဓားသမားက ကျုပ်ဆီလာခဲ့မယ်လို့ ပြောတဲ့ လာမယ့်လကွယ်နေ့ဟာ ဗုဒ္ဓဟူးနေ့ဖြစ်နေတယ်ဗျ၊



www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့သာ သူဟာ သန်းခေါင်ယံအချိန်တိတိမှာလာရင် ဗုဒ္ဓဟူးနေ့မှာ အကြိုးဝင်နေတဲ့အတွက် ဗေဒင်ပညာအရ ဗုဒ္ဓဟူးနေ့ ဗုဒ္ဓဟူးတိုင်ကိုပဲ ကြည့်ရမယ်ဗျ၊ ဗုဒ္ဓဟူးနေ့တိုင်အရလည်း ကျုပ်ရဲ့ မွေးနံ့ အင်္ဂါဟာ အခြေအနေမကောင်းဘူးဗျ''

ယင်းသို့ပြောရင်း ဆရာဖေယျမိုးက ကျောက်သင်ပုန်းပေါ်တွင် ကျောက်တံဖြင့် ကိန်းဂဏန်းတို့ကို ရေးပြပြန်လေ၏။

| | |
|---|---|
| ၁ | ဓေယျ |
| ၅ | ဝရ |
| ၂ | လာဘ |
| ၄ | (အလယ်ချာ) ဒွါယ |
| ၀ | ဗျာယ |
| ☼ ၃ | မရဏ |
| ၆ | ကိစ္စ |

ဗုဒ္ဓဟူးနေ့တိုင်

''တွေ့လား ... ဒီဗုဒ္ဓဟူးတိုင်မှာလည်း ကျုပ်ရဲ့မွေးနံ အင်္ဂါဟာ မရဏဆိုတဲ့ သေကျေပျက်စီးခြင်းနေရာမှာ ရှိနေတယ်ဗျ၊ အဲဒီအချက်နှစ်ချက်နဲ့တင် ကျုပ်ရဲ့ကံဇာတာက စိုးရိမ်ရမယ့်





အနေအထားမှာ ရောက်နေတယ်ဗျို့''

''ယတြာချေပေါ့ဗျာ၊ ခင်ဗျားက ဗေဒင်ပညာတတ်သူပဲဟာ''

''အင်း ... ယတြာချေစရာရှိတာလည်း ချေပြီးပါပြီဗျာ၊ ဒါပေမဲ့ ကံဇာတာအရ ဖြစ်ကိုဖြစ်လာမယ့်ဘေးတွေကို ယတြာက လုံးဝစိတ်ချရအောင် ဖယ်ရှားနိုင်မယ်လို့ ကျုပ် မယုံကြည်ဘူးဗျ''

''ဘယ်လို ဘယ်လို ... ခင်ဗျားလို ဗေဒင်သမားကိုယ်တိုင်က ယတြာကိုမယုံဘူးတဲ့လား ... ဟား ဟား ဟား ... ဒါဆိုရင်တော့ ကျုပ်တို့လို လက်တွေ့သမားတွေက ပိုပြီး လက်မခံရုံဘဲပေါ့ဗျာ ... ဟား ဟား''

ဦးဘခက်မှာ မိတ်ရင်းဆွေရင်းချင်း ပြန်တွေ့ရသည့်တွင် သူတို့မိတ်ဆွေတစ်စု ကြုံတွေ့ခဲ့ရသည့်၊ ကြုံတွေ့နေရသည့် ပြဿနာကို ခေတ္တမေ့ကာ စိတ်၌ ရွှင်မြူးခြင်းဖြစ်ပေါ်ပြီး သဘောတကျ ရယ်မောနေလေတော့၏။

အောက်လင်းဓာတ်မီးရောင်အောက်တွင် ကျွန်းဆက်တီခုံများဖြင့် ဝိုင်းဖွဲ့ထိုင်ရင်း သူတို့သုံးဦးတည်း ဆွေးနွေးပြောဆိုနေကြခြင်းဖြစ်သည်။

ဆရာဖေယျမိုးက ယွန်းကွမ်းအစ်ကြီးကိုဖွင့်ကာ ကြေးကွမ်းညှပ်ကြီးဖြင့် ကွမ်းသီးကို တဒေါက်ဒေါက်ညှပ်လိုက်ပြီး ကွမ်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ယာ ယာစားလိုက်၏။ သူက ကွမ်းသွေးကို ထွေးခံထဲ ပျစ်ခနဲ ထွေးလိုက်ပြီးနောက်တွင်မှ ရှည်လျားစွာ ရှင်းလင်းပြောပြလေသည်။

"ဒီလိုရှိတယ် ကိုဘခက်ရဲ့ . . . ယတြာကို ကျုပ်က မယုံကြည်ဘူးလို့ ပြောတာမဟုတ်ဘူး၊ ယတြာကိုယုံပြီး ကံကြမ္မာကို ပုံလို့မရဘူးလို့ပြောတာ၊ လူတွေဟာ အတိတ်က ကုသိုလ်ကံ အကုသိုလ်ကံတွေအရ ဖြစ်ပေါ်လာမယ့် ကောင်းကျိုးဆိုးကျိုးတွေကို မလွှဲမသွေကြုံရမှာပဲဗျ၊ ဒါကို အတင်းအဓမ္မရှောင်လွှဲချင်လို့ မရဘူး . . .၊

ယတြာချေတယ်ဆိုတာကတော့ ဓာတ်သဘောတွေအရ အဆိုးတွေကို ချေဖျက်ဖို့ တတ်နိုင်သလောက် ကြိုးစားတဲ့သဘောပဲဗျ၊ တစ်ခါတစ်ရံ ဓာတ်တည့်သွားတဲ့အခါ ဓာတ်မိသွားတဲ့အခါ ယတြာတအားစွမ်းသွားတာလည်း ရှိပါတယ်၊ ဒါပေမဲ့ ယေဘုယျအားဖြင့်တော့ ယတြာဆိုတာ သိပ်ဆိုးမှာကို သိပ်မဆိုးအောင် အတော်အသင့် အကျိုးဖြစ်ထွန်းမှာကို အကျိုးများများဖြစ်ထွန်းအောင် အထောက်အကူပေးနိုင်တဲ့သဘောတော့ ရှိတယ်ဗျ . . .၊

ခြုံငုံပြီးပြောရရင်တော့ ယတြာဟာ အထောက်အကူဖြစ်သော်လည်း ယတြာကိုချည်းပဲ လုံးဝပုံယုံတာမျိုး လုပ်လို့မရဘူး၊ ယတြာချေတာလည်းချေ, ကိုယ်တိုင်ကလည်း သတိဝီရိယ အပြည့်နဲ့ ဆင်ဆင်ခြင်ခြင်နေသင့်တယ်ဗျ၊ ဒါကြောင့် ကျုပ်က ကျုပ်ရဲ့ပညာနဲ့ ယတြာချေသလို သတိဝီရိယကို အားပြုတဲ့အနေနဲ့ ဖြစ်ပေါ်လာမယ့်ကြမ္မာဆိုးအတွက် အရာရာ အသင့်ပြင်ထားတယ်ဗျ . . .၊

ကိုရင့်ကို အကူခေါ်လိုက်ရတာလည်း အသင့်ပြင်ခြင်းတစ်မျိုးပေါ့ဗျာ၊ ကိုရင်က သိုင်းပညာရှင်ကြီးတစ်ဦးဆိုတော့ ကျုပ်အတွက် အကာအကွယ်ပေးနိုင်အောင်လို့ အားကိုးတကြီးမှာလိုက်ရတာပဲဗျ၊ ကျုပ်ကတော့ အဲဒီဘက်အပိုင်းမှာ အားနည်းတယ်လေ"

"စိတ်ချပါဗျာ ဆရာမိုးရဲ့ . . . အခု ကျုပ်အပြင် ပောဒီမောင်ဖာနည်လည်း ရှိနေပြီပဲ၊ ကျုပ်တို့ဆရာတပည့်က ခင်ဗျားကို ဘေးမသီ ရန်မခအောင် ကာကွယ်ပေးမယ့်အပြင် အဲဒီ သိင်္ဂါဓားသမားဆိုတဲ့ မိစ္ဆာကောင်ကို အမိဖမ်းပြဦးမှာဗျ . . . ကြည့်ထား"

✡

သိင်္ဂါဓားသမား ချိန်းဆိုထားသည့် တပေါင်းလကွယ်







www.burmeseclassic.com

www.burmeseclassic.com



ညသည်ကား မလွဲမသွေ ဆိုက်ရောက်လို့လာခဲ့ချေပြီတည်း။

ဆရာဖေယျမိုးသည် သူ၏အသက်အန္တရာယ်အတွက် စိုးရိမ်ကြီးသူပီပီ မရဏာဓားနက်ရှင်အား ရင်ဆိုင်ရန် သတိကြီးစွာဖြင့် အရာအားလုံးကို ကြိုတင်ပြင်ဆင်ထားလေ၏။

မြို့စွန်လမ်းတွင်ရှိသော သူ၏အိမ်ခြံဝင်းကြီးထဲ၌ သူ၏ တပည့်လက်သားများသည် ညဦးကတည်းက ဓားလှံကိုယ်စီဖြင့် ကင်းပုန်းဝပ်စောင့်နေကြလေသည်။

ပျဉ်ထောင်နှစ်ထပ်အိမ်ကြီး၏ အပေါ်ထပ်၊ အောက်ထပ်အနှံ့ အောက်လင်းဓာတ်မီးများ ထိန်ထိန်ညီးအောင် ထွန်းထားပြီး သူ၏တပည့်ငါးယောက်က အိမ်အောက်ထပ်ဝယ် သတိကြီးစွာဖြင့် စောင့်ကြပ်လျက်ရှိလေသည်။

ညစာစားပြီးကတည်းက ဆရာဖေယျမိုးသည် သူ၏ အိပ်ခန်းထဲသို့ ဝင်သွားပြီး အတွင်းမှ ချက်ထိုးပိတ်ထားလိုက်လေ၏။ အိပ်ခန်း၏ ပြတင်းပေါက်တိုင်းတွင် သံတိုင်များ ကာရံထားရာ အိပ်ခန်းမှာ အထူးလုံခြုံလှပေ၏။

ဆရာဖေယျမိုး၏ အိပ်ခန်းအဝင် တံခါးပေါက်၏ ဝဲယာဘက်တို့တွင် ကျွန်းကုလားထိုင်ကြီးနှစ်လုံး ချထားပြီး ထိုကုလားထိုင်များပေါ်တွင် ဦးဘခက်နှင့်ဇာနည်တို့က ထိုင်ကာ ညဥ့်သန်းခေါင်ယံအချိန်ကို စိတ်စောစွာ စောင့်မျှော်လျက်ရှိလေသည်။





ဆရာဖေယျမိုးသည် ဗေဒင်ဆရာ၊ ဆေးဆရာအဖြစ် နာမည်ခံထားသော်လည်း သူ၏ ပင်မစီးပွားရေးမှာ ရှေးဟောင်းသိုက်တို့ကို သူ လက်သပ်မွေးထားသော တပည့်များနှင့်အတူ ရှာဖွေတူးဖော်သည့်အလုပ်ပင် ဖြစ်ပါ၏။

သူသည် လွန်ခဲ့သော ဆယ်နှစ်ခန့်က ဤမြောင်ဖီလာမြို့လေးဝယ် လက်ရှိနေအိမ်ကို ဝယ်ယူခဲ့သော်လည်း အခြေချနေထိုင်ခြင်း မပြုခဲ့ချေ။

ဖနီး သားသမီး သံယောဇဉ်မရှိသည့် လူပျိုကြီးပီပီ တပည့်တပန်းများနှင့်သာ မြန်မာနိုင်ငံ နေရာအနှံ့သို့ သွားရောက်လျက် ရှေးဟောင်းသိုက်တို့ကို ရှာဖွေတူးဖော်ခြင်းပြုခဲ့လေ၏။

လူအများကိုမူ နယ်လှည့်ဆေးကုထွက်သည်၊ နယ်လှည့်ဗေဒင်ဟောသည်၊ ဘုရားကျောင်းကန်များ ပြုပြင်တည်ဆောက်သည့်အလုပ် လုပ်သည်ဟု သတင်းလွှင့်ထားလေသည်။

ဆရာဖေယျမိုးသည် လွန်ခဲ့သည့်နှစ်နှစ်ခန့်ကမှ မြောင်ဖီလာသို့ ပြန်ရောက်လာပြီး အခြေချနေထိုင်လာခဲ့သူဖြစ်၏။

သူ့မှာလည်း တပည့်တပန်းများစွာရှိရာ ထိုတပည့်တို့ကို လုံခြုံရေးတာဝန်ပေးထားပြီးဖြစ်သော်လည်း သူ့တပည့်များမှာ များသောအားဖြင့် သူ့ထံမှ ဆေးပညာ၊ ဗေဒင်ပညာတို့ကို သင်ယူနေသူများသာဖြစ်ပြီး လူပျော့များဖြစ်၏။ လူမိုက်များ အကြမ်း



www.burmeseclassic.com

www.burmeseclassic.com



ပတာမ်းခံနိုင်သူများ မဟုတ်ကြချေ။

ထို့ကြောင့် ဆရာဖေယျမိုးသည် သူ၏လုံခြုံရေးအတွက် ထိုတပည့်များကို သိပ်အားမထားဘဲ သူနှင့်အတူ သိုက်တူးဖက် တပည့်လေးငါးယောက်နှင့် ကျောက်ဘီလူးဦးဘခက်၊ ဇာနည်တို့ကို ပိုအားထားလျက်ရှိလေသည်။

သို့ကြောင့်လည်း ဦးဘခက်ရော ဇာနည်ပါ ဆောင်ဓား ကိုယ်စီလွယ်ကာ လုံတစ်ချောင်းစီကို နံဘေးမှာချလျက် ဆရာဖေယျမိုး၏အိပ်ခန်းအဝဝယ် အိပ်ဖန်စောင့်များ လာလုပ်ပေးနေရခြင်းဖြစ်သည်။

ဆရာဖေယျမိုးမှာမူ အိပ်ခန်းကျယ်ကြီးထဲမှ အိပ်ရာခုတင်ထက်တွင် အိပ်စက်မပျော်နိုင်ဘဲ ခေါင်းအုံးအောက်မှ ပစ္စတိုသေနတ်ကိုသာ မကြာခဏစမ်းရင်း ဟိုဘက်လှိမ့်လိုက်၊ သည်ဘက်လူးလိုက် ဖြစ်နေတော့၏။

နာရီလက်တံတို့သည်ကား သူ့တာဝန်သူ ကျေပွန်စွာဖြင့် ရွေ့လျားရင်း ၁၁ နာရီ ၄၀ မိနစ်ကို ညွှန်ပြလျက်ရှိချေပြီ။

ဦးဘခက်သည် ဖော့စတားဆေးတံကြီးကို ခဲနေရင်း စလွယ်သိုင်းထားသည့် ဓားအိမ်ထဲမှ ငွေလက်ကိုင်ရိုးတပ် ငှက်ကြီးတောင်ဓားကို ဆွဲထုတ်လိုက်ပြီး လက်ထဲမှာ တဆဆလုပ်လျက် ရှိလေသည်။





ဇာနည်ကမူ ငှက်ကြီးတောင်ဓားကို စလွယ်သိုင်းမြဲသိုင်းထားပြီးလျှင် ကရေဇင်အေစီးကရက်ကို ဖွာလျက် အိမ်ဝန်းကျင်အနှံ့သို့ အကဲခတ် ကြည့်ရှုလျက်ရှိပေ၏။

"ဒါထက် ဦး ... သိဂ်ပါဓားသမားရဲ့ ရာဇသံ ဘယ်တုန်းက ရောက်တာတဲ့လဲဗျ"

ဇာနည်က တိတ်ဆိတ်ငြိမ်သက်လွန်းခြင်းကို သဘောမကျလှသဖြင့် ဦးဘခက်ကို မေးခွန်းထုတ်လိုက်လေသည်။

"ဒီလိုကွဲ့ ... လွန်ခဲ့တဲ့နှစ်ပတ်နီးပါးလောက်က ဆရာမိုး အိပ်ရာကမနိုးခင် ခြံရှေ့ကို ရထားလုံးတစ်စီး ဆိုက်ရောက်လာပြီး ရထားထဲကနေ ကုလားဘာဘူကြီးတစ်ယောက် ဆင်းလာတယ်တဲ့၊ အဲဒီကုလားဘာဘူကြီးက ဆရာမိုးတွက်ချက်ပေးပြီး ယတြာအစီအရင်တွေ လုပ်ပေးလို့ သူ့ရဲ့ကုန်သွယ်မှုလုပ်ငန်းတွေ အောင်မြင်ပြီး အကျိုးဖြစ်ထွန်းခဲ့တယ်တဲ့၊ အဲဒီအတွက် ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ လက်ဆောင်လာပေးတာပါဆိုပြီး ခြံစောင့်တွေကို ဖဲပြားအဝါရောင်လေးနဲ့ စည်းထားတဲ့ ငွေရောင်ဘူးရှည်မျောမျောလေးကို ပေးခဲ့တယ်တဲ့ ...၊

ခြံစောင့်တွေလည်း ယူထားလိုက်ပြီး ဆရာမိုးနိုးလာမှ အကျိုးအကြောင်းပြောလို့ ငွေရောင်သေတ္တာလေးကို အပ်တယ်တဲ့ ...၊



www.burmeseclassic.com

www.burmeseclassic.com



ဆရာမိုးလည်း ဇဝေဇဝါဖြစ်ပြီးမှ ဖဲကြိုးကိုဖြည်၊ သေတ္တာလေးကို ဖွင့်ကြည့်လိုက်တဲ့အခါမှာတော့ လာ လား ... ဓားအနက်လေးနဲ့ ရာဇသံကို တွေ့ရတော့တာပဲတဲ့''

''ဩော် ... ဒီလိုလား''

''ဟုတ်တယ်၊ ကဲ ... စကားပြောကောင်းနေမင့်ဟာ ၁၂ နာရီတောင် ထိုးလုပြီ''

ဦးဘခက်က သတိပေးစကားပြောရင်း တိုင်ကပ်နာရီကြီးကို ညွှန်ပြလိုက်တော့၏။

ဇာနည်က တိုင်ကပ်နာရီကြီးဆီ လှမ်းကြည့်လိုက်ပြီး နောက်ကျောဘက်၌သိုင်းလွယ်ထားသည့် ဓားအိမ်ထဲမှဓားကို ဆွဲထုတ်လိုက်၏။

ဆရာဇေယျမိုး၏ အိပ်ခန်းမှာ လွန်စွာလုံခြုံလှသဖြင့် သိင်္ဂပါဓားသမားသည် သူနှင့်ဦးဘခက်တို့ စောင့်ကြပ်နေသည့်ကြားမှသာ ဝင်နိုင်မည်ဖြစ်သည်။

''လာစမ်းပါ့ မရဏာဓားနက်ရှင်ရယ်''

တပေါင်းလ၏ လကွယ်နေ့ညသည် နေ့ပူလို့ ညချမ်း တပေါင်းလသရမ်းဟု ဆိုရိုးရှိသည့်အတိုင်း ညဦးနက်လာသည်တွင် ချမ်းစိမ့်လာတော့၏။

တိတ်ဆိတ်နေသည့်ညဥ့်ယံဝယ် တစ်ခါတစ်ရံ ထွက်ပေါ်





လာတတ်သော အိမ်မြှောင်စုတ်ထိုးသံမှအပ တိုင်ကပ်နာရီကြီး၏ မြည်သံတစ်ချက်ချက်သာ ထွက်ပေါ်လျက်ရှိလေသည်။

'ဒင် ဒင် ဒင် ဒင် ဒင်'

ချိန်သီးကို ဘယ်ညာလွှဲယမ်းလျက်ရှိသော တိုင်ကပ်နာရီကြီးမှ သန်းခေါင်ယံတိုင်ပြီဖြစ်ကြောင်း မြည်သံတဒင်ဒင် ထွက်ပေါ်လာသည်နှင့်တစ်ပြိုင်နက် ...

''ဟာ ... မီး မီး မီး နောက်ဘက်အဆောင်မှာ မီးတွေလောင်နေပြီ၊ မီးတွေလောင်နေပြီ၊ လုပ်ကြပါဦး''

အိမ်နောက်ဘက်မှ ရုတ်တရက် စူးစူးဝါးဝါး ထွက်ပေါ်လာသော အော်ဟစ်သံများကြောင့် ဇာနည်နှင့်ဦးဘခက်တို့သည် ထိုင်ရာမှ ဖျတ်ခနဲ ထလိုက်မိကြတော့၏။

ချက်ချင်းဆိုသလိုပင် ခြံနောက်ပိုင်းမှအော်ဟစ်သံတို့ ရေပွက်သလို ပေါ်ထွက်လာတော့သည်။

''ရေနဲ့ပက် ရေနဲ့ပက် ... မီးက အိမ်မကြီးဆီ ကူးနေပြီ''

ဆူညံအော်ဟစ်သံတို့နှင့်အတူ အမှောင်ဖုံးနေသည့် ညဦ့ဝန်းကျင်တွင် မီးတောက်မီးလျှံတို့ကို ပြတင်းတံခါးတို့မှ မြင်တွေ့လိုက်ရတော့၏။

မီးခိုးလုံးများသည်လည်း တစ်အိမ်လုံးလိုလို ဖုံးလွှမ်းသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘခက်နှင့်ဇာနည်တို့မှာ အိပ်ခန်းထဲမှာ လောင်ပိတ်မိနေသည့် ဆရာဖေယျမိုးအတွက် လွန်စွာစိတ်ပူသွားပြီး တံခါးရွက်ကို တဒုံးဒုံးထုကာ ...

'ဒုန်း ဒုန်း ဒုန်း'

"ဆရာမိုး ဆရာမိုး ... တံခါးဖွင့်ပြီးထွက်တော့၊ မီးကတစ်အိမ်လုံးလောင်တော့မှာ ... ထွက် ထွက်"

ဇာနည်တို့၏ သတိပေးသံကြောင့် ဆရာဖေယျမိုးသည် အတွင်းမှ တံခါးချက်ကိုဖွင့်ကာ အခန်းအပြင်ဘက်သို့ ဒရောသောပါး ပြေးထွက်လာတော့၏။

စင်္ကြံလမ်းတစ်ခုလုံး မီးခိုးဖြူဖြူများ ဖုံးလွှမ်းလျက်ရှိပြီး မီးတောက်မီးလျှံတို့ကိုပါ မြင်လိုက်ရသည်တွင် ဆရာဖေယျမိုးမှာ လွန်စွာ အံ့အားသင့် ထိတ်လန့်သွားတော့၏။

"ဟာ ... ဘယ် ဘယ်လိုဖြစ်တာလဲ၊ ကျုပ်ရဲ့တစ်အိမ်လုံး မီးလောင်နေပါလား"

"ဟုတ်တယ် ဆရာမိုး၊ လာ လာ ... အောက်ထပ်ကို ဆင်းမှဖြစ်မယ်"

ဇာနည်က ကျွန်းလှေကားကြီးဆီသို့ ရှေ့ရှုဦးဆောင်ပြေးရာ ဦးဘခက်က ဆရာဖေယျမိုး၏လက်ကိုဆွဲကာ နောက်မှ ပြေးလိုက်လေသည်။





"ဟာ ... လှေကားက ဆင်းလို့မရတော့ဘူး၊ လှေကားကိုပါ ,မီးစွဲနေပြီ"

အိမ်အောက်ထပ်တစ်ခုလုံးမှာလည်း မီးခိုးတို့ဖြင့် ပြည့်လျက်ရှိကာ ကျွန်းလှေကားကြီးကိုပါ မီးစွဲလောင်လျက်ရှိလေ၏။ အောက်ထပ်မှ လူတို့ ယောက်ယက်ခတ်ပြေးလွှားသံ၊ အော်ဟစ်သံတို့ကိုပါ ဆူညံစွာကြားရလေသည်။

"အိမ် အိမ်နောက်ဘက် သံလှေကားက ဆင်းမှဖြစ်မယ်"

သူတို့သုံးဦးသည် အိမ်နောက်ပိုင်းသို့ ပြေးသွားကြပြီး နောက်ဖေးတံခါးကို ဖွင့်ကာ အရေးပေါ်သံလှေကားမှ ဒရောသောပါး ဆင်းခဲ့ကြတော့၏။

ခြံကြီးထဲမှာလည်း မီးခိုးငွေ့ဖြူဖြူတို့ ထောင်းထောင်းထလျက်ရှိကာ သူတို့သုံးဦးလုံး မြေပြင်သို့ ရောက်ရှိသွားစဉ်မှာပင် ဖြူဖြူအရိပ်တစ်ခုသည် မီးခိုးငွေ့တို့ကြားမှ ဖြတ်သန်းကာ သူတို့ရှိရာသို့ လွှားခနဲခုန်ဝင်လာသည်ကို ဇာနည် တွေ့လိုက်ရလေသည်။

"သတိထား ... ရန်သူ"

ဇာနည်က အော်ဟစ်သတိပေးရင်း ထိုဖြူဖြူအရိပ်ကို လက်ထဲမှဓားဖြင့် ဆီးကြိုခုတ်ချလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



'ဝှစ်'

'ချွမ်း'

သို့သော် ဖြူဖြူအရိပ်ထံမှ လက်ခနဲတွေ့လိုက်ရပြီး သံသံချင်း ထိခတ်သံထွက်ပေါ်လာကာ ဇာနည်၏ဓားမှာ ပြင်းထန်စွာ ခတ်ထုတ်ခြင်းခံလိုက်ရလေသည်။

ချက်ချင်းဆိုသလိုပင် အလင်းစက်ဝိုင်းတစ်ခုက သူ့ဆီလှစ်ခနဲပြေးဝင်လာရာ ဇာနည်မှာ နောက်သို့ လှစ်ခနဲ ခုန်ဆုတ်လိုက်ရ၏။ ဒါတောင် အင်္ကျီရင်ဘတ်ကို ဖြတ်လှီးသွားသေးသည်။

တစ်ပြိုင်နက်မှာပင် ဖြူဖြူအရိပ်ထံမှ အလင်းစက်ဝိုင်းတစ်ခု ဖြစ်ပေါ်သွားပြီး လက်ထဲမှ ပစ္စတိုဖြင့် ထိုးချိန်လိုက်သည့် ဆရာဇေယျမိုး၏လက်ကို ခုတ်ဖြတ်သွားတော့၏။

'ဝှစ်'

'ဒုတ်'

''အား''

နောက်ထပ်အလင်းစက်ဝိုင်း လှစ်ခနဲဖြစ်ပေါ်သွားသည့်အခါမှာမူ ...

'ဝှစ်'

''အား''

ဆရာဇေယျမိုးမှာ အသံနက်ကြီးဖြင့် အော်လိုက်ရင်း





မီးခိုးငွေ့များကြား လဲကျသွားပါတော့၏။

ယင်းအချိန်မှာပင် လေရိုင်းက ဟူးဟူးရားရား တိုက်ခတ်လိုက်ရာ မီးခိုးငွေ့တို့ အလုံးအရင်းလိုက် သူတို့ကြားမှ ဖြတ်သန်းသွားသဖြင့် ဇာနည်၏မြင်ကွင်းမှ ဖြူဖြူအရိပ်မှာ ပျောက်ကွယ်သွားတော့၏။

ဇာနည်က မီးခိုးငွေ့တို့ကို လက်တစ်ဖက်ဖြင့် ဝှေ့ယမ်းကာ ဖယ်ထုတ်နိုင်ရန်ကြိုးစားပြီး ဓားလွတ်ကို ကျစ်ကျစ်ပါအောင် စွဲကိုင်ရင်း ရှေ့သို့ပြေးဝင်သွားလေလျှင် မီးခိုးငွေ့တို့ကြားၡ၌ ဓားလွတ်ကိုင် လူတစ်ဦးနှင့် ရင်ဆိုင်တွေ့လိုက်ရတော့၏။

''ဟာ ...ဦး''

''ဟင် မောင်ဇာနည် ...ရန် ရန်သူရော''

''မ မတွေ့တော့ဘူးဦး''

ဆရာဇေယျမိုး၏တပည့်များ ရေပိုင်းပက်ကာ ငြိမ်းသတ်မှုကြောင့် မီးညွန့်ကျိုးပြီး မီးခိုးငွေ့တို့ ပြယ်လွင့်သွားသည့်အခါမှာတော့ ရန်သူသည်လည်း ယင်းမီးခိုးငွေ့တို့နှင့်အတူ လွင့်ပါးပျောက်ကွယ်သွားပြီဖြစ်ပါတော့သတည်း။

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com

## အာယာတနိဂုံး



ဆရာဖေယျမိုး ကွယ်လွန်ပြီးကတည်းက ဦးဘခက်မှာ စိတ်ဓာတ်အတော်ကျသွားပုံရကာ ခပ်ငိုင်ငိုင်ဖြစ်နေတော့၏။ အိမ်ပေါ်ထပ်မှ အောက်ထပ်သို့ပင် သိပ်မဆင်းတော့။ တစ်နေ့တစ်နေ့ သူ့အိပ်ခန်းထဲမှာပင် နေနေလေ့ရှိလာ၏။

ဦးဘခက်၏စီးပွားရေးလုပ်ငန်းအဝဝကို ခမ်းလွင်က တာဝန်ယူလုပ်ကိုင်နေရပြီး ကျောက်ဘီလူးစံအိမ်ကြီး၏ကိစ္စအဝဝကိုမူ ဟေမာန်က တာဝန်ယူဦးဆောင်နေရလေသည်။

တစ်ညနေခင်းတွင် မြို့ပြင်ဘက်သို့ ခြေညောင်းလက်ဆန့်အဖြစ် မြင်းစီးထွက်ခဲ့ကြရင်း View Point ရှိ ဦးဝတုတ်ကြီးဆိုင်တွင် ထုံးစံအတိုင်း ဟေမာန်က ဝက်ခြေထောက်စွပ်ပြုတ်





သောက်လေ၏။

ပြီးလျှင် သူတို့နှစ်ဦးသည် မြင်းများကို ဦးဝတုတ်ကြီးဆိုင်နံဘေးရှိ မြက်ခင်းမှာ လှန်ထားလိုက်ကြပြီးနောက် ကမ်းပါးစွန်းရှိ ကျောက်တုံးကြီးများပေါ်တွင်ထိုင်ရင်း ဦးဘခက်၏အကြောင်းကို ပြောဆိုဆွေးနွေးဖြစ်ကြလေသည်။

"ဖေဖေကတော့ အတော့်ကို တုန်လှုပ်ချောက်ချားနေပုံရတယ် ဖာနည်၊ သူ့မိတ်ဆွေကြီး ဆရာမိုးဆိုတာ အသတ်ခံရပြီးကတည်းက ဒီတစ်ခါ သူ့အလှည့်ပဲလို့တွေးပြီး ဆောက်တည်ရာမရ ဖြစ်နေပုံရတယ်၊ ခုတစ်လော အစားအသောက်ပါ ပျက်လာတယ် ဖာနည်ရဲ့"

"အင်း ... ကိုယ်တစ်ယောက်လုံး ပါနေလျက်နဲ့ ဆရာဖေယျမိုး အသတ်ခံလိုက်ရတာကို ကိုယ်လည်း အတော့်ကိုခံပြင်းနေတယ်၊ အဲဒီတုန်းက မီးခိုးငွေ့တွေ ထောင်းထောင်းထနေတော့ သိဂံပါဓားသမားကို ရိပ်ခနဲပဲ တွေ့လိုက်ရတယ်၊ သူ့ရဲ့လှုပ်ရှားမှုကလည်း မယုံနိုင်လောက်အောင် မြန်ဆန်တယ် ဟေမာန်ရဲ့၊ အတော်ကြောက်စရာကောင်းပြီး အတော့်ကိုထက်မြက်သူပဲ၊ ဉာဏ်လည်းအတော်များတယ် ...၊

ဆရာဖေယျမိုး ပုန်းအောင်းနေတဲ့ အိပ်ခန်းထဲ ဝင်ဖို့ မလွယ်ဘူးဆိုတာကိုသိတော့ သူက အိမ်ကို မီးရှို့ခဲ့တယ်၊ သူက



www.burmeseclassic.com

www.burmeseclassic.com



ပထမ ခြံအနောက်ပိုင်းထဲကို ကြောင်တစ်ကောင်လို ခုန်ဝင်တိုက်တယ်၊ အဲဒီကင်းသမားနှစ်ယောက် အော်ဟစ်သတိမပေးနိုင်ခင်မှာပဲ ချိုစောင်းတွေကို ဓားနှောင့်နဲ့ အထုခံရပြီး သတိလစ်သွားကြတယ်၊ အဲဒီနောက် အိမ်ကို မီးရှို့တော့တာပဲ၊ ပုန်းအောင်းနေရာကနေ ဆရာဖေယျမိုး မထွက်,ထွက်အောင် ဉာဏ်ဆင်ခဲ့တာပဲပေါ့၊ သူက ပစ်မှတ်ကို ကြိုတင်လေ့လာပြီးမှ စနစ်တကျအပိုင်လုပ်ခဲ့တာပဲ ဟောမာန်"

"ဟုတ်တယ် ... ဒါကြောင့်လည်း ဖေဖေဟာ သိပ်ကို ထိတ်လန့်နေတာပေါ့၊ ဖေဖေဟာ တော်ရုံနဲ့ တုန်လှုပ်တတ်သူ မဟုတ်ဘူး ဖာနည်၊ အခုဟာက ဖေဖေ့ရဲ့ဘဝမှာ တစ်ခါမှ မကြုံဖူးတဲ့ ရန်သူမျိုးနဲ့ ရင်ဆိုင်နေရလို့ စိတ်နှလုံးချောက်ချားနေရှာတာပါ"

"ဟုတ်ပါတယ် ဟောမာန်၊ ကိုယ်လည်း အဲဒီ သိဂ်ပါဓားသမားလို လူသတ်သမားမျိုးကို မကြုံဖူးပါဘူး၊ သူဟာ ဘယ်လိုလူလဲ၊ ဘာဖြစ်လို့ ဒီလောက်အစွမ်းထက်နေရတာလဲ၊ ပြီးတော့ ဘာကြောင့် ဦးတို့မိတ်ဆွေတစ်စုကိုမှ ပစ်မှတ်ထားပြီး တစ်ယောက်ပြီးတစ်ယောက် စိန်ခေါ်သတ်ဖြတ်နေရတာလဲ၊ အဲဒီအကြောင်းရင်းကိုတော့ သိချင်တယ် ဟောမာန်၊ သိရင် ကိုယ့်ကို ပြောပြပါလား"





"ဟောမာန်လည်း သေသေချာချာမသိဘူး ဖာနည်ရဲ့၊ ဖေဖေ့ကို သုံးလေးကြိမ်မက မေးဖူးတယ်၊ သိဂ်ပါဓားသမားဟာ ဖေဖေ့ရဲ့မိတ်ဆွေတစ်စုကိုမှ ဘာဖြစ်လို့ အငြိုးတကြီးနဲ့ တိုက်ခိုက်သတ်ဖြတ်နေတာလဲ၊ ဖေဖေတို့နဲ့ သူ့ကြားမှာ ဘယ်လိုရန်ငြိုးတွေရှိလို့လဲ၊ အဲဒီလူကရော ဘယ်သူလဲဆိုတာ မေးဖူးတယ်၊ ဒါပေမဲ့ ဘယ်လိုမေးမေး ဖေဖေကမပြောဘူး ...၊

မနေ့ညက ထပ်မေးတော့ ဖေဖေက မပြောစဖူး ထူးထူးခြားခြား ဘာပြောသလဲဆိုရင် တကယ်လို့ ဖေဖေဟာ သိဂ်ပါဓားသမားရဲ့လက်ချက်နဲ့ သေဆုံးသွားခဲ့ရင် ဖေဖေ့ရဲ့ ခုတင်ခေါင်းရင်းက ဗီရိုပုလေးရဲ့ အောက်ဆုံးထပ်အံဆွဲလေးကို ဖွင့်ကြည့်ပါတဲ့၊ အဲဒီအံဆွဲထဲမှာ ဖေဖေရဲ့ သားရေဖုံးအနီရောင်လေးနဲ့ မှတ်တမ်းစာအုပ်လေးရှိတယ်တဲ့၊ အဲဒီမှတ်တမ်းစာအုပ်လေးထဲမှာ အနက်ရောင်ဓားလေးတစ်စင်းနဲ့ တစ်ချိန်က ပတ်သက်ခဲ့တဲ့အကြောင်းတွေကို ရေးသား မှတ်တမ်းတင်ထားတယ်တဲ့၊ အဲဒီဓားနက်လေးဟာ သိဂ်ပါဓားပဲတဲ့ ...၊

ဖေဖေတို့မိတ်ဆွေတစ်စုကို အငြိုးတကြီးနဲ့ လိုက်လံတိုက်ခိုက်သတ်ဖြတ်နေတဲ့ မရဏဓားနက်ရှင်ဟာ အဲဒီသိဂ်ပါဓားနဲ့ ဆက်စပ်နေတယ်တဲ့၊ ဘယ်လိုဆက်စပ်ပြီး မရဏဓားနက်ရှင်ဟာ ဘယ်သူလဲဆိုတာတော့ ဖေဖေကိုယ်တိုင် မသိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ ဖေဖေ့သေမှ ဇာနည်နဲ့တိုင်ပင်ပြီး အဲဒီမှတ်တမ်းစာအုပ်လေးကို ဖတ်ကြည့်ပါတဲ့၊ အဲဒီလိုပြောတယ် ဇာနည်"

"ဟာ ... ဒါဆို အဲဒီမှတ်တမ်းစာအုပ်ကို ဖတ်ဖို့ သိပ်ကို အရေးကြီးနေပြီပေါ့ ဟေမာန်၊ ဦးကို မရဏာဓားနက်ရှင်က သတ်ဖြတ်တဲ့အထိ စောင့်နေလို့မဖြစ်ဘူး ဟေမာန်၊ အဲဒီမှတ်တမ်းစာအုပ်လေးကို ဦးဆီက မရ ရအောင်တောင်းဖတ်ပြီး မရဏာဓားနက်ရှင်ကို စုံစမ်းဖော်ထုတ်ရမယ် ဟေမာန်"

"အင်း ... ခက်တာက ဖေဖေက သူသေမှ အဲဒီမှတ်တမ်းကို ဖတ်ကြည့်ပါတဲ့၊ သူမသေသေးခင်တော့ အဲဒီမှတ်တမ်းကို ဘယ်လိုနည်းနဲ့မှ ဖတ်ခွင့်ပေးမှာမဟုတ်သလို အဲဒီအကြောင်းမှန်တွေကိုလည်း ပြောပြမှာမဟုတ်ဘူးလို့ ပြောထားတယ် ဇာနည်ရဲ့၊ သော့အထပ်ထပ်ခတ်ထားပြီး ဖေဖေကိုယ်တိုင် သူ့အိပ်ခန်းထဲမှာ အမြဲလိုလို ရှိနေတော့ ဖေဖေမသိအောင် ဘယ်လိုမှ ယူဖတ်ဖို့ မဖြစ်နိုင်ဘူးရှင့်"

"ဟုတ်ပါပြီလေ ... အဲဒီလိုဆိုတော့လည်း ဘယ်တတ်နိုင်မလဲဗျာ"

"ဘယ်လိုပဲဖြစ်ဖြစ် မရဏာဓားနက်ရှင်ဟာ ဖေဖေ့ကို အန္တရာယ်လာပြုဖို့ များနေတယ် ဇာနည်၊ ဖေဖေ့ကို ရန်မပြုနိုင်အောင် တတ်စွမ်းသမျှ ကာကွယ်ပေးပါနော်"





"စိတ်ချပါ ဟေမာန်ရယ် ... ဦးကို ကိုယ့်ရဲ့အသက်ပေးပြီး ကာကွယ်မှာပါ၊ ကိုယ်လည်း အဲဒီမရဏာဓားနက်ရှင်ကို အရအမိ ဖမ်းချင်လှပါပြီ"

"ကျေးဇူးတင်ပါတယ်ရှင်၊ ကဲ ... ညနေလည်း အတော်စောင်းပြီ၊ ဟေမာန်တို့ ပြန်ကြရအောင်နော်"

"ကောင်းပြီလေ၊ အင်း .. ဒီ View Point က အတော်သာယာတာပဲနော်၊ တကယ်လို့သာ မရဏာဓားနက်ရှင်ကို ဖမ်းမိသွားပြီးလို့ ဦးမှာ အန္တရာယ်ကင်းရှင်းသွားတဲ့အခါကျရင် ကိုယ်ဟာ ဦးရဲ့ အထူးသက်တော်စောင့်အလုပ်ကို ဆက်လုပ်ဖြစ်မှာ မဟုတ်တော့ဘူး ဟေမာန်၊ ဆက်လုပ်ဖို့လည်း မလိုတော့ဘူးလေ ...၊ အဲဒီအခါကျရင် ဒီတောင်ပေါ်မြို့လေးကနေ ကိုယ် ထွက်ခွာသွားရမှာ သေချာတယ်၊ အဲဒီလို ထွက်ခွာသွားရရင် သာယာလှတဲ့ ဒီ View Point မှာ ဟေမာန်နဲ့အတူ လာအပန်းဖြေခွင့်ရခဲ့ပုံလေးတွေကို တစ်သက်လုံးမေ့နိုင်မှာမဟုတ်တော့ဘူး ဟေမာန်"

"အို ... ဒါ ဒါဆို ဇာနည်က ဒီမိုင်းသာမောမြို့ကနေ တစ်နေ့ကျ ထွက်ခွာသွားမှာပေါ့ ... ဟုတ်လား"

"ဟုတ်တယ် ဟေမာန် ... မိုင်းသာမောမှာ ကိုယ့်အတွက် အထူးတလည်အလုပ်မရှိရင် ပြန်ရတော့မှာပေါ့"

"ဩော် ... ဒါဆို ဇာနည်က မိုင်းသာမောမှာ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတစ်ခုတည်းအတွက်သက်သက်နဲ့ နေနေတာပေါ့ . . . ဟုတ်လား၊ အလုပ်ကိစ္စပြီးရင် ပြန်မယ်၊ ဘာသံယောဇဉ်မှ မထားဘူးပေါ့ . . . ဒီလိုလား''

ဟေမာန်က ဒေါမာန်ပါပါလေးဖြင့် မျက်စောင်းလေးချိတ်လျက် ပြောလိုက်ရာ ဇာနည်က ပြုံးလိုက်ပြီး . . .

''သံယောဇဉ်ထားခွင့်ရရင်တော့ ထားချင်ပါတယ် ဟေမာန်''

ဟု ခပ်တိုးတိုးပြောလိုက်ရာ ဟေမာန်က မျက်စောင်းလေး ထပ်ခဲလိုက်လေသည်။

''သံယောဇဉ်ထားတာပဲ ကိုယ့်စိတ်ထဲက ထားချင်ရင်ထားလို့ရတာပဲ၊ သူတစ်ပါးခွင့်ပြုမှ ထားလို့ရတာကျလို့''

''ဒါဆို ဟေမာန်ရော သံယောဇဉ်ထားဖူးလား''

''အို . . . သံယောဇဉ်ထားဖူးတာမှ အများကြီး၊ ကျောင်းကသူငယ်ချင်းတွေအပေါ် သံယောဇဉ်ထားခဲ့တာမှ အများကြီး၊ ဒီ မိုင်းသာမော့မှာလည်း ဖေဖေ့အပေါ် သံယောဇဉ်ထားတယ်၊ ဟောဒီ View Point ကို သံယောဇဉ်ထားတယ်၊ မြူဆီဗလပ်ကို သံယော ဇဉ်ထားတယ် . . . ကဲ''

''ဒါပဲလား . . . ကိုယ့်အပေါ်တော့ သံယောဇဉ်မထားဘူးပေါ့ . . . ဟုတ်လား''





ကောင်မလေးက တတိယအကြိမ်မြောက် မျက်စောင်းလေး ထပ်ထိုးလိုက်လေသည်။ ပြီးတော့မှ နှုတ်ခမ်းလေးကို လုပစ္စာမဲ့လျက် . . .

''သံယောဇဉ်ထားခွင့်ရရင်တော့ ထားချင်ပါတယ်''

ဟု ရွဲ့ပြောလိုက်ရာ ဇာနည်က သဘောကျစွာ ဟက်ဟက်ပက်ပက် ရယ်လိုက်လေသည်။

''ဟား ဟား ဟား . . . ကဲ သံယောဇဉ်ထားခွင့်ပြုပါတယ်တဲ့ဗျာ၊ ပြုပါတယ်တဲ့''

''ဒါဆို ဇာနည်အပေါ်မှာလည်း သံယောဇဉ်ထားတယ်၊ ကဲ . . . ဘာဖြစ်လဲ''

''ဟဲ ဟဲ . . . ဘာမှမဖြစ်ပါဘူးဗျာ၊ ဒီလိုဆို ကိုယ်ကလည်း ဟေမာန့်အပေါ် သံယောဇဉ်ထားပါတယ်ဗျာ၊ သံယောဇဉ်ထားမိတာ ခုမှမဟုတ်ဘူး၊ ဟေမာန့်ကို စတွေ့သိဖူးတဲ့နေ့ကတည်းကပဲ . . . သိလား၊ မြူဆီဗလပ်ကို ဟေမာန် စီးလို့မရဖြစ်နေတဲ့ နေ့ကတည်းကပဲ''

''ဟင် . . . ဟုတ်လား''

ဤတွင် ဇာနည်က မျက်နှာကိုတည်လိုက်ပြီး ဟေမာန်၏ ပခုံးစွန်းလေးနှစ်ဖက်ကို ညင်သာဖွဖွဆုပ်ကိုင်ကာ မျက်နှာချင်းဆိုင်လိုက်လျက် သူမ၏ မျက်ဝန်းပြာပြာကြီးများကို စိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်လေသည်။ ပြီးမှ ခပ်တိုးတိုးပြောလိုက်တော့သည်။

"ဟုတ်တယ် ဟေမာန် . . . ကိုယ်လေ ပြဿနာတွေပြီးလို့ ဒီမိုင်းသာမောကနေ ထွက်ခွာသွားရမှာကို သိပ်စိုးရိမ်တာပဲ . . . သိလား၊ ဘာဖြစ်လို့လဲဆိုတော့ ဒီမိုင်းသာမောမြို့လေးရယ်၊ ဒီ View Point ရယ်၊ ဟေမာန်ရယ်ကို သိပ်သံယောဇဉ် ဖြစ်နေမိလို့ပါပဲ ဟေမာန်ရယ်၊ ရှင်းရှင်းပြောရရင် ကိုယ် ဟေမာန့်ကို ချစ်နေမိပြီ ဟေမာန်၊ ချစ်ပြီးမှ ခွဲခွာသွားရမှာကို ကိုယ် သိပ်စိုးရိမ်မိတယ် . . . သိလား ဟေမာန်"

ဟေမာန်က ဇာနည်၏စကားကို ငြိမ်သက်စွာနားထောင်နေပြီးမှ ခေါင်းလေးကိုငုံ့လိုက်ကာ ခပ်တိုးတိုး ပြန်ပြောလေသည်။

"ပြဿနာတွေပြီးတိုင်း ခွဲခွာသွားစရာလား ဇာနည်ရယ်၊ ကိုယ်နေချင်ရင် ဖြစ်တာပဲ၊ မရဏာခေါ်ဝါးနက်ရှင်ရဲ့ပြဿနာပြီးသွားတာနဲ့ ဇာနည့်ကို အလုပ်ဖြုတ်ပစ်မယ်၊ နှင်ထုတ်မယ်လို့ ဘယ်သူက ပြောနေလို့လဲ"

"ကိုယ်ချစ်သလို ကိုယ့်ကိုပြန်မချစ်နိုင်ရင်ကော နှင်ထုတ်မှာလား ဟေမာန်"

"အို . . . ဘယ်သူက နှင်ထုတ်မယ်ပြောလို့လဲ"

"နှင်မထုတ်ဘူးဆိုတာ ပြန်ချစ်နိုင်လို့ပေါ့ . . . ဟုတ်လား ဟေမာန်၊ ကိုယ် အဲဒီလိုပဲ ယူဆလိုက်တော့မယ်နော်"





သည်တစ်ခါတော့ ဟေမာန်က မျက်လွှာလေးလှန်ကြည့်လိုက်ပြီး လက်သီးဆုပ်ဖြူနုနုလေးဖြင့် ဇာနည်၏ရင်ဘတ်ကို ထုလိုက်တော့၏။

"သွား . . . လူကို ချောင်ပိတ်ပြီး မမေးနဲ့နော်"

"ချောင်ပိတ်မေးတာ မဟုတ်ပါဘူး ဟေမာန်၊ ကိုယ် ရှင်းရှင်းပဲမေးပါရစေ၊ ကိုယ်ချစ်သလို ကိုယ့်ကို ပြန်ချစ်နိုင်မှာလား ဟေမာန် . . . ပြော ပြောစမ်းပါဦး ဟေမာန်ရယ်"

သူက ပခုံးစွန်းလေးများကို သာသာလေးလှုပ်လျက် အထပ်ထပ်အခါခါမေးမှ ဟေမာန်က ရှက်ပြုံးလေးပြုံးကာ မျက်စောင်းလေးချိတ်လျက် . . .

"ဘယ်သူကပြန်မချစ်နိုင်ဘူး ပြောလို့လဲ"

ဟု မချိုမချဉ်မျက်နှာလေးဖြင့် ပြန်မေးလိုက်လေသည်။

"ဟာ . . . ဒါဆို ကိုယ့်ကို ပြန်ချစ်နိုင်တယ်ပေါ့ . . . ဟုတ်လား၊ ဟား . . . ဝမ်းသာလိုက်တာ ဟေမာန်လေးရယ်"

ဟု အားရဝမ်းသာပြောရင်း သူမ၏ကိုယ်လုံးအိအိလေးကို အားပါးတရ ထွေးဖက်လိုက်ပါတော့သတည်း။

✡



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ နေ့လယ်ပိုင်းအချိန်တွင် ဇာနည်သည် ဆရာဇေယျမိုး လုပ်ကြံခံရသည့်ညက သူနှင့် သိဂ်ပါဓားသမားတို့ ရင်ဆိုင်တိုက်ခိုက်စဉ် သိဂ်ပါဓားချက်မိကာ သူ၏အင်္ကျီရင်ဘတ်ပိုင်း စုတ်ပြဲသွားသဖြင့် အင်္ကျီအတွင်းအိတ်ထဲ အမြဲထည့်ထားလေ့ရှိခဲ့သည့် ပန်းချီစာရွက်မှာ ထက်ပိုင်းပြတ်သွားရာ ယင်းပန်းချီစာရွက်ကို ကော်ဖြင့် ပြန်ကပ်နေမိ၏။

ထိုစဉ် စေ့ရုံစေ့ထားမိသည့် သူ၏အိပ်ခန်းတံခါးရွက်က ဖြည်းဖြည်းချင်း ပွင့်သွားပြီးလျှင် တံခါးဝတွင် ပေါ်လာသော ဦးဘခက်က ဇာနည်၏လှုပ်ရှားလုပ်ဆောင်မှုကို စောင့်ကြည့်နေလေသည်။

တံခါးဝဘက်ကို ကျောခိုင်းထားသည့် ဇာနည်က နောက်ကျောဘက်မှ လှုပ်ရှားသံတစ်ခုခု ကြားလိုက်ရသလိုလို ရှိသဖြင့် လည်ပြန်လှည့်ကြည့်လိုက်ရာ ဦးဘခက်ကို တွေ့ရလေသည်။

"မောင်ဇာနည် ... မင်းကို ပြောစရာရှိလို့ကွဲ့"

"ဩော် ... ဟုတ်ကဲ့ဦး"

"ဒါထက် မင်း ကော်နဲ့ကပ်နေတဲ့စာရွက်က ပန်းချီပုံတစ်ခုလိုလိုပါလား။ ဘာပုံလဲကွဲ့ ... မှန်းစမ်း"





ဇာနည်လည်း ငြင်းဆန်ရန်မဖြစ်နိုင်တော့သဖြင့် ပန်းချီစာရွက်ကို ပြလိုက်ရတော့၏။

ဦးခေါင်း၌ သျှောင်ထုံးထုံးကာ ပဝါစပေါင်းထားသည့် အသက်နှစ်ဆယ်ခန့်ရှိ ယောကျာ်းပျိုတစ်ဦး၏ ပန်းချီရုပ်ပုံကို စေ့စေ့ကြည့်ရင်း ဦးဘခက်၏မျက်နှာက အရောင်အမျိုးမျိုး ပြောင်းသွားပါတော့၏။

အံ့ဩခြင်း၊ မယုံနိုင်အောင်ဖြစ်ခြင်း၊ ထိတ်လန့်ခြင်း၊ သင်္ကာမကင်းခြင်း၊ ဇဝေဇဝါဖြစ်ခြင်း အဓိပ္ပာယ်တို့ကိုဆောင်သည့် အရောင်ရိပ်တို့က ဦးဘခက်၏မျက်နှာပေါ်တွင် လျှပ်တစ်ပြက် ဖြတ်သန်းသွားပါတော့သည်။

"ဒီ ဒီပုံကို မင်းဆွဲတာလား မောင်ဇာနည်"

"မဟုတ်ပါဘူး ဦး၊ နန်းတွင်းပန်းချီကျော်ကြီး ဆရာချိုရေးဆွဲတာပါ"

"ဒီပုံက မင်းဆီ ဘယ်လိုရောက်နေတာလဲ၊ ဒီပုံထဲက လူကရော ဘယ်သူလဲ မောင်ဇာနည်"

"ဒီပုံထဲကလူဟာ ဆရာချိုရဲ့မိတ်ဆွေတစ်ဦးပါပဲ ဦးရဲ့၊ လွန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်လောက်က ကွဲကွာသွားတဲ့ ဆရာချိုရဲ့ မိတ်ဆွေပါ၊ အဲဒီလူရဲ့နာမည်က ဇမ္ဗူမောင်ပါ"

"ဇမ္ဗူမောင် ... ဟုတ်လား၊ ဒီလူ အခုရှိသေးလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ အတတ်မပြောနိုင်ပါဘူး ဦး၊ ရှိရင်တော့ အသက်ခြောက်ဆယ်ကျော်လောက်ရှောပေါ့"

ဦးဘခက်သည် ပန်းချီကားထဲမှ လူ၏ရုပ်သွင်ကို အနုလံ ပဋိလုံကြည့်နေပြီးနောက် သက်ပြင်းကြီးချလိုက်လေသည်။

"အင်း ... ဒီပုံထဲကလူဟာ ကျုပ်ရဲ့မိတ်ဆွေတစ်ဦးနဲ့ အတော်တူနေတယ်ကွဲ့ မောင်ဖာနည်ရဲ့၊ ရုပ်အနအရင့်ပဲ ကွာ တယ်"

"ဩော် ... ဟုတ်လား"

"အေးကွဲ့ ... အဲဒီမိတ်ဆွေကြီးနဲ့ လွန်ခဲ့တဲ့နှစ်နှစ်ဆယ် လောက်ကမှ ကွဲခဲ့ရတယ်၊ သူ့ရဲ့အမည်အရင်းကိုတော့ ကျုပ် မသိဘူး၊ ကျုပ်တို့ကတော့ ဘဆရာကြီးလို့ပဲ ခေါ်ခဲ့တယ်ကွဲ့"

"သူ အခုရှိသေးသလား ဦး"

"မရှိတော့ဘူးကွဲ့ ... သေသွားပြီ"

"ဩော် ဒါထက် ... ဦးနဲ့ အဲဒီဘဆရာကြီးဆိုသူနဲ့ ဘယ်လိုပတ်သက်သလဲ ဦး၊ ကျွန်တော် အတော်စိတ်ဝင်စားလို့ မေးရတာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဆရာချုံနဲ့ကျွန်တော်ဟာ အသိအကျွမ်းဖြစ်ခဲ့ပြီးတဲ့နောက် ရောက်ရာအရပ်မှာ ဒီပန်းချီ ထဲကလူကိုတွေ့ရင် သူ့ဆီအကြောင်းကြားပေးပါလို့ ကျွန်တော့်ကို အကူအညီတောင်းခဲ့တယ်ခင်ဗျ၊ ဒါကြောင့် ကျွန်တော်က ဘ





ဆရာကြီးဆိုတာကို စိတ်ဝင်စားတာပါ၊ ပြီးတော့ ဒီပန်းချီပုံထဲက ဇုဏ္ဍမောင်ဟာ တော်ဝင်နန်းသုံးဓားတစ်စင်းနဲ့လည်း ပတ်သက်နေ တယ်ခင်ဗျ"

"ဘယ် ဘယ်လို ... တော်ဝင်နန်းသုံးဓားတစ်စင်း ... ဟုတ်လား"

"ဟုတ်ပါတယ်ဦး ... အဲဒီဓားရဲ့အမည်ကလည်း သိင်္ဂပါ ပါပဲ"

"ဟေ ... ဘယ် ဘယ်လို ... သိင်္ဂပါ ဟုတ်လား"

"ဟုတ်ပါတယ် ဦး"

"သက္ကရာဇ် ၇၀၈ ခုနှစ်မှာ နန်းတက်ခဲ့တဲ့ တောင်ငူ ဘုရင် သိမ်းပကားဟာ ဟူးရားညီပုဏ္ဏားဆရာကြီးတစ်ဦးရဲ့ စီရင်ပေးမှုကြောင့် အင်မတန်အစွမ်းထက်တဲ့ သိင်္ဂပါဓားကို ရ ရှိပိုင်ဆိုင်ခဲ့တယ် ခင်ဗျ၊ ဒါပေမဲ့ သိမ်းပကားလို့ခေါ်တဲ့ သိင်္ဂပါ ဘုရင် နတ်ရွာစံတော့ သူ နတ်ရွာမစံခင်မှာပဲ ကြိုပြီး လျှို့ဝှက် မြှုပ်နှံခဲ့လို့ သိင်္ဂပါဓားဟာ အဲဒီကတည်းက လုံးဝပျောက်ကွယ် သွားခဲ့တယ် ...၊

အဲဒီဓား ဘယ်မှာရှိသလဲဆိုတာကို ဘယ်သူမှ မသိဘူး၊ ဒါပေမဲ့ အဲဒီသိင်္ဂပါဓားကို ထိုက်တန်တဲ့သူ ရှာဖွေဖော်ထုတ်နိုင် အောင်လို့ ဓားဝှက်ထားတဲ့နေရာကို လျှို့ဝှက်စာလိုလို လက်ာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ပုဒ် ရေးထားခဲ့တယ်၊ အဲဒီပဟေဠိလင်္ကာပါတဲ့ ပုရပိုက်ကို ဗျူဟမောင်က သိပ်စိတ်ဝင်စားခဲ့တယ်၊ အဲဒီလင်္ကာကိုလည်း ကူးယူသွားခဲ့တယ်၊ အဲဒီနောက်ပိုင်း ဆရာချုံနဲ့ ဗျူဟမောင်ဟာ ကွဲကွာသွားခဲ့တာ အခုထိ ပြန်မတွေ့တော့ဘူး ဦးရဲ့"

"ဒါ ဒါဆို မောင်ရင်ပြောတဲ့ သိင်္ဂါပါဝါဘောဟာ ကျုပ်တို့ကို ဒုက္ခပေးနေတဲ့ သိင်္ဂါပါဝါဘောပဲဖြစ်ရမယ်၊ ကြုံလည်း ကြုံတတ်ပလေတယ်၊ မောင်ရင်ကရော အဲဒီလိုမထင်ဘူးလား"

"ဟုတ်ကဲ့ ...တိုက်တိုက်ဆိုင်ဆိုင် ကြုံလာတာလို့ ထင်မြင်မိပါတယ်ခင်ဗျာ၊ ဒါထက် စောစောက ကျွန်တော့်ကို ပြောစရာရှိတယ်လို့ ဦးပြောခဲ့တယ် မဟုတ်လားခင်ဗျ ...ဘာများပြောစရာရှိတာလဲ ဦးရဲ့"

ဦးဘခက်က သက်ပြင်းကြီးချပြီး လက်ထဲတွင်ကိုင်ထားသည့် ကတ္တီပါစအနီကို ဖြည်ပြလိုက်၏။ နီနီရဲရဲကတ္တီပါစထဲ၌ တွေ့လိုက်ရသည်က သစ်သားဓားနက်လေးတစ်စင်းပင် ဖြစ်ပါ၏။

"ဟာ ...မ မရဏဓားနက်ပါလား"

"ဟုတ်ပါတယ်ကွယ်၊ မနေ့ညနေက မောင်ရင်နဲ့သမီး အပြင်ထွက်သွားကြတုန်း ဒီကျောက်ဘီလူးစံအိမ်ဆီ ဒီမရဏဓားနက် ရောက်ရှိလာတာပါပဲ"

"ဘယ်လိုကဘယ်လို ရောက်လာတာလဲ ဦး"





"စာပို့သမားက ပါဆယ်စက္ကူကတ်ထူပုံး လာပို့သွားတာပဲကွဲ့၊ ကျုပ်ရဲ့နာမည်ကို လိပ်မူပြီး ပေးပို့သူရဲ့လိပ်စာက နောင်ချိုမြို့ကပဲ၊ နာမည်က ဦးဘကောင်းတဲ့၊ ဒါက နာမည်အတုဖြစ်မှာပါ၊ ပါဆယ်ထုပ်ကို ကျုပ် ဖောက်စစ်ကြည့်လိုက်တော့ ဒီကတ္တီပါစအထုပ် ဖြစ်နေတယ်၊ အထုပ်ကိုဖြည်ကြည့်လိုက်တော့ သစ်သားဓားနက်လေးတစ်စင်းနဲ့ ဟောဒီရာဇသံစာကို တွေ့ရတာပါပဲ မောင်ဇာနည်"

ဇာနည်က ဦးဘခက်ကမ်းပေးသည့် စာရွက်ပိုင်းလေးကို ဖတ်ကြည့်လိုက်လေသည်။

ကျောက်ဘီလူးဘခက်

အလှည့်ကျရင် မနွဲ့ဖို့ ကြိုးစားထားပါ။

ကျုပ် သင့်ဆီက သွေးကြွေးတောင်းဖို့ လာမယ့်

လကွယ်နေ့ည သန်းခေါင်ယံမှာ လာခဲ့မယ်။

မရဏဓားနက်ရှင်

"ဒီတော့ ကျုပ်ပြောချင်တာက ကျုပ်ဆီကို မရဏဓားနက်ရှင်ဆိုတဲ့ မိစ္ဆာကောင်ဟာ မကြာခင် ကျိန်းသေလာတော့မယ်၊ သူဟာ အမှောင်ထဲက စွမ်းအားရှင်လိုပါပဲ၊ သူ ဘယ်သူလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာကနေ ဘယ်လိုအသွင်မျိုးနဲ့ ကျုပ်တို့ကို စောင့်ကြည့်နေသလဲဆိုတာ ကျုပ်တို့မသိနိုင်ဘူး၊ ကျုပ်တို့ရဲ့အဖြစ်က အလင်းထဲကနေ အမှောင်ထဲကလူကို မတွေ့မြင်နိုင်သလိုဖြစ်နေတယ်၊ သူကတော့ အမှောင်ထဲကနေ ကျုပ်တို့ကို အားလုံးမြင်တွေ့နေရတယ်၊ ဒါကြောင့် ကျုပ်တို့ဟာ တစ်ပန်းရှုံးနေတယ်၊ ကျုပ်ရှောင်တိမ်းပုန်းခိုလို့လည်း ရမှာမဟုတ်ဘူး၊ သင်းကို ရင်ဆိုင်ရုံပဲရှိတယ်''

ပြောရင်း ဦးဘခက်က စကားကိုရပ်လိုက်၏။ သူ့ရုပ်သွင်က ညှိုးမှိုင်းလျက်ရှိကာ တုန်လှုပ်နေဟန်လည်း ရှိ၏။ ခဏကြာမှ သက်ပြင်းကြီးချကာ စကားကိုဆက်သည်။

''တကယ်လို့များ မရဏာဓားနက်ရှင်ဆိုတဲ့ မိစ္ဆာကောင်ရဲ့ ဓားဖျားမှာ ကျုပ်ရဲ့အသက်ပါသွားခဲ့ရင် ကျုပ်ရဲ့ မိတဆိုးသမီးလေးကို စောင့်ရှောက်ပေးပါ မောင်ဇာနည်၊ ကျုပ်ဟာ မင်းရဲ့ ရဲရင့်တည်ကြည်မှု၊ ယောကျ်ားကောင်း ယောကျ်ားမြတ်စိတ်ဓာတ်မျိုးရှိပုံတွေကို အကဲခတ်မိပြီးပါပြီကွယ်၊ ကျုပ်ရဲ့သမီးလေးကို စောင့်ရှောက်ဖို့ မောင်ရင်ရဲ့လက်ကို အပ်ပါရစေ''

''စိတ်ချပါဦး ... မရဏာဓားနက်ရှင်ရဲ့အန္တရာယ်က ဦးလွတ်မြောက်စေဖို့ ကျွန်တော် အစွမ်းကုန် ကာကွယ်မှာပါ၊ ဟေမာန့်ကိုလည်း စောင့်ရှောက်ကူညီပေးမှာပါ''





''အေးပါကွယ် ... ကျေးဇူးတင်ပါတယ်၊ ခမ်းလွင်ဟာလည်း ကျုပ်အားကိုးရတဲ့ လက်ရင်းတပည့်ပါပဲ၊ ဒါပေမဲ့ အဲဒီကောင်က ငွေကြေးကိစ္စ လုပ်ငန်းကိုင်ငန်းကိစ္စတွေမှာ စိတ်ချရသလောက် မြာပွေတတ်တဲ့ဉာဉ်ဆိုးရှိလို့ သူ့ကို သမီးက ကြည့်မရဘူးကွဲ့၊ ဦးလည်း သမီးနဲ့ပတ်သက်ရင် အဲဒီကောင်ကို စိတ်မချဘူး၊ ဒါကြောင့် ဆွေမဲ့မျိုးမဲ့ သမီးလေးအတွက် မောင်ရင့်ကိုပဲ အားကိုးတကြီး မှာရတာပါကွယ်''

''စိတ်ချပါဦးရယ် ... ဟေမာန့်အတွက် စိတ်ချပါ''

ဇာနည်မှာ စိတ်ဓာတ်ကျကာ တုန်လှုပ်နေသည့် ဦးဘခက်ကို ဖြေသိမ့်စကားဆိုရင်း သက်ပြင်းကိုသာ အခါခါ ရှိုက်နေမိတော့၏။

သူတို့နှစ်ဦးစကားပြောနေသည်ကို အခန်းဝအပြင်ဘက် စင်္ကြံလမ်းမှ တစ်စုံတစ်ဦးက ချောင်းမြောင်းနားစွင့်လျက်ရှိပြီး ဦးဘခက် ထိုအခန်းထဲမှ ပြန်ထွက်ရန်ဟန်ပြင်မှ ထိုလူမှာ စင်္ကြံလမ်းအတိုင်း ခြေသံမကြားအောင် ခပ်သွက်သွက် ထွက်ခွာသွားပါတော့သတည်း။

✡



www.burmeseclassic.com

www.burmeseclassic.com



မရဏာဓားနက်ရှင် ချိန်းဆိုထားသော တန်ခူးလကွယ်နေ့ ညသည်ကား ရောက်ရှိလာခဲ့ပြီ ဖြစ်ပါ၏။

ကျောက်ဘီလူးစံအိမ်ကြီးအတွင်းမှာရော ခြံဝင်းကြီးအ မှာပါ ခမ်းလွင်နှင့်မောင်ကျေးတို့ဦးဆောင်သည့် လက်နက်ကို အစောင့်အကြပ်တို့က ညမိုးချုပ်ကတည်းက နေရာမလပ် လှည့် လည်သွားလာကာ သတိကြီးစွာဖြင့် စောင့်ကြပ်လျက်ရှိလေ၏

အောက်လင်းဓာတ်မီးတို့ကိုလည်း စံအိမ်ကြီး၏အပေါ် ထပ်ရော အောက်ထပ်မှာပါ ထိန်နေအောင်ထွန်းညှိထားပြီး ခြံဝ ထဲမှာလည်း ကညင်ဆီမီးတိုင်များမှာ နေရာအနှံ့။

တန်ခူးလကွယ်နေ့ညသည်ကား ညဦးပိုင်းတွင် ပူအိုက် လှသလောက် ညဥ့်နက်လာသည်၌ မိုးငွေ့ပါသောလေပြည်က တသုန်သုန်တိုက်ခတ်လာတော့၏။

ဦးဘခက်က မရဏာဓားနက်ရှင်အား ရင်ဆိုင်တိုက်ခိုက် ရန် ဆုံးဖြတ်ထားသဖြင့် သံတိုင်များကာရံထားခြင်း မရှိသော အိမ်ပေါ်ထပ် ပြတင်းပေါက်တို့ကို ဖွင့်ထားရာ လေအဝှေ့ဝယ် ဇာခန်းဆီးလိုက်ကာတို့မှာ တဖျပ်ဖျပ်မြည်သံပြုလျက် ဝဲလွင့်နေ တော့၏။

ညဥ့်သည် တဖြည်းဖြည်းနက်လာပြီး သန်းခေါင်ယံ





ရောက်လုလုတွင် ဦးဘခက်သည် အိမ်ပေါ်ထပ် အိမ်ရှေ့ဆောင် ဧည့်ခန်းကြီးထဲတွင် သုံးခွမှိန်းကြီးကိုကိုင်ကာ ခေါက်တုံ့ခေါက် ပြန် စင်္ကြံလျှောက်လျက်ရှိတော့၏။

ယင်းအိမ်ရှေ့ဆောင်ကြီး၏ အတွင်းထောင့်တစ်ခုရှိ ကျွန်းကုလားထိုင်ကြီးတွင်ထိုင်နေသော ဇာနည်က တည်တည် ငြိမ်ငြိမ်ဖြင့် အခြေအနေအရပ်ရပ်ကို စောင့်ကြည့်အကဲခတ်လျက် ရှိပေသည်။

ဟေမာန်မှာမူ ဖခင်ကြီးအတွက် စိုးရိမ်ပူပန်လှသော် လည်း ဖခင်ဖြစ်သူဦးဘခက်က သူမကို အိပ်ခန်းထဲမှ လုံးဝ မထွက်ရန် အမိန့်ထုတ်ထားသောကြောင့် အိပ်ခန်းတံခါးဝကို အသာဟလျက်သာ အိမ်ရှေ့ဆောင်ကြီးဆီ အသာကဲကြည့်နေရ လေသည်။

သည်စဉ်အခိုက်မှာပင် အိမ်ရှေ့ဆောင်ကြီး၏ နံရံပေါ် မှ တိုင်ကပ်နာရီကြီးက ည (၁၂) နာရီထိုးပြီဖြစ်ကြောင်း အချက်ပေးမြည်သံ ပြုချေပြီ။

'ဒင် ဒင် ဒင် ဒင် ဒင် ...'

ဦးဘခက်၏ လှမ်းလက်စခြေလှမ်းတို့ ရုတ်ခနဲ ရပ်သွား ပြီး လက်ထဲမှ သုံးခွမှိန်းကြီးကို လက်ထဲတွင် ခပ်တင်းတင်း ဆုပ်ကိုင်ရင်း ပြတင်းတံခါးဝများဆီ စူးစူးရဲရဲ အကဲခတ်စောင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေတော့၏။

ဇာနည်ကလည်း ထိုင်ရာမှထရပ်လိုက်ပြီး ကျောမှာ သိုင်းလွယ်ထားသည့် ငှက်ကြီးတောင်ဓားကို ဓားအိမ်မှ ခပ်ဖြည်း ဖြည်း ဆွဲထုတ်လိုက်တော့သည်။

ထိုစဉ် လေပြင်းက တသုန်သုန်တိုက်ခတ်လာပြီး ပြတင်း ဝတို့မှ ဇာလိုက်ကာတို့ ပိုမိုလှုပ်ရှားလွင့်ပျံ့လာတော့၏။

စံအိမ်ကြီး၏အောက်ထပ်ရှိ နာရီတို့ပါ ၁၂ နာရီတိတိ ထိုးပြီဖြစ်ကြောင်း မြည်သံများပြုကြသည်ဖြစ်ရာ စံအိမ်အောက် ထပ်ရှိ ခမ်းလွင်တို့လူစုရော ခြံဝင်းကြီးထဲရှိ ငဆိုးတို့လူစုပါ အသင့်အနေအထားဖြင့် လက်နက်များကိုင်စွဲကာ ရန်သူ မည် သည့်နေရာမှလာမည်ကို သတိထားလျက် နေရာအနှံ့သို့ ကျိုး ကန်းတောင်းမှောက် စောင့်ကြည့်နေကြတော့၏။

ထိုစဉ် မှောင်ရိပ်ကျနေသော ခြံနောက်ပိုင်းရှိ မြင်းဇောင်း ဆီမှ ရှန်းရင်းဆန်ခတ်သံတို့ ရုတ်တရက် ထွက်ပေါ်လာတော့ သည်။

'ဂုန်း ဂုန်း ဂုန်း'

'ဟစ် ဟစ် ဟစ်'

မြင်းတို့၏ ရှန်းကန်သံများ၊ ဟီသံများ ယောက်ယက် ခတ် ထွက်ပေါ်လာပြီး မြင်းဇောင်းတံခါးများပွင့်ကာ ဖြူဆီဗလပ်





အပါအဝင် မြင်းငါးကောင်စလုံး ဖရိုဖရဲ အလန့်တကြား ပြေး ထွက်လာသည်ကို အံ့အားတသင့် တွေ့ကြရတော့၏။

"ဟင် ... မြင်းဇောင်းဘက်က ဆူညံသံတွေပါလား"

"ဟာ ... မြင်းတွေ ပြေးထွက်လာပြီ"

"ဟ ... ဘယ်လိုဖြစ်တာလဲ၊ မြင်းဇောင်းတံခါးတွေကို ဘယ်သူဖွင့်လိုက်တာလဲ၊ မြင်းတွေလန့်ပြေးအောင် ဘယ်သူ လုပ် တာလဲဟေ့"

အိမ်ခြံဝင်းနောက်ပိုင်းဘက်ဆီမှ ရုတ်တရက်ထွက်ပေါ် လာသော ရုတ်ရုတ်သဲသဲအသံများကြောင့် ဦးဘခက်ရော ဇာနည် ပါ ပြတင်းတံခါးဝဆီ ပြေးသွားကာ ခြံနောက်ပိုင်းဆီသို့ လှမ်း ကြည့်လိုက်ကြတော့၏။

"ဟေ့ ... ဘာဖြစ်တာလဲ"

အိမ်ပေါ်ထပ်ရှေ့ပိုင်း ပြတင်းပေါက်တစ်ခုမှ ခေါင်းပြူ လျက် လှမ်းအော်မေးလိုက်သော ဦးဘခက်၏အသံကြောင့် ခြံထဲမှ ငဆိုးက မော့ကြည့်ကာ ပြန်ဖြေလိုက်ရ၏။

"မြင်းတွေ လန့်ပြီးလွှက်ပြေးလို့ ဆရာကြီး"

"ဟုတ်တယ် ဆရာကြီး၊ မြင်းဇောင်းရဲ့တံခါးတွေကို တစ်ယောက်ယောက်က ဖွင့်လိုက်တာဖြစ်မယ်"

ဗဒင်ကပါ ဝင်ဖြေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ညကြီးမင်းကြီး မြင်းတွေကို ဘယ်သူလွှတ်လိုက်တာလဲ၊ သွားစမ်း ... အဲဒီမြင်းဖောင်းကို ဝိုင်းထား၊ တစ်ယောက်ယောက်နှောက်တာပဲ ဖြစ်ရမယ်"

ဦးဘခက်သည် တပည့်များကို အော်ဟစ်အမိန့်ပေးပြီးနောက် ပြတင်းမှခွာကာ အိမ်တွင်းဘက်သို့ မျက်နှာပြန်လှည့်လိုက်သည်တွင် တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် ခန္ဓာကိုယ်တစ်ခုလုံး တောင့်ခနဲဖြစ်ကာ ဆံပင်မွေးတို့ ထောင်ထသွားတော့၏။

၎င်းတွေ့လိုက်ရသည်က တစ်ကိုယ်လုံး အနက်ရောင်ဝတ်စုံဝတ်ထားပြီး မျက်လုံးနှစ်လုံးနေရာမှာသာ အပေါက်ဖောက်ထားသည့် လူတစ်ဦး ငြိမ်သက်စွာရပ်နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်ပါ၏။ ထိုသူ၏လက်ထဲတွင် ဓားတစ်လက်ကိုကိုင်စွဲထားပြီး ယင်းဓား၏လက်ကိုင်ရိုးက အနက်ရောင်ဖြစ်သလို ဓားသွားကလည်း ထူးခြားစွာပင် အနက်ရောင်ဖြစ်နေပါ၏။

"ဟင် ... ဓား ဓားနက်ရှင်"

ဦးဘခက်၏ အလန့်တထိတ်အော်သံကြောင့် ဇာနည်လည်း လှည့်ကြည့်လိုက်မိပြီး ဝတ်စုံနက်နှင့်လူကို တွေ့ရသည်တွင် မျက်ခုံးတို့ကို ပင့်လိုက်မိတော့၏။

ထိုစဉ် ဝတ်စုံနက်ထံမှ အက်ကွဲကွဲရယ်သံတစ်ခု ထွက်





ပေါ်လာပါတော့သည်။

"ဟား ဟား ဟား ... ဟုတ်တယ် ... ကျုပ်ဟာခင်ဗျားရဲ့ မရဏဓားနက်ရှင်ပဲ၊ ခင်ဗျားတို့ 'မုန်တိုင်းကြယ်'အဖွဲ့ထဲက တစ်ဦးတည်းကြွင်းကျန်ရစ်တဲ့ ခင်ဗျားဆီက ဒီညမှာ သွေးကြွေးတောင်းပြီးရင် ကျုပ်ရဲ့တာဝန်ကျေပြီ ... သိရဲ့လား"

လိပ်ပြာလွင့်မလို ဖြစ်သွားသောစိတ်ကို ချက်ချင်း ချုပ်ထိန်းလိုက်ကာ လက်ထဲမှမှိန်းကြီးကို ဆကိုင်လိုက်ရင်း ဦးဘခက်က အံကိုကြိတ်လျက် ခက်ထန်စွာမေးလိုက်သည်။

"မင်း ဘယ်သူလဲ"

"ဟား ဟား ဟား ... ဘယ်သူရှိရမလဲ၊ ခင်ဗျားတို့မုန်တိုင်းကြယ်အဖွဲ့ရဲ့ ပက်ပက်စက်စက် ရက်ရက်စက်စက် အနိုင်အထက်ပြုကျင့်သမျှ အလူးလူးအလိမ့်လိမ့်ခံခဲ့ရတဲ့ မြတ်လေးစံဆိုတဲ့ မိန်းမတစ်ယောက်ရဲ့သားပဲ"

"ဘာ ... မင်း မင်းဟာ မြတ်လေးစံရဲ့သား ... ဟုတ်လား"

"ဟုတ်တယ် ... ခင်ဗျားတို့ သေပြီဆိုပြီး ပစ်ထားခဲ့တဲ့ မြတ်လေးစံဟာ မသေဘဲ ဖိုးသူတော်ကြီးရဲ့ ကူညီကယ်တင်မှုနဲ့ အသက်ရှင်ခဲ့တယ်၊ ဒါပေမဲ့ သူ့မှာ ခင်ဗျားတို့မုန်တိုင်းကြယ်အဖွဲ့ရဲ့လက်ချက်ကြောင့် ကိုယ်ဝန်ရခဲ့တယ်၊ အဲဒီကိုယ်ဝန်ကနေ



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကိုမွေးခဲ့တယ်''

''ဟင် . . . ဒါ ဒါဆို မင်း မင်းက ငါတို့မုန်တိုင်းကြယ် အဖွဲ့ဝင်ထဲက တစ်ယောက်ယောက်ရဲ့သားပေါ့ . . . ဟုတ်လား''

ဝတ်စုံနက်က ကြေကြေကွဲကွဲအသံဖြင့် မချိတင်ကဲ ရယ်မောလိုက်လေသည်။

''ဟင်း ဟင်း ဟင်း . . . ဟုတ်တာပေါ့ဗျာ၊ ကျုပ်ဟာ အဲဒီလူယုတ်မာငါးယောက်ထဲက တစ်ယောက်ယောက်ရဲ့ ရလဒ်ပဲပေါ့''

ထို့နောက် သူက လက်ထဲမှဓားနက်ကို ဝှေ့ယမ်းပြီး ဆက်ပြောသည်။

''ကျုပ်ကိုယ်ကျုပ် ခင်ဗျားတို့လူယုတ်မာတစ်စုထဲက တစ်ယောက်ယောက်ရဲ့သားလို့ မပြောချင်ဘူး၊ မပြောနိုင်ဘူး၊ ခင်ဗျားတို့ထဲက တစ်ယောက်ယောက်ဟာ ကျုပ်ရဲ့အဖေပါလို့လည်း မပြောချင်ဘူး၊ မပြောနိုင်ဘူး . . .၊

**တကယ်တော့ ကျုပ်ဟာ ခင်ဗျားတို့လူယုတ်မာတစ်စု** လူမဆန်လောက်အောင် ပြုကျင့်ခဲ့တဲ့ ယုတ်မာမှုရဲ့ရလဒ်သာ ဖြစ်တယ်၊ ခင်ဗျားတို့ယုတ်မာမှုရဲ့ သမိုင်းခြေရာပဲဖြစ်တယ်၊ ခင်ဗျားတို့ယုတ်မာမှုရဲ့ ဖျောက်ဖျက်မရတဲ့ သင်္ကေတပဲဖြစ်တယ်၊

အဲဒီယုတ်မာပက်စက်မှုတွေအတွက် လောကကြီးရဲ့





ကိုယ်စား ခင်ဗျားတို့ကို ကျုပ်က ဒဏ်ပြန်ခတ်ခဲ့တာပဲ၊ အဲဒီအကြောင်းတွေနဲ့ပတ်သက်ပြီး ကျုပ်ဟာ ပြင်းပြတဲ့ခံစားမှုတွေနဲ့ မှတ်တမ်းရေးထားတယ်၊ ကျုပ်မှတ်တမ်းရဲ့နိဂုံးမှာတော့ မုန်တိုင်းကြယ်အဖွဲ့ရဲ့ နောက်ဆုံးကြွင်းကျန်ရစ်တဲ့လူယုတ်မာကြီး ကျောက်ဘီလူးဘခက်ဆီက သွေးကြွေး ဘယ်လိုတောင်းခဲ့တယ်ဆိုတာကို ရေးပြီး ဇာတ်သိမ်းရမယ်ဗျ . . . သိရဲ့လား၊

ကဲ . . . သွေးကြွေးဆပ်ဖို့သာ ပြင်ပေတော့''

ဝတ်စုံနက်က ကြုံးဝါးရင်း သူ့ဓားနက်ကြီးကို စကြာကဲ့သို့ မွှေတော့၏။

'ဝှစ် ဝှစ် ဝှစ်'

ချက်ချင်းဆိုသလိုပင် အနက်ရောင်စက်ဝိုင်း ဖြစ်ပေါ်သွားပြီး ထိုစက်ဝိုင်းနှင့်အတူ သူက ဦးဘခက်ထံ ခုန်ဝင်လိုက်၏။

ဦးဘခက်က ယင်းအနက်ရောင်စက်ဝိုင်းကို ကြောင်ကြည့်နေမိစဉ် ထိုစက်ဝိုင်းသည် ဦးဘခက်၏ကိုယ်ပေါ်သို့ ဝဲခနဲ ဖြတ်ဝင်လာတော့သည်။

'ချွမ်း'

ဇာနည်က ဦးဘခက်နှင့် အနက်ရောင်ဝတ်စုံတို့အကြားသို့ ဓားရှည်ကိုဝှေ့ယမ်းရင်း ခုန်ဝင်လိုက်ရာ သံသံချင်းထိခတ်သံတို့ မြည်ဟိန်းသွားပြီး မီးပင်ပွင့်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ဦးဘခက်မှာလည်း ဘေးသို့ ခြေနှစ်လှမ်းခန့် တိမ်းကာ ရှောင်ထွက်လိုက်လေသည်။

ထို့နောက်မှာတော့ ဖာနည်ရော ဦးဘခက်ပါ ပြင်းထန်စွာ နှစ်ဖက်ညှပ်တိုက်သလို ဝတ်စုံနက်ကလည်း လျှပ်ပြက်သလို မြန်ဆန်ကာ မိုးကြိုးခွင်းသည့်နှယ် ပြင်းထန်သော သိုင်းပါဓားနက်ဖြင့် ပြန်လည်တိုက်ခိုက်ရာ ရွေ့လျားတိုက်ခိုက်မှုများမှာ ပြင်းထန်သည်နှင့်အမျှ မြန်ဆန်လှသဖြင့် ဓားတို့ကို မမြင်ရတော့ဘဲ ဓားသွားလမ်းကြောင်း စက်ဝိုင်းတို့ကိုသာ တရိပ်ရိပ် တွေ့ရတော့၏။

"သေစမ်းကွာ"

'ဝှစ် ဝှစ် ဝှစ်'

'ချွမ်း'

"ကဲကွာ"

'ဝှစ် ချွမ်း'

မာန်ဗီကြိုးဝါးသံ၊ ဓားသွားတို့ လှစ်ခနဲ လှစ်ခနဲ ပြေးဝင်သွားသံ၊ သံသံချင်းထိခတ်သံတို့ ညံလျက်ရှိပြီး ဝါရင့်သိုင်းပညာရှင်ကြီး ကျော်ဘီလူးဦးဘခက်၏ အကွက်ကျကျ ခံစစ်တန်ပြန်တိုက်စစ်က အကွက်စိပ်လာသလို ဖာနည်၏ဓားချက်များကလည်း စွန်သုတ်၊ ပန်းကုံးဖြုတ်၊ ဒေါင်းမြီးက၊ စင်ရော်သုတ်..





စသည့် ဓားရေး (၃၇) ချင်းထဲမှ ထက်မြက်လှသည့် ဓားရေးတို့ဖြင့် ပညာသားပါ အားပြည့်လှလေရာ ဝတ်စုံနက်မှာ ထင်တိုင်းမပေါက်ဘဲ နောက်သို့ဆုတ်လိုက်၊ ဘေးသို့ခုန်ရှောင်လိုက်ဖြင့် တိုက်စစ်မှခံစစ်သို့ ကူးပြောင်းလာတော့၏။

ယင်းသို့ သဲကြီးမဲကြီးတိုက်ခိုက်နေကြစဉ် ကျွန်းလှေကားအတိုင်း လူတစ်ဦးသည် အိမ်ပေါ်ထပ်သို့ ခြေဖွနင်းတက်လာကာ စင်္ကြံလမ်းအတိုင်း အိမ်ရှေ့ဆောင်ဆီ လှမ်းလာရာမှ အဝင်ဝ ဓာခန်းဆီးလိုက်ကာနောက်၌ ကိုယ်ရှိန်သတ် ရပ်လိုက်လေသည်။

သူက ဓာခန်းဆီးလိုက်ကာနောက်မှနေ၍ အောက်လင်းဓာတ်မီးရောင်တို့ ထိန်လင်းနေသည့် အိမ်ရှေ့ဆောင်ဆီ ကဲကြည့်လျက် တိုက်ပွဲအခြေအနေကို အကဲခတ်လိုက်လေ၏။

ထိုလူ၏လှုပ်ရှားမှုကို လှမ်းမြင်နေရသည်က ဟေမာန်ပဲဖြစ်ပါ၏။

"ဟင် ...ဟိုဟာ ဘယ်သူပါလိမ့်"

စင်္ကြံလမ်းတွင် နံရံကပ်မှန်အိမ်ငယ်တို့သာ ထွန်းညှိထားသဖြင့် အဝတ်နက်ကြီးချုံထားသည့် ထိုလူကို ဘယ်သူမှန်း ဟေမာန်မသိချေ။

ရန်သူသည် တစ်ဦးတည်းသာ လာတတ်သည်ဟု သိထားသော သူမက ထိုလူ့ကို ရန်သူ၏ဘက်သားဟု မထင်မိချေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အိပ်ခန်းတံခါးကို အသာဟကာ ချောင်းကြည့် ေး ကြောင်နေမိလေသည်။

ထိုစဉ် ဖာနည်သည် တိုက်ရင်းခိုက်ရင်း စကြံလမ်းအဝ အား ကျောခိုင်းသည့်အနေအထားသို့ ရောက်ရှိသွားတော့သည်။

ဤတွင် ဝတ်ရုံနက်ကြီးခြုံထားသူသည် ပေါက်ဓားကို မြှောက်ကာ ဖာနည်အားပစ်ရန် ရွယ်လိုက်တော့၏။

ထိုအခါမှ ဟောမာန်က အခြေအနေမှန်ကို သုံးသပ်မိ သွားပြီး ဖာနည်အတွက် စိုးရိမ်ကာ အော်ဟစ်သတိပေးလိုက် တော့၏။

"အို ... ကို ကို့နောက်မှာ"

ဟောမာန်၏သတိပေးသံကို ကြားသွားသည့် ဖာနည် သည် ဒူးတစ်ဖက်ညွတ်ကာ ဘေးသို့ ခြေတစ်လှမ်းလှမ်း ဒူး ကွေးလျက်ရှောင်တိမ်းရင်း နောက်ဘက်သို့ လှည့်ပြန်အကြည့်၊ လေကိုခွင်းကာ လျှပ်တစ်ပြက် ပြေးဝင်လာသော ပေါက်ဓားကို ရိပ်ခနဲ တွေ့လိုက်သည်၌ ...

'ခြွမ်း'

သူ၏ဓားဖြင့် ခတ်ထုတ်လိုက်ရာ ပေါက်ဓားမှာ ဦးတည် ရာလမ်းကြောင်း လွဲထွက်သွားပြီး ဦးဘခက်၏မိန်းသွားကို သိဂ်ပါ ဓားဖြင့် ဆီးတားနေသည့် ဝတ်ရုံနက်ထံ လျှပ်ပြက်သလို

ပြေးဝင်သွားတော့၏။

'ဂုစ်'

'ဒုတ်'

"အား"

ပေါက်ဓားက ဝဲဘက်ရင်အုံသို့ စိုက်ဝင်သွားရာ ဝတ်ရုံ နက်မှာ ယိုင်ဆင်းသွားတော့၏။

သူ ထိုသို့ ဟန်ချက်ပျက်သွားစဉ် ဦးဘခက်၏ မိန်း အသွားက သူ့ဝမ်းဗိုက်ဆီ ပြေးဝင်သွားတော့သည်။

'ဂုစ်'

'စွပ်'

"အ"

ဦးဘခက်က သူ၏မိန်းကို ပြန်ဆွဲထုတ်ရန် ပြင်လိုက်စဉ် ဝတ်ရုံနက်၏လက်ထဲမှ သိဂ်ပါဓားက လေထဲ ဝဲခနဲ လျှပ်ပြက် သလို လွင့်လာပြီး ...

'ဂိုး'

'စွပ်'

"အား"

ဦးဘခက်မှာ သူ၏ရင်ဝသို့ စိုက်ဝင်လျက်ရှိသော သိဂ်ပါ ဓားနက်ကြီးကို မယုံနိုင်သလို မျက်လုံးပြူးလျက် ငုံ့ကြည့်လိုက်ပြီး



ခု နှစ် စဉ် ကြယ် တ ပေ



www.burmeseclassic.com

www.burmeseclassic.com



မှ ကြမ်းပြင်ထက်သို့ ခွေခနဲ လဲကျသွားပါတော့၏။

သည်အခိုက် ပေါက်ဓားဖြင့် ပစ်ပေါက်လိုက်သူသည် ခုတ်ရာတခြား ရှရာတလွဲ ဖြစ်သွားပြီကို သိသွားပြီမို့ ချာခနဲ နောက်သို့လှည့်ကာ စကြံအတိုင်း တစ်ဟုန်ထိုး ပြေးတော့သည်။

ဤတွင် ပေါမာန်သည် ဓားရှည်တစ်လက်ကို လက်မှာ စွဲကိုင်ရင်း အိပ်ခန်းထဲမှထွက်လာသော်လည်း ဓားဖြင့်ပစ်ပေါက် သူ၏နောက်သို့ ပြေးလိုက်ရမလို၊ သွေးအိုင်ထဲ ခွေလဲကျသွား သည့် ဖခင်ကြီးကိုပဲ ပြေးပွေ့ရမလို ချီတုံချတုံ ဖြစ်သွားရှာလေ၏။

ဇာနည်ကမူ သူ၏နောက်ကျောကို တစ်စုံတစ်ဦးက ပေါက်ဓားဖြင့် ပစ်ပေါက်ခဲ့မှန်းသိသဖြင့် စကြံဆီသို့ ပြေးထွက် လိုက်တော့ရာ ပေါမာန်နှင့် ပက်ပင်းဆုံတော့သည်။

"ဟင် . . . ပေါမာန်"

"ကို ဟိုလူ ဟိုလူ . . . ကို့ကို ဓားနဲ့ပေါက်သတ်ဖို့ ကြိုးစားတာ"

ဇာနည်သည် ဘာမျှထပ်မေးမနေတော့ဘဲ စကြံလမ်း အတိုင်း အိမ်နောက်ဘက်သို့ ပြေးနေသည့် အဝတ်နက်ကြီး ပတ်ချုံထားသူ၏နောက်သို့ အပြေးလိုက်တော့၏။

"ဟေ့ . . . မပြေးနဲ့"

သို့သော် အဝတ်နက်ချုံထားသူက နောက်ဖေးတံခါးကို





လျင်မြန်စွာဖွင့်ကာ အိမ်နောက်ဘက်ဝရန်တာသို့ ထွက်လိုက် တော့၏။

ထို့နောက်မှာမူ သံကြောင်လိမ်လှေကားအတိုင်း အောက် သို့ လျင်မြန်စွာ ပြေးဆင်းသွားတော့သည်။

ဇာနည် သံကြောင်လိမ်လှေကား၏အထက်သို့ ရောက် သွားသည့်အခါမှာမူ အဝတ်နက်ချုံထားသူက မြေပြင်သို့ ရောက် ရှိသွားပြီဖြစ်ပါ၏။

ထို့နောက်မှာမူ ထိုသူသည် မြင်းဇောင်းကိုပတ်လျက် ခြံနောက်ပိုင်းသို့ပြေးရာ ကင်းလှည့်လာသည့် ငဆိုး၊ ဗဒင်တို့နှင့် ပက်ပင်းတိုးတော့၏။

"ဟေ့ . . . ရပ်စမ်း"

ငဆိုးက လက်ထဲမှဓားဖြင့်မိုးကာ ဖမ်းတားလိုက်သည် တွင် ထိုလူက သူ၏ဦးခေါင်း၌အုပ်ထားသည့် ခြုံထည်အနက် ရောင်ကို ဖျတ်ခနဲ ဆွဲခွာလိုက်ကာ . . .

"ဟော့ကောင်တွေ ငါပါကွ"

ဟု အော်ပြောလိုက်ရာ ဗဒင်နှင့်ငဆိုးတို့မှာ အံ့အားသင့် သွားကြတော့၏။

"ဟာ . . . ခမ်း ခမ်းလွင်"

ခမ်းလွင်သည် ခြုံထည်ကိုလွှင့်ပစ်လိုက်ပြီး ဗဒင်တို့၏



www.burmeseclassic.com

www.burmeseclassic.com



ကြားမှဖြတ်ပြေးစဉ် ကြောင်လိမ်လှေကားအတိုင်း ပြေးဆင်းလာသော ဇာနည်က ဗဒင်တို့ကို လှမ်းအော်ပြောလိုက်လေသည်။

"ဟေ့ . . . အဲဒီလူကို ဖမ်း၊ အဲဒီလူကိုဖမ်း"

"ဟာ . . . အဲဒါ ခမ်းလွင်ဗျ"

"ဟေ . . . ဟုတ်လား၊ တောက် . . . သစ္စာဖောက်"

ဇာနည်မှာ မျှော်လင့်မထားသဖြင့် အံ့အားသင့်သွားပြီးမှ ခမ်းလွင်၏နောက်သို့ တစ်ဟုန်ထိုးပြေးလိုက်သော်လည်း ခမ်းလွင်မှာ အိမ်နောက်ဘက်ခြံတံတိုင်းကို ကျော်ခွတက်ကာ တံတိုင်းအပြင်ဘက် မှောင်ရိပ်ထဲသို့ ခုန်ချပျောက်ကွယ်သွားပါတော့၏။

✲

ဇာနည် စံအိမ်ကြီး၏အပေါ်ထပ်သို့ ဆေးတို့ကိုခေါ်ကာ ပြန်တက်လာသည့်အခါမှာမူ အိမ်ရှေ့ဆောင်ကြီးထဲတွင် သွေးအိုင်ထဲမှ ဦးဘခက်အား ထွေးပွေ့ရင်း ဟေမာန်သည် ရှိုက်ကြီးတငင် ငိုကြွေးလျက်ရှိနေပြီး၊ ဝတ်ရုံနက်မှာ ရင်ဘတ်၌ ပေါက်ဓားတန်းလန်း၊ ဝမ်းဗိုက်၌ မှိန်းတန်းလန်းဖြင့် နံရံဝယ် ကျောမှီရင်း အသက်ငင်လျက်ရှိသည်ကို တွေ့ရတော့၏။





"ဟာ . . . ဆ ဆရာကြီး"

"အို . . . . ဆရာကြီး ဖြစ်ရလေဗျာ"

ဇာနည်က ဝတ်စုံနက်နှင့်လူ၏အနီးသို့ ချဉ်းကပ်သွားကာ ကြမ်းပြင်ပေါ် ဒူးတစ်ဖက်ထောက်ထိုင်လိုက်ပြီး ဝတ်ရုံနက်၏ခေါင်းစွပ်ကို ဆွဲချွတ်လိုက်လေသည်။

ထိုအခါ ဝတ်ရုံနက်အောက်မှ ချောမောပြေပြစ်နုပျိုသော လူငယ်တစ်ဦး၏မျက်နှာလေး ပေါ်လာတော့၏။

"ဟာ . . . တကယ့်လူငယ်လေးပါလား"

ထိုလူငယ်လေးက အံကိုကြိတ်ကာ သူ့ဝေဒနာအတွက် တင်းခံနေလေသည်။ ပြီးမှ ဇာနည်အား မော့ကြည့်ကာ အားယူပြောလိုက်လေ၏။

"အစ် အစ်ကို . . . ကျုပ် ကျုပ် သေရတော့မယ်၊ သေ သေရမှာကို မကြောက်ဘူး၊ အ အခု ကျုပ်ရဲ့ နောက်ဆုံးတာဝန်ကို ထမ်းဆောင်ခဲ့ပြီးပြီ၊ ကျုပ် ကျုပ် သေပျော်ပါပြီ၊ ကျုပ်ရဲ့မိသားစုအတွက် လက်စားချေသင့်သူတွေကို လက် စား ချေ ခွင့် ရ လို့ သေ သေ ပျော် . . ."

ဝတ်စုံနက်မှာ စကားပင် ဆုံးအောင်မပြောနိုင်ဘဲ သွေးပွက်ခနဲအန်ပြီးနောက် ဇာတ်လည်ကျသွားပါတော့သတည်း။

✲



www.burmeseclassic.com

www.burmeseclassic.com



ခမ်းလွင်မှာ ကျောက်ဘီလူးစံအိမ် ခြံဝင်း၏နောက်ဘက်ရှိ ဆူးချုံပင်များကြားမှ ဒရောသောပါး တိုးဖြတ်ကာ ခဏအကြာ၌ မြေလမ်းမို့မို့ပေါ် ရောက်လာသည်တွင် ...

"ဟော့ကောင် မလှုပ်နဲ့"

သူ့အား ရှေ့တည့်တည့်မှ ဆီးတားလိုက်သူက လက်ထဲမှခြောက်လုံးပြူးဖြင့် ခမ်းလွင်ကို ထိုးချိန်လိုက်တော့၏။

ခမ်းလွင် ကိုယ်ရှိန်တန့်ရပ်လိုက်သည်နှင့် ထိုသူက ခမ်းလွင်၏လက်နှစ်ဖက်ကို လက်ထိတ်ခတ်လိုက်ပါတော့သည်။

'ချောက်'

"ဟင်"

ခမ်းလွင်မှာ တုန်လှုပ်သွားပြီး ထိုသူ့ကို မော့ကြည့်လိုက်မိရာ ပို၍အံ့ဩလျက် ဒေါလည်း ပွသွားတော့၏။

"ဟင် ... ခင် ခင်ဗျားဟာ View Point က ဝက်ခေါင်းသုပ်ရောင်းတဲ့ တရုတ်လူဝကြီး မဟုတ်လား၊ ဘာလူပါးဝတာလဲ၊ ခုချက်ချင်း လက်ထိတ်ကို ပြန်ဖြုတ်ပေးစမ်း"

ဤတွင် တရုတ်လူဝကြီးက သွားခေါသည့်အသွင်ပြုလုပ်ထားသော ရှေ့သွားအံကပ်ကို ဆွဲဖြုတ်လိုက်သည့်အပြင် အဝတ်





ဦးထုပ်အပျော့ကြီးကိုပါ ခေါင်းထက်မှ ဖယ်ရှားလိုက်တော့၏။

"ဟော့ကောင် ... ငါဟာ တကယ့် တရုတ်ဝက်ခေါင်းသုပ်သည် မဟုတ်ဘူးကွ၊ အင်းစိန်စီအိုင်ဒီက အင်စပက်တော်ဦးလှဘော်ပဲကွ ... သိရဲ့လား၊ ပြီးတော့ ဇာနည်ဆိုတာဟာလည်း စီအိုင်ဒီက အထူးစုံထောက် အိုင်အိုချစ်သွေးပဲကွ"

"ဗျာ"

သည်တစ်ခါတော့ ခမ်းလွင်မှာ ပါးစပ်ပြဲကာ ခေါင်းငိုက်စိုက်ကျသွားပါတော့သတည်း။

✡

ဇာနည် (ခေါ်) အိုင်အိုချစ်သွေးနှင့် တရုတ်ဝက်ခေါင်းသုပ်သည်ကြီး ဦးဝတုတ် (ခေါ်) အိုင်ပီဦးလှဘော်တို့သည် ဝတ်ရုံနက်၏ အင်္ကျီအတွင်းအိတ်ထဲမှ ရရှိသော မှတ်တမ်းစာအုပ်ငယ်လေးနှင့် ကျောက်ဘီလူးဦးဘခက်၏ သားရေအနီရောင်အဖုံးမှတ်တမ်းစာအုပ်တို့ကို ဟောမာနှင့်အတူ ဖတ်ရှုခွင့်ရလေရာ ထိုအခါမှ သိင်္ဂါခေါ်းနက်၏အကြောင်း၊ မရဏခေါ်းနက်ရှင်၏အကြောင်း၊ 'မုန်တိုင်းကြယ်' အဖွဲ့၏ အကြောင်းခြင်းရာတို့ကို



www.burmeseclassic.com

www.burmeseclassic.com



လိပ်ပတ်လည်စွာ သိရှိသွားရပါတော့သတည်း။

မှတ်ချက်

ဤနေရာတွင် အထက်ပါအကြောင်းခြင်းရာတို့ကို ဝတ္ထုသွား ပုံစံဖြင့် တင်ဆက်လိုက်ပါ၏။

စပ်ခွန်လှ၊ လက်ဝဲသခင်၊ ဖေယျမိုး၊ စိန်ပုလဲနှင့် ကျောက်ဘီလူးဘခက်တို့မှာ တိုက်ခိုက်ရေးပညာကို တတ်မြောက်ကျွမ်းကျင်ကြသည့်အပြင် သေရဲမိုက်ရဲသူများဖြစ်ပြီး တစ်ဦးစီတိုင်း၌ ထူးချွန်မှုတစ်ခုစီ ရှိကြသူများဖြစ်၏။

သူတို့သည် မြန်မာပြည်အရပ်ရပ် နယ်ပေါင်းစုံမှနေ၍ စွန့်လွှတ်စွန့်စားစွာ စီးပွားရှာဖွေရန် မြန်မာပြည်အရှေ့မြောက်ပိုင်း နယ်စွန်နယ်ဖျားဒေသသို့ ရောက်ရှိလာကြသောလူငယ်များ ဖြစ်ကြလေသည်။

သူတို့အထဲမှ လက်ဝဲသခင်မှာ ဗြိတိသျှတို့၏ ဆင်ပါးမိုင်းနားတပ်တွင် စစ်မှုထမ်းဖူးသဖြင့် ခေတ်ပေါ်သေနတ်၊ အမြောက်လက်နက်မျိုးစုံကို ကိုင်တွယ်ပစ်ခတ်တတ်သူဖြစ်၏။ လက်လုပ်ဗုံးကိုပင် ပြုလုပ်တတ်သူဖြစ်၏။

စပ်ခွန်လှမှာ မြန်မာ၊ တရုတ်၊ ထိုင်းဘာသာစကား





တို့ကို တတ်ကျွမ်းသည့်အပြင် ရှမ်း၊ ကချင် စသည့်တိုင်းရင်းသားဘာသာစကားတို့ကိုပါ တတ်ကျွမ်းနားလည်သူဖြစ်၏။

ဖေယျမိုးမှာ ဗေဒင်နက္ခတ္တပညာတို့အပြင် ဂန္ဓာရီပညာရပ်တို့ကို တတ်မြောက်သည့်အပြင် တောလမ်းခရီး အထူးကျွမ်းကျင်သူဖြစ်၏။

စိန်ပုလဲမှာ သူတို့အထဲ၌ ခွန်အားအကြီးမားဆုံးဖြစ်ကာ အမဲလိုက် အထူးကျွမ်းကျင်လေသည်။

ကျောက်ဘီလူးဘခက်မှာမူ သူတို့အထဲ၌ တိုက်ခိုက်ရေးပညာ အမြင့်ဆုံးဖြစ်ကာ ကျောက်သံးကဲ့သို့ မာဂုဏ်မြင့်ပြီး တိုက်ခိုက်သတ်ပုတ်သည့်နေရာ၌ ဘီလူးလိုကြမ်းတမ်းသူ ဖြစ်၏။

သူတို့ကို နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းကို ချုပ်ကိုင်ထားသည့် လော်ပန်ကြီးဆမ်ဝါးက ရွေးချယ်ကာ လက်သပ်မွေးမြူထားလေသည်။

"မင်းတို့ငါးယောက်ဟာ ငါ့ရဲ့ အားအထားရဆုံးလက်ရုံးတွေပဲ၊ ကြယ်တစ်ပွင့်မှာ ထောင့်ငါးထောင့်ရှိတယ်၊ မင်းတို့က အဲဒီကြယ်ရဲ့ထောင့်ငါးထောင့်ပဲ၊ မင်းတို့အားလုံးဟာ မုန်တိုင်းလိုကြမ်းတမ်းသူတွေဖြစ်လို့ မုန်တိုင်းကြယ်ရဲ့ ထောင့်ငါးထောင့်ဖြစ်တဲ့ မင်းတို့အဖွဲ့ကို မုန်တိုင်းကြယ်အဖွဲ့လို့ အမည်မှည့်ခေါ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် မြန်မာပြည်အရှေ့မြောက်နယ်စွန်နယ်ဖျားဒေသတွင် မုန်တိုင်းကြယ်အဖွဲ့မှာ နယ်စပ်ကုန်သွယ်ရေးလောက၌ တစ်စ တစ်စ ထင်ပေါ်လာပါတော့၏။

လော်ပန်ကြီးဆမ်ဝါးက မေခနှင့်မလိခမြစ်ဝှမ်းဒေသမှ ရရှိသည့် ရွှေတုံးရွှေခဲနှင့် ပယင်းကျောက်တို့ကို တွင်းတူးသမားများ၊ ရွှေကျင်သမားများထံမှ ဝယ်ယူစုဆောင်းကာ သူပိုင် လားတန်းဖြင့် ဂီးဂီးတောင်ကြားလမ်း၊ ချွမ်လီတောင်ကြားလမ်းတို့မှ တစ်ဖက်နိုင်ငံသို့ ပို့သည့်အခါ သူ၏ လက်ရွေးစင်မုန်တိုင်းကြယ်အဖွဲ့ကို လုံခြုံရေးအဖြစ်လိုက်ပါစေလေ့ရှိလေ၏။

အခြားလော်ပန်များ၊ ကုန်သည်များလည်း ဖင်းတောင်ကြားလမ်းတို့မှပင် ကုန်သွယ်ကြရာ တောတောင်လျှိုမြောင် ထူထပ်သည့် အဆိုပါတောင်ကြားလမ်းတို့တွင် ဓားပြများ ပေါများသဖြင့် ဓားပြတို့နှင့် မကြာခဏ တိုက်ပွဲများဖြစ်ပွားလေ့ရှိလေ၏။

အခြားလော်ပန်များ၊ ကုန်သည်များသည် ဓားပြတို့၏ လက်ချက်ဖြင့် လားတွေဆုံး၊ ကုန်တွေဆုံးသည့်အပြင် လားသမားများ၊ လုံခြုံရေးများပါ တိုက်ခိုက်သတ်ဖြတ်ခြင်း မကြာခဏ ခံရတတ်သော်လည်း လော်ပန်ကြီးဆမ်ဝါး၏ လားတန်းကမူ မုန်တိုင်းကြယ်အဖွဲ့၏ စောင့်ရှောက်ကာကွယ်မှုကြောင့် လားများ၊ ကုန်များဆုံးရှုံးမှု မည်သည့်အခါကမျှ မဖြစ်ချေ။





လော်ပန်ကြီးဆမ်ဝါး၏ လားတန်းကို ဝင်ရောက်တိုက်ခိုက်လုယက်ရန် ကြိုးစားသည့်ဓားပြများမှာ အကျအဆုံးများစွာဖြင့် လက်လွတ်ထွက်ပြေးရသည်ချည်း ဖြစ်၏။

ကြာတော့ ဓားပြအဖွဲ့တို့သည် လော်ပန်ကြီးဆမ်ဝါး၏ လားတန်းကို ရှောင်ရှားလာကြလေသည်။ မုန်တိုင်းကြယ်အဖွဲ့လည်း နာမည်ဂုဏ်သတင်း ကြီးသည်ထက်ကြီးလာတော့၏။

နယ်ချဲ့မျက်နှာဖြူအစိုးရ အုပ်စိုးနေချိန်မို့ အဆိုပါ နယ်စပ်ဒေသများသို့ အုပ်ချုပ်ရေးအာဏာသက်ရောက်မှု နည်းလေရာ လုယက်တိုက်ခိုက်မှုများ ထူပြောပြီး မင်းမဲ့စရိုက်ဆန်ဆန် ဓားပြအဖွဲ့ငယ်များ ထာဝစဉ် စိုးမိုးလှုပ်ရှားလျက်ရှိတော့သည်။

အချို့ကုန်သည်ကြီးများမှာ မိမိတို့၏လားတန်းများ မကြာခဏ ဓားပြတိုက်ခံရပြီး ဆုံးရှုံးမှုများလာသောအခါ သူတို့၏ လားတန်းများကို လော်ပန်ကြီးဆမ်ဝါး၏ လားတန်းနှင့်အတူ ပူးပေါင်းသွားလာခွင့် တောင်းလာကြလေ၏။

လော်ပန်ကြီးဆမ်ဝါးကလည်း ယင်းကုန်သည်တို့၏ လားများကိုပါ အတူလိုက်ပါခွင့်ပေးကာ အတူပို့ဆောင်ခ မြက်မြက်ကြီးယူလေ၏။

သို့ဖြင့် နယ်စပ်ကုန်သွယ်သူများဘက်မှ အဆင်ပြေသွားသလောက် ဓားပြအဖွဲ့များမှာ အလုပ်သိပ်မဖြစ်ဘဲ ရပ်တည်ရန်



www.burmeseclassic.com

www.burmeseclassic.com



ပင် ခက်ခဲလာကြတော့သည်။

ဤတွင် ဓားပြအဖွဲ့သုံးလေးဖွဲ့သည် အချင်းချင်း ပေါင်းစည်းရန် ကြံစည်လာကြတော့၏။

"ကျုပ်တို့အတူပူးပေါင်းပြီး မုန်တိုင်းကြယ်တွေကို ဖြိုခွင်းမှ ဖြစ်တော့မယ်"

"ဟုတ်တယ် ... အခု မုန်တိုင်းကြယ်အဖွဲ့ရော အခြားလော်ပန်တွေရဲ့ လုံခြုံရေးအဖွဲ့တွေပါ ပူးပေါင်းပြီး သွားလာနေတော့ သူတို့က အင်အားသိပ်ကောင်းနေတယ်၊ ဒီတော့ သူတို့လိုပဲ ကျုပ်တို့လည်း ပူးပေါင်းမှဖြစ်မယ်ဗျ"

သို့ဖြင့် ဓားပြအဖွဲ့ငယ်များ စုစည်းလိုက်ကြရာ လွန်စွာအင်အားတောင့်တင်းသည့် ဓားပြအဖွဲ့ကြီး ဖြစ်သွားတော့၏။

လူသူလက်နက်အင်အား လွန်စွာကောင်းသွားတော့၏။

"ဟင်း ဟင်း ... မုန်တိုင်းကြယ်အဖွဲ့တော့ ဒီတစ်ခါ မျိုးပြုတ်ပြီမှတ်"

သို့ဖြင့် တစ်ခုသော ဆောင်းဦးပေါက်ကာလ နံနက်ဝေလီဝေလင်းတွင် ထူထပ်သိပ်သည်းစွာ ကျရောက်လျက်ရှိသည့် နှင်းလွှာထုများကြားတိုးဝင်ကာ မုန်တိုင်းကြယ်အဖွဲ့ စောင့်ရှောက်လိုက်ပါလာသည့် လားတန်းကြီးသည် ချွမ်လီတောင်ကြားလမ်းအတိုင်း ဝင်ရောက်လာတော့၏။

ခု နှစ် စဉ် ကြယ် စာ ပေ



လားတန်းကြီးမှာ အကျဉ်းမြောင်းဆုံး တောင်ကြားသို့ အရောက်တွင် ...

'ဒိုင်း ဒိုင်း ... ဒိုင်း ဒိုင်း ဒိုင်း'

တောင်ကြားလမ်းအတိုင်း ဘေးတစ်ဖက်တစ်ချက် သစ်ပင်အုပ်များဆီမှ တူမီးသေနတ်သံတို့ တစ်ခဲနက် ထွက်ပေါ်လာတော့၏။

"ရန်သူဟေ့ ... လားတွေကို ကျောက်တုံးကျောက်ဆောင်တွေရဲ့ ဘေးကပ်ထားကြ"

မုန်တိုင်းကြယ်အဖွဲ့က အော်ဟစ်သတိပေးလိုက်ပြီး သေနတ်သံများ ထွက်ပေါ်လာရာ သစ်တောအုပ်များဆီ ကျောက်တုံးကျောက်ဆောင်တို့ကို အကာအကွယ်ယူလျက် ပြေးတက်သွားကြတော့၏။

ဓားပြအဖွဲ့မှာ တစ်ချက်ပစ်ပြီးပါက နောက်တစ်ချက်ပစ်ရန် ယမ်းထိုးရသည့် တူမီးသေနတ်လောက်သာ ကိုင်နိုင်သဖြင့် မြူနှင်းများကြားမှ ဘွားခနဲ ဘွားခနဲ ပေါ်လာသည့် မုန်တိုင်းကြယ်အဖွဲ့၏ အနီးကပ် တိုက်ခိုက်ခြင်းကိုခံရတော့သည်။

"ကဲကွာ ... သေစမ်း"

"မိစ္ဆာဓားပြတွေ သေစမ်းကွာ"

'ရှပ် ရှပ် ရှပ်'

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



“အား”

“အီး”

သို့သော် ခါးပြုအဖွဲ့သားတို့မှာ မျှော်လင့်ထားသည်ထက် လွန်စွာများပြားနေရာ ရှေ့သို့ ကျုံ့ဝင်သွားကြသည့် မုန်တိုင်းကြယ် အဖွဲ့မှာ များစွာသောခါးပြုတို့၏ အဘက်ဘက်မှ ညှပ်တိုက်ခြင်း ခံရသဖြင့် အထိနာလာတော့၏။

“ချ . . . မုန်တိုင်းကြယ်တွေကို တစ်ပွင့်စီခြွေကြဟေ့”

‘ရွှပ် ရွှပ်’

“အ”

“ဟ . . . ခါးပြုကောင်တွေ မနည်းမနောပါလား”

ခါးပြုများ အတုံးအရုံး ကျဆုံးသလို မုန်တိုင်းကြယ်အဖွဲ့ သားအားလုံးမှာလည်း သွေးသံတရဲရဲဖြင့် ဒဏ်ရာကိုယ်စီရကုန်ကြ ပြီး တစ်ဦးကိုတစ်ဦးကာကွယ်လျက် ဝိုင်းပိတ်ခံထားရခြင်းမှ ဖောက်ထွက်နိုင်ရန် ကြိုးစားကြရတော့၏။

“လာ လာ . . . ဒီတောင်ကြောဘက်က ပတ်ထွက်မှ ဖြစ်မယ်”

ဇေယျမိုးမှဦးဆောင်ကာ ကျောက်တောင်အကွဲကြီးတစ်ခု ကြားမှ ဖြတ်ထွက်ရန် ကြိုးစားကြတော့၏။

“ဖိတိုက် ဖိတိုက် . . . မုန်တိုင်းကြယ်တွေကို ဖိတိုက်





ကြဟေ့”

‘ရွှပ် ရွှပ် ရွှပ်’

‘ချွင် ‘ . . . ခြွမ်း’

နှင်းဖြူဖွေးဖွေးတို့ကြားမှ တစ်ယောက်ပြီးတစ်ယောက် ထွက်ပေါ်လာသည့် ခါးပြုများကို ခုခံတိုက်ခိုက်ရင်း မုန်တိုင်း ကြယ်အဖွဲ့မှာ ဒဏ်ရာများ ပြင်းထန်စွာရလာပြီး တောင်စောင်း ဆင်ခြေလျှောဘက် ဆုတ်ခွာလာကြရတော့၏။

“ဖယ် ဖယ် . . . ဒီကောင်တွေရဲ့ ဇီဝိန်ကို အပြတ်ခြွေ မယ်ဟေ့”

ထိုစဉ် တူမီးသေနတ်ကိုင်အဖွဲ့သည် နှင်းဖြူထုအကြားမှ ရုတ်တရက် ထွက်ပေါ်လာပြီး ဝိုင်းပစ်ကြတော့ရာ . . .

‘ဒိုင်း ဒိုင်း ဒိုင်း’

မုန်တိုင်းကြယ်တို့မှာ တောင်စောင်းအတိုင်း လှိမ့်ဆင်း လိုက်ကြရတော့၏။

သို့ဖြင့် မုန်တိုင်းကြယ်တို့သည် တောင်စောင်းအတိုင်း တလိမ့်လိမ့် လိမ့်ဆင်းခဲ့ကြရာမှ ချောက်ကမ်းပါးစွန်းမှနေ၍ တောင်ကျချောင်းတစ်ခုထဲသို့ ပြုတ်ကျသွားကြပါတော့သတည်း။

‘ဗွမ်း’ ‘ဗွမ်း’ ‘ဗွမ်း’

✿

www.burmeseclassic.com

www.burmeseclassic.com



မုန်တိုင်းကြယ်အဖွဲ့သည် ရေခဲရေတမျှ အေးစိမ့်နေသော တောင်ကျချောင်းထဲတွင် တသွင်သွင်စီးဆင်းနေသည့် တောင်ကျရေနှင့်အတူ မျောပါသွားကြရာ . . .

ဒဏ်ရာပြင်းထန်လှသော စပ်ခွန်လှနှင့် ဖေယျမိုးတို့မှာ ရေထဲမြုပ်လုလု ဖြစ်နေကြသည်တွင် ကျန်လူတို့က ဖေးမပြီး ကိုယ်ကိုဖော့လျက် ရေစီးအတိုင်း မျှောလိုက်ခဲ့ကြတော့၏။

တောင်ကျချောင်းရေနှင့်အတူ နာရီပေါင်းများစွာ မျောပါလာကြရာမှ ရေတံခွန်ငယ်တစ်ခုမှ လိမ့်ကျခဲ့ပြီးနောက်မှာမူ ရေစီးက ညင်သာသွားသည်တွင် ကမ်းစပ်သို့ ကူးခတ်ခဲ့ကြတော့သည်။

ထို့နောက် တစ်ကိုယ်လုံး ထုံကျဉ်လျက် ဒဏ်ရာတို့မှ သွေးထွက်လွန်ကာ ပင်ပန်းနွမ်းနယ်အားပြတ်နေကြသည့် မုန်တိုင်းကြယ်အဖွဲ့သားတို့မှာ ချောင်းကမ်းစပ် သဲသောင်ဝယ် ပိုးလိုးပက်လက်လန်လျက် အနားယူကြရင်း သတိလစ်မေ့မြောသွားကြပါတော့၏။

သူတို့ ပြန်လည်သတိရလာတော့ အိမ်တစ်လုံးပေါ်သို့ ရောက်နေကြမှန်း သတိပြုမိကြတော့၏။

''ဟာ . . . ငါ ငါတို့ ဘယ် ဘယ်ရောက်နေပါလိမ့်''





''ဟုတ်ပ့ါဗျာ၊ ကျုပ်တို့ ချောင်းစပ်မှာ လဲ့အိပ်လိုက်ပြီးကတည်းက ဘာမှကို မသိတော့တာ၊ ခု အိမ်တစ်လုံးထဲ ရောက်နေပါလား၊ ဒီကို ဘယ်လိုကဘယ်လို ရောက်လာပါလိမ့်''

''ဘယ်လိုကဘယ်လိုရောက်လာရမှာလဲ၊ အစ်ကိုတို့ကို ဘဆရာကြီးက တစ်ယောက်ချင်း ထမ်းပြီး ချောင်းစပ်ကနေ ဒီအိမ်ပေါ်အထိ သယ်ပို့ခဲ့လို့ ရောက်နေရတာပေါ့''

ချိုလွင်သောအသံလေးဖြင့် ရှင်းပြသည်ကို ကြားရမှ သူတို့ လည်ပြန်ကြည့်လိုက်ရာ အိမ်ပေါက်ဝမှဝင်လာသည့် မိန်းမပျိုလေးကိုတွေ့ရရာ သူတို့ငါးဦးစလုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြရတော့သည်။

ခြေသလုံးသားဝင်းဝင်းလေးများပေါ်အောင် ဂျပ်ခုတ်ထဘီ အနက်ရောင်လေးကို ဝတ်ဆင်ပြီး ဂျပ်ခုတ်ထည်အင်္ကျီချိုင်းပြတ် အနက်ရောင်လေးကြောင့် သူမ၏ပခုံးသားပြည့်ပြည့်များ၊ လက်မောင်းသားဝင်းဝင်းများကိုသာမက ဝင်းမွတ်နေသည့် ရင်လွှာအထက်ပိုင်းကိုပါ အထင်းသားမြင်နေရသော မိန်းမပျိုလေးမှာ တောထဲတောင်ထဲမှာ တွေ့နေရသည်မို့ ဥစ္စာစောင့်လား၊ သူယောင်မယ်လေလားဟု ထင်မှတ်မှားနေရတော့၏။

''ညီ ညီမက ဘယ်သူလဲဟင်၊ ပြီးတော့ ဘဆရာကြီးဆိုတာကရော ဘယ်သူလဲ''



www.burmeseclassic.com

www.burmeseclassic.com



လက်ဝဲသခင်က ကောင်မလေးကို ရွှန်းရွှန်းစားစား ကြည့်ရင်း မေးလိုက်ရာ ကောင်မလေးက အားပါးတရပြုံးလိုက်ပြီး သူတို့အနားသို့ ဒူးတုပ်ထိုင်လိုက်ကာ ပြန်ဖြေ၏။

"ညီမရဲ့နာမည်က မြတ်လေးစံပါရှင်၊ မြတ်လေးတို့က ဒီအိမ်ကြီးမှာ ဖေဖေဆုံးပါးသွားကတည်းက သားအမိနှစ်ယောက်တည်း နေခဲ့ကြရတာပါ၊ နောက်မှ ဘဆရာကြီးနဲ့ တောထဲမှာ ဆုံပြီး ဘဆရာကြီးက မြတ်လေးတို့နဲ့ ခဏလာနေတာပါ၊ ဘဆရာကြီးဆိုတာ မြတ်လေးဖေဖေရဲ့ ဆရာလည်း ဆရာ, သူငယ်ချင်းလည်း သူငယ်ချင်းပါ"

"သြော် ... ဒါထက် ဒီအိမ်နားမှာလည်း တခြားအိမ်တွေ မတွေ့ရပါလား"

"ဟုတ်တယ်၊ ဒီမှာက တောင်ယာခင်းတွေနဲ့ ယာစောင့်တဲတွေ, အိမ်တွေပဲ ရှိတယ်လေ၊ တစ်အိမ်နဲ့တစ်အိမ်ကလည်း အတော်လှမ်းတာ"

"သြော် ... ဒါဆို ညီမတို့က ယာစိုက်တယ်ပေါ့"

"အင်း ... ဖေဖေရှိတုန်းကတော့ ဒီတောင်ကြားထဲမှာ ကိုယ့်ဘာသာ တောရှင်းပြီး ယာကွက်ဖော်စိုက်ခဲ့တာပါပဲ၊ ဖေဖေ မရှိတော့ မေမေရော မြတ်လေးပါ ဘာမှမလုပ်နိုင်ပါဘူး၊ ယာကို လူငှားနဲ့ပဲ လုပ်နေရတယ်"





"ညီမရဲ့အမေရော"

"ဒီအိမ်နောက်ဘက်မှာ ပဲညွန့်တွေသွားခူးနေတယ်၊ အစ်ကိုတို့သတိရလာရင် ထမင်းကျွေးဖို့"

ဖော်ဖော်ရွှေရွှေပြောနေသည့် မိန်းကလေးကို ငေးကြည့်ရင်း သိချင်စိတ်ဖြစ်ပေါ်လာသဖြင့် စပ်ခွန့်လှက မေးလိုက်ပြန်သည်။

"ညီမတို့က နယ်စပ်ဒေသဖြစ်တဲ့ ဒီလိုတောတောင်ထဲမှာ နေပေမယ့် တိုင်းရင်းသားထဲက ဖြစ်ပုံမရဘူးနော်"

ထိုအခါ မြတ်လေးစံက ပါးချိုက်လေးများပေါ်အောင် ပြုံးလိုက်ပြန်ပြီး ...

"ဟုတ်ပါတယ် ... မြတ်လေးတို့သားအမိက ဗမာတွေပါ၊ အကြောင်းတစ်ခုကြောင့် ဖေဖေနဲ့အတူ ဒီနယ်စပ်ဘက် ရောက်နေရပေမယ့် ဗမာဟာ ဗမာပါပဲရှင်"

ဟု ချစ်စဖွယ်ပြောလိုက်လေသည်။ ပြီးမှ ခပ်ဖြည်းဖြည်း ထရပ်လိုက်ကာ ...

"ခဏနေဦးနော်၊ အစ်ကိုတို့မျက်နှာတွေဘာတွေ သစ်ရအောင် ရေအင်တုံသွားယူပေးမယ်"

ဟု ပြုံးလျက်ပြောရင်း အိမ်နောက်ဖေးဘက်သို့ ထွက်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



လက်ဝဲသခင်က မြတ်လေးစံ၏ ကိုယ်လုံးလှလှ တင်းတင်းအိအိလေးကို ဆက်လက်ငေးကြည့်နေရာ ...

"ဟော့ လက်ဝဲကြီး ... မောင်ရင်ရဲ့ရင်ဘတ်ကဒဏ်ရာကို အားနာပါဦး၊ ဘယ့်နှယ် ... ခေါ်တောငမ်း ငမ်းနေရတာလဲ"

စိန်ပုလဲက လှမ်းဟန့်လိုက်မှ မိန်းမဝါသနာကြီးလှသော လက်ဝဲသခင်မှာ ပြုံးဖြီးဖြီးဖြင့် လှမ်းကြည့်လျက် သူ့ဘက်သူယက်ကာ ပြောလိုက်သေး၏။

"အတော်နိပ်တဲ့မြာလေးပဲဗျို့ ... ဒီလိုတောတောင်နက်နက်ထဲမှာ ဒီလိုမြာအပျိုစားမျိုးနဲ့ တွေ့ရတာဟာ တောစောင့်နတ် တောင်စောင့်နတ်တို့က ဖူးစာရေးနတ်အဖြစ်နဲ့ ဖန်တီးပေးခဲ့တာ ဖြစ်မယ်ဗျ ... ဟဲ ဟဲ ဟဲ"

"တော်စမ်းပါ လက်ဝဲကြီးရာ ... ကိုယ့်မှာ မသေကောင်း မပျောက်ကောင်း ဒဏ်ရာကြီးရထားတာတောင် နာထနေသေးတယ်"

"ဟဲ ဟဲ ... ဒါကတော့ နတ်ကလည်းလို့ ဗြဲဟ်ကလည်း မနေမှတော့ ကြွစရာရှိတာတွေလည်းကြွ၊ ထစရာရှိတာတွေလည်း ထရတာပေါ့ဗျာ၊ ဟဲ ဟဲ ... ဟောဒီ ကျုပ်ရဲ့ရင်ဘတ်က ဒဏ်ရာကိုတောင် မြတ်လေးကိုယ်တိုင် ဆေးရွက်တွေအုံပြီး ပတ်တီးစည်းပေးထားတာလားမသိဘူး"





"အို ... မြတ်လေးစည်းပေးတာ မဟုတ်ရပါဘူးရှင်၊ ဘဆရာကြီးကိုယ်တိုင် စည်းပေးတာပါ၊ မြတ်လေးက ဆေးရွက်တွေပဲ ထောင်းပေးခဲ့ရတာပါ"

အိမ်ရှေ့သို့ ရေအင်တုံသယ်လာသည့် မြတ်လေးစံက နားစွန်နားဖျားကြားပြီး ဝင်ပြောလိုက်လိုက်ခြင်းဖြစ်သည်။

သူမက ရေအင်တုံကို အိမ်ရှေ့ကပြင်တွင် ချထားလိုက်ပြီးမှ သူတို့ဘက်သို့ လှည့်ကြည့်ကာ ...

"ကဲ အစ်ကိုတို့ ... ဒီမှာ မျက်နှာတွေ လက်တွေ ခြေတွေ ဆေးကြောကြပါ"

ဟု ပြုံးလျက် ဖိတ်ခေါ်လိုက်လေသည်။

ဒဏ်ရာကိုယ်စီ၊ ပတ်တီးကိုယ်စီနှင့် နေဘုန်းရှိန်တို့လူစုလည်း ထိုင်ရာမှ ဖြည်းဖြည်းချင်းထကြပြီး ကပြင်သို့ဆင်းကာ မျက်နှာသစ်ကြရ၊ ခြေလက်တို့ကို ဆေးကြောသုတ်သင်ကြရလေသည်။

ထိုစဉ် အသက် ၄၀ ခန့်အမျိုးသမီးကြီးတစ်ဦးက ခြေတံရှည်အိမ်ပေါ်သို့ လှေကားမှတက်လာရာ မြတ်လေးစံက လှည့်ကြည့်ပြီး အားရဝမ်းသာဖြင့် ပြောလိုက်တော့၏။

"ဟော ... မေမေပြန်လာပြီ၊ မေမေ ဒီအစ်ကိုတို့ သတိရလာလို့ မျက်နှာခြေလက်တွေ သုတ်သင်နိုင်းထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . အေး အေး၊ မသေကောင်းမပျောက်ကောင်း ကွယ်၊ ဒဏ်ရာတွေမှ ပရုပ္ပပဲ၊ တော်သေးတာပေ့ါ . . . ဘဆရာ ကြီးရဲ့ တောတွင်းရိုးရာဆေးကုသနည်းက စွမ်းလို့"

ထိုစဉ် လည်ပင်း၌ ပုတီးအနက်တစ်ကုံး ဆွဲထားသည့် ယောဂီဝတ်အဘိုးအိုတစ်ဦး အိမ်ပေါ်သို့တက်လာတော့၏။

"ဟော . . . ဘဆရာကြီးပြန်လာပြီ"

သွက်လက်ဖျတ်လတ်သည့် မြတ်လေးစံကပင် ဘဆရာ ကြီးနှင့် လက်ဝဲသခင်တို့ကို မိတ်ဆက်ပေးလိုက်လေသည်။

လက်ဝဲသခင်ကလည်း တစ်ဦးချင်းစီ၏နာမည်ကို ပြောပြ ကာ မိမိတို့သည် ချွမ်လီတောင်ကြားလမ်းကိုဖြတ်ကာ ကုန်ကူးစဉ် ဓားပြတို့ ဝိုင်းတိုက်သဖြင့် အင်အားချင်း မမျှစွာ ခုခံခဲ့ကြကြောင်း နောက်ဆုံး ဓားပြတို့ဘက်မှ လူအင်အား၊ လက်နက်အင်အား ကောင်းလွန်းသဖြင့် မိမိတို့ဒဏ်ရာများ ပြင်းစွာရပြီး ရေကြောင်း အတိုင်း မျှောချထွက်ပြေးလာရကြောင်း ရှင်းပြလေသည်။

"အေးကွယ် . . . ငါ့တူတို့ မသေကောင်းမပျောက် ကောင်းပါလား၊ အဲဒီတောင်ကြားဒေသတွေမှာ တောကြောင်တွေ သောင်းကျန်းလွန်းတာတော့ ကျုပ်လည်း ကြားဖူးပါရဲ့၊ ကဲ ကဲ . . . ဘာမှ စိတ်မပူကြနဲ့တော့၊ ခရီးထွက်နိုင်လောက်အောင် ဒဏ်ရာတွေပျောက်ကင်းကြတဲ့အထိ ဒီမှာပဲ တည်းခိုနေကြပေါ့





ကွယ်၊ ဒီမှာတော့ သက်သတ်လွတ်ဟင်းသီးဟင်းရွက်တို့ပဲ စား ကြတယ်ကွဲ့"

"ဩော် . . . ရပါတယ် ဘဆရာကြီးရယ်၊ ခုလို ဆေးကု သပေးတာ၊ တည်းခိုခွင့်ပြုတာပဲ ကျေးဇူးကြီးလှပါပြီ ခင်ဗျာ"

သို့ဖြင့် ခဏအကြာတွင် မှိုဟင်း၊ မျှစ်ကြော်၊ ပဲညွန့် ဟင်းချိုတို့ဖြင့် ထမင်းပူပူနွေးနွေးကို စပ်ခွန်လှတို့လူစု အပြတ် လွေးကြလေတော့သတည်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



## လျှို့ဝှက်ရတနာများ

မြတ်လေးစံတို့၏ ခြေတံရှည်အိမ်ကြီးတွင် သုံးရက်ခန့် နေခဲ့ကြပြီးနောက်၊ ဒဏ်ရာတို့က အတော်ကျက်ကာ သက်သာလာခဲ့ပြီ ဖြစ်၏။

ထိုရက်များအတွင်း စပ်ခွန်လုနှင့် လက်ဝဲသခင်တို့ နှစ်ဦးမှာ မြတ်လေးစံနှင့် အတော်ရင်းနှီးမှုရကာ သူမအပေါ် တပ်မက်စွဲလမ်းစိတ်တို့ ဖြစ်ပေါ်လာတော့၏။

သို့ဖြင့် စတုတ္ထမြောက်နေ့ နံနက်ပိုင်းတွင် စမ်းချောင်း၌ ရေကူး ရေချိုးကြစဉ် ဖေယျမိုးက ကျီစယ်စကားဆိုလိုက်၏။

"ဘယ်လိုလဲ ခွန်ကြီးနဲ့ လက်ဝဲကြီးတို့ ... ကောင်မလေးကိုကြည့်တဲ့ မောင်ရင်တို့ရဲ့မျက်လုံးတွေကနေ ရမ္မက်ခိုးတွေ





အလျှံတညီးညီး ထွက်သထက်ထွက်နေပါလား"

စိန်ပုလဲကလည်း ဝင်ခွပ်၏။

"ဟုတ်ပါ့ဗျာ ... ဒီတဏှာရူးတွေ ရာဂမီးတောက် တောက်နေပုံကို အဘိုးကြီးရိပ်မိသွားရင် ကျုပ်တို့ ချက်ချင်းနှင်ချခံရမှာဗျ၊ အနာတွေက သိပ်ကောင်းကောင်းကျက်သေးတာ မဟုတ်ဘူး"

ထိုအခါ စပ်ခွန်လုနှင့် လက်ဝဲသခင်တို့ကလည်း ပြန်တွယ်ကြလေသည်။

"နေပါဦး ... ဒီလောက်ဖွေးဥပြီး တစ်တစ်ရစ်ရစ်နဲ့ လှချက်ပြင်းနေတဲ့ ကောင်မလေးကို မောင်ရင်တို့ရော သဘောမကျလို့လား ... မှန်မှန်ပြော"

"ဟုတ်တယ် ... မောင်ရင်တို့ရဲ့ မျက်လုံးအကြည့်တွေက ကောင်မလေးရဲ့ကိုယ်ပေါ် ရောက်သွားတဲ့အခါ ခွာတယ်ကိုမရှိဘူး၊ ကျုပ်သတိမပြုမိဘူး မထင်နဲ့၊ မြွေမြွေချင်း ခြေမြင်ပြီးသား ... ဟဲ ဟဲ ဟဲ"

"ဟုတ်ပါတယ် ... ကျုပ်တို့လည်း ယောကျ်ားပဲလေ၊ ဘာအသားနဲ့ထုထားလို့လဲ၊ အသွေးနဲ့အသားနဲ့ပဲ၊ မြတ်လေးစံလို ကောင်မလေးမျိုးရလို့ကတော့ လိုချင်ပေါ့ဗျာ၊ ဒါပေမဲ့ အဘိုးကြီးရဲ့ကျေးဇူးက ရှိတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အိုဗျာ . . . ကျေးဇူးက ကျေးဇူးပဲ၊ အချစ်က အချစ်ပဲ"

"ဘာဗျ နေကြီး၊ အချစ် . . . ဟုတ်လား၊ ခင်ဗျားလို မြာမုဆိုးမှာ အချစ်ဆိုတာရော ရှိလို့လား၊ တဏှာပဲ ရှိမှာပါဗျာ . . . ဟား ဟား ဟား"

"ဟုတ်တယ်ဗျာ . . . ဘာဖြစ်လဲ ဆရာမိုးရဲ့ ယောက်ျား မှာ ဂန်ဒူးနဲ့နွာဘူး နှစ်မျိုးပဲရှိတယ်၊ ကျုပ်ကတော့ ဂန်ဒူးမှ မြဲမခံနိုင်ဘူးဗျ၊ ဒါပဲ . . . ဟဲ ဟဲ ဟဲ"

သူတို့ အချီအချပြောနေကြစဉ် ကျောက်ဘီလူးဘခက် သည် ချမ်းလာသဖြင့် စမ်းချောင်းထဲမှ ဦးစွာတက်ကာ အိမ် ဘက်သို့ လျှောက်လှမ်းခဲ့တော့၏။

သူက ရေလဲအဝတ်ကို အိမ်နောက်ဘက်ရှိ ဝါးတန်းတွင် လှန်းပြီးနောက် နောက်ဖေးလှေကားမှ အိမ်ပေါ်တက်ခဲ့တော့ သည်။

သူသည် ကပြင်မှနေ၍ နောက်ဖေးမီးဖိုခန်းထဲ ဝင်လိုက် စဉ်မှာပင် အိမ်အလယ်ခန်းထဲမှ စကားသံများကြားရသဖြင့် ခြေလှမ်းတုံ့သွားပြီး ဘာရယ်မဟုတ်ဘဲ နားစွင့်လိုက်မိချေ၏။

"ဒီသိဂ်ပါဓားကိုရဖို့ ခက်ခက်ခဲခဲ ကြိုးစားခဲ့ရတာ၊ ဒီဓား ကို တောင်ငူဘုရင်သိဂ်ပါအတွက် ပညာရှိဟူးရားညီုကြီးက ရှေး ခေတ်ဂမ္ဘီရအစီအရင်တွေနဲ့ စီရင်ပေးခဲ့တာလို့ သိရတယ်ကွဲ့"





ဘဆရာကြီး၏အသံကိုကြားလိုက်ရရာ ကျောက်ဘီလူး ဘခက်က ထရံပေါက်မှနေ၍ အိမ်အတွင်းခန်းသို့ ချောင်းကြည့် စပ်စုလိုက်လေ၏။

မြတ်လေးစံတို့သားအမိ၏ အိပ်ခန်းထဲတွင် ထိုသားအမိ နှင့်အတူ ဘဆရာကြီးမှာ အခန့်သားရောက်ရှိနေပြီး သူက ဖျာ တစ်ချပ်ပေါ်တွင် တင်ပျဉ်ခွေထိုင်နေကာ လက်ထဲတွင် လက်ကိုင် ရိုးရော ဓားသွားပါ အနက်ရောင်ဖြစ်နေသည့် ထူးဆန်းသော ဓားရှည်တစ်စင်းကို တွေ့ရလေသည်။

ပို၍ထူးခြားသည်က ဓားလက်ကိုင်ရိုးထိပ်ဝယ် အရိုး ခေါင်းခွံပုံ ထုလုပ်ထားခြင်းပင် ဖြစ်ပါသည်။

"ဒါဆို ဒီဓားကို ရှေးဘုရင်တစ်ပါးသုံးခဲ့တာပေါ့နော် ဘဆရာကြီး"

"ဒါပေါ့သမီးရဲ့ . . . ဒီဓားဟာ ရှေးခေတ် ဂမ္ဘီရပညာ တွေနဲ့ ပြုလုပ်ထားတာမို့ အစောင့်အရှောက်တွေရှိတယ်၊ ဓား ရိုးကနေ ဆုပ်ကိုင်လိုက်တာနဲ့ ခန္ဓာကိုယ်ထဲကို ကြီးမားတဲ့ခွန်အား တွေ စီးဝင်လာပြီး လူဟာ ကြက်မွှေးလေးလို ပေါ့ပါးသွက်လက် သွားတယ်ကွဲ့ . . . ၊

သိဂ်ပါမင်းဟာ ဒီဓားကိုစွဲကိုင်တိုက်ခိုက်ပြီး ကေတုမတီ တောင်ငူထီးနန်းကို အရယူနိုင်ခဲ့တယ်ကွဲ့၊ ကေတုမတီတောင်ငူ



www.burmeseclassic.com

www.burmeseclassic.com



ကို ပင်းယမင်းရဲ့လက်အောက်ခံဘဝက လွတ်မြောက်အောင် တော်လှန်တိုက်ပွဲဝင်နိုင်ခဲ့တယ်၊ ဒီသိင်္ဂပါဓားရဲ့ စွမ်းပကားနဲ့ ရေလွှဲ ၅ ခရိုင်ကို တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့တယ်ကွဲ့ ...၊

သိင်္ဂပါမင်းဟာ နန်းစံသက် (၂၁) နှစ်အတွင်း သိင်္ဂပါဓားရဲ့အစွမ်းနဲ့ ရန်သူဟူသမျှကို အောင်နိုင်ခဲ့တယ်တဲ့ ...၊

ဒါပေမဲ့ သိင်္ဂပါမင်းကြီးဟာ သူ နတ်ရွာစံခါနီးမှာ ရက်စက်ယုတ်မာတတ်သူ သူ့ရဲ့သားတော် အိမ်ရှေ့မင်းသား ပျံနီကြီးရဲ့လက်ထဲ သိင်္ဂပါဓားကို မရောက်စေချင်လို့ လျှို့ဝှက် မြှုပ်နှံခဲ့တယ်လေ ...၊

အဲဒီလို မြှုပ်နှံရာမှာ မြှုပ်တဲ့နေရာကို နောင်းလူသစ်တွေ့ မျိုးဆက်သစ်တွေ ထိုက်ရင်ရယူနိုင်စေဖို့ ပဟေဠိလင်္ကာလေး တစ်ပုဒ်ကို ပုရပိုက်တစ်ခုမှာ ရေးထိုးထားခဲ့တယ်ကွဲ့ ...၊

အဲဒီပုရပိုက်ကို သီပေါမင်းလက်ထက်မှာ မန္တလေး ရွှေနန်းတော်ကြီးရဲ့ ပေစာတိုက်ကိုရှင်းရင်း ကျုပ်နဲ့ ကျုပ်ရဲ့မိတ်ဆွေ ပန်းချီကျော်ဆရာချုံတို့က တွေ့ခဲ့ရတာပဲ ...၊

ကျုပ်ဟာ အဲဒီပဟေဠိလင်္ကာကနေ အဖြေဖော်ထုတ်ဖို့ ကြံစည်ပြီး လင်္ကာကိုလည်း ကူးယူထားခဲ့တယ်ကွဲ့ ...၊

နောက် အရှင်နှစ်ပါး နန်းကျသွားတဲ့အချိန်ကစပြီး ကျုပ်လည်း မန္တလေးကိုစွန့်ခွာလို့ အောက်မြန်မာပြည်ဘက် ဆင်း





သွားရာက တောင်ငူကိုရောက်သွားခဲ့တယ် ...၊

အဲဒီလိုနဲ့ ဆယ်နှစ်အကြာမှာမှ ပဟေဠိလင်္ကာရဲ့အဖြေကို ကျုပ်ရခဲ့တယ်၊ သူ့ရဲ့ပဟေဠိလင်္ကာက ဒီလိုကွဲ့ ...

**သိင်္ဂပါဓားနက်**

**မိုးကြိုးသွားနဲ့ သစ်ကနက်**
**ဂမ္ဘီရစွက်၊ နက်လှတဲ့ဒီဓား**
**သွေးကိုစား။**
**ဖောက်ပြားသူကို အရှင်မထား၊**
**မရဏလမ်းကို မြန်းစေသား။**
**သူကားအိပ်စက် ပုန်းရိုလျက်**
**နေထွက်တဲ့နေရာ၊ ဦးစွာရှာ၊**
**ရလိမ့်မြန်မကြာ ...။**

အဲဒီပဟေဠိလင်္ကာအရဆိုရင် သိင်္ဂပါဓားဟာ ဖောက်ပြန်သူတွေကို အပြစ်ပေးရာမှာ အသုံးပြုသင့်တဲ့ ဂမ္ဘီရဓားနက်ဆိုတာ ပေါ်လွင်ပြီး အဲဒီဓားကို နေထွက်ရာအရပ်မှာ လျှို့ဝှက်မြှုပ်နှံထားကြောင်း သိနိုင်တယ် မဟုတ်လားကွဲ့ ...၊

ဒီတော့ နေထွက်ရာအရပ်မှာရှာရင် တွေ့မှာပဲ၊ ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီ ... ဒါဆို နေထွက်ရာအရပ်ဆိုတာ ဘယ်အရပ်လဲ စဉ်းစားစရာပဲ၊ အဲဒါကို ကျုပ် နှစ်အတော်ကြာ အမျိုးမျိုး စဉ်းစားခဲ့ပေမယ့် အဖြေမရခဲ့ဘူး''

ဤနေရာတွင် မြတ်လေးစံဇာမိခင် ဒေါ်မြတ်သာက ဝင်ပြောလိုက်သည်။

''ဘဆရာကြီးရဲ့ နေထွက်ရာအရပ်ဆိုတော့ အရှေ့အရပ်ပေါ့နော်၊ ဒါပေမဲ့ ဘယ်အရာရဲ့ အရှေ့အရပ်ဆိုတာမပါဘဲ ဘယ်လိုရှာမလဲ၊ ဥပမာအားဖြင့် ဘယ်ဘုရားရဲ့အရှေ့အရပ်၊ နန်းတော်ရဲ့အရှေ့အရပ် အဲဒီလိုဖော်ပြထားရင်တော့ ဟုတ်တာပေါ့နော်''

''ဟုတ်တယ် ... ကျုပ်လည်း အဲဒီလို အမျိုးမျိုးတွေးခဲ့တာပဲ၊ ဘယ်လိုမှ တွေးလို့မရခဲ့ဘူး၊ အဖြေမရခဲ့ဘူး၊ အဲဒီလိုနဲ့ ခုနစ်နှစ်လောက်ကြာမှ မမျှော်လင့်ဘဲ ကျုပ်ဟာ မင်းဘူးဆရာတော် ဦးဩဘာသ ရေးသားပြုစုတဲ့ မဟာဇနကဇာတ်တော်ကြီးကို ဖတ်လိုက်ရမှ သိင်္ဂပါဒေးပဟေဠိလင်္ကာရဲ့အဖြေကို သိလိုက်ရတယ်ကွဲ့''

''ဘယ် ဘယ်လိုသိခဲ့ရတာလဲ ဘဆရာကြီး''

''မဟာဇနကဇာတ်တော်ကြီးထဲမှာ ပေါလဇနကဘုရင်ကြီးထားခဲ့တဲ့ ပဟေဠိက ရွှေအိုးကို နေထွက်ရာအရပ်မှာ လျှို့ဝှက်





မြှုပ်နှံထားတယ်လို့ဆိုတယ်၊ ဒါကို ဘုရားလောင်း မဟာဇနကက ဖော်ထုတ်ရတယ်၊ အဲဒီဇာတ်တော်မှာ နေဆိုတာ အခြားမဟုတ်ဘူး၊ ဘုရားဟာ လောကကို အလင်းပေးတဲ့နေမင်းနဲ့ တူတယ်၊ အရှင်ပစ္စေကဗုဒ္ဓါဟာလည်း နေမင်းပါပဲ၊ ဒီတော့ နန်းတော်ဆီ အရှင်ပစ္စေကဗုဒ္ဓါ ကြွမြန်းတော်မူလာတဲ့အခါ မင်းကြီး ပေါလဇနက ခရီးဦးကြိုရာအရပ်ဟာ နေထွက်ရာအရပ်ပဲ ဖြစ်တယ်လို့ ပဟေဠိရဲ့အဖြေကို ဖော်ထုတ်နိုင်တာ ဖတ်လိုက်ရတယ်ကွဲ့''

''ဩော် ... ဒီလိုလား''

''အေးကွယ် ... ဒါနဲ့ ကျုပ်လည်း ရာဇဝင်ကျမ်းတွေ၊ သမိုင်းကျမ်းတွေကို လေ့လာခဲ့တယ်၊ မြန်မာသက္ကရာဇ် (၇၀၈) ခုနှစ်မှာ စောက်လှေကားမင်း နတ်ရွာစံတော့ မင်းမျိုးမဟုတ်တဲ့ အမတ်ကြီး သိင်္ဂပါ (သိမ်းပကား) က တောင်ငူထီးနန်းကို တက်တယ်ကွဲ့၊ အဲဒီ သိင်္ဂပါမင်းကြီးဟာ ဉာဏ်ပညာအမြော်အမြင်ကြီးမားပြီး ဘာသာတရားကိုင်းရှိုင်းတာကို သိရတယ် ...၊

ဒါနဲ့ ဆက်လေ့လာတော့ သိင်္ဂပါမင်းကြီးဟာ နန်းဦးဆရာတော်ဘုရားကို အင်မတန်ကြည်ညိုတဲ့အတွက် တောင်ငူနန်းတော်ဆီ လပြည့်လကွယ် ၈ ရက်၊ ဥပုသ်နေ့တိုင်း ဝတ်မပျက်ပင့်ပြီး ဆွမ်းအလုပ်အကျွေးပြုကြောင်း သိရတယ် ...၊



www.burmeseclassic.com

www.burmeseclassic.com



နန်းဦးဆရာတော်ဆိုတာဟာလည်း ဘုရားရှင်ရဲ့သားတော် နေတစ်ဆူပဲ မဟုတ်လားကွဲ့၊ အဲဒီတော့ နန်းဦးဆရာတော်ဘုရား ကြွလာတဲ့အခါ မင်းကြီးဟာ ဘယ်အရပ်ကနေ ခရီးဦးကြို သလဲဆိုတာကို ရာဇဝင်ကျမ်းအစောင်စောင်မှာ ရှာဖွေလေ့လာကြည့်တော့ ...၊

မင်းကြီးဟာ နန်းဦးဆရာတော်ဘုရားကို တောင်ငူနန်းတော်ရဲ့ အရှေ့အရပ်က တံခါးခုံအထက်ကနေ ခရီးဦးကြိုလေ့ရှိကြောင်း သိခဲ့ရတယ်၊ ဒါနဲ့ ကျုပ်လည်း ကေတုမတီတောင်ငူနန်းတော်ဟောင်း တည်ရှိခဲ့တဲ့နေရာကို သွားပြီး သုတေသနပြုရှာဖွေခဲ့တယ် ...၊

တကယ်တော့ သဝန်မင်းကြီးတည်ခဲ့တဲ့ ကေတုမတီတောင်ငူနန်းတော်ကြီးဟာ နတ်သျှင်နောင်လက်ထက် မြန်မာသက္ကရာဇ် (၉၇၄) ခု၊ ဝါခေါင်လမှာ သန်လျင်စား နယ်ချဲ့ပေါ်တူဂီ ငဇင်ကာရဲ့လက်ချက်နဲ့ မီးလောင်ပျက်စီးခဲ့တယ်ကွဲ့၊ ငဇင်ကာဟာ နန်းတော်ကြီးအပါအဝင် တစ်မြို့လုံးကို မီးတိုက်ဖျက်ဆီးခဲ့တာပဲ ...၊

ဒါကြောင့် နန်းတော်ဟောင်းကို ကျုပ် သွားရှာတော့ အကြွင်းအကျန်အုတ်ပုံကြီးတွေပဲ တွေ့ရတော့တယ်ကွဲ့၊ ချုံနွယ်ပိတ်ပေါင်းတွေ ဖုံးလွှမ်းနေတဲ့ ဖုန်းဆိုးကွင်းပြင်က အဲဒီအုတ်ပုံ





ကြီးတွေအထဲမှာပဲ လှည့်ပတ်ရှာဖွေခဲ့ရတယ်၊ ရာဇဝင်ကျမ်းတစ်စောင်ကနေ ရရှိထားတဲ့ တောင်ငူနန်းတော်ရာမြေပုံကို ကြည့်ပြီး ရက်အတော်ကြာအောင် သေသေချာချာ တိုင်းထွာတွက်ချက်ရှာဖွေတော့မှ နန်းတော်ရဲ့အရှေ့ဘက်လှေကားခုံ ဖြစ်တည်ခဲ့ရာ အုတ်ပုံကြီးကို တွေ့ရှိတော့တယ် ...၊

ဒါနဲ့ ကျုပ်လည်း ဘယ်သူမှမမြင်အောင် ညဘက်ကျမှ အဲဒီအုတ်ပုံကြီးကို ဖြိုချတူးဆွကြည့်ရတော့တာပေ့ါ၊ လူသူလေးပါးကင်းဝေးရာ ဖုန်းဆိုးကွင်းပြင်ထဲမှာဆိုတော့လည်း လွတ်လွတ်လပ်လပ် တူးဖော်ခွင့် ရခဲ့တယ် ...၊

အဲဒီမှာ အုတ်ပုံကြီးရဲ့ အတွင်းလေးတောင်အနက်မှာ အုတ်တိုက်တွင်းငယ်တစ်ခုကို တွေ့ရှိရပြီး အဲဒီလေးထောင့်တွင်းငယ်ထဲမှာ ဟောဒီသိဂ်ပါဓားနက်နဲ့ ဟောဒီရတနာသေတ္တာကို တွေ့ခဲ့ရတာပဲကွဲ့''

ထိုအခါမှ ချောင်းမြောင်းကြည့်နေသည့် ကျောက်ဘီလူးဘခက်မှာ ဝိုင်းထိုင်နေသူ သုံးဦးအနက် ဘဆရာကြီး၏ဘေးမှ ကြမ်းပြင်ပေါ်ရှိ ကနုတ်ပန်းများဖော်ထားသည့် သစ်သားသေတ္တာငယ်ကို သတိပြုမိတော့၏။

ယင်းသေတ္တာငယ်မှာ အလျားတစ်တောင်၊ အနံ ထွာဆိုင်သာသာ၊ စောက်တစ်မိုက်ခန့်ရှိကာ ရွှေပိန်းချသေတ္တာ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဟန်ရှိပြီး ယခုမူ ရွှေတို့ကွာလျက် သစ်သားကိုယ်ထည် ညိုညို မည်းမည်းအဖြစ်သာ တွေ့ရတော့ရာ သာမန်အားဖြင့်ကြည့်လျှင် သေတ္တာဟောင်းတစ်လုံး၊ သေတ္တာအစုတ်တစ်လုံးဟုသာ ထင်စရာရှိလေ၏။

"ဒါနဲ့ ကျုပ်လည်း ဒီသိင်္ဂပါဓားနက်ရော, ရှေးဟောင်းနန်းတွင်းရတနာသေတ္တာကိုရော ယူခဲ့တော့တယ်၊ ဒီရတနာသေတ္တာထဲမှာ ရွှေချထားတဲ့ ပေရွက်တစ်ရွက်ပါတယ် ...၊

အဲဒီရွှေပေလွှာမှာ သိင်္ဂပါဘုရင်ကြီး ရေးထိုးထားတာက သူ့ကိုပုန်ကန်ခြားနားတဲ့ သားတော်ပျံနီကြီးရဲ့လက်ထဲ အစွမ်းထက်လှတဲ့ သိင်္ဂပါဓားရော နန်းစဉ်ရတနာတွေကိုပါ ‘မပေးအပ်လိုတဲ့အတွက် ခုလို လျှို့ဝှက်မြှုပ်နှံရတဲ့အကြောင်း၊ သိင်္ဂပါဓားဟာ မသမာသူတွေ့ရဲ့လက်ထဲ ရောက်သွားရင် အန္တရာယ်ကြီးလို့ တွေ့ရှိတဲ့သူတော်စင်များက စေတီတစ်ဆူဆူမှာ ဒီနန်းစဉ်ရတနာတွေရဲ့ တစ်ဝက်နဲ့အတူ ဌာပနာဖို့ မှာကြားထားတယ်ကွဲ့၊ ရတနာတွေရဲ့တစ်ဝက်ကိုတော့ တွေ့ရှိသူက ယူပါလို့ ရေးထိုးထားတယ်လေ"

ဘဆရာကြီးက ပြောရင်း သစ်သားသေတ္တာလေး၏ အဖုံးကို ဖွင့်လိုက်ရာ ပြတင်းပေါက်မှ ဝင်ရောက်နေသည့် နေ့အလင်းရောင်အောက်တွင် ဖျပ်ဖျပ်လက်နေသော ရှေးဟောင်း





ရတနာထည်တို့ကို တွေ့ရပြီး ယင်းရတနာထည်တို့၏အပေါ်၌ ရွှေချထားသည့် ပေရွက်ငယ်တစ်ရွက်ကိုပါ တွေ့ရလေသည်။

"ဒီမှာ ဖတ်ကြည့်လေ"

"ကဲပါ ... မဖတ်တော့ပါဘူး ဘဆရာကြီးရယ်၊ တော်ကြာ ဟိုသူငယ်တွေ ရေချိုးရာကပြန်လာရင် တွေ့ပြုသွားပါဦးမယ်၊ ပုထုဇဉ်လောဘသမားတွေဟာ ကြောက်ဖို့ကောင်းတယ်၊ ရတနာသေတ္တာကို ပြန်သိမ်းထားလိုက်ပါ"

"အင်း ... သူတို့မတွေ့အောင်တော့ သတိထားရမှာပေါ့ မမြတ်သာရယ်၊ ကျုပ်လည်း မနက်ဖြန်ခါမှာ ပုပ္ပားသွားဖို့ကိစ္စရှိတယ်၊ ဒါကြောင့် ဒီသိင်္ဂပါဓားနဲ့ ဟောဒီရတနာသေတ္တာကို ပယင်းဝက်ပါဂူထဲမှာ ကျုပ်သွားပြီး မြှုပ်နှံထားလိုက်မယ်၊ အမှတ်အသားအဖြစ် အဲဒီမြှုပ်နှံထားတဲ့နေရာတွေရဲ့ အပေါ်မှာ သဲစေတီတစ်ဆူဆီ တည်ထားမယ် ...၊

ကျုပ် ပုပ္ပားမှာ လအတော်ကြာမယ်၊ ပုပ္ပားကပြန်လာမှ ဆာဂျရန်းတောင်ထိပ်ပေါ်မှာ ကိုးတောင်ပြည့်စေတီတစ်ဆူ တည်ပြီး ဒီသိင်္ဂပါဓားကိုရော ရှေးနန်းတွင်းရတနာတွေရဲ့ တစ်ဝက်ကိုပါ ဌာပနာမယ်၊ ရတနာထည်တွေရဲ့ ကျန်တစ်ဝက်ကိုတော့ ထုခွဲပြီး ရတဲ့ငွေရဲ့တစ်ဝက်ကို ဘုရားတည်ရာမှာ သုံးမယ်၊ ကျန်တစ်ဝက်ကို မမြတ်သာတို့သားအမိကို ပေးမယ် ...၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါ ဒီမှာလည်း မနေကြနဲ့တော့၊ ယောကျ်ားသား အဖော်မရှိဘဲ တောထဲတောင်ထဲ လူသူဝေးရာမှာနေရတာ လုံးဝ မသင့်လျော်ဘူး၊ မြစ်ကြီးနားကိုသွားပြီး အခြေချ လုပ်ကိုင်စား သောက်ပေါ့''

''အို ဘဆရာကြီးရယ် . . . ကျွန်မတို့အတွက် မလိုပါ ဘူး၊ ရှေးဟောင်းရတနာတွေကိုလည်း ကိုယ်ကျိုးအတွက် မသုံးစွဲ ရဲပါဘူးရှင်''

''ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ မမြတ်သာရယ်၊ ဒါက ပစ္စည်းရှင် သိင်္ဂပါဘုရင်ကြီးရဲ့ ဆုံးဖြတ်မှာကြားချက် ခွင့်ပြုချက် အရသုံးတာ . . . သုံးကောင်းပါတယ်ကွဲ့ . . .၊

ကျုပ်ရဲ့အပေါ်မှာ မမြတ်သာနဲ့ ခင်ပွန်းကိုသောင်းဖေရဲ့ ကျေးဇူး ရှိတယ်ကွဲ့၊ အရှင်နှစ်ပါး ပါတော်မူပြီးတဲ့နောက် တောင် ငူဘက်က မျိုးချစ်တော်လှန်ရေးအဖွဲ့တွေနဲ့ပေါင်းပြီး နယ်ချဲ့ မျက်နှာဖြူတွေကို ကျုပ် တော်လှန်တိုက်ခိုက်တော့ တိုက်ပွဲ တစ်ခုမှာ ကျုပ် ဒဏ်ရာအကြီးအကျယ်ရပြီး ငှက်ဖျားပါဝင်လို့ သေကောင်းပေါင်းလဲဖြစ် တောထဲမှာလဲနေခဲ့တာကို ကိုသောင်း ဖေက ကူညီဖေးမပြုစုပေးလို့ ကျုပ် အသက်ဆက်ရှင်ခဲ့တာကွဲ့၊

အဲဒီနောက် တော်လှန်ရေးအဖွဲ့တွေလည်း အနှိမ်နင်းခံ ရပြီး တစ်စစီပြိုကွဲခဲ့တယ်၊ အဲဒီမှာ ကိုသောင်းဖေခေါ်လို့ ကျုပ်





မှန်ကင်းတောင်တန်းဆီ ပါသွားပြီး ကိုသောင်းဖေရဲ့ငယ်ဆရာ ရသေ့ကြီးတိက္ခနဲ့တွေ့, အကျွတ်တရားရရာက ခုလို ယောဂီဝတ် ပြီး တရားဓမ္မတွေပဲ အားထုတ်ဖြစ်တော့တာကွဲ့ . . .၊

ကျေးဇူးရှင် ဆရာရသေ့ကြီးဆီကပဲ တောတွင်းဆေး ပညာကို တတ်ကျွမ်းခဲ့ပြီး ခုနစ်ရက်သားသမီးတွေကို ကူညီ ကယ်တင်ချင်ခဲ့တယ်ကွဲ့၊ ကိုသောင်းဖေရဲ့ကျေးဇူးတွေပဲပေါ့ကွယ်၊

အဲဒီနောက် ကိုသောင်းဖေက သူ့ရဲ့ဇာတိမြစ်ကြီးနား ကို ထွက်သွားပြီး ကျုပ်ကတော့ မှန်ကင်းတောင်မှာပဲ နှစ်ပေါင်း များစွာကြာအောင် နေရစ်ခဲ့တယ် . . .၊

ပြီးခဲ့တဲ့နှစ်လလောက်က ဘရသေ့ပျံလွန်တော်မူသွားမှ ကျုပ်လည်း ကိုသောင်းဖေနဲ့ တွေ့ဆုံဖို့ ဒီဘက်ထွက်လာခဲ့တာ၊ ကိုသောင်းဖေနဲ့မတွေ့ရတာလည်း နှစ်ပေါင်းနှစ်ဆယ်လောက် တောင်ရှိပြီလေ၊ သူ မြစ်ကြီးနားမှာ အိမ်ထောင်ကျတဲ့သတင်း ကြားရပြီးနောက် ဝံသာနုအဖွဲ့တွေနဲ့ပေါင်းလို့ နိုင်ငံရေးဆက်လုပ် ရာက အင်္ဂလိပ်အစိုးရရဲ့ ဖမ်းဆီးဖို့ ကြိုးပမ်းမှုကြောင့် မြစ်ကြီးနား ကနေ မိသားစုအလိုက် ပြောင်းရွှေ့သွားကြောင်း သတင်းကြားခဲ့ ရတယ်၊ အဲဒါ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကပါ . . .၊

ကျုပ်လည်း ဘရသေ့ရဲ့တာဝန်ပေးချက်အရ သာသ နာပြုလုပ်ငန်းနဲ့ ချင်းတောင်တန်းဘက် ရောက်နေခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



နောက် ဘရသေ့မရှိမှ ဘရသေ့ခိုင်းထားခဲ့တဲ့ ပုပ္ပားတောင်မှာ သာသနာပြုဖို့ကိစ္စ မသွားခင် ကိုသောင်းဖေနဲ့ အရင်တွေ့ဖို့ ဒီကို လိုက်လာခဲ့တာလေ ...၊

ကျုပ်ရဲ့လက်ထဲမှာ သိဂ်ပါဓားနဲ့ သိဂ်ပါမင်းကြီးရဲ့ ရတနာသေတ္တာရှိတာကို သိသူဟာ ဘရသေ့ပဲရှိတယ်၊ ဘရသေ့ကလည်း သူ့ငယ်တပည့်ရင်း ကိုသောင်းဖေနဲ့ ပူးတွဲပြီး ဘုရားတည်စေချင်တယ်၊ ကိုသောင်းဖေကိုလည်း ထောက်ပံ့ကူညီစေချင်တယ် ...၊

ဒါကြောင့် ကျုပ်ရဲ့ရင်ထဲက မေတ္တာစေတနာအရရော ဘရသေ့ရဲ့တိုက်တွန်းချက်အရပါ ဒီကို စုံစမ်းမေးမြန်းပြီး လိုက်လာခဲ့ခါမှ ဒီရောက်တော့ ကိုသောင်းဖေဆုံးတာ သိရတာပါပဲ၊ ကိုသောင်းဖေမရှိတော့လည်း မမြတ်သာတို့သားအမိနဲ့ပဲ ပေါင်းပြီး ဘုရားတည်ရမှာပဲ ...၊

ဒီတော့ ကျုပ် စောစောကပြောသလိုပဲ လောလောဆယ် ဒီသိဂ်ပါဓားနဲ့ ရတနာသေတ္တာကို ကျုပ် ပယင်းဝက်ပါဂူထဲမှာ မြှုပ်နှံထားခဲ့မယ်၊ ပုပ္ပားကနေ ကျုပ်ပြန်လာမှ ရှေ့ စီစဉ်စရာရှိတာ ဆက်ပြီးစီစဉ်ကြတာပေါ့၊ မနက်ဖြန်မှာတော့ ဟိုသူငယ်တွေကို မနက်ပိုင်းကတည်းက ပြန်ခိုင်းလိုက်ကြတာပေါ့ ...၊

ကျုပ်က နေ့လယ်ပိုင်းမှ ဒီကထွက်မယ်၊ လာခင်ရွှာ





ဘုန်းကြီးကျောင်းက အိုးနင်းခွက်နင်းဖိုးသူတော်ကြီးလည်း ပုပ္ပားလိုက်မှာမို့ သူ့အလာ စောင့်ရဦးမယ်''

''ဟုတ်ကဲ့ ... ဘဆရာကြီး အဆင်ပြေသလို စီစဉ်ပါရှင်''

အိမ်တွင်းခန်းမှ ပြောဆိုမှုများကို လုံးစေ့ပတ်စေ့ ကြားနာပြီးနောက် ကျောက်ဘီလူးဘခက်သည် ကပြင်ဆီသို့ ခြေသံမကြားရအောင် ပြန်ထွက်လျက် နောက်ဖေးဝါးလှေကားမှ အသံမထွက်စေရန် ဂရုပြုကာ ခပ်သုတ်သုတ် ပြန်ဆင်းခဲ့လေ၏။

ပြီးလျှင်မူ သူသည် သစ်ပင်ချုံနွယ်တို့ကိုကွယ်ကာ စမ်းချောင်းဆီ သုတ်ခြေတင်လာခဲ့ပါတော့သတည်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

ဇကျုးစွပ်ပွဲ

စမ်းချောင်းမှ ရေချိုးပြီး၍တက်လာကြသည့် လက်ဝဲသခင်တို့လူစုအား ကျောက်ဘီလူးဘခက်က သူ မမျှော်လင့်ဘဲ ရရှိခဲ့သော သတင်းဆန်းကို ပြောပြလိုက်ရာ ...

"ဘာ ... ရတနာထည်တွေ အများကြီး၊ ဟုတ်လား"

"ဘယ်လိုရတနာထည်တွေလဲ၊ ကျောက်သံပတ္တမြားတွေလား"

ဟု ဝိုင်းမေးကြတော့၏။

"ဟုတ်တယ်၊ ရတနာထည်တွေမှ သေတ္တာနဲ့အပြည့်ပဲ၊ အရည်အသွေးအတော်ကောင်းတဲ့ ကျောက်သံပတ္တမြားတွေ၊ တန်ဖိုးမဖြတ်နိုင်အောင်ပဲ"





"အဲဒါတွေ ကျုပ်တို့ရရင် ပွပြီဗျ"

"ဟာ ... ကျုပ်တို့ငါးယောက်စလုံး သူဌေးဖြစ်ပြီပေါ့"

"ဒါပေမဲ့ ဘုရားတည်ဖို့ဆို"

"အို ... ဒါတွေကို ဂရုစိုက်မနေစမ်းပါနဲ့၊ ကျုပ်တို့တစ်သက်လုံး အသက်စွန့်ပြီးလုပ်လာတာ ဘာအကျိုးအမြတ် အဖတ်တင်လို့လဲ၊ ဓားပြတွေကိုရှုံးပြီး ကုန်တွေအကုန်ဆုံးခဲ့လို့ လော်ပန်ကြီးဆီလည်း ကျုပ်တို့ ပြန်လို့မဖြစ်တော့ဘူး၊ ခုမှ သောင်ပြင်လွှတ်တဲ့ ခွေးတွေလိုဖြစ်နေပြီ၊ ဒါကြောင့် ကြီးပွားချမ်းသာပြီး ဘဝသစ်တည်ဆောက်နိုင်မယ့် အခွင့်အရေးထူးကြီးကို လက်လွှတ်ခံလို့မဖြစ်ဘူး"

"စိန်ပုလဲပြောတာ မှန်တယ်၊ ကျုပ်တို့ အဲဒီရတနာတွေကို ရအောင်ယူရမယ်"

"ဘယ်လိုယူမှာလဲ"

"အဘိုးကြီး သွားမြှုပ်ပြီးတဲ့နောက် သူ့အလစ်မှာ ဖော်ယူပြီး လစ်ကြမှာပေါ့"

"ဟုတ်တယ် ... အဲဒီအကြံကောင်းတယ်"

"ဒီတော့ ကျုပ်တို့ ဟန်မပျက်နေကြရမယ်၊ အဘိုးကြီးထွက်သွားရင် တစ်ယောက်က နောက်ကနေ နောက်ယောင်ခံလိုက်သွားဖို့လိုတယ်၊ ကျန်လူတွေက မသိလိုက်ဘာသာ နေကြ



www.burmeseclassic.com

www.burmeseclassic.com



ရမယ်၊ ပြီး ညကျမှဖြစ်ဖြစ် သွားတူးယူကြတာပေါ့၊ ဆရာမိုးက နောက်ယောင်ခံလိုက်ဖို့ တာဝန်ယူဗျာ''

''ကောင်းတယ် . . . အဲဒီအကြံကောင်းတယ်''

ထိုသို့လျှင် တိုင်ပင်ဆွေးနွေး လက်ဝါးချင်းရိုက်ပြီးနောက် အိမ်ဆီသို့ ဟန်မပျက် ပြန်လာခဲ့ကြတော့၏။

သို့သော် ခြေတံရှည်အိမ်ကြီးသို့ ပြန်ရောက်လာတော့ ဘဆရာကြီးကို မတွေ့ရတော့ချေ။

''ဘဆရာကြီး ဘယ်သွားလဲ အဒေါ်''

ကျောက်ဘီလူးဘခက်က အမှတ်တမဲ့လိုလိုဖြင့် မေးလိုက်ရာ ဒေါ်မြတ်သာကလည်း ဆန်ပြာနေရာမှ ခေါင်းပင်မော့မကြည့်ဘဲ ဖြေသည်။

''တောထဲ ဆေးမြစ်တူးဖို့ သွားလေရဲ့ကွယ်''

ကျောက်ဘီလူးဘခက်တို့လူစုမှာ ဘာဆက်လုပ်ရမှန်း မသိတော့ဘဲ အသာငြိမ်၍သာ အခြေအနေကို စောင့်ကြည့်နေရလေ၏။

ယင်းအချိန်တွင် မြတ်လေးစံက ဂျပ်ခုတ်ရင်း လှမ်းပြောလာသည်။

''ဘဆရာကြီးက မှာသွားတယ်၊ သူလည်း ခရီးထွက်စရာရှိလို့ အစ်ကိုတို့လည်း ဒဏ်ရာတွေ သက်သာပျောက်ကင်း





ပြီဖြစ်လို့ မနက်ဖြန်မနက် အဆာပြေစားပြီးရင် ကိုယ့်အရပ်ကိုယ် ပြန်ကြဖို့ ပြင်ဆင်ထားပါတဲ့၊ မနက်ဖြန်တော့ မြတ်လေးတို့က ကောက်ညှင်းပေါင်းနဲ့ ထမင်းထုပ်တွေ ထည့်ပေးလိုက်ကြပါ့မယ်''

''ကောင်းပါပြီ မြတ်လေး . . . ခုလောက်ကူညီခဲ့တာ၊ တည်းခိုခွင့်ပေးပြီး ကျွေးမွေးထားတာပဲ ကျေးဇူးတင်လှပါပြီကွယ်''

ကျောက်ဘီလူးဘခက်က အဆင်ပြေအောင်ပြောလိုက်ရသော်လည်း အံကိုကြိတ်ကာ မျက်လုံးထဲမှာမူ ပြိုးပြိုးပြက်ပြက် လက်နေသည့် ရတနာထည်များကိုသာ မြင်ယောင်လျက် ရှိနေပါတော့သတည်း။

✲

ဘဆရာကြီးမှာ ညနေစောင်းလုလုမှသာ ပြန်ရောက်လာခဲ့၏။ သူ့လက်ထဲမှာ ဆေးပင်အချို့ကို ကိုင်ဆွဲလာသည်ကို တွေ့ရသည်။

ကျောက်ဘီလူးဘခက်တို့လူစုမှာ အိမ်ရှေ့ဝဲဘက်ရှိ တောင်သရက်ပင်ကြီး၏ခြေရင်းမှ ဝါးကွပ်ပျစ်တွင် ထိုင်သူထိုင်၊ လဲလျောင်းသူလဲလျောင်းဖြင့် ခေါင်းထဲ အတွေးကိုယ်စီတွေးရင်း



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်နေကြလေ၏။

ယခုအချိန်တွင် သူတို့အသိချင်ဆုံးမှာ ပယင်းဝက်ပါဂူ မည်သည့်နေရာမှာရှိသလဲဆိုတာပဲ ဖြစ်သည်။

သို့သော် မေး၍မဖြစ်သဖြင့် ညနေစာစားပြီးနောက်မှ စမ်းချောင်းဘက် လမ်းလျှောက်ထွက်သလိုလိုဖြင့် တောထဲလိုက်ရှာရန် ဆုံးဖြတ်လိုက်ကြ၏။

မြတ်လေးစံမှာ ကျောက်ဘီလူးဘခက်တို့လူစု ငြိမ်ချက်သားကောင်းနေပုံကို သတိပြုမိသော်လည်း မနက်ဖြန်ဆိုလျှင် ဤနေရာမှ ထွက်ခွာရတော့မည်မို့ စိတ်မကောင်းဖြစ်ပြီး ငြိမ်နေကြခြင်းဖြစ်မည်ဟုသာ ယူဆမိလေ၏။

ထိုနေ့ ညနေစာစားပြီးလျှင် ကျောက်ဘီလူးဘခက်တို့သည် စမ်းချောင်းဘက် လမ်းလျှောက်ထွက်ဦးမည်ဟုအကြောင်းပြကာ အိမ်မှထွက်ခဲ့ကြပြီး အနောက်မြောက်ဘက်ရှိ ကျောက်တောင်တန်းဘက် ဦးတည်ချီတက်လျက် ပယင်းဝက်ပါဂူကို ရှာဖွေခဲ့လေ၏။

တွေ့သမျှဂူတို့ကို ဝင်ရောက်ရှာဖွေရင်း နောက်ဆုံး၌ ရှုပ်ထွေးလှသည့်ဂူတစ်လုံးထဲတွင် သဲစေတီတစ်ဆူကိုတွေ့တော့ ညမိုးချုပ်စ ပြုပေပြီ။

"မထူးဘူး ဖော်သာဖော်၊ မိုးချုပ်ရင် ချုပ်ပါစေ၊ ဖော်





လို့ရရင် တစ်ခါတည်း လစ်ကြမယ်"

လျှို့ဝှက်ပြီးယူဆောင်လာခဲ့သည့် ကညင်ဆီမီးတိုင်ကို ထွန်းကာ သဲစေတီကိုဖယ်ရှားလျက် ဂူကြမ်းပြင်ကို တူးဆွကြတော့၏။

"ဟာ . . . ဒီမှာ ပတ္တူစနဲ့ပတ်ထုပ်ထားတဲ့ အထုပ်တော့ တွေ့ပြီ"

သူတို့သည် ပတ္တူစဖြင့် ပတ်ထုပ်ထားသည့် ရတနာသေတ္တာကို ရရှိလိုက်စဉ်မှာပင် ဂူအဝမှ မိုးခြိမ်းသံနှယ် ကျယ်လောင်စူးရှသည့် အသံကြီးကို မမျှော်လင့်ဘဲ ကြားလိုက်ရတော့၏။

"ဟေ့ကောင်တွေ . . . မင်းတို့ ဒါ ဘာလုပ်တာလဲကွ . . . ဟေ"

"ဟ . . . ဟိုအဘိုးကြီးပါလား"

"ခွေးကောင်တွေ . . . ဒါ ဘာလုပ်တာလဲကွ၊ သားရေပေါ်အိပ် သားရေနားစားတဲ့ကောင်တွေ"

"ဟေ့ . . . မထူးဘူး၊ အဲဒီအဘိုးကြီးကို အပြတ်ရှင်းကြကွာ"

ပယင်းဂူကြီးထဲတွင် ချက်ချင်းဆိုသလို တိုက်ခိုက် ထိုးခုတ်သံများ ငရဲပွက်သလို ဆူညံသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



'ချွင် ချွင် . . . ချွပ်'

''အား''

ခဏအတွင်းမှာပင် လောဘသားငါးယောက်က ဘီလူးသရဲစီးကာ ဝိုင်းဝန်းတိုက်ခိုက်ကြရာ ဘဆရာကြီးမှာ ဒဏ်ရာများစွာဖြင့် လဲကျသွားပါတော့၏။

''အို . . . နင် နင်တို့ ဘယ်လိုလုပ်ကြတာလဲ၊ ခွေးတိရစ္ဆာန်တွေ''

''ဟာ . . . ဟိုမိန်းမကြီးပါ လိုက်လာပါလား၊ ငါတို့ရဲ့ ခြေလှမ်းကို သူငါးတို့က ရိပ်မိသွားကြတာကိုး၊ မထူးဘူး . . . အဲဒီမိန်းမကြီးကိုပါ ရှင်းလိုက်ကြ''

'ချွပ် ချွပ်'

''အောင်မယ်လေး''

''အို . . . မေမေ''

''ဟေ့ . . . အဲဒီကောင်မလေးကိုပါ ရှင်းကြ''

''ဟာ . . . ဘာဖြစ်လို့ ရှင်းရမှာလဲ၊ ဒီလောက်လှတဲ့ပတလေးကို အဆီစားလို့ အသားကိုမျိုပါရစေဦး၊ ဒီလိုအခွင့်ရေးမျိုးချောင်းနေတာကြာပြီ . . . ဟဲ ဟဲ ဟဲ''

''ဟုတ်တယ်၊ ကျုပ်လည်း အဲဒီအစီအစဉ်ကို သဘောတူတယ်ဟေ့''



BURMESE CLASSIC .com



သည်သို့ဖြင့် မြတ်လေးစံဆိုသော သိုးဖြူမလေးမှာ သားစား ဝံပုလွေငါးကောင်၏ အမဲဖျက်ခြင်းကို ခံလိုက်ရပါတော့၏။

✲

သားစားဝံပုလွေရိုင်းတို့၏ အမဲဖျက်ခြင်းခံရသဖြင့် သတိလစ်သွားရသည့် မြတ်လေးစံကို သေပြီဟုထင်ကာ ကျောက်ဘီလူးဘခက်တို့က ပယင်းဂူကြီးထဲမှာပင် ပစ်ထားခဲ့လျက် ရတနာသေတ္တာကိုယူပြီး ဂူကြီးထဲမှ ပြန်ထွက်လာခဲ့တော့၏။

ထို့နောက် သူတို့သည် သင်္ဂပါဓားကိုမူ ဆက်လက်ရှာဖွေမှုမပြုလိုတော့ဘဲ ထိုနေရာအား ကျောခိုင်းထွက်ခွာသွားကြပါတော့သတည်း။

✲

တစ်ညလုံး သတိလစ်မေ့မြောနေခဲ့သည့် မြတ်လေးစံမှာ



www.burmeseclassic.com

www.burmeseclassic.com



သေဆုံးခြင်းမရှိဘဲ နောက်တစ်နေ့နံနက်တွင် သူတို့ကိုလိုက်ရှာနေသော အိုးနင်းခွက်နင်းဖိုးသူတော်ကြီးက ရှာဖွေတွေ့ရှိကာ ဆေးဝါးကုသပေးခဲ့လေသည်။

ကျေးစွပ်သူတို့ကြောင့် ဘဆရာကြီးနှင့်ဒေါ်မြတ်သာတို့ အသတ်ခံရပြီး ရတနာသေတ္တာ ဆုံးရှုံးခဲ့ရလေသည်။

မြတ်လေးစံမှာ အသက်မသေသော်လည်း မိစ္ဆာတို့၏ ပယောဂကြောင့် ကိုယ်ဝန်ရရှိခဲ့လေသည်။ မိစ္ဆာငါးဦးထဲမှ မည်သူ၏ကိုယ်ဝန်ဆိုသည်ကို ခွဲခြားသိနိုင်ခြင်း မရှိချေ။

မည်သို့ဖြစ်စေ အိုးနင်းခွက်နင်းဖိုးသူတော်ကြီးက ရွာငယ်တစ်ရွာဆီ ခေါ်ဆောင်သွားပြီး မြတ်လေးစံကို စောင့်ရှောက်ကူညီခဲ့လေသည်။

သို့ဖြင့် မြတ်လေးစံသည် သားယောကျာ်းလေးတစ်ဦး မွေးဖွားခဲ့ရာ မောင်သွေးရဲဟု အမည်ပေးခဲ့လေသည်။

မြတ်လေးစံသည် ကျေးစွပ်သူငါးဦးကို လွန်စွာ နာကြည်းခဲ့ရာ ထိုမိစ္ဆာငါးဦးအား တစ်နေ့တွင် လက်စားချေရန် သားဖြစ်သူအား ငယ်စဉ်ကပင် အထပ်ထပ် တိုက်တွန်းခဲ့၏။ လမ်းညွှန်ခဲ့၏။ ထိုမိစ္ဆာတို့အတွက် အမုန်းတရားကို မောင်သွေးရဲ၏ရင်ထဲသို့ သွတ်သွင်းပေးခဲ့၏။ နာကြည်းမှု၊ အာဃာတ၊ လက်စားချေလိုမှုမီးတို့ဖြင့် မောင်သွေးရဲကို လောင်မြိုက်စေခဲ့၏။





အိုးနင်းခွက်နင်းဖိုးသူတော်ကြီးကလည်း ပညာရပ်ပေါင်းစုံတတ်ကျွမ်းသူမို့ ဘဆရာကြီးလျှို့ဝှက်မြှုပ်နှံခဲ့သည့် ပယင်းဝက်ပါဂူကြီးထဲမှ သိဂ်ပါဓားကို ရှာဖွေရယူနိုင်ခဲ့ကာ မောင်သွေးရဲ၏လက်သို့ အပ်ခဲ့၏။

မောင်သွေးရဲကိုလည်း တိုက်ခိုက်ရေး အဆင့်မြင့်ပညာပေါင်းစုံကို ပွဲကျောင်းထွက် အိုးနင်းခွက်နင်း ဖိုးသူတော်ကြီးက လက်ထပ်သင်ကြားပေးခဲ့၏။

သို့ဖြင့် တစ်ချိန်က ရက်စက်ယုတ်မာခဲ့လေသော မိစ္ဆာငါးဦးအား လက်စားချေ သွေးကြွေးတောင်းရန်သာ ဘဝ၏အန္တိမရည်ရွယ်ချက်အဖြစ် သတ်မှတ်လျက် အရွယ်ရောက်လာရသည့် မောင်သွေးရဲမှာ မိခင်ကြီးကွယ်လွန်ခဲ့ပြီးနောက် အိုးနင်းခွက်နင်း ဖိုးသူတော်ကြီး ဟိမဝန္တာဘက် ထွက်ခွာသွားပြီးနောက်တွင် သူ၏အန္တိမရည်ရွယ်ချက်ကို စနစ်တကျ လေ့လာစုံစမ်းကာ အကောင်အထည်ဖော်ခဲ့ပါတော့၏။

ထို့ကြောင့်လည်း မရဏာဓားနက်ရှင်၏ လူသတ်ပွဲများ ဖြစ်ပေါ်လာရပါတော့သတည်း။

✲

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ တောင်ပေါ်မြို့လေး မိုင်းသာမောမှ 'ကျောက်ဘီလူးစံအိမ်' ကြီးအား 'ဆောင်းပွင့်လွှာစံအိမ်' ဟူ၍ နာမည်ပြောင်းလိုက်ပြီဖြစ်ပါ၏။

ကျောက်ဘီလူးစံအိမ်ဟူ၍ ကျော်ကြားခဲ့စဉ်က လောဘ၊ ဒေါသ၊ မောဟ၊ အာဃာတတို့ဖြင့် ထုံမွမ်းခဲ့သည့် စံအိမ်ကြီးမှာ 'ဆောင်းပွင့်လွှာစံအိမ်' ဟူ၍ ဖြစ်တည်လာသည့်အခါမှာမူ ဇာနည်တစ်ဖြစ်လဲ အိုင်အိုချစ်သွေးနှင့် ဟေမာန်တို့၏ ချစ်ခြင်းရနံ့များဖြင့် သင်းထုံမွှေးပျံ့လျက်ရှိပြီဖြစ်ပါသည်။

"ကဲ အိုင်အိုချစ်သွေး . . . ဘယ်လိုလုပ်မှာလဲ အိုင်ဆေးရဲ့ ရန်ကုန်ကို ကျုပ်နဲ့အတူ ပြန်လိုက်မှာလား၊ မင်္ဂလာပွဲပြီးတဲ့အထိ ခွင့်ရက်ရှည်ယူပြီး နေခဲ့ဦးမှာလား၊ ဒါမှမဟုတ် တောင်ပေါ်သူလေးရဲ့အပါးက တစ်ဖဝါးမှ မခွာနိုင်တော့ပါဘူးဆိုပြီး အလုပ်က တစ်ခါတည်း ထွက်လိုက်တော့မှာလား"

အိုင်ပီဦးလှဘော်က ပြုံးဖြီးဖြီးဖြင့် မေးခွန်းထုတ်တော့ရာ အိုင်အိုချစ်သွေးက ဟေမာန်၏ပခုံးအိအိလေးကို ထွေးဖက်လိုက်လျက် . . .

"ခွင့်တင်ပြီး မိုင်းသာမောမှာ နေခဲ့ပါရစေ အိုင်ပီ၊ ခွင့်ကိစ္စနဲ့ အစီရင်ခံစာကိစ္စတော့ အိုင်ပီပဲလုပ်လိုက်ပါဗျာ"



ဟု ခပ်ပြုံးပြုံးအမူအရာဖြင့် ပြောလိုက်ရာ အိုင်ပီဦးလှဘော်က ခေါင်းကြီးခါယမ်းလိုက်ပြီး . . .

"အာ . . . အဲဒီလို ကျုပ်အပေါ် တာဝန်ပုံမချနဲ့လေ၊ အိုင်ဆေးက ရန်ကုန်သာ အရင်လိုက်ခဲ့ပါ"

ဟု ပေကတ်ကတ်ဟန်ဖြင့် ပြောလိုက်လေသည်တွင် ဟေမာန်က ပြုံးမူမူလေးဖြင့် မျက်စောင်းလေးခဲလိုက်ပြီး . . .

"ဟင်းနော် ဦးဝတုတ်ကြီး . . . အဲလို ကိုကိုတော့ တစ်ခါတည်း အတင်းမခေါ်သွားပါနဲ့၊ သူများချစ်သူစုံတွဲတွေ မခွဲမခွာရအောင် ကူညီရတာ ကုသိုလ်အများကြီးရပါတယ်နော်"

ဟုပြောလိုက်ရာ အိုင်ပီဦးလှဘော်မှာ သဘောကျစွာ တဟားဟား အော်ရယ်လိုက်ပါတော့သတည်း။

"ဟား ဟား ဟား . . . ဟုတ်ပါဘီ ဟုတ်ပါဘီ၊ ဝကလည်း တမင်ကလိချင်လို့ အီးဒီလိုပြုံးတာပါ၊ ခုအီချိန်က စပြီး ခီများလေးတို့ မခွဲမခွာ ပျော်ပျော်ကြီး ရှစ်စကားတွေ ပြောနေရစ်ကြပါဗျာ . . . ဟား ဟား ဟား"

ဆက်လက်ကြိုးစားပါဦးမည်

စိတြအဂ္ဂ

www.burmeseclassic.com